

# ဆယ်ယက် ဆယ်ယကျမှာ ထင်တယ်ခင်

## မောင်စိန်ဝင်း(ပုတီးကုန်း)

2019.GRAPHIC DESIGN : KYAW MINN MOUNG

## လွမ်းရက် ရာထောင်

တစ်နေ့တစ်ရက်၊ အတွေ့ခက်လျှင်
လွမ်းရက်ရာထောင် ဝေတယ် ခင်။

"တကယ်ပါပဲ
အဖြစ်သည်းလို့ ကဲတတ်ရန်ကော"
ပြောပါသခင်၊ မြင်မှ ကြည်မွေ့
တွေ့မှ ကြည်နူး၊ မြသက်မှူးရယ်
ရှူးတယ်ဆိုလည်း ဆိုပါတော့။

တကယ့်တကယ်
ဘာရယ်ဟုတ်ဘူး၊ နှစ်ဦးတွေ့ချင်
ရင်ခွင်မှီစက်၊ လက်ချင်းဆုပ်ကိုင်
ထိုင်နေချင်မိ၊ နေကုန်သည့်တိုင်
ကြည့်ရင်း ကြည်နူးချင်တာပေါ့...

ခုတော့ သခင်
အမြင်တွေ့ခက်၊ ကျောင်းပိတ်ရက်တွေ
ဘယ်လိုနေပါ့၊ မောင့်ညိုမြသည်း (သဲ)
ခင်နှင့်ခွဲတော့၊ ရင်ထဲ မပူရပါလား။

တစ်နေ့တစ်ရက်
အတွေ့ခက်တော့
ဆယ်သက် ဆယ်ကမ္ဘာ ထင်တယ် ခင်...။ ။

4500 Kyats

ISBN 978-99971-82-60-9

ဦးမြင့်ဝိုး
ဥက္ကဋ္ဌ
ပညာတန်ဆောင်စာကြည့်တိုက်
အမှတ်(၆)ရပ်ကွက်၊ မြို့ပြမိုင်မွန်အိမ်ရာ၊
ကမာရွတ်မြို့နယ်၊

**န်းရိပ်စာပေ**

အမှတ် (၂၅)၊ ၆ – လွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – ၀၉ ၅၄၀၃၃၂၁

**ရေး – စိတ်ကူးသ**

အမှတ် (၁၄၉) ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – ၀၉ ၅၁၃၉၂၆၄၊ ၀၁ ၃၉၁၃၂၂

## ပုံနှိပ်မှတ်တမ်း

မသန်းသန်းဌေး (မီးမီး) စီစဉ်သည်

**ထုတ်ဝေသည့်ကာလ**

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (ဒုတိယအကြိမ်)

**ပုံနှိပ်တိုက်**

ဖြိုးဝေလျှံပုံနှိပ်တိုက်၊
ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)


**မျက်နှာဖုံး**

ပန်းချီကျော်မင်းမောင်

**ထုတ်ဝေသူ**

ဒေါ်သန်းသန်းဌေး (၀၀၄၃၄)၊
လဝန်းရိပ်စာပေ
အမှတ် (၂၅)၊ (၆) လွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၄၀၃၃၂၁၊ ၀၉ ၅၁၃၉၂၆၄၊
၀၁ ၃၉၁၃၂၂

**ဖလင်** - Eagle
**စာအုပ်ချုပ်** - ရွှေသမီး
**အုပ်ရေ** - ၅၀၀ အုပ်
**တန်ဖိုး** - ၄၅၀၀ ကျပ်


မောင်စိန်ဝင်း(ပုတီးကုန်း)

# လွမ်း ရက် ရာ ထောင်

❤ တစ်နေ့တစ်ရက်၊ အတွေ့ခက်လျှင်
လွမ်းရက်ရာထောင် ဝေတယ် ခင်။

❤ "တကယ်ပါပဲ
အဖြစ်သည်းလို့၊ ကဲတတ်ရန်ကော"
ပြောပါ သခင်၊ မြင်မှ ကြည်မွေ့
တွေ့မှ ကြည်နူး၊ မြသက်မှူးရယ်
ရှူးတယ်ဆိုလည်း ဆိုပါတော့။

❤ တကယ့်တကယ်
ဘာရယ်ဟုတ်ဘူး၊ နှစ်ဦးတွေ့ချင်
ရင်ခွင်မှီစက်၊ လက်ချင်းဆုပ်ကိုင်
ထိုင်နေချင်မိ၊ နေကုန်သည့်တိုင်
ကြည့်ရင်း ကြည်နူးချင်တာပေါ့ ...

❤ ခုတော့ သခင်
အမြင်တွေ့ခက်၊ ကျောင်းပိတ်ရက်တွေ
ဘယ်လိုနေပါ့၊ မောင့်ညီမြသည်း (သဲ)
ခင်နှင့်ခွဲတော့၊ ရင်ထဲ မပူရပါဘူး။

❤ တစ်နေ့တစ်ရက်
အတွေ့ခက်တော့
ဆယ်သက် ဆယ်ကမ္ဘာထင်တယ် ခင် ...။ ။

"မိုးတွေ အရမ်းရွာနေတယ် ထူးထူးရယ်၊ ပိတ်လိုက်ပါလား ..."

"မပိတ်ပါနဲ့ ကိုကိုရယ် ... မျက်နှာကို မိုးစက်တွေ လာထိနေတာ ထူးထူး ကြိုက်လို့ပါ"

ဘီးခြောက်ရာ အငှားကားကလေးသည် ဦးဝိစာရလမ်းအတိုင်း မိုးတွေ ကြားမှာ တရိပ်ရိပ်ပြေးနေ၏။ ကားခေါင်းခန်းနှင့် နောက်ကို ခြားထားသောအမိုး နှင့် ထိစပ်နေသည့်နေရာမှ လေဝင်ပေါက်ကလေးကို ထူးထူးက ဖွင့်ထားသည်။ ထိုလေဝင်ပေါက်ကလေးကို မျက်နှာပြုလျက် သူ့ကိုမှီရင်း ထူးထူးက ခပ်လျှော လျှော ထိုင်သည်။ ပြေးနေသော ကားကလေးကိုဆန့်ကျင်လျက် အရှိန်ဖြင့် တိုးဝင်လာသော မိုးရေစက်တို့ လေဝင်ပေါက်ကလေးမှ ဝင်သည်။ ဝင်လာသော မိုးစက်မိုးမှုန်တို့ဖြင့် ထူးထူး၏ မျက်နှာနှင့် ဆံပင်တို့ ရွှဲရွှဲစို၏။

"ထူးထူး ဖျားနေလိမ့်မယ်ကွယ်"

ဖြူနုသော လက်ဖျားကလေးများကို တင်းကျပ်စွာ ကိုင်ဆုပ်ရင်း ပြော လိုက်၏။ အပေါက်ကလေးများမှတစ်ဆင့် အဝေးကို ငေးနေသည့်အကြည့်ကို လွှဲသည်။

မျက်နှာကို ငဲ့စောင်းလျက် သူ့ကို ပြုံးပြလိုက်သည်။ နှမ်းရိကြွေကွဲဖွယ် ခံစားမှုက အပြုံးကိုပင် လွှမ်းခြုံလိုက်ပြီလား။ နွမ်းနယ် ညှိုးရော်နေသည့် အား ယူပြုံးမှုန်း နားလည်သည်လေ။

သက်ပြင်းချလျက် ပခုံးပေါ်သို့ ခေါင်းကို မှီတင်လိုက်ပြန်သည်။

"ပျော်တယ် ကိုကိုရယ် ...၊ ဒါပေမဲ့ ထိနိုက်ရတယ်"

စကားသံညင်းညင်း မိုးသံတွေကြားမှာ ပေါ်လာ၏။

"ထူးထူး ဖျားနေလိမ့်မယ်"

စိုးရိမ်စိတ်ဖြင့် သတိပေးလိုက်မိပြန်သည်။

"ကိုကို ..."

"ဟင်..."

"ထူးထူး သေသွားရင် ကိုကို လာကြည့်မှာလားဟင် ..."

"ထူးထူး ဘာတွေ ပြောနေတာလဲ"

"ထူးထူး ဝိညာဉ်က ကိုကို့ကို စောင့်နေမိမှာပါ"

"ထူးထူးရယ်"

လက်ဖျားကိုတင်းနေအောင်ဆုပ်လိုက်မိ၏။ ခေါင်းအငုံ့မှာ ရေစိုနေသော ဆံစတို့ကို နမ်းမိသည်။

"ချစ်သူနဲ့ ခွဲရလို့ သေတာရှိလားဟင် ကိုကို ..."

ဘာပြန်ပြောရမည် မသိ၊ သက်ပြင်းကိုသာ ချမိသည်။

ပိုသည်းလာသော မိုးစက်တို့က ဝေ့ပက်ထိဝင်၏။ ကားက အရှိန်ဖြင့် ပြေးနေသည်။

"ဖြေလေ ကိုကို ..."

"မသေပါဘူး ..."

အသံက တိုးလျသည်။

"ထူးထူးတော့ သေမှာပဲ ကိုကိုရယ် ..."

ရင်ထဲကို တိုးဝင်စူးနစ်သွားစေသည့်စကား။ ကြေကွဲထိနိုက်နေအောင် ထာဝရ ဖန်တီးနေနိုင်သည့်စကား။

"မိုးတွေ သည်းနေလိုက်တာ၊ ဘုရားကို မမြင်ရတော့ဘူး ကိုကို"

"ဘုရားနား ရောက်နေပြီလေ"

ခြေထောက်မှ ဖိနပ်ကို ချွတ်သည်။ ပခုံးပေါ် မှီနွဲ့ထားသည့် ခေါင်းကို အားယူ၍ မတ်၏။

"ထူးထူး ဆုတောင်းချင်တယ် ကိုကိုရယ် ..."

ဘုရားဆီသို့ မျက်နှာကိုမူလျက် လက်အုပ်ချီသည်။

ထူးထူးကို ကြည့်ရင်း ရင်မှာ ဆို့လာ၏။

"ဆုတောင်းလိုက်ပြီ ကိုကို ...၊ နောင်ဘဝမှာ ပြန်တွေ့ကြရင်တော့ ကိုကိုနဲ့ ထူးထူး မခွဲကြရဘူး ထင်ပါတယ်နော် ..."

သူ့ပခုံးပေါ်သို့ ခေါင်းငိုက်မှီလိုက်ရင်း ဘယ်လက်ဖြင့် သူ့ဆံစကို ပွတ်သပ်လျက် ထူးထူး ဆိုသည်။ လက်ချောင်းကလေးများ ဆံစကြားမှာ လှုပ်ရှားနေ၏။

"ဖက်ထားစမ်းပါ ကိုကိုရယ် ..."

ထူးထူးပခုံးကိုတင်းကျပ်အောင်ဖက်လိုက်မိဆဲ။ မိုးလေကြားမှာရှိုက်သံ တစ်ခုကို ကြားလိုက်ရပြန်၏။

၁

အဖြူပေါ်၌ ဇာပွင့်ကလေးများ ဖောက်ထားသည့် ခန်းဆီးများ ပြတင်းအားလုံးမှာ တပ်ဆင်ပြီးသွား၏။ ဝေ့တိုက်လိုက်သောလေတွင် ခန်းဆီးဖြူလွလွတို့ တဝေ့ဝေ့ဝဲသည်။ လေထဲတွင် ပါလာသော သရက်ဖူးနံ့ကို ကောင်းစွာရလိုက်၏။ ဟိုဝေးဝေးခြံထောင့်မှ သရက်ပင်ကြီးဆီသို့ ငေးမောကြည့်မိသေးသည်။ တစ်ပင်လုံးလိုလို သရက်ဖူးများနှင့် ပြည့်နေပြီး တချို့မှာ သရက်ကင်းကလေးများ ဖြစ်စပြုပြီ။

ရွာခြံထဲမှ သရက်ပင်များလည်း ဖူးစ၊ ကင်းစ ပြုလေရော့မည်ဟု စဉ်းစားရင်း ရွာကို သတိတရရှိလာ၏။ သရက်ဖူးများ၊ သရက်ကင်းများနှင့် ငါးပိရည်ဖျော်ကာ ထမင်းမြိန်မြိန်စားတတ်သော အမေ့ကို အောက်မေ့လာသည်။ အမေ့ကို မတွေ့ရသည်မှာ ကြာပြီပဲဟု တွေးရင်း သည်တစ်ခါ ကျောင်းပိတ်လျှင် ရွာကို ပြန်မည်ဟု ဆုံးဖြတ်၏။ မနှစ်က ကျောင်းပိတ်ရက်မှာလည်း ရွာမပြန်ဖြစ်ခဲ့။ မမမို၏ ကျန်းမာရေးမှာ ပိုဆိုးလာသလိုဖြစ်၍ မမမိုကို ပြုစုဖို့ နေပေးလိုက်ပါဟု ဦးလေးခင်က ပြောလေသည်။ နိုင်းစရာအိမ်ဖော်များ ရှိသော်လည်း မမမိုက ဇီဇာကြောင်တတ်သည်။ မည်သူလုပ်ပေးသည်ကိုမျှ သိပ်မကြိုက်ချင်။

ပြတင်းနားမှခွာပြီး ဧည့်ခန်းဆီသို့ လာခဲ့၏။ ဧည့်ခန်းဆိုဖာအဖုံးများကို လည်း ဇာဖြူဖြူလေးတွေ တပ်မည်ဟု စဉ်းစားရင်းလျှောက်၏။

"ဟော ... မမမို"

ထောင့်ဆုံးဆိုဖာပေါ်မှာ ထိုင်နေသည့် မမမိုကို လှမ်းမြင်သည်။

ဖြူဖြူနွဲ့နွဲ့ မိန်းမရုပ်ကလေးတစ်ရုပ် ဆိုဖာထဲမှာ နစ်ဝင်နေသလားဟု ထင်ရ၏။

"မမမို နိုးလာပြီလား"

"မအိပ်ပါဘူးကွယ် လှဲနေတာပါ"

ဖြူရော်ရော်မျက်နှာသည် ရှေ့တူရူကို ကြည့်နေရာမှ ပြတင်းများဆီသို့ လှည့်၏။ ညှိုးငယ်သည့် မျက်ဝန်းအစုံ ပြတင်းခန်းဆီးများကို ငေးသည်ထင်၏။ မမမိုအနီး နောက်နားမှာ ရပ်လိုက်မိသည်။

"အဖြူရောင်တွေ လဲထားတယ်၊ မမမို ကြိုက်ရဲ့လား ..."

"ကောင်းပါတယ်ကွယ်"

"ဦးကြီးက ဘာအရောင်ကြိုက်လဲ မမမို"

"ဟင် ..."

မမမို၏ မျက်ဝန်းအစုံက သူ့မျက်နှာဆီသို့ ရောက်လာသည်။ မော့ကြည့်နေသည့် မျက်နှာသည် တဖြည်းဖြည်း ပြန်ငုံ့သွား၏။

"မသိပါဘူးကွယ် ..."

ဖြည်းညင်းစွာ ထွက်လာသည့် စကားသံ တိုးလျလျသည် မမမိုကို အင်အားများစွာ ကုန်ခန်းသွားစေသည် ထင်ရ၏။ မမေးသင့်သည်ကို မေးမိလေပြီဟု အသိနောက်ကျလိုက်၏။

စားပွဲပေါ်မှ ပန်းအိုးကို လှမ်းယူပြီး နင်းဆီတွေ လဲမည်ဟု တွေးရင်း ခြံထဲသို့ ဆင်းခဲ့သည်။

☆

အိမ်မှ ဝင်းခြံဝဆီသို့သွားရာ ပြေလျှောလျှောလမ်းကို ကွန်ကရစ် ခင်းထား၏။ နှင်းဆီခြံဘက်ကိုအကွေ့ခြံဝမှပြန်လာသည့်ဦးလေးခင်ကိုတွေ့သည်။ လက်ထဲမှာ တံမြက်စည်းရှည်ကြီး ကိုင်ထား၏။

"ဟဲ့ ... မြလေး ဘာလုပ်မလို့လဲ"

"နှင်းဆီပန်းရှူးမလို့ ဦးလေးခင်၊ ညှော်ခန်းစားပွဲပေါ်က ပန်းအိုးကို စိုက်ဖို့လေ"

"အေး ... အေး ... ကောင်းကောင်းလုပ်နော်၊ ဆရာကြီးက သပ်သပ်ရပ်ရပ်လုလုပပမှ ကြိုက်တာ။ ခြံဝမှာ သစ်ရွက်တွေ ကြွေနေလို့ အခုပဲ တံမြက်စည်းလှည်းခဲ့ရသေးတယ်။ ခြံဝင်တာနဲ့ အမှိုက်ရှုပ်နေတာတွေ့သွားရင် ဆူလို့ဆုံးတော့မှာ မဟုတ်ဘူး"

"ဦးကြီးက ဘယ်အချိန်ရောက်မှာလဲဟင် ဦးလေးခင် ..."

"ငါလည်း အတိအကျတော့ မသိဘူး၊ ငါ့ကို နေ့ခဲ့ဆိုပြီး မောင်မြိုးကျော်ကိုယ်တိုင် လေယာဉ်ကွင်းကို ကားမောင်းသွားတာပဲ။ လေယာဉ်နောက်မကျရင်တော့ မကြာခင် ရောက်မှာထင်တယ်"

ဦးကြီးရှိနေလျှင် အိမ်ကြီးသို့ သူ့အရောက်အပေါက် နည်းသည်။ ဦးလေးခင်တို့ အစ်ကိုမြိုးကျော်တို့ အပြောနှင့်ပင် စည်းကမ်းအလွန်ကြီးသော ဦးကြီးကို သူ ကြောက်ရွံ့နေမိ၏။ မမမိုက အခေါ်ခိုင်း၍ အိမ်ကြီးရောက်လျှင်လည်း ဦးကြီးနှင့် မဆုံစည်းအောင် ရှောင်သည်။ မျက်နှာ အမြဲမာ၍ တင်း၍နေသော ဦးကြီး ဦးမြထွန်းကို အဝေးက မြင်ရုံနှင့် သူ လန့်နေမိ၏။

နယ်မြို့များမှ လုပ်ငန်းခွဲများသို့ တစ်လတစ်ခါ ဆိုသလို ဦးကြီး ဦးမြထွန်း ခရီးထွက်လျှင် သူတို့ တစ်ခြံလုံးပျော်ကြသည်။ အနေအထိုင် လွတ်လပ်သွားသလို ခံစားရသည်။ မေမြို့ခြံမှာ သုံးပတ်ကျော်ကျော် သွားနေပြီး မန္တလေးမှ တစ်ဆင့် ယနေ့ပြန်လာမည်ဖြစ်ကြောင်း သံကြိုးရောက်သည်နှင့် တစ်အိမ်လုံးမှာ အလုပ်ရှုပ်ကြတော့သည်။ အေးအေးမှန်မှန် နေတတ်သော အစ်ကိုမြိုးကျော်ကို ကြည့်ရသည်ပင် ယောက်ယက်ခတ်နေပုံရ၏။

ဦးလေးခင်နှင့် ဒေါ်လေးတို့ မိသားစုမှာလည်း ပျာယာခတ်နေသည်။ ဦးလေးခင်တို့ အိမ်ကလေးသည် အိမ်ကြီးနှင့် မနီးမဝေး တစ်ခြံတည်းမှာပင် ရှိနေ၍ ဦးကြီးဦးမြထွန်း လမ်းလျှောက်လျှင် လှမ်းမြင်နေရသောကြောင့် သပ်သပ်ရပ်ရပ်ဖြစ်အောင် ရှင်းလင်းကြရသည်။

ထမင်းချက်သည့် ဒေါ်လှဖုံနှင့် အိမ်ဖော်လေးနှစ်ယောက်မှာလည်း အိမ်ကြီးကို သပ်ရပ်အောင် ပြင်ဆင်ရှင်းလင်းကြရ၏။

"မြလေး လာပြီး အိမ်ကို နည်းနည်းပြင်ပေးပါဦးကွယ်"

မမမှီက သူ့ကို ခေါ်ပြောသောကြောင့် သူလည်း အလုပ်ရှုပ်သွားရ၏။

ထာဝရ ညှိုးငယ်နေတတ်သည့် မမမှီ၏ မျက်နှာသည် ခါတိုင်းထက် ပို၍နွမ်းနေသယောင်ရှိမည်ထင်သည်။

☆

အိမ်ရှေ့ဆင်ဝင်အောက်မှာ ကားထိုးရပ်သံကို ကြားလိုက်ကြ၏။

စားပွဲပေါ်မှ ပန်းအိုးကို နေသားတကျထားရင်းမှ ခါးဆန့်၍ကြည့်မိသည်။ အိမ်ဖော်မလေးတစ်ယောက်က အောက်ကို ပြေးဆင်းသွားသည်ကို မြင်ရ၏။ ဒေါ်လှဖုံက ဖုန်သုတ်နေရင်း မီးဖိုချောင်သို့ ခပ်သုတ်သုတ် ဝင်သွားသည်။ မမမှီကမူ ဘာမှမထူးသလို ကိုယ်ကို ခပ်လျှော့လျှော့ ထိုင်ရာမှ အနေအထား မပျက်။

"မြလေး သွားတော့မယ်နော် မမမှီ"

ပြုံးပြီး ခေါင်းညိတ်ပြသော မမမှီကို ထားခဲ့၍ ဧည့်ခန်းမှ လှေကားဆီသို့ ဦးတည်လျှောက်သည်။

ကားတံခါး ဖွင့်သံပိတ်သံတို့ကို ကြားရ၏။

ရှေ့ဆုံးမှ ခရီးဆောင်သေတ္တာကို ဆွဲလာသော ဦးလေးခင်ကို မြင်ရသည်။ သည့်နောက်မှ ဦးကြီးဦးမြထွန်း လိုက်လာ၏။ ဦးကြီး ဦးမြထွန်းနောက်မှ အစ်ကို ဖြိုးကျော် ပါလာသည်။ ကိုယ်ကိုယ်ပို့ပြီး ခေါင်းငုံ့လျက် သူတို့ကို ဖြတ်လျှောက်၏။

"ပြန်တော့မလား မြလေး"

အနားရောက်စဉ် အစ်ကိုဖြိုးကျော်အသံကို ကြားရ၏။ ခေါင်းမော့ကြည့်ရင်း ပြုံးပြမိသည်။ ပြီးတော့ ခေါင်းညိတ်ပြဖြစ်၏။

☆

ဒေါ်ခင်ခင်မိုနှင့် မျက်နှာချင်းဆိုင် ဆိုဖာမှာ ဦးမြထွန်း ဝင်ထိုင်သည်။

ဦးမြထွန်း၏ဘေးမှာ ဖြိုးကျော်က ထိုင်၏။ ဦးထွန်းခင်က သေတ္တာကို အခန်းတွင်းသို့ ပို့ပြီး ပြန်ထွက်သွားသည်။ သံပရာရည်နှစ်ခွက်ကို ဒေါ်လှဖွံက လာချပေးသည်။ ကျောက်ကာဗန်းကို ကိုင်ရင်း ခါးကိုညွတ်လျက် နောက်ကို ဆုတ်၏။

"ဒေါ်လှဖွံ ..."

ဒေါ်လှဖွံက အလန့်တကြားနှင့် ကိုယ်ကို ဆတ်ခနဲမတ်လိုက်၏။

"ဟုတ်ကဲ့ ဆရာကြီး ..."

ဦးမြထွန်းကိုကြည့်ရင်း အသံတုန်ယင်စွာ ထွက်လာသည်။

"မို ဆေးမှန်မှန်သောက်ရဲ့လား"

ဒေါ်လှဖွံက ဦးမြထွန်းမျက်နှာကို တစ်လှည့် ဒေါ်ခင်ခင်မို၏ မျက်နှာကို တစ်လှည့်ကြည့်ရင်း ဘာပြန်ဖြေရမည်မသိ ဖြစ်နေပုံရ၏။

"ဒေါ်လှဖွံ ကျုပ်မေးတာ ကြားလား"

"ဟုတ် ... ဟုတ်ကဲ့ ... သောက်ပါတယ် ဆရာကြီး"

ဒေါ်ခင်ခင်မိုသည် ဘယ်ဘက်လက်ချောင်းကလေးများကို ညာဘက်လက်ဖြင့် ပွတ်သပ်လျက် ခေါင်းကို ငုံ့ထားသည်။

ဦးမြထွန်းက ဆေးပြင်းလိပ်တစ်လိပ်ကို ထုတ်ယူမီးညှိ ဖွာရှိုက်နေ၏။

ဒေါ်လှဖွံက ချာခနဲလှည့်ကာ မီးဖိုထဲသို့ ဝင်သွားသည်။

"မို နေကောင်းရဲ့လား ..."

ဆေးပြင်းလိပ်ကို ပြာခံခွက်တွင်းသို့ တင်လိုက်၍ သံပရာရည်ခွက်ကို လှမ်းယူရင်း မေးသည်။

"ဒီလိုပါပဲ အစ်ကိုကြီး ..."

မျက်နှာကို မော်မကြည့်ဘဲ အသံတိုးညင်းညင်း ထွက်လာသည်။

"ဆေးမှန်မှန်သောက်ရဲ့လား"

ဒေါ်ခင်ခင်မှီက ခေါင်းညိတ်ပြသည်။ သံပရာရည်ကို တစ်ကြိုက်မော့ပြီး ဦးမြထွန်းက ဒေါ်ခင်ခင်မှီကို လှမ်းကြည့်နေသည်။

ဖြိုးကျော်က ကြည့်လက်စသတင်းစာမှ မျက်နှာကိုခွာလျက် ဒေါ်ခင်ခင်မှီကို တစ်ချက်လှမ်းကြည့်လိုက်၏။

"ဒီနေ့ရော ဆေးသောက်ပြီးပြီလား"

"မသောက်ရသေးဘူး အစ်ကိုကြီး"

သံပရာရည်ဖန်ခွက်ကို စားပွဲပေါ်သို့ လှမ်းတင်လိုက်၏။

"ဆေးသောက်ချိန် ကျော်လာပြီ၊ ဘာလို့ မသောက်သေးတာလဲ။ အလကား ငါ့ကို ဝိုင်းညာတာ၊ ဆေးမှန်မှန်မသောက်ဘူးဆိုတာ ငါ ရိပ်မိတယ်။ ဒီအတိုင်းဆို မင့်ရောဂါ ဘယ်တော့မှ ပျောက်မှာမဟုတ်ဘူး။ ဟိုတစ်ခါကလို သေကောင်ပေါင်းလဲ ပြန်ဖြစ်မှ ဒုက္ခရောက်ဦးမယ်။ ခက်တာပဲ စည်းကမ်းမှ မရှိကြတာ၊ ဒေါ်လှဖံ ... ဒေါ်လှဖံ ..."

ပြောရင်း ဒေါ်လှဖံကို လှမ်းခေါ်သည်။

"ဟုတ်ကဲ့ ..."

ပြေးထွက်လာပြီး ဦးမြထွန်း ရှေ့နားမှာ လာရပ်သည်။

"ဆေးသွားယူစမ်း၊ မှီ့ကို ဆေးတိုက်စမ်း၊ ဘယ်အချိန်ရှိပြီလဲ၊ အခုထိ ဆေးမသောက်ရသေးဘူး"

ဒေါ်လှဖံ ထွက်သွားသည်။

"မှီ မသောက်ချင်ဘူး အစ်ကိုကြီး"

"ဘာ ..."

"မှီ မသောက်ချင်ဘူး၊ ဒီဆေးတွေကို နှစ်နဲ့ချီပြီး စွဲသောက်လာရတာ မှီ မုန်းလာပြီ၊ သောက်ရမှာကို မှီ ကြောက်နေတယ်"

"ဆေးသောက်မှ ဒီရောဂါ ပျောက်မှာပေါ့"

"မို့မှာ ရောဂါမရှိပါဘူး"

"မို့မှာ ရောဂါရှိတယ်လို့ ဒေါက်တာက ပြောတယ်လေ"

ဒေါ်ခင်ခင်မိုက ငုံ့ထားသည့်ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါသည်။

ဦးမြထွန်းက ဒေါ်ခင်ခင်မိုကို စူးစိုက်ကြည့်နေ၏။

ထိုစဉ် ဒေါ်လှဖံ ရောက်လာသည်။ ဆေးပြားကလေးများနှင့် ရေဖန်ခွက်ကို လက်မှာ ကိုင်လာ၏။

"တိုက်လိုက် ..."

ဒေါ်လှဖံက ဒေါ်ခင်ခင်မို၏ အနီးသို့ တိုးကပ်သွားသည်။

ဒေါ်ခင်ခင်မို၏ဘေး ဆိုဖာလက်ရန်းနားမှာရပ်ရင်း ခါးညွတ်လျက် ဆေးပြားနှင့် ရေဖန်ခွက်ကို ကမ်းသည်။ ဒေါ်ခင်ခင်မိုသည် ဒေါ်လှဖံ၏ မျက်နှာကို ပြုံးလျက် မော့ကြည့်သည်။ ပြီးတော့ ...

"မို မသောက်ချင်ဘူး ဒေါ်လှဖံ" ဟု ပြောလိုက်၏။

ဒေါ်ခင်ခင်မို၏ မျက်နှာကို တစ်လှည့်၊ ဦးမြထွန်းမျက်နှာကို တစ်လှည့် ကြည့်ရင်း ဒေါ်လှဖံက ကြောင်ရပ်နေမိသည်။ ဘာလုပ်ရမည်မသိ ဖြစ်နေ၏။

"တိုက်လေ ... သောက်အောင်တိုက်"

"ချလွှမ် ..."

"အို ..."

ဦးမြထွန်း၏ လှမ်းအော်ခေါ်သံကြောင့် တုန်နေသော ဒေါ်လှဖံ၏ လက်မှ ရေခပ်လာသည့် ဖန်ခွက်သည် အောက်သို့ ရုတ်တရက် လွတ်ကျသွားသည်။ ချလွှမ်ဆိုသည့် ဖန်ခွက်ကွဲသံကြား၍ ဖြိုးကျော်က လှမ်းကြည့်သည်။ "အို ..." ဟု အာမေဍိတ်သံ ထွက်လာပြီး ဒေါ်လှဖံက ဖန်ခွက်ကွဲများကို ကောက်ရန် ထိုင်ချလိုက်၏။

ဒေါ်ခင်ခင်မိုက မျက်လုံးကို စုံမှိတ်ထားသည်။

"အလကားဟာတွေ ... တစ်ယောက်မှ အသုံးမကျဘူး။ သွား သွား ... ဒေါ်လှဖံ ရေတစ်ခွက် ထပ်ယူခဲ့၊ မြန်မြန်ယူစမ်း ..."

သုတ်သုတ်ပျာပျာနှင့် ဒေါ်လှဖံ အခန်းတွင်းမှ ထွက်သွားသည်။

ဦးမြထွန်း၏ မျက်နှာမှာ သုန်မှုန်၍ ခက်ထန်နေသည်။

"ဘာရောဂါလဲ ဘာရောဂါလဲ၊ မပူရ မပင်ရ လိုချင်တာ အကုန်ရအောင် ဖန်တီးပေးထားလျက်နဲ့ တခွေခွေ၊ တမှိုင်မှိုင်နဲ့ အမြဲဖြစ်နေတယ်။ ဆေးကျတော့လည်း မှန်မှန်မသောက်ချင်ဘူး။ ဒီရောဂါကို မွေးထားချင်နေတယ်"

ဒေါ်လှဖုံက ဖန်ခွက်တစ်လုံးဖြင့် ကြောက်ကြောက်လန့်လန့် ဝင်လာသည်။

"ပေးလိုက် ... ပေးလိုက် ... ဖြိုးကို ပေးလိုက်စမ်း"

ဦးမြထွန်းက အော်ပြောသည်။ ဖြိုးကျော်က ဦးမြထွန်းကို နားမလည်သလိုကြည့်နေ၏။ ဒေါ်ခင်ခင်မှီက ဖြိုးကျော်ကို လှမ်းကြည့်လိုက်သည်။ ဒေါ်လှဖုံသည် ဖြိုးကျော်ရှိရာသို့ ကွေ့လာပြီး ဖန်ခွက်နှင့် ဆေးကို ဖြိုးကျော်သို့ လှမ်းပေး၏။ ဖြိုးကျော်က ဖန်ခွက်နှင့် ဆေးပြားကလေးများကို လှမ်းယူလျက် ကိုင်ထားရင်း ကြောင်နေသည်။

"တိုက်စမ်း ... မင်း တိုက်စမ်း၊ ဒီအိမ်မှာ မို့ကို ဆေးသောက်အောင် တိုက်နိုင်တဲ့သူ တစ်ယောက်မှ မရှိဘူးလား"

ဖြိုးကျော်က ဒေါ်ခင်ခင်မှီ လှမ်းကြည့်သည်။ ဒေါ်ခင်ခင်မှီက မျက်လွှာချလျက် ခေါင်းကို ငုံ့ထား၏။

ဒေါ်ခင်ခင်မှီက ဆေးမသောက်မှာ သေချာသည်ဟု တွေး၏။ ဒေါ်ခင်ခင်မှီက ဆေးတွေကို သေမလောက် မုန်းနေသူဖြစ်သည်။ သူ့ရောဂါကို ဘယ်ဆေးနှင့်မျှ မပျောက်နိုင်ဟု ယုံကြည်ထားသူလည်းဖြစ်သည်။ သူတိုက်သည့်ဆေးကို ဒေါ်ခင်ခင်မှီ မသောက်ခဲ့လျှင် သူ့ကို ရစရာမရှိအောင် အဆူခံရတော့မည်ကိုလည်း ဖြိုးကျော် တွေးလိုက်မိ၏။ သူ့ဦးကြီး၏ ဝသီကို သူ အသိဆုံးဖြစ်သည်။ သူ မကျေနပ်တာတစ်ခုအစရလျှင် ဆူလို့ဆဲလို့ ဆုံးတော့မည် မဟုတ်။

ဖန်ခွက်ကို ကိုင်ရင်း ဒေါ်ခင်ခင်မှီ၏ ရှေ့သို့ ရောက်အောင် လျှောက်သည်။

အနားရောက်လာသည့် ဖြိုးကျော်ကို ဒေါ်ခင်ခင်မှီက မော့ကြည့်သည်။

ဖြိုးကျော်က ရေသောက်ရန် ဖန်ခွက်ကိုကိုင်လျက် ဆေးကို ကျန်လက်ဖြင့် ဒေါ်ခင်ခင်မိုး၏ ရှေ့သို့ ကမ်းပေးထားသည်။ အကြည့်က ဒေါ်ခင်ခင်မိုး၏ မျက်နှာဆီသို့ စူးစိုက်ထားသည်။ မျက်ဝန်းအစုံကို ဘေးသို့ လွှဲလျက် သက်ပြင်းချသံ ဒေါ်ခင်ခင်မိုးထံမှ ကြားရ၏။

ထိုစက္ကန့်များသည် အလွန်ရှည်လျားလွန်းသောအချိန်များဟု ဖြိုးကျော်၏ စိတ်မှာ ထင်သည်။

ဒေါ်ခင်ခင်မိုးသည် ဖြိုးကျော်၏ မျက်ဝန်းအစုံနှင့် ဆုံအောင် စူးစိုက်ကြည့်ရင်း ဖြိုးကျော်လက်မှ ဆေးပြားများနှင့် ဖန်ခွက်ကို ယူလိုက်၏။

ပြီး ... ဆေးပြားကလေးများကို ပါးစပ်ထဲ ပစ်ထည့်လျက် ဖန်ခွက်ကို မော့သောက်ကာ စားပွဲပေါ်သို့ပြန်တင်ရင်း မျက်နှာကို လက်နစ်ဖက်အုပ်၍ ရှိုက်ရင်း အခန်းတွင်းမှ ပြေးထွက်သွားတော့သည်။

## ၂

"ကောင်းတယ် ဖြိုး ... စာရင်းနဲ့ဇယားနဲ့ အဲဒီလို တိတိကျကျ ရှိတာကို ဦးက ကြိုက်တယ်။ ဖြိုး ... အရင်ကထက် အများကြီး တော်လာပြီ။ နောက်ဆို ဖြိုးကို ဦးကြီး လက်လွှဲလို့ ရနိုင်လာလိမ့်မယ်"

ဖြိုးကျော် အခုမှ သက်ပြင်းကို ချလိုက်နိုင်သည်။ ဦးမြထွန်းက စာရင်းဇယားစာအုပ်ကြီးကို ပိတ်လိုက်ပြီး ပြာခံခွက်တွင်းမှ ဆေးပြင်းလိပ်တိုကို လှမ်းယူသည်။

"ဦးကြီး ဝယ်ထားလိုက်တဲ့ ကားပစ္စည်းစာရင်း အသေးစိတ်တွေ နောက်မှာပါတယ်"

ဖြိုးကျော်က ပြောလိုက်သည်။ ဖြိုးကျော်ကို ဘာမှပြန်မပြောသေးဘဲ ဇစ်ပိုမီးခြစ်ဖြင့် ဆေးပြင်းလိပ်ကို မီးညှိဖွာရှိုက်နေ၏။ မီးခိုးငွေ့တို့ကို မှုတ်ထုတ်လိုက်ပြီး မီးခြစ်ကို စားပွဲပေါ် ပြန်တင်သည်။ ဆေးပြင်းလိပ်အနံ့ အလုပ်ခန်းတစ်ခန်းလုံး ပျံ့သွား၏။ ဖြိုးကျော်က နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး ဦးကြီး မြင်သွားပြီလားအတွေးဖြင့် မျက်လွှာပင့်ကြည့်သည်။

"ငါ ကြည့်ပြီးပြီ ..."

ကုလားထိုင် နောက်ကျောကိုမှီလိုက်ရင်း ဦးကြီးက ပြော၏။

"အလုပ်သမားတွေကို ငွေကြိုပေးတာတော့ နည်းနည်းများတယ် ... ဗြို့"

"ဒီလိုပါ ဦးကြီး ..."

သူ့စကားမဆုံးခင် ဦးကြီးက ဘယ်လက်ဖြင့်ကာပြီး စကားရပ်ရန် အချက်ပြသည်။ တံတွေးကိုမျိုချလိုက်ပြီး ပြောလက်စ စကားကိုရပ်လိုက်ရ၏။

"မင့်ကို သူတို့ကတော့ အကြောင်းအမျိုးမျိုး ပြနေမှာပဲ၊ သူတို့မှာ ဘယ်တော့မှ လောက်ငတယ် ပြည့်စုံတယ်ဆိုတာ မရှိဘူး၊ သနားရမယ်ဆိုရင် သနားလို့ ဆုံးတော့မှာမဟုတ်ဘူး"

ဦးကြီးကို ပြောစရာ ရင်ထဲမှာ စကားတွေ ပြည့်နေသည်။ ပွဲရုံက အလုပ်သမားတစ်ဦး၏ မိန်းမ ဆေးရုံတင်ထားရသည်ကို သူ အသိ၊ ကလေးတစ်ပြုံနှင့် စားရသောက်ရမဲ့မဲ့ ဖြစ်နေသည်ကို သူသိသည်။ အလုပ်သမားလေးက သူ့ကို ငွေကြိုပေးပါလို့ လာပြောတော့ နှစ်လစာကို သူ ပေးလိုက်မိ၏။ ထရံတွေ ကွာကျပြီး ယိုင်နဲ့နေသော အိမ်ကိုပြုပြင်မှ ဖြစ်တော့မည် ကိုယ်တိုင်သိ၍ နောက်တစ်ယောက်ကိုလည်း လစာကြိုထုတ်ပေးလိုက်သေးသည်။ ဒါတွေ ပြန်ရှင်းနေလျှင်လည်း ဦးကြီးက လက်ခံမည်မဟုတ်မှန်း သိ၏။ စည်းကမ်းအတိုင်း လခကို လကုန်မှ ပေးရမှာပေ့ါဟု စည်းကမ်းနှင့်ပင် သူ့ကို ပြန်ပြောလေမည်ဟု တွေးမိသည်။ စဉ်းစားနေမိဆဲမှာပင် ပေါ်တီကိုအောက်သို့ ကားတစ်စီး ထိုးရပ်သံ ကြားရ၏။

"ဦးမောင်ကိုတို့ ထင်တယ်"

ဦးကြီးက နားစွင့်ရင်း ပြောသည်။ အောက်မှ ကားတံခါးဖွင့်သံပိတ်သံ၊ အောက်ထပ်မှ သံဆွဲတံခါးကို ဆွဲဖွင့်ပေးသံတို့ကို ကြားနေရ၏။ ဦးမောင်ကိုတို့ ဆိုလျှင် ခြံကိစ္စဖြစ်မည်ဟု အတပ်သိလိုက်သည်။ မနက်က ဦးမောင်ကို ဦးကြီးဆီကို ဖုန်းဆက်မှန်း သိထားသည်။ ဦးကြီး နယ်မထွက်ခင်ကပင် ဦးမောင်ကိုတို့၏ ကိုးမိုင်ဘက်ကခြံကို သွားကြည့်ဖူးသည်။ ဦးမောင်ကိုတို့က ငွေလိုနေသောကြောင့် ဦးကြီးကို မတန်တဆဈေးဖြင့် ထိုးပေး၏။ ဦးကြီးက နယ်မှပြန်ရောက်မှ

စကားပြန်မည်ပြုပြီး နယ်ထွက်သွားခဲ့သည်။ ဦးကြီး ပြန်ရောက်မှန်းသိလို့ မနက်ကတော့ ဖုန်းဆက်သည် ထင်၏။

"လာဗျာ … ဦးမောင်ကို"

ဦးကြီးအသံကြား၍အခန်းဝလှမ်းအကြည့်မှာ ဦးမောင်ကိုနှင့်အဖော်ကို လှမ်းမြင်သည်။

"ဦးမြထွန်းကတော့ ဒီလောက်သွားနေရတဲ့ကြားက ကျန်းမာဝဖြိုးလို့ ပဲ"

ရယ်ပြော ပြောရင်း ဦးမောင်ကိုက ကုလားထိုင်မှာ ဝင်ထိုင်သည်။

"ကျန်းမာလှတယ် မဟုတ်ပါဘူးဗျာ၊ သွေးက တိုးချင်တယ်"

ဟု ဦးကြီးက ပြောလိုက်၏။

ဦးကြီးက သူ့ကို တစ်ချက်အကြည့်မှာ သူ ထိုင်ရာမှ ထလိုက်သည်။ ဧည့်သည်တွေအတွက် တစ်ခုခုစီစဉ်နိုင်ရန် ဒေါ်လှဖံကို သွားပြောရမည်ဟု သူ နားလည်လိုက်၏။ အခန်းထဲမှထွက်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ အောက်ထပ်ဧည့်ခန်းမှာ ပုတီးကိုကိုင်လျက် ပြတင်းဝကို လှမ်းငေးနေသော မမမိုကို မြင်သည်။ အောက်ထပ်အရောက် သူ့ခြေသံအကြားမှာ မမမို မျက်နှာက သူ့ဘက်သို့ ရှာခနဲလှည့်၏။

"ဘာလဲ ဖြိုး …"

မမမိုက လှမ်းမေးလိုက်သည်။

"ဘာမှမဟုတ်ပါဘူး မမမို၊ ဒေါ်လှဖံကို ကော်ဖီဖျော်ခိုင်းမလို့ပါ"

"မင်းတို့ ငွေစကားတွေ ပြောလို့မပြီးသေးဘူးလား"

မမမိုစကားကြောင့် ပြုံးပြီးကြည့်မိသည်။ သူ့မျက်နှာမှ အကြည့်ကို လွှဲဖယ်၍ မမမိုက ပြတင်းဆီကို မျက်နှာပြန်လှည့်၏။ လက်တစ်ဖက်က ပုတီး လုံးကလေးများကို အောက်သို့ တွန်းချရင်း စိပ်နေပြန်သည်။

မီးဖိုခန်းဆီသို့ လျှောက်သွားလိုက်၏။

☆

"အဲဒီမှာ တင်လိုက် ဒေါ်လှဖ ..."

အခန်းထောင့်မှ စားပွဲပုကလေးပေါ်မှာ လင်ပန်းကို တင်ခိုင်းလိုက်သည်။ ဒေါ်လှဖ ပြန်အထွက်မှာ တံခါးကို ပြန်စေ့လိုက်၏။

"ဦးမြထွန်း ပေးတာကတော့ သိပ်နည်းလွန်းပါတယ်ဗျာ"

"ကျွန်တော်ကလည်း မြေလိုတာ မဟုတ်ဘူးလေ၊ အပိုပစ္စည်းတစ်ခု အနေနဲ့ ငွေကို မြှုပ်ထားရမှာဆိုတော့ ..."

ကော်ဖီပန်းကန်နှစ်ခွက်ကို ဦးမောင်ကိုတို့ရှေ့မှာ ချပေးလိုက်၏။

"သောက်ဗျာ သောက်ပါဦး၊ ဈေးနည်းတယ်ထင်ရင်လည်း တခြား ရှာကြည့်ဦးပေါ့ဗျာ"

ဦးကြီးက ဦးမောင်ကိုတို့ကို ကြည့်ရင်း ပြော၏။

ဦးမောင်ကိုက ကော်ဖီခွက်ကို ကောက်ယူလျက် တစ်ချက်စဉ်းစားဟန် ပြုသည်။ ပြီးတော့ ကော်ဖီကို သောက်လိုက်၏။ အစဉ်းစားရ ကျပ်နေပုံရသည်။ ငွေက လောလောဆယ်လိုပြီး မြေကို ချက်ချင်းထွက်အောင်ရောင်းရဖို့ မလွယ် မှန်း ဦးကြီးက သိသည်။ ဒါကြောင့် ဈေးကို နှိမ်ပေးနေပြီဆိုတာ နားလည်လိုက် ၏။

"သွားဦးမယ်ဗျာ ဦးမြထွန်း"

ပြောပြီး ထိုင်ရာမှ ထရပ်လိုက်ကြ၏။

"သွားမယ် မောင်ဖြိုးကျော် ..."

သူ့ဘက်သို့ လှည့်ပြီး နှုတ်ဆက်သည်။

"ဟုတ်ကဲ့ ဦးမောင်ကို ..."

ဦးမောင်ကိုတို့နှင့်အတူ အခန်းဝသို့ ရောက်အောင် လိုက်လျှောက်မိ သည်။

"မြေက တစ်မတ်ထင်တယ်နော်"

"ဟုတ်တယ် မောင်ဖြိုးကျော် ... တစ်မတ်တောင် နည်းနည်းကျော်ပါ လိမ့်မယ်"

တံခါးကို ဆွဲဖွင့်ပေးလိုက်၏။ ဦးမောင်ကိုတို့ ထွက်သွားကြသည်။ စားပွဲပေါ်မှ ကော်ဖီပန်းကန်များကို ယူလိုက်ပြီး ဗန်းထဲမှာ ထည့်ထားလိုက်သည်။

"ဖြိုး ..."

"ခင်ဗျာ ... ဦးကြီး"

"စောစောက မြေက တစ်မတ်ထင်တယ်နော်လို့ မေးလိုက်တယ် မဟုတ်လား"

"ဟုတ်တယ် ဦးကြီး ..."

ဦးကြီးက ပြုံးလျက် ခေါင်းကို ဖြည်းညင်းစွာခါသည်။ ဦးကြီးကို နားမလည်သလိုနှင့် ကြည့်နေမိလိုက်၏။

"သူ ပေးထားတဲ့ဈေးနဲ့၊ အဲဒီမြေက တန်တယ်လို့ မင်းစိတ်ထဲမှာ ထင်တယ် မဟုတ်လား"

"ဟုတ်တယ် ဦးကြီး ..."

"အေး ... မင်း အဲဒီလို တွက်ပြီး ဒီမြေကို ယူချင်တယ်ဆိုတာ ဦးမောင်ကိုတို့လည်း သိသွားမှာပဲ"

ဦးကြီးကို ဘာမှ ပြန်မပြောလိုက်ရခင်မှာ ဦးကြီးက စကားကို ဆက်သည်။

"မင်း မေးလိုက်တဲ့စကားကြောင့် မင်းဆန္ဒကို သူတို့ ရိပ်မိသွားကြမှာပဲ။ မင်းက အတွင်းစိတ်ကို လုံအောင် မဖုံးနိုင်ဘူး ဖြိုး။ တန်တယ်ဆိုတာ ဦးကြီးလည်း သိတာပဲ။ ဒါပေမဲ့ ဈေးထပ်လျှော့ရဦးမလားလို့ ဒီမြေကို မလိုချင်ယောင် စကားပြောခဲ့တာပဲ။ တစ်ဖက်က လိုချင်နေမှန်းသိသွားရင် သူတို့ကလည်း ဘာဖြစ်ဖြစ် တင်းတော့မှာပေါ့။ ကိုယ့်စိတ်ထဲမှာ ရှိနေတာကို သူများမသိအောင် ဖုံးကွယ်ထားတတ်တာလည်း လိုအပ်တဲ့အရည်အချင်းတစ်ခုပဲ ဖြိုး"

## ၃

မိမိအတွင်းစိတ်ကို လုံအောင်ဖုံးကွယ်နိုင်သော အရည်အချင်းမရှိမှန်း ဘာသာသိ၏။

"အစ်ကိုဖြိုးကျော် ထူးထူးကို ကြိုက်နေပြီ မဟုတ်လား"

ဟုမြလေးကမေးလိုက်စဉ်မှာမလုံမလဲဖြစ်ရသေးသည်။မြလေးတောင် ရိပ်မိပြီပဲဟု မြလေး မျက်နှာကိုကြည့်ရင်း မြလေး ဘာတွေပြောနေတာလဲဟု ဖုံးမိပြန်သည်။

"မြလေး သိပါတယ် ..."

မြလေးက ရယ်ကျဲကျဲလုပ်ရင်း ထပ်ပြော၏။

"ဘာသိတာလဲ မြလေး ... နင် ဘာကို ကြည့်ပြီးပြောတာလဲ"

"အစ်ကိုဖြိုးကျော်ကလည်း အစ်ကို့မျက်လုံးတွေနဲ့ အစ်ကို့မျက်နှာကို ကြည့်ရင် သိနိုင်တာပဲဟာ"

သက်ပြင်းချလိုက်ရင်း တစ်ချက်ပြုံးမိပြန်သည်။ မြလေးတောင် သိနေလျှင် ထူးထူးရော ဒီလိုပဲသိမှာလား အတွေးကြောင့် ရင်ထဲလှုပ်ရှားရပြန်၏။

ထူးထူး မြလေးဆီကို လိုက်လာတိုင်း သူနှင့် ဆုံနေကျ။ ထူးထူးက စနေ၊ တနင်္ဂနွေနေ့တိုင်းလိုလို မြလေးဆီကို လာပြီးမှ ကျူရှင်အတူတူသွားတတ်

သည်။ ထူးထူးကို မြင်နေတွေ့နေသည်မှာ ကြာပြီဖြစ်သော်လည်း အစက မရင်းနှီးခဲ့။ မြလေးဆီကို လာတတ်သော မြလေးသူငယ်ချင်းတစ်ယောက်ဟု သာ နားလည်ထားသည်။ ထူးထူးနှင့် စပြီးရင်းနှီးပုံကလည်း အဆန်းသား...

☆

"ကိုခိုင်ထူးနဲ့ ပြောချင်လို့ပါ"

ခပ်နွဲ့နွဲ့ အမျိုးသမီးသံကို ကြားရတော့ ရယ်ချင်သလို ဖြစ်သွားသည်။

ပုသိမ်က ဒီနေ့ဖုန်းဆက်လိမ့်မယ်ဟု ဦးကြီးက မှာလိုက်သဖြင့် ပုသိမ်က ဖုန်းဟု ထင်ခဲ့သည်။ ပြောသမျှ လိုက်မှတ်ရန် မှတ်စုစာအုပ်ငယ်နှင့် ဘောလ်ပင် ကို အဆင်သင့်လုပ်ထားရင်း သိချင်သော ဈေးနှုန်းများကို မေးရန်လည်း တစ် ဆက်တည်း စဉ်းစားထား၏။ ပြီးမှ ဖုန်းကို ကောက်ကိုင်လိုက်သည်။ ခပ်နွဲ့နွဲ့ အမျိုးသမီးအသံကို ကြားမှ ဖုန်းမှားနေပြီ သိ၏။

"ဖုန်းမှားနေပါတယ်"

"မမှားပါဘူး"

တစ်ဖက်အမျိုးသမီးက ဖုန်းမှားသည် ပြောခြင်းကို လက်မခံ။

"ဘယ်ကို ဆက်တာလဲဗျာ"

"... ... ကို ဆက်တာပါ၊ အဲဒီနံပါတ် မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"ဒါဆို ကိုခိုင်ထူးနဲ့ ပြောချင်လို့ပါ"

ခက်ပြီဟု စဉ်းစားရင်း တစ်ချက်ပြုံးမိသည်။

"ဒီမှာ ကိုခိုင်ထူး မရှိပါဘူး၊ မြတ်ကျော်ပွဲရုံနဲ့ အထွေထွေရောင်းဝယ်ရေး ကပါ"

"မဖြစ်နိုင်ပါဘူး"

ဖုန်းကို ပစ်ချလိုက်၏။ ဘောလ်ပင်ကို ကောက်ကိုင်လိုက်ပြီး စာရင်း စာအုပ်ကို ဖွင့်လိုက်သည်။

☆

"ဖုန်းမှားနေတယ် ပြောတယ်ကွ။ မဖြစ်နိုင်ဘူး၊ မြတ်မာ ငါ့ကို သေသေချာချာ ပေးတာပဲ၊ ရုပ်ရှင်စာစောင်ထဲက ကူးလာတာလို့ ပြောတယ်"

ဆွေဆွေဦးက မကျေမချမ်းဖြင့် ထူးထူးကို လှမ်းပြောသည်။

"နင့်ကို မြတ်မာ နောက်ပြီထင်တယ်"

ထူးထူးက ထင်ကြေးပေးလိုက်၏။

"မြတ်မာ ငါ့ကို မနောက်ပါဘူး၊ မကျေနပ်ဘူးကွာ၊ ထပ်လှည့်ကြည့်ဦးမယ်"

ပြောပြီး ဆွေဆွေဦးက ဖုန်းကို ကောက်ကိုင်သည်။

"အစ်မဆွေ မေမေကြီးက ခဏလာဦးတဲ့"

အိမ်ဖော်မလေး ရောက်လာပြီး ဆွေဆွေဦးကို ခေါ်သည်။

"အေး ... အေး ... လာမယ်"

ကိုင်ထားသည့်ဖုန်းကိုချပြီး ဆွေဆွေဦးက ထူးထူးဘက် လှည့်သည်။

"ထူးထူး ... အဲ့ဒီနံပါတ်ကို နင် လှည့်ကြည့်စမ်း၊ ငါ ပြန်လာခဲ့မယ်။ နင် နံပါတ်မှတ်မိတယ်နော်"

ဆွေဆွေဦးကို ကြည့်ပြီး ခေါင်းညိတ်ပြသည်။

"မြန်မြန်လာဟာ ... ငါ သိပ်မပြောချင်ဘူး"

ထူးထူးက ဆွေဆွေဦးကို လှမ်းပြောရင်း ထိုင်ရာမှထပြီး တယ်လီဖုန်းနား လာ၏။ ဖုန်းကို ကောက်ကိုင်လိုက်သည်။ ဆွေဆွေဦး ပြောထားသော နံပါတ်ကို လှည့်လိုက်၏။

☆

"... ... နံပါတ်က ပါလားရှင်"

ဖုန်းကို ကောက်ကိုင်လိုက်လျှင် အမျိုးသမီးသံကို ကြားရ၏။ ချိုသော်လည်း မနွဲ့မလျလွန်းသောအသံဟု ချက်ချင်းသတိပြုမိသေးသည်။

"ဟုတ်ပါတယ်"

"ကိုခိုင်ထူးနဲ့ ပြောချင်လို့ပါ"

ဒုက္ခပါပဲဟု စိတ်ထဲက ရေရွတ်လိုက်မိ၏။ သူ့ဖုန်းနံပါတ်ကို ဘယ်သူကများ နိုင်ထူး ဖုန်းနံပါတ်ဟု ညာပြီး ပေးထားပြီလဲမသိ။ စောစောကလည်း တစ်ခါ မှားဆက်ပြီ။

"ကိုနိုင်ထူးဖုန်း မဟုတ်ပါဘူး"

"မညာပါနဲ့"

"မညာပါဘူးဗျာ"

"ဒါဆို အခုပြောနေတာ"

"ဖြိုးကျော်ပါ၊ မြတ်ကျော်ပွဲရုံနဲ့ အထွေထွေရောင်းဝယ်ရေးကပါ"

"တကယ်ပြောနေတာလား ..."

"ဘာလို့ ညာရမှာလဲဗျာ၊ စောစောကလည်း အမျိုးသမီးတစ်ယောက် မှားဆက်သေးတယ်ဗျ"

တစ်ဖက်မှ ခစ်ခနဲ ရယ်သံကို ကြားလိုက်ရသည်။

"ကျွန်တော် အကြံပေးပါရစေ၊ ခင်ဗျားတို့ နိုင်ထူး ဖုန်းနံပါတ်သိချင်ရင် ရုပ်ရှင်စာစောင်တွေ၊ မဂ္ဂဇင်းတွေကို လှမ်းမေးပါလားဗျာ၊ အဲဒါက နီးစပ်ဦးမယ်"

အလုပ် နည်းနည်းပါးနေသည်မို့ စကားကြော ရှည်လိုက်မိသည်။

"အဲဒီ စာစောင်တွေရဲ့ဖုန်းမှ မသိတာဘဲ"

"လွယ်ပါတယ်ဗျာ ... စာစောင်အဟောင်းတစ်ခုခုမှာ ရှာကြည့်ပေါ့"

"စာအုပ်အဟောင်းကလည်း လောလောဆယ် မရှိဘူးရှင့်"

အသံက ရယ်သံနှောသည်။

"ဒါဆိုလည်း အင်ကွာရီကို လှမ်းမေးပေါ့ဗျာ"

"ကျေးဇူးပါပဲရှင်"

စကားအပြတ်မှာ ဖုန်းကို ချလိုက်၏။

☆

"သီလား မြလေး ... ဒီကောင်တွေဆီ ရောက်ရင်တော့ အမြဲတမ်း ဇရုတ်ကျနေတာပဲ။ တစ်ခုမဟုတ် တစ်ခုတော့ လျှောက်လုပ်နေတာပဲကွ။ အဲဒီနေ့က ခဏကြာတော့ မြတ်မာ ရောက်လာတယ်။ ဆွေဆွေဦးက ဖုန်းဆက်တာ မရကြောင်းပြောတော့ မြတ်မာက ဟားတော့တာပေါ့။ ငါ့ပါးစပ်ထဲရှိတဲ့ ဖုန်းနံပါတ်ပေးလိုက်တာဆိုပြီး ရယ်ပါလေရောကွာ"

တရုတ်စကားပင်ရင်းမှာ ချထားသည့်ထိုင်ခုံမှာ ထိုင်နေရင်း ထူးထူးက ပြောပြနေသည်။

"နေပါဦး ထူးထူး ... ထူးထူး အခုနပြောတာ ဘာပွဲရုံ ..."

မြလေးက ထူးထူးမျက်နှာကို ကြည့်ရင်းမေးလိုက်သည်။

"ဘာလဲကွာ မြတ်ကျော်ပွဲရုံဆိုလား၊ ရောင်းဝယ်ရေးဆိုလားပဲ"

"ဟုတ်လား ..."

"အေးလေ ... ဘာဖြစ်လို့လဲ"

မြလေးကို စူးစိုက်ကြည့်ရင်း ထူးထူးက မေးသည်။

"ဘယ်သူလို့ ပြောလဲဟင် ထူးထူး ..."

"ဘာလဲ ဖုန်းကိုင်တဲ့သူလား"

"အင်းလေ ..."

"ဖြိုးကျော်တဲ့ကွ၊ စကားပြောတာတော့ ရည်ရည်မွန်မွန်ပါပဲ"

"ဟယ် ... ထူးထူးရယ် တိုက်တိုက်ဆိုင်ဆိုင်"

မြလေးစကားကြောင့် ထူးထူးက တအံ့တသြဖြစ်ပြီး နားမလည်သလို မြလေးမျက်နှာကို ကြည့်သည်။

"ဘာတိုက်ဆိုင်တာလဲဟင် မြလေး ..."

"အဲဒါ မမမိုတို့ ဦးကြီးတို့ပွဲရုံလေ၊ ဟိုအိမ်ကြီးက ပွဲရုံပေါ့ ..."

မြလေးက ရှေးဟောင်းနှစ်ထပ်တိုက်ကြီးကို မေးငေါ့ရင်း ပြောလိုက်သည်။

"ဟယ် ... ဒါဆို ဖြိုးကျော်ဆိုတာ ..."

"အစ်ကိုဖြိုးကျော်လေ အဲဒီအိမ်ကြီးက၊ ထူးထူး တွေ့ဖူးတယ် မဟုတ်လား"

"အင်း ... တွေ့ဖူးတယ်၊ ညိုညို့ ထောင်ထောင်မောင်းမောင်းနဲ့ တစ်ယောက်လေ"

"ဟော ... ဟိုမှာ"

အိမ်ကြီးဆီသို့ အကြည့်ပြိုင်တူရောက်သည်။

☆

အိမ်ကြီးဆီမှ ဆင်းလာသောလမ်းသည် ကွန်ကရစ်လမ်းလေးနှင့် ဆက်၏။ ကွန်ကရစ်လမ်း ဘေးတစ်ဖက်မှာ နှင်းဆီခြံရှိပြီး၊ တစ်ဖက်မှာ တရုတ်စံကားပင်ကြီး နှစ်ပင်ရှိသည်။ တရုတ်စံကားပင်ရင်းမှာ ထိုင်စရာခုံကလေးတွေ ပြုလုပ်ထား၏။

"အစ်ကိုဖြိုးကျော် ..."

ဘောင်းဘီအိတ်မှာ လက်ထိုးပြီး ခေါင်းငိုက်လျှောက်လာခိုက် အသံကြားရာဆီသို့ ခေါင်းမော့ကြည့်ဖြစ်သည်။

"မြလေးတို့ပါလား ... ကျူရှင်မတက်ဘူးလား"

မြလေးနှင့် သူ့သူငယ်ချင်းကိုတွေ့ပြီး ပြုံးလျက်မေးလိုက်သည်။ ဦးလေးခင်က ကားဒရိုင်ဘာဆိုပေမဲ့ ဦးကြီး၏ လူရင်းဖြစ်နေပြီး ဦးလေးခင်၏ တူမငယ် မြလေးကို မမမိုက ချစ်သည်။ မြလေးက ဦးလေးခင်အိမ်မှာနေပြီး တက္ကသိုလ်တက်နေသူဖြစ်လျက် သွက်လက်ချက်ချာသောကြောင့် မြလေးကို ညီမငယ်အရင်းအချာလိုပင် သူ ချစ်၏။

"ဒီနေ့ ကျူရှင်မရှိလို့ ပြန်လာတာ၊ နေပါဦး... အစ်ကိုဖြိုးကျော်ဆီကို မနေ့က မိတ်ဆက်တဲ့ဖုန်းတွေ ဘာတွေ မလာဘူးလား"

မြလေးက ရယ်ကျဲကျဲနှင့် လှမ်းမေး၏။

"ဟာ ... မြလေးကလည်း"

ဘေးမှ ထူးထူးက မြလေးပေါင်ကို ထုရင်း ရှက်စနိုးဟန်ဖြင့် တားသည်။

"ဘာမိတ်ဆက်တဲ့ဖုန်းလဲ မြလေး ..."

"အစ်ကိုဖြိုးကျော် မေ့နေပြီလား၊ ကောင်မလေးတွေ ဖုန်းဆက်တာလေ"

"ဪ ... သတိရပြီ၊ အေးဟာ ငါ့ဆီကို ကိုခိုင်ထူးနဲ့ စကားပြောချင်လို့ပါဆိုပြီး နှစ်ခါတောင်ဆက်တာ"

ရယ်ပြော ပြောလိုက်သည်။

"အစ်ကိုဖြိုးကျော်က ခပ်တည်တည်နဲ့ ခိုင်ထူးပါလို့ ဆက်လိုမ့်ပါလား" ဟု မြလေးက ပြောသည်။

"နောက်တစ်ခါဆိုရင်တော့ မင်း ပြောသလိုလုပ်မလား စဉ်းစားထားတယ်"

"လုပ်လိုက် အစ်ကိုဖြိုးကျော် ဖုန်းဆက်တဲ့ကောင်မလေးက ချောတယ်သိလား"

စကားအဆုံးမှာ ထူးထူးက မြလေးပေါင်ကို ဆွဲဆိတ်သည်။ ထူးထူးကို ပြုံးလျက် တစ်ချက်ငဲ့ကြည့်ပြီး "အား ... နာတယ်" ထူးထူးရယ်ဟု မြလေးအော်သည်။

ဖြိုးကျော်က သူတို့နှစ်ဦးကို နားမလည်သလို ရပ်ကြည့်နေ၏။

"အစ်ကို ဖြိုးကျော် နှစ်ခါဆက်တာဆိုရင် ပထမအသံနဲ့ ဒုတိယအသံ ဘယ်ဟာပိုကြိုက်လဲ"

မြလေးစကားကြောင့် ထူးထူးက ထိုင်ရာမှ ထရပ်လိုက်သည်။

"ထူးထူး ဘယ်သွားမလို့လဲ၊ နေပါဦး သူငယ်ချင်းရဲ့ ..."

မြလေးက ထူးထူးကို ပြုံးကြည့်မေးလိုက်၏။

"ဒုတိယအသံက ပိုပြီးချိုတယ်၊ ဒါပေမဲ့ ... မနွဲ့ဘူး တည်တယ်"

တရုတ်စံကားပွင့်လေးကို ကုန်းကောက်နေရာမှ ပြောလိုက်သည့် စကားကိုအကြား မျက်နှာကို ရုတ်တရက် မော့ကြည့်ဖြစ်သည်။

"အဲဒါ သူ့အသံပေါ့"

မြလေးက ထူးထူးကို မေးငေါ့ပြရင်း ရုတ်တရက် ပြောချလိုက်သည်။

"ဟာ ... မြလေးကလည်း"

ထူးထူးက ရှက်စကားဆိုပြီး ပန်းပွင့်ကလေးကို လက်ဖြင့် လှည့်ကစား လျက် ငုံ့ကြည့်သည်။

"ဘယ်လို ... မြလေး"

ဖြိုးကျော်က နားမလည်သလို မေးလိုက်၏။

မြလေးက ခပ်ပြုံးပြုံးနှင့် ထိုင်ရာမှ ထလျက် ထူးထူး အနားရောက်အောင် လျှောက်လာပြီး ရပ်သည်။

"အစ်ကိုဖြိုးကျော် ဒါ ထူးထူးလေ ... မြလေး သူငယ်ချင်း။ ထူးထူး ဒါ မြလေးတို့အစ်ကို၊ ဟိုအိမ်ကြီးက ကိုဖြိုးကျော်တဲ့"

မြလေးက မိတ်ဆက်စကားဆိုသည်။

"တွေ့ဖူးနေတာပဲ၊ နာမည်တော့ ဒီနေ့မှ သိတာ"

ဟု ဖြိုးကျော်က ပြောလိုက်သည်။

ထူးထူးက ပြုံးရင်း ဖြိုးကျော်ကို ကြည့်သည်။

"ထူးထူးက နာမည် မနေ့က သိတာ"

ဟု ဆက်ပြောလိုက်၏။

"မနေ့က အစ်ကို့ဆီ ဒုတိယအကြိမ် ဖုန်းဆက်တာ သူလေ"

ထူးထူး ပခုံးပေါ်ကို လက်တင်လိုက်ရင်း မြလေးက ပြောလိုက်၏။

"ဟုတ်လား ..."

"အလကားပါ အစ်ကိုရာ ... သူငယ်ချင်းက ဆက်ကြည့်စမ်းပါဆိုလို့ ကောက်လှည့်လိုက်တာ"

ဟု ထူးထူးက ရှက်ဟန်ပြု ပြုံးလျက် ပြောသည်။

"ဩော် ... ထူးထူးတို့ဆက်တာကိုး"

"သူငယ်ချင်းတစ်ယောက်က ပါးစပ်ထဲရှိတဲ့နံပါတ်ကို သက်သက်ပေး လိုက်တာလို့ ပြောတယ်"

"အေးနော် ... တိုက်တိုက်ဆိုင်ဆိုင် အစ်ကို့နံပါတ်ဖြစ်နေတယ်"

"မြလေးလည်း အံ့ဩနေတာ"

"အခု ထူးထူးစကားပြောတာ နားထောင်ရင်း ဖုန်းထဲကအသံကို ပြန်မှတ်မိပြီ"

ထူးထူးကို ပြုံးကြည့်လျက် ပြောလိုက်၏။

"ဖုန်းထဲကလိုပဲ ချိုတယ်နော်"

မြလေးက နောက်လိုက်သဖြင့် ထူးထူးက ခေါင်းငုံ့ပစ်လိုက်သည်။

"ထူးထူးနဲ့ အသိဖြစ်ရတာ ဆန်းတယ်။ လူချင်းမတွေ့ဖူးခင် ဖုန်းထဲမှာ စကားပြောဖူးခဲ့တာ"

ထူးထူး ရှက်သွားမှန်းသိပြီး ဖြိုးကျော်က စကားဆက်သည်။

"နောက် မြလေးဆီလာရင်း အစ်ကို့ဆီလည်း လာလည်ပေါ့။ ဖုန်းနံပါတ်လည်း မှတ်ထားပြီး အစ်ကို့ဆီကို ဆက်ပေါ့။ ခိုင်ထူးလို့တော့ မမေးနဲ့၊ ဖြိုးကျော်လို့ပဲ မေးပေါ့ ဟုတ်လား"

ထူးထူးက မော့ကြည့်ပြီး ပြုံးပြလိုက်သည်။

# ၄

ထိုအပြုံးသည် နှလုံးသားကို တံဆိပ် ထပ်နှိပ်လိုက်သကဲ့သို့ ထာဝရစွဲထင်လေပြီလား တွေးမိသည်။ ကလေးတစ်ဦးနှယ် အပြစ်ကင်းစင်လျက် မက်မောဖွယ်ရာဟု ရင်၌စွဲလမ်းသည်။ ဝါညက်နုမွတ်သောအသားနှင့် ပါးပြင်ပေါ်မှ သွေးကြောငယ် အမျှင်ကလေးများကို မစဉ်းစားမိဘဲ မြင်ယောင်လာသောအခါ ရင်သည် လှုပ်လှုပ်ခါတတ်၏။ အလုပ်များသော်လည်း ညနေပိုင်း သူ ကျောင်းဆင်းပြီး အိမ်ပြန်ရောက်ချိန်မှာ သူ့ဆီကို ဖုန်းဆက်တတ်လာသည်။

"ဒါပဲနော် ... ဒါပဲ၊ နောက်မှပြန်ဆက်မယ် ..."

ဟု ပြောလက်စ စကားကို ရုတ်တရက်ဖြတ်ပြီး ဖုန်းချသွားသည့် ညနေက အတွေးစုံဖြင့် ယောက်ယက်ခတ်သည်။ အိမ်မပြန်မချင်း သူများ ဆက်လေဦးမလားဟု ဖုန်းမျှော်လျက် အနေရခက်သည်။ သူ့ရည်းစားတွေ ဘာတွေများ ရုတ်တရက် ရောက်လာလို့ ဖုန်းချပစ်လိုက်တာလား အတွေးဝင်၏။

ရုပ်ရှင်သွားကြည့်မလို့ဆိုတော့ ဘယ်သူနဲ့လဲဟု စပ်စုကြည့်ဖူးသည်။ ဒီလိုပေါ့ဟု ရယ်ကျဲကျဲဆိုသံ ကြားရတော့ ပိုပြီးသိချင်လာသည်။ ထူးထူး အမျိုးသားနဲ့လားဟု စိုးရိမ်တွေးဖြင့် ရုတ်တရက်မေးဖြစ်သည်။

ဒီလိုပါပဲ၊ ဘာလို့ သိချင်ရတာလဲပြောပြီး ရယ်နေတော့ ဖုန်းကိုကိုင်ရင်း စကားပြတ်လျက် ခဏကြောင်သွားသည်။ သူနှင့်ပတ်သက်လို့ နမြော်တသ တတ်ပြီလားဟု အသိဝင်နိုက် ရင်၌ တင်းခနဲဖြစ်သည်။ သမုဒယတွယ်ပြီဟု ဘာသာ နားလည်လိုက်ပြီလေ...။

☆

အကြည့်မှာ မေတ္တာ၏အငွေ့ကို သူ တွေ့လေမလား။

စကား ချိုမြကို မဝနိုင်သည့် သေရည်ပမာ စွဲမက်ပြီတည့်၊ ပကတိ သူ့ ရုပ်သွင်ကို အိပ်မက်မှာ၊ စိတ်ကူးအာရုံရိပ်မှာ အခါခါ အထပ်ထပ် တွေ့မြင်တတ် လာပြီ။

ယာယီမဟုတ်တော့သည့် သတိရခြင်းက ထာဝရ တမ်းမောဖွယ်တစ်ခု ဖြစ်နေပြီကော။ သောကဖြင့် ချစ်တတ်ခြင်း ဝေဒနာ ခရီးရှည်ကို စမိပြီလေ။ ကြွေတတ်သည့်ပန်းနယ် နွမ်း၍ ကြွေပျက်တတ်သော ချစ်စိတ်ဆိုကလည်း အကောင်းသား။ အလုပ်များ ပင်ပန်းသည့်ကြားက တစ်ရက်များ သူနှင့် ဖုန်း အဆက်အသွယ် ပြတ်မိလျှင် ရင်ထဲက ဗလောင်ဆူတော့၏။ မေ့လျော့လေ သလား၊ သူ့အပါးမှာ အနှောင်အတွယ်နှင့်မို့လားဟု လားပေါင်းများစွာ အတွေး ဖြင့် ကလေးဆန်ဆန် စဉ်းစားတတ်၏။ ရစ်ပတ်ခြင်း တစ်ထစ်သည် နှလုံးသား မှာ ဝက်အူနယ်နစ်ပြီ။

ချစ်ပြီဟု ဘာသာသိတော့ အကြည့်မှအစ အပြောအဆိုပါ ပြောင်းတတ် သည်ပဲ။ မလုံလဲစိတ်ဖြင့် စကားအချိတ်အဆက်တို့ လွဲချော်ထွေတတ်ပြန်၏။ သူမို့ ပြုံးလျှင် ပြုံးလို့ ရင်ခုန်တတ်သလို ဖျတ်ခနဲအကြည့်မှာလည်း ကြည့်လို့ပင် စိတ်လှုပ်ရှားရသေးသည်။ တစ်ရံမလပ် အမှတ်ရစရာလေးတွေလည်း သူ လုပ် တတ်ပြန်သည်ပဲ။

☆

---

လဝန်းရိပ်စာပေ

ကားတွေက ညနစ်နာရီခွဲ သုံးနာရီလောက်မှ ဝင်မည်ဟု ဖုန်းလာတော့ ပွဲရုံမှာ သူ စောင့်အိပ်မှ ဖြစ်မည်ဆိုတာ သိ၏။ အစစအရာရာ တိတိကျကျမှ ကြိုက်တတ်သော ဦးကြီးက တခြားလူတွေဆိုလျှင်လည်း စိတ်ချမည်မဟုတ်။

"ဒီည ပွဲရုံမှာပဲ စောင့်အိပ်ရမယ်လေ၊ ကားတွေက ကုန်အပြည့်နဲ့ ည သုံးနာရီလောက်မှ ဝင်မှာလေ"

ညနေပိုင်း ထူးထူးဆီကို ဖုန်းဆက်တော့ သူ ပြောလိုက်၏။ ပင်ပန်းတယ် နော်ဟု ထူးထူး ပြောလိုက်သောစကားကို အော် ... သူ ငါ့အပေါ်မှာ စာနာတွေးနဲ့ ကြင်နာတတ်တာပဲဟု တစ်ဖက်သတ် စဉ်းစားရင်း ခံစားကြည်နူးရသေး သည်။

စိတ်ကူးများစွာဖြင့် အိပ်ရာဝင်ဖြစ်ခဲ့၏။ အလုပ်စားပွဲပေါ်မှာ တယ်လီဖုန်း ပလပ်ကိုဖြုတ်ပြီး အိပ်ရာဘေးနားမှာ တပ်ထားခဲ့သည်။ ဦးကြီးကလည်း စိတ်ပူ တတ်သူဖြစ်၍ ဖုန်းဆက်မေးချင် မေးတတ်သည်။

"ကလင် ... ကလင် ... ကလင်"

ကျယ်လောင် စူးရှစွာမြည်သော ဖုန်းသံကြောင့် ဖျတ်ခနဲ နိုးလာ၏။ ခြင်ထောင်ကို မ,လျက် ထလိုက်ရင်း ဖုန်းကိုကောက်ကိုင်သည်။ ကုန်ကားတွေ အခုထိ မရောက်သေးဟု ချက်ချင်းအတွေးရောက်၏။

"ဟုတ်ကဲ့ ပြောပါ ..."

"ကိုဖြိုးလား ..."

တစ်ဖက်မှ အသံကြောင့် ရုတ်တရက် အံ့ဩရပြန်သည်။ ဘာပြန်ပြော ရမှန်း မသိနိုင်လောက်အောင် ဖြစ်သွားရ၏။ တံတွေးကို မျိုချလိုက်မိသည်။

"ကိုဖြိုးလား ဟင် ..."

"ဟုတ် ... ဟုတ်တယ် ထူးထူး ..."

"ဘာလဲ ... ကိုဖြိုး အံ့ဩနေတာလား၊ အိပ်မက် မက်နေတယ် ထင်လို့ လား"

သူ့ကို တစ်အိမ်လုံးလိုလိုက ဖြိုးဟုသာ ချစ်စနိုးခေါ်ပြီး၊ မြလေးက အစ်ကို ဖြိုး ခေါ်လိုက် အစ်ကိုဖြိုးကျော်ဟု ခေါ်လိုက်နှင့် ခေါ်တတ်သည်။ ထူးထူးနှင့် ရင်းနှီးလာတော့ ထူးထူးက ကိုဖြိုးဟု သူ့ကို ခေါ်သည်။

"ထူးထူး ကိုဖြိုးလို့ ခေါ်တာကို ရိုင်းတယ် မထင်နဲ့နော်။ အစ်ကိုဖြိုးလို့ ခေါ်ရတာကြီးက ထောက်ထောက်ကြီးဖြစ်နေလို့" ဟု သူ့ကို ပြောခဲ့ဖူး၏။

"ထူးထူး မအိပ်သေးဘူးလားဟင်၊ ဘယ်နစ်နာရီရှိပြီလဲ ..."

လက်တစ်ဖက်ဖြင့် မျက်စိကို ပွတ်သပ်လိုက်ရင်း မေးလိုက်သည်။

"နှစ်နာရီထိုးတော့မယ် ကိုဖြိုး"

"နှစ်နာရီ ဟုတ်လား ..."

ရှေ့ရှုံးခန်းဘက်မှ မီးဖွင့်ထားသဖြင့် အလင်းရောင်မှိန်မှိန် အခန်းထဲမှ ဖြာကျသည်။ ထိုအလင်းရောင်ဖြင့် လက်မှနာရီကို မှောက်ကြည့်လိုက်၏။ တစ်နာရီ ငါးဆယ့်ငါး။

"ဟုတ်တယ် နှစ်နာရီထိုးတော့မယ်၊ ထူးထူးလည်း စာကြည့်ရင်းနဲ့ မျက်စိကြောင်သွားလို့၊ ပြီးတော့..."

စကားရပ်သွားပြီး ရယ်သံအုပ်အုပ်ကလေးကို ကြားရပြန်သည်။

"ပြီးတော့ ဘာလဲဟင် ထူးထူး၊ ပြောလေ ..."

"ဩော် ... ပြီးတော့ ကားတွေလာရင် ကိုဖြိုး မနိုးဘဲ နေမှာစိုးလို့ပေါ့။ ကိုဖြိုးကို နိုးတာလေ။ နှစ်နာရီလောက်မှ ကားတွေရောက်မယ်လို့ ကိုဖြိုး ညနေက ပြောခဲ့တယ် မဟုတ်လား"

ဩော် ... သူ ငါ့ကို သတိရနေပါလားဟု အတွေးဖြင့် ကြည်နူးသည်။

ကိုဖြိုးကို သတိရလို့ ဆက်တာပါလို့ သူ ပြောရမှာ ရှက်နေသလားဟု စဉ်းစားမိသည်။ ဒီလိုပြောဖို့ ရှက်နေလို့ မနိုးမှာစိုးလို့ ပြောတာနေမှာပါဟု တွေးကြည့်ရင်း ကြည်နူးလာသည်။

"ကျေးဇူးပါပဲ ထူးထူးရယ် ... တကယ်ပဲ ထူးထူး ဖုန်းမလာရင်တော့ ကားတွေ ရောက်လာပြီးရင်လည်း ကိုဖြိုးကို အကြာကြီး နိုးယူရမယ် ထင်တယ်"

အလိုက်သင့် ပြန်ပြောလိုက်၏။

"ကိုဖြိုး ... သိပ်အိပ်ငိုက်နေပြီလား"

စကားအပြတ်မှာ ထူးထူးက မေးလိုက်သည်။

"မငိုက်ပါဘူး ထူးထူးရဲ့"

"ဒါဆို ဘာလို့ ငြိမ်နေတာလဲ"

"ထူးထူးကို သတိရနေတာ"

"ဟယ် ..."

"တကယ်ပြောတယ်ဆိုတာ ထူးထူးယုံနော်"

ထူးထူးက ငြိမ်လျက် နားထောင်နေသည်။

"စကားပြောနေကြတာပဲ"

ထူးထူးအသံ တိုးလျစွာထွက်လာသည်။

"အသံကြားနေရပေမဲ့ လူကိုမှ မတွေ့နိုင်တာ။ ဒါကြောင့် သတိရတယ်ပြောတာပေါ့"

"ဗိုဗြိ ..."

"မပိုပါဘူး၊ မြလေးတောင် ရိပ်မိနေပြီ"

"ဘယ်လို မြလေးက ရိပ်မိနေပြီ ဟုတ်လား ကိုဖြိုး၊ ဘာကို ရိပ်မိတာလဲဟင်"

"ကိုဖြိုးက ထူးထူးအကြောင်း ခဏခဏ မေးလွန်းလို့ ပြောလွန်းလို့ပေါ့။ ထူးထူးကို သတိရလာတိုင်း အိမ်မှာဆို မြလေးကိုပဲ မေးနေတာ။ ကျောင်းမှာ ထူးထူး ဘယ်သူတွေနဲ့တွဲလဲ၊ ဘယ်သွားသလဲ အစုံပေါ့"

"ကြည့်စမ်း ... ကိုဖြိုးက ထူးထူးကို မယုံသင်္ကာနဲ့"

"မယုံသင်္ကာမဟုတ်ပါဘူး ထူးထူးရဲ့၊ ထူးထူးကို မတွေ့ရပေမဲ့ ထူးထူး သွားလာလှုပ်ရှားနေတာလေးတွေကို ကြားရရင် ပြန်ပြီးစိတ်ကူးနဲ့ မြင်ယောင်ကြည့်နိုင်လို့ပါ"

"ကိုဖြိုးကနော် ... တကယ်အပြောကောင်းတယ်"

"အပြောကောင်းတာ မဟုတ်ပါဘူး ထူးထူးရဲ့ အမှန်ကို ပြောနေတာပါ။ ကိုဖြိုး မိဘနှစ်ပါး ကိုဖြိုး ငယ်ငယ်လေးကတည်းက ဆုံးသွားကြတော့ ဦးကြီး လက်ထဲမှာပဲ ကြီးရတယ်လေ။ ဦးကြီးက မွေးစားသားလို အမွေစားအမွေခံ မွေးထားလိုက်တယ်။ ဦးကြီး စည်းကမ်းတွေကြားမှာ ငယ်ငယ်လေးကတည်းက

*မေ့လာရသော ကော်ရုပ်တစ်ရုပ်လို* ဖြစ်နေခဲ့တာလေ။ ထူးထူးကို တွေ့တော့မှ ကိုဖြိုး အရမ်းစိတ်ကူးယဉ်တတ်လာတယ် သိလား။

အချစ်ဆိုတာ အိပ်မက်များစွာကို မွေးဖွားပေးတယ်ဆိုတဲ့ ဝတ္ထုထဲက စာသားလေးကို ပြေးသတိရတယ်။ ကိုဖြိုး ထူးထူးကို သိပ်ချစ်တာပဲလို့ ပြောရင် စိတ်မဆိုးနဲ့နော်"

"ကြည့်စမ်း ... ကိုဖြိုးက ထူးထူးကို ရည်းစားစကားပြောတာပေါ့"

သက်ပြင်းတစ်ခုကို ချလိုက်မိသည်။ ထူးထူး စိတ်ဆိုးလေမလားလို့ စိုးရိမ်တွေးပူလိုက်၏။

"ရည်းစားစကား မဟုတ်ပါဘူး၊ ချစ်စကား ပြောတာပါ"

"ကိုဖြိုး ထူးထူးကို ချစ်နေပြီကွာ"

ထူးထူးဘက်မှ ငြိမ်သက်နေသည်။ စကားခွန်းစတစ်လုံးမျှ ထွက်မလာ။

"ထူးထူး ..."

ခေါ်ကြည့်သည်၊ ရုတ်တရက် ပြန်ထူးသံမကြားရ။

"ထူးထူး ..."

"ရှင် ..."

"ကိုဖြိုးကို စိတ်ဆိုးသွားပြီလားဟင်"

"ဖုန်းချလိုက်တော့မယ်နော်၊ မေမေတို့ အခန်းက အသံကြားရတယ်၊ မေမေတို့ နိုးလာပြီလား မသိဘူး"

ပြောပြီး ထူးထူးက ဖုန်းချသွား၏။

ရင်ထဲမှာ ဟာပြီးကျန်ခဲ့၏။ မငြိမ်မသက် ယောက်ယက်ခတ် အတွေးတို့ဖြင့် စိုးပူလျက် ရင်ခုန်ချင်သည်။

ထာဝရ မှတ်မိနေနိုင်မည့် ညတစ်ညပါကွယ်...

၅

ခါတိုင်းနယ် ဖုန်းဆက်မည်တွေးလျက် မဆက်ရဲ။ ဂဏန်းငါးလုံးကို လှည့်ပြီးမှ ရင်ခုန်မောစွာ ဖုန်းကို ပြန်ချလိုက်ရသည့်အခါမနည်းတော့။ သည်အချိန်ဆို ကျောင်းမှ သူ ပြန်ရောက်ပြီလားတွေး၏။

သူ့စကား သူ့အသံကို တစ်ရံမလပ် အာရုံမှာ ကြားယောင်သည်။ သူ့အသွင် သူ့သဏ္ဌာန်ကို အဖန်ဖန် အထပ်ထပ် စိတ်အတွေးမှာ မြင်ယောင်တတ်သည်။ သို့တိုင်လျက် ဖုန်းဆက်ရမည်ကို မဝံ့မရဲ။ ရင်ထဲမှာ တုန်လှုပ်ပန်းလျသည်။ ချစ်မိပြီဟု ပြောလိုက်မိခြင်းဖြင့် သန့်စင်ကြည်လင်သော သူ့ခင်မင်မှုကိုနောက်ကျိအောင် ပြုမိလေသလားအတွေးဖြင့် လိပ်ပြာက မသန့်ချင်။

ပကတိ ဖြူစင်ရိုးသားသော သူ့သံယောဇဉ်ကို အထင်အမြင်လွဲကာ အခွင့်အရေး ယူတတ်သူပါကလားဟု ထင်မှာစိုးပူသည်။ ပြီးတော့ သူများရှက်နေမှာလားဟု သူ့မျက်နှာ ဖြူဝင်းနုမှာ ရှက်သွေးဖြာလျက် အနေခက်မည်ကို သနားသည်။

ဒီလိုနှင့် မလုံမလဲစိတ် စိုးထိတ်ထိတ် ရင်ခုန်ခုန်နှင့် နောက်နေ့ညများမှာ ဖုန်းမဆက်ဖြစ်ခဲ့။

"မြလေး မနက်ဖြန် နင်တို့ ကျူရှင်ရှိတယ်နော်"

သောကြာနေ့ညနေ အလုပ်မှပြန်ရောက်ခိုက် အခန့်သင့်ပင် ဧည့်ခန်းမှာ မြလေးကို တွေ့ရသည်။ သူ့စကားကြောင့် မမမို၏ လက်သည်းကလေးတွေကို ဖျက်ဆေးဖြင့် ဖျက်ပေးနေသော မြလေးက သူ့ကို မော့ကြည့်လိုက်သည်။

"ဟုတ်တယ်လေ မနက်ဖြန် စနေပဲ အစ်ကိုဖြိုးရဲ့ ဘာဖြစ်လို့လဲဟင်"

မြလေးက သူ့ကိုကြည့်ရင်း မေးလိုက်သည်။

"ဒါဆို မနက်ဖြန် ထူးထူးလာမှာပေါ့နော်"

"အင်းလေ ... ခါတိုင်းလိုပေါ့ အစ်ကိုဖြိုးကလဲ။ သူ မြလေးကို ကားနဲ့ ဝင်ခေါ်မယ်၊ ပြီးတော့ ကျူရှင်ပြီးရင် အိမ်ကိုလိုက်လာပြီး အတူစာကျက်ကြမယ်။ ညနေမှာ ခါတိုင်းလိုပဲ ပြန်မှာပေါ့။ ဘာလို့မေးတာလဲ အစ်ကိုဖြိုး ..."

"ဘာမှ မဖြစ်ပါဘူးဟာ ..."

စိတ်ထဲက မလုံတော့ မြလေးမျက်နှာကို စူးစိုက်မကြည့်ရဲ။ ထူးထူးကို မနက်ဖြန် တွေ့ရမှာပါလားအသိဖြင့် ရင်ခုန်ချင်သည်။ သူ့အခန်းရှိရာ အပေါ်ထပ်သို့ တက်ခဲ့စဉ်မှာ မနက်ဖြန် ထူးထူးကို ပါးစပ်ဖြင့်ပဲ အဖြေတောင်းတော့မည် စဉ်းစားလိုက်မိ၏။

☆

မနက်ပိုင်းမှာ ပွဲရုံကို တစ်ခေါက်ရောက်ခဲ့သေးသည်။ နယ်သို့ ဖုန်းဆက်စရာရှိသည်များကိုဖုန်းဆက်လိုက်၏။ နာရီကိုကြည့်လိုက်တော့ ဆယ်တစ်နာရီ ကျော်ပြီ။ ဆယ့်နှစ်နာရီဆို ထူးထူး ရောက်လာပြီး မြလေးကို ခေါ်မည်ဟု အတွေးရောက်၏။ အလုပ်ကို လက်စသိမ်းကာ အိမ်ပြန်ရန် ပြင်သည်။

အလုပ်တိုက် အခန်းဝရောက်မှ စားပွဲပေါ်မှာ ကားသော့မေ့ကျန်ခဲ့သည်ကို သတိရပြီး တစ်ခေါက်ပြန်ယူရ၏။ တွေ့ရမြင်ရတော့မည်ဆိုသည့် အတွေးကပင် အားလုံးကို တို့နေးလွဲချော်စေပြန်သည်ဟု သတိရလျက် ပြုံးလိုက်မိသေးသည်။

အိမ်ပေါ်လှမ်းအတက်မှာ ဧည့်ခန်းမှာ သတင်းစာဖတ်နေသည့် ဦးကြီးကို တွေ့လိုက်ရ၏။

"အတော်ပဲ ဖြိုး မင်း ပြန်ရောက်လာတာ အတော်ပဲ၊ ဘာထူးသေးလဲ"

သတင်းစာကို မျက်နှာမှ လွှဲဖယ်လျက် သူ့ကို လှမ်းမေးသည်။

"မထူးပါဘူး ဦးကြီး ..."

"ငါ အခုပဲ ဖုန်းဆက်တော့မလို့၊ ဘာမှမထူးရင် ပြန်လာခဲ့လို့ ပြောမလို့"

"ဘာခိုင်းမလို့လဲ ဦးကြီး ..."

ဆက်တီကုလားထိုင် နောက်မှီပေါ်ကို လက်နှစ်ဖက်တင်ရင်း မေးလိုက်သည်။ သတင်းစာကို စားပွဲပုလေးပေါ်သို့ ပစ်တင်လိုက်ရင်း ...

"မင့်မမမှီကွာ၊ စကော့ဈေး ပို့ခိုင်းနေတယ်။ ငါက ပွဲစားတစ်ယောက်နဲ့ ချိန်းထားလို့ သွားစရာရှိတယ်။ အဲဒါ မင်းပဲ လိုက်ပို့ပေးလိုက်စမ်းပါ"

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သည်။ တူရှန်ရုံမှာရှိသော စီကိုနံ့ရကပ် နာရီကို အကြည့်ရောက်၏။ ဆယ့်နှစ်နာရီထိုးရန် ဆယ့်ငါးမိနစ်သာ လိုတော့သည်။

"ဘယ်တော့ သွားမှာတဲ့လဲ ဦးကြီး ..."

"အခု သွားလိမ့်မယ်၊ အပေါ်မှာ မြလေးရှိတယ်။ မှီကို အလှပြင်ပေးနေတယ် ထင်တယ်။ မှီကလည်း တစူးစား။ ဒီအိမ်မှာ မင်းနဲ့ မြလေးလုပ်ပေးတာကိုပဲ စိတ်တိုင်းကျတာပဲ။ အခုလည်း မြလေးကို လှမ်းခေါ်ပြီး အလှပြင်ခိုင်းနေတယ်နဲ့ တူတယ်။ ကျူရှင်ရှိတယ် မဟုတ်လား မြန်မြန်လုပ်ကြလို့ ငါတောင် ပြောလိုက်သေးတယ်"

ဦးကြီးစကားကို နားထောင်ရင်း သက်ပြင်းရှည်ကို ချလိုက်မိသည်။ ထူးထူး လာခေါ်လျှင် သူနှင့် လွဲနေရော့မည်။ ထူးထူးကို မြင်ခွင့်၊ တွေ့ခွင့်တစ်ခု ဆုံးရှုံးမှုသည် သူ့အတွက် အရေးတကြီးကိစ္စ တစ်ခုပင်။ ထူးထူးမျက်နှာကို မြင်ရလျှင် သူ ပြောထားခဲ့သည့် ချစ်စကားအတွက် မျက်နှာကို အကဲခတ် ခန့်မှန်းကာ ဝမ်းသာကြည်နူးလို၏။ ဘာဖြစ်ဖြစ် ကားပေါ်က ဆင်းပြီးမြလေးတို့အိမ်ထဲကို ထူးထူးဝင်လျှင် အိမ်ကြီးပေါ်မှ သူ့အခန်းပြတင်းက သူ လှမ်းမြင်နိုင်သည်ပဲ။

အခန်းထဲက ထူးထူး မတွေ့အောင် ထူးထူးကို သူကြည့်နိုင်သည်ပဲ။ ကားပေါ်က အဆင်းမှာ သူ့ကို သတိတရစိတ်ဖြင့် သူ့အခန်းဆီသို့ တစ်ချက်ငေ့ကြည့်လေမလား၊ ပြတင်းဝမှာရပ်ပြီး သူက ကြည့်လျက် ပြုံးပြလိုက်လျှင် ထူးထူးက မျက်လွှာချကာ ရှက်သွေးဖြာသွားမည်လား။

စဉ်းစား ရင်ခုန်ခဲ့သမျှ အခုတော့ လွဲချော်ပြီဟု မကျေမနပ် ဖြစ်ရသည်။ ထိုအခိုက် ခြေသံကြား၍ ဖျတ်ခနဲ လှမ်းအကြည့်မှာ မမမိုနှင့် မြလေးတို့ အိမ်ပေါ်ထပ်မှ ဆင်းလာတာ တွေ့ရ၏။

"ဖြိုး ရောက်ပြီလား၊ ဖြိုး လိုက်ပို့မှာလား ..."

"ဟုတ်တယ် မမမို"

မမမိုမျက်နှာက ပြုံးလိုက်မှ ပိုပြီးကျက်သရေရှိလာသည် ထင်၏။ မိမိထက် ငါးနှစ်သာကြီးပြီး ဦးကြီးနှင့် အသက်ထက်ဝက်ကျော်ကွာသော မမမို၏ အလှသည် ဇရာနှင့် ဝေးလွန်းသေးသည် တွေးမိ၏။

ဖြူဖျော့အားနည်းဟန် ရှိသော်လည်း အသားအရေသည် မခန်းမခြောက်။ ပိန်ပါးသေးသွယ်သော်လည်း ရုပ်ရည်သည်မကျ။ အချိုးအစားက ပြေပြစ်လှပလွန်းသည်။ တက်ကြွနုသစ် လန်းဆန်းစွာ မပျိုမျစ်သော်လည်း ကျက်ခြေရှိစွာ ခန့်ထည်တည်ငြိမ်လျက် မဟာဆန်စွာ သိမ်မွေ့၍ ချောသည်။

လေ့ကားလက်ရန်းကို လက်တစ်ဖက် တင်ကိုင်လျက် ဆင်းလာရင်း သူ့အနားမှာ ရပ်၏။ ပြင်သစ်ရေမွှေးနံ့က သင်းခနဲ ဝေ့သွားသည်။

"ဖြိုး ... အဝတ်လဲဦးမှာလား"

"မလဲတော့ဘူး မမမို ..."

"ဒါ ... ဟိုတစ်လက မမမို ဝယ်ပေးတဲ့ အက်စ်ဖဲယားလား"

ပြီးခဲ့တဲ့လက မမမိုကို စကော့ဈေး လိုက်ပို့ခိုက်မှာ အမေရိကန်က လာသော အက်စ်ဖဲယား ဘောင်းဘီတစ်ထည်ကို မမမိုက အတင်းဝယ်ပြီးပေး၏။

"ဟုတ်တယ် မမမို ..."

"ကောင်းတယ်၊ ဖြိုးနဲ့ သိပ်ပြီးကြည့်လှတာပဲ။ အက်စ်ဖဲယားက ရှားတယ်၊ ဒီနေ့တွေ့ရင် မမမို တစ်ထည်ထပ်ဝယ်ပေးဦးမယ်"

"တော်ပါပြီ မမမိုရယ် ... ကျွန်တော့်မှာ ဘောင်းဘီတွေ ရှိနေတာပဲ"

အင်္ကျီစ်ဖဲယားကို သူ ကြိုက်၏။ ဈေးကြီးလွန်းသဖြင့် တစ်ထည်က နှစ်ထည် ဝယ်ရမှာကိုတော့ တွန့်တိုသည်။

"ဝတ်စမ်းပါဖြိုးရယ် ... မမမိုက ကိုယ်တိုင်လှချင်ပချင်စိတ် ကုန်ခန်းပေမဲ့ ဖြိုးနဲ့ မြလေးကိုတော့ အမြဲလှလှပပရှိနေစေချင်တယ်။ မမမို စိတ်ကူးရသမျှ မင်းတို့နှစ်ယောက်ကိုပဲ ဒါကြောင့် ဆင်တာပေါ့"

"မြလေး သွားတော့မယ် မမမို၊ ကျူရှင်ရှိသေးတယ်"

ဘေးမှာ ရပ်နေသော မြလေးက ပြောလိုက်၏။

"အေးအေး ... သွားသမီး၊ မြလေးဖို့ ကြိုက်တာတွေ့ရင်လည်း မမမို ဝယ်လာခဲ့မယ်"

မမမိုက မြလေးကို ချစ်သည်။ ဈေးသွားပြန်လာတိုင်း မြလေးဖို့ တစ်ခု မဟုတ် တစ်ခု ဝယ်လာစမြဲ။

"ဖြိုး အပြန်မှာ ဆရာဝန်အိမ် ခဏဝင်ခဲ့ကွာ၊ မို့ အခြေအနေ သိရတာပေါ့"

ညေ့်ခန်းထဲမှ ဦးကြီးက လှမ်းပြော၏။

"အစ်ကိုကြီးကလည်းလေ မို့ကို လူမမာလို့ပဲ အမြဲထင်နေတာ။ မို နေကောင်းပါတယ်"

ဟု မမမိုက ပြုံးရင်း ပြော၏။

မြလေး ထွက်သွားသည်ကို တစ်ချက် လှမ်းကြည့်လိုက်မိရင်း ထူးထူး ရောက်လာတော့မှာပဲဟု အတွေးရောက်သည်။

"မို့ကို အတွေးလွန်တဲ့ရောဂါ၊ စိတ်ကျတဲ့ရောဂါ၊ လောကကို မကျေနပ်တဲ့ ငေးငေးငိုင်ငိုင် ရောဂါရှိတယ်ဆိုတာ မိုတော့ ရယ်ချင်တယ် အစ်ကိုကြီးရယ်။ အဲဒါတွေက မို့ဟာမို ခံစားပြီးဖြစ်နေတဲ့ မို့သဘာဝပဲဟာ။ ဒါ ရောဂါမှ မဟုတ်တာ"

တစ်စုံတစ်ရာ ပြောမည့်ဟန် ပြင်လျက်က ဘာမှမပြောဘဲ ခေါင်းကို တွင်တွင်ခါယမ်းလိုက်သော ဦးကြီးကို လှမ်းမြင်ရ၏။

"မို ရိပ်သာကိုလည်း ဝင်ဦးမယ်။ ရိပ်သာမှာ မို လှူစရာရှိသေးတယ်။ အပြန် အချိန်ရမှပဲ ဆရာဝန်အိမ် ဝင်ချင်ဝင်မယ်လေ။ လာ ... ဖြိုး ... သွားရအောင်"

မမမိုက ပြောပြီး ရှေ့မှထွက်သည်။ ဦးကြီးကို လှည့်မကြည့်တော့ဘဲ မမမိုနောက်က လျှောက်လိုက်ခဲ့၏။

အိမ်ပြင်ရောက်တော့ မြလေးတို့ အိမ်လေးဘက်ကို လှမ်းမျှော်ကြည့်မိသေးသည်။ တံမြက်စည်းလှည်းနေသော ဦးလေးခင်ကိုသာ တွေ့ရ၏။

☆

"ဟော့ ... မို ... မို မဟုတ်လား"

အလယ်လမ်းမကြီးမှ ဖြတ်အလျှောက် လက်ယာဘက် လမ်းခွဲဆီမှ ထွက်လာသော အမျိုးသမီးတစ်ယောက်က လှမ်းခေါ်သည်။

"ဟာ ... ဘေဘီ"

"မိုက ပိုတောင် လှလာသေးတယ်၊ ကလေးရော ရပြီလားဟင် ..."

မမမို၏ပခုံးကိုဖက်လျက် ခြေဆုံးခေါင်းဆုံးကြည့်ရင်း ဆိုသည်။ မမမိုက ပြုံးလျက် ခေါင်းကို ခါယမ်းပြသည်။

"ဘေဘီတို့တော့ အိမ်ထောင်ကျပြီးကတည်းက တဖြည်းဖြည်း ဝဝလာလို့ စိတ်ဓာတ်အကြီးအကျယ်ကျနေတာ။ ကလေးလည်း နှစ်ယောက်ရပြီလေ"

သူ့ဆီသို့ အကြည့်ကို ဝေ့ဝဲအကဲခတ်ရင်း ဘေဘီက ပြောလိုက်သည်။

"ဘေဘီတို့ နယ်မှာပဲလား"

"အခု ရန်ကုန် ပြောင်းလာတာ တစ်လကျော်ပြီလေ"

"အိမ်လာလည်ဦး၊ ဘေဘီရယ် မိုတစ်ယောက်တည်း အိမ်မှာ ပျင်းပျင်းနေတာ၊ စကားလေး ဘာလေး ပြောရအောင်"

"လာခဲ့မယ် ... မို လာခဲ့မယ်။ နေပါဦး၊ မို့အမျိုးသားရော ဒီမှာပဲရှိတယ် မဟုတ်လား"

ပြောလက်စ စကားမဆုံးခင် အကြည့်တစ်ချက်က သူ့မျက်နှာဆီ ရောက်၏။

"ဒီလိုပါပဲကွာ၊ စီးပွားရေးသမားဆိုတော့ ရန်ကုန်မှာနေလိုက်၊ နယ်ကို သွားလိုက်ပေါ့ ဘောဘီရယ်။ ရန်ကုန်မှာ ရှိတယ်ဆိုလည်း သူ့စီးပွားရေးလုပ်ငန်း တွေထဲမှာပဲ နစ်နေတတ်တာ"

"ဘာဖြစ်ဖြစ်ကွာ မိုက ကံကောင်းပါတယ်။ ကြီးရင်မှ ငယ်ရင်ချီရတယ် တဲ့။ ကိုယ့်ထက် အသက်ကြီးတဲ့ အိမ်ထောင်ဖက်ဆိုတော့ အစစအရာရာ အလို လိုက်တတ်တာပေါ့။ သွားမယ် မိုရေ့ နောက်မှ အေးအေးဆေးဆေး လာခဲ့ဦး မယ် ..."

နှုတ်ဆက်ထွက်သွားသော မမမိုသူငယ်ချင်း ဘောဘီကို တစ်ချက် ငေးကြည့်ဖြစ်လိုက်၏။

"ဘောဘီ့ကို ဖြိုး မတွေ့ဖူးဘူး မဟုတ်လား။ သူက ကျောင်းပြီးပြီးချင်း အိမ်ထောင်ကျပြီး နယ်လိုက်သွားရတာလေ။ ဘောဘီ့ယောကျ်ားက အစိုးရ အလုပ်နဲ့၊ ဘောဘီနဲ့တွေ့ရင် သတင်းစုံ အကုန်ကြားရတယ် ဖြိုးရဲ့။ မမမိုလည်း အိမ်ထဲမှာတင် ကုပ်ပြီး ဘယ်မှမထွက်ဖြစ်တာ အားလုံးနဲ့ အဆက်အသွယ်ကို ပြတ်နေပြီ။ ဒါကြောင့် ဘောဘီကို အလည်လာဖို့ ခေါ်လိုက်တာလေ။ ဘောဘီ လာရင် သတင်းစုံ အကုန်ကြားရမယ် သိလား"

အတူတွဲယှဉ်လျှောက်ရင်း မမမိုက သူ့ကို ပြောပြနေ၏။

မမမို စကားတို့ကို ကြားနေရသော်လည်း အတွေးထဲမှာတော့ ထူးထူး ရှိနေသည်။ ဒီအချိန်ဆို ထူးထူးတို့ ကျူရှင်စပြီလားဟု စဉ်းစားကြည့်မိ၏။ အိမ် ပြန်ရောက်လျှင်တော့ ထူးထူးကို တွေ့နိုင်မည်ဟု မျှော်လင့်သည်။

"မမမိုတို့အုပ်စု အရင်းနှီးဆုံးတွဲခဲ့တဲ့ သူငယ်ချင်းတွေပေါ့လေ။ အဲဒီ အထဲမှာတော့ ဘောဘီက ကံအကောင်းဆုံးပဲ"

"ဘာဖြစ်လို့လဲ" ဟု မမမိုကို လှည့်ကြည့်မေးလိုက်မိ၏။

"သူချစ်တဲ့ သူနဲ့ အိမ်ထောင်ကျသွားတယ်လေ၊ ကျန်တဲ့ သူတွေကတော့..."

မမမိုက စကားကို မဆက်။ မမမို ဘာကိုပြောချင်မှန်း သိလိုက်ပြီး ဦးကြီးမျက်နှာကို အတွေးဖြင့် မြင်ယောင်ပြန်သည်။

☆

ကားသိမ်းပြီး အခန်းထဲသို့ ကပျာကသီ အရောက်သွားသည်။ အဝတ်အစားလဲလျက် လက်မှနာရီကို ရုတ်တရက် ကြည့်မိသေးသည်။

လေးနာရီခွဲတော့မည်။ ခါတိုင်း စနေဆိုလျှင် ငါးနာရီကျော်မှ ထူးထူးပြန်နေကျ။ ကျူရှင်အပြန်မှာ မြလေးနှင့်အတူ ဆင်းကျန်ခဲ့ပြီး စကြည့်ကြဆွေးနွေးကြသည်။ ငါးနာရီကျော်မှ သူ့အိမ်မှကားက ပြန်လာခေါ်သည်ပဲ။ သည်အချိန်ဆို ထူးထူးတစ်ယောက် မြလေးတို့အိမ် ရောက်နေမည် တွေးမိသည်။

အဝတ်အစားလဲပြီးတော့ ချက်ချင်း အိမ်အောက်ထပ်သို့ ပြေးဆင်းလာခဲ့၏။ ခြံထဲကို လှမ်းအထွက် မြလေးတို့ အိမ်ဘက်သို့ ခြေလှမ်း၍ ဦးတည်လိုက်ပြီးမှ ကိစ္စမရှိဘဲ သွားလို့ တော်ပါ့မလား အတွေးဝင်သည်။

ခါတိုင်း သွားနေကျ လာနေကျ ခြံဝန်းတစ်ခုတည်းက အိမ်ကိုပင် သွားရမှာ ခြေလှမ်းက တွန့်သည်။ ထူးထူးရှိနေမှန်း သိလို့ တမင်လာတာကို ဘေးလူတွေ ရိပ်မိမှာလား စိုးပူသည်။ အချစ်စိတ်သည် အရာရာကို ထိတ်ထိတ်ပျာပျာ မလုံမလဲ ဖြစ်စေတတ်စမြဲပါလားဟု စဉ်းစားမိသေး၏။

"အစ်ကိုဖြိုး ... ဘာတွေ စဉ်းစားနေတာလဲ"

"ဟာ ... မြလေး"

မြလေး အသံကြားတော့ ရုတ်တရက် အတွေးရပ်သွားသည်။ ကိုယ့်အတွေးနှင့်ကိုယ်မို့ နောက်ဘက်က မြလေး လျှောက်လာသည်ကို မသိလိုက်။

"မြလေး နှင်းဆီခြံရှင်းရင်း လှမ်းကြည့်နေတာ၊ အစ်ကိုဖြိုး ဘာတွေငေးပြီး စဉ်းစားနေတာလဲ။ နောက်မှာ မြလေး ရောက်လာတာကိုတောင် မသိဘူး"

မြလေးက နင်းဆီကိုင်းများကိုဖြတ်သည့် ကတ်ကြေးကို ညာလက်သို့ ပြောင်းကိုင်လိုက်ရင်း မေးသည်။

"နင် တစ်ယောက်တည်းလား မြလေး"

"အင်းလေ ... ဘာဖြစ်လို့လဲ အစ်ကိုဖြိုး၊ ဦးလေးခင်က ခေါင်းနည်းနည်းမူးတယ်ဆိုတာနဲ့ မြလေးပဲ နင်းဆီပင်တွေကို လိုက်ညှပ်နေတာ"

"ထူးထူးရော ..."

မြလေးက သူ့ကို ဖျတ်ခနဲ ကြည့်ပြီးပြုံးသည်။ မြလေးအပြုံးကြောင့် မလုံမလဲဖြစ်လျက် မျက်နှာကို လွှဲ၏။

"ပြန်သွားတယ်"

အကဲခတ်သလို စူးစိုက်ကြည့်ရင်း မြလေးက ပြောလိုက်၏။

"ဘာလဲ ... ဒီနေ့ စာမကြည့်ကြဘူးလား"

ဟု ဆက်မေးလိုက်သည်။

"ဒီနေ့မှပဲ ထူးထူးတစ်ယောက်က မဆင်းတော့ဘူးဆိုပြီး ပြန်သွားတယ်။ မြလေး အတင်းတားတာတောင် မရဘူး။ အဲဒါ မြလေး အစ်ကိုဖြိုးကို မေးမလို့"

"ဘာကိုလဲ ..."

ဟု မေးရင်း ရင်ထဲက ထိတ်သည်။

"ဟို ... လေ အစ်ကိုဖြိုး ..."

စကားကို မဆက်သေးဘဲ သူ့မျက်နှာကို ရယ်ကျဲကျဲနှင့် ကြည့်သည်။

"ဘာလဲဟ ..."

ဟု မလုံမလဲစိတ်ဖြင့် မေးလိုက်သည်။

"အစ်ကိုဖြိုး ထူးထူးကို ဘာပြောထားလဲ"

"ဘာဖြစ်လို့လဲ မြလေး"

ရင်ထဲမှာ သိချင်စိတ် ပြင်းပြလာသည်။ ထူးထူးက မြလေးကိုများ ဖွင့်ဟတိုင်ပင်လိုက်ပြီလား။ မြလေးက သိလျက်နှင့် သူ့ကို အစ်နေသည်လားဟု အတွေးခက်၏။

"ဘာမှတော့ မဖြစ်ပါဘူး၊ ထူးထူး ကြည့်ရတာ တစ်မျိုးပဲ။ ပြီးတော့ အစ်ကိုဖြိုးကလည်း ထူးထူးကို မေးနေလို့၊ ခါတိုင်းဆို မြလေးက ထူးထူးကို အစ်ကိုဖြိုးနဲ့ စ,နေကျပဲ။ ဒီနေ့တော့ စ,လိုက်တိုင်း မျက်စိမျက်နှာပျက်ပြီး အရမ်း ရှက်နေသလိုပါပဲ"

အတွေးများစွာဖြင့် လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်မိသည်။

ချစ်ခြင်းဖြင့် ကိုယ်နှုတ်အမူအရာတို့ ပျက်တတ်ပါသလား။

အချစ်စိတ်ကို ဘေးလူတွေ မရိပ်မိအောင် ဖုံးကွယ်နိုင်စွမ်း မရှိပြီလား။

၆

ဆေးပြင်းလိပ် မီးခိုးများကြားမှ ဦးကြီးမျက်နှာကို လှမ်းကြည့်မိသည်။ ဘယ်နေ့သွားရမှာလဲ ဦးကြီးဟု မေးလိုက်တော့ ဦးကြီးအကြည့်က သူ့မျက်နှာ ပေါ်သို့ ရောက်၏။

"မနက်ဖြန် မနက် သွားလိုက်ပေါ့ကွာ"

"ဟာ ... ချက်ချင်းကြီးပါလား"

ပါးစပ်က အလိုလို အသံထွက်သွားမိ၏။ ဆေးပြင်းလိပ်ကို ပြာခွက်မှာ ထားလိုက်ပြီး ဦးကြီးက တစ်ချက်ပြုံးသည်။

"စီးပွားရေးသမားဆိုတာ နေ့ရွှေ့ညရွှေ့ မရွှေ့ရဘူးကွ။ နေ့နဲ့ ညမှာပဲ အခြေအနေဆိုတာ မတူအောင် ပြောင်းလဲတတ်တာပဲ။ လုပ်မယ်လို့ ဆုံးဖြတ်ပြီးရင် ချက်ချင်းထလုပ်လိုက်တာ အကောင်းဆုံးပဲ။ စောစောကတော့ ငါကိုယ်တိုင် သွားမလို့ စဉ်းစားထားတာ။ ဒီမှာကလည်း အရေးတကြီးကိစ္စရှိနေလို့"

ဦးကြီး စကားတို့ကို နားထဲမှာ သဲသဲကွဲကွဲ မကြားမိ။ စိတ်က ထူးထူးဆီကို ရောက်နေသည်။ ထူးထူးကို ခွဲရမှာပါလား ဆိုသည့်အတွေးဖြင့် ရင်သည်မငြိမ်။ ဒီတစ်ပတ်စနေ မတွေ့လိုက်ရသော်လည်း နောက်စနေမှာ တွေ့ခွင့်၊ ကြုံခွင့်ကို ရနိုင်မည်ဟု စိတ်ကူးယဉ်မိသည်။ အခုတော့ နောက်စနေမှာဆိုသည့်

စိတ်ကူးယဉ်လည်း ပျက်ရလေပြီ။ မနက်ဖြန်မနက် နယ်ကို ခရီးထွက်ရပေမည်။ အနည်းဆုံး တစ်ပတ်ကြာချင်ကြာမည်။

ထူးထူးဆီကို ဖုန်းမဆက်မိသည်မှာလည်း ကြာပြီပဲ။ သည်ညနေတော့ ဘာဖြစ်ဖြစ် ထူးထူးဆီကို ဖုန်းဆက်ရတော့မည်။ ဖုန်းထဲကပင် အဖြေစကားကို တောင်းရတော့မည်။

ကြာရှည်ခွဲခွာရခြင်းဖြင့် ထူးထူး သူ့ကို မေ့သွားမှာလား။ အတွေးများစွာဖြင့် ရင်ခုန်သည်။ မြလေးကတစ်ဆင့် ထူးထူးဆီက အဖြေကိုတောင်းလျှင် ကောင်းမည်လား စဉ်းစားကြည့်သေး၏။ ဘေးလူတွေ သိသွားတာကို ထူးထူး မကြိုက်လျှင် အခက်။

နောက်ဆုံးတော့ ဖုန်းဆက်ပြီး မိမိကိုယ်တိုင်ပင် ပြောတော့မည် ဆုံးဖြတ်၏။

☆

နံပါတ်ကို လှည့်နိုက်မှာပင် ရင်ထဲက တလှပ်လှပ်။

ကိုဖြိုးကို စိတ်ဆိုးသွားပြီလားဟု နောက်ဆုံး ချစ်စကားပြောခဲ့သည့် ညက မေးခဲ့သည်ကို ပြန်တွေးမိသည်။ မေမေတို့ နိုးနေပြီထင်တယ် ပြောပြီး ဖုန်းချသွားခဲ့သည့်အဖြစ်ကို အတွေးရောက်၏။ သည်တုန်းက ထူးထူး ရှက်နေမှာလား၊ သူ့ကို စိတ်ဆိုးသွားမှာလားဟု စဉ်းစားကြည့်၏။ စနေနေ့မှာ ခါတိုင်း နယ်မြလေးနှင့် ဘာကြောင့်အတူစာမကျက်ဖြစ်ပါလိမ့်ဟု တွေးရင်း သူ ရှက်နေတုံးလား၊ စိတ်ဆိုးမပြေသေးတာလား တွေးပူမိပြန်သည်။ ကြည့်စမ်း ... တကယ် တမ်းမှာတော့ ဖုန်းထဲက စကားပြောရမည်ကိုပင် ရင်ခုန်ချင်၏။

"ဟဲလို ... ထူးထူးနဲ့ ပြောချင်လို့ပါ"

အသံက မှုမှန်ဟုတ်ပုံမလား ထင်သည်။

"ကိုဖြိုးလား ..."

အသံအကြားမှာပင် ကိုယ်ကို တောင့်ခနဲ မတ်လိုက်မိသေး၏။ ချိုမြ ဝေလွင်သော သူ့အသံပါလားဟု သိနေသည်ပဲ။

"ကိုဖြိုးပါ ထူးထူး ..."

"ပြောလေ ဘယ်ပျောက်နေတာလဲ၊ အလုပ်တွေ သိပ်များနေလား ကိုဖြိုး ..."

"အလုပ်ကတော့ ခါတိုင်းလိုပါပဲ၊ ဘယ်တော့မှ အားနေတယ်တော့ မရှိဘူးပေါ့။ ထူးထူး နေကောင်းတယ်နော်"

"နေကောင်းပါတယ် ကိုဖြိုးရဲ့..."

ရယ်သံတစ်ဝက် နှောနေသော သူ့အသံကြောင့် မိမိစကားတွေ မှားပြီလား တွေးပူမိသေးသည်။

"မဟုတ်ဘူးလေ ထူးထူးကို မတွေ့ရတာကြာလို့ပါ။ ဟိုစနေနေ့ကလည်း ထူးထူး မြလေးနဲ့အတူ စာလာမကြည့်ဘူးနော်"

ထူးထူးနှင့်ပတ်သက်လျှင် အစစအရာရာ ဂရုတစိုက်ရှိကြောင်း ပေါ်လွင်စေချင်သည်ပဲ။

"အင်း ... ဟုတ်တယ် ကိုဖြိုး"

"ဘာဖြစ်လို့လဲ ..."

မေးလိုက်ပြီးမှ မေးသင့် မမေးသင့်ကို ပြန်စဉ်းစားမိသေးသည်။

"အင်း ... ဘာဖြစ်လို့လဲဆိုတော့"

စဉ်းစားနေဟန် စကားကိုဖြတ်သည်။ တကယ်တမ်းတော့ သူနှင့်မျက်နှာချင်းဆိုင်ရမှာကို ရှက်နေလို့ ထူးထူးရှောင်နေတာ မဟုတ်လားဟု အတွေးထဲက ပြောနေမိ၏။

"သြော် ... သိပြီ ... သိပြီ ... ထူးထူး ခေါင်းကိုက်လို့ မြလေးဆီ မဆင်းတော့ဘူးကွာလို့ပြောပြီး အိမ်ကို တန်းပြန်လာတာလေ။ ဘာဖြစ်လို့လဲ ကိုဖြိုးရဲ့"

"ကိုဖြိုးက ထူးထူးရှိမယ်ထင်ပြီး အပြင်ကနေ ကတိုက်ကရိုက် ပြန်လာခဲ့တာ"

"ဟုတ်လား ..."

"ဟုတ်တယ်၊ အိမ်ရောက်တော့ မြလေးကို မေးကြည့်တော့ ထူးထူး အိမ်ကို တန်းပြန်သွားတယ် ပြောတယ်လေ"

"ကိစ္စရှိလို့လား ကိုဖြိုး ..."

ဘယ်လိုပြန်ပြောရမည်ကို ချက်ချင်းမသိ၊ ရင်ထဲမှာ အတွေးများစွာဖြင့် ယောက်ယက်ခတ်နေသည်။

"ထူးထူး ..."

"ပြောလေ ... ကိုဖြိုး"

"ထူးထူးကို ကိုဖြိုး ဟိုနေ့ညက ပြောခဲ့တာလေ ..."

စကားကို ခဏဖြတ်ထားလိုက်၏။ ထူးထူးဘက်မှ အသံငြိမ်နေသည်။

"ထူးထူး ကိုဖြိုးကို အဖြေပေးပါလားကွယ်"

ထူးထူးဘက်က ငြိမ်နေဆဲ။ မိမိရင်ခုန်သံကို မိမိ ပြန်ကြားနေပြီ ထင်၏။

"ထူးထူး ..."

"ဟင် ..."

"ဖြေလေ ..."

"ထူးထူး မဖြေတတ်ဘူး"

"ချစ်တယ် ဖြေလိုက်ပေါ့"

"ဟာ ... ကိုဖြိုးကလည်း"

"ဖြေပါ ထူးထူးရယ်၊ မနက်ဖြန် မနက်ဆို ကိုဖြိုး ခရီးသွားရတော့မှာ"

"တကယ်လားဟင် ကိုဖြိုး ..."

"တကယ်ပေါ့"

"အကြာကြီးလား"

"ဟုတ်တယ် အကြာကြီး ဖြစ်ချင်ဖြစ်မှာ"

တစ်ပတ်ထက် မပိုပါဘူးကွာဟု ဦးကြီးက သူ့ကို ပြောထားသော်လည်း ထူးထူးကိုတော့ အကြာကြီးဟု ပြောလိုက်မိသည်။ ဒါမှ အဖြေမြန်မြန်တောင်းလို့ ကောင်းမှာဟု တွေးသည်။

"ဖြေပါ ထူးထူးရယ်၊ ကိုဖြိုးလေ ထူးထူးကို အကြာကြီး ခွဲသွားရမှာ၊ ခရီး မသွားခင် ထူးထူးဆီက အဖြေကို သိသွားပါရစေကွာ"

"ပြန်လာမှဖြေမယ် ကိုဖြိုးရယ်"

"အရမ်းကြာမှာ ထူးထူးရဲ့ ကိုဖြိုး ခရီးမသွားခင် ဝမ်းသာသွားပါရစေ ကွယ်"

"အံမယ် ... ကိုဖြိုးက အပိုင်ကြီးတွက်ထားတာပဲ။ ထူးထူးက ဝမ်းသာ ရမယ့် အဖြေမျိုးပေးမယ်လို့ ဘယ်တုံးက ပြောထားလို့လဲ"

"ဒါကတော့ကွာ ... ကိုယ် ဖြစ်စေချင်တာပဲ ပြောရမှာပေါ့ ထူးထူးရယ်"

ထူးထူးလည်း မိမိနှင့်ပတ်သက်၍ ခံစားရင်ခုန်ရသည့် အဖြစ်များစွာကို မြလေးကတစ်ဆင့် သိနေပြီပဲ။

"ဒါဆို ခရီးမသွားခင် သိသွားချင်ရင် ထူးထူးက နီးလို့ပဲ အဖြေပေးမှာ"

"မလုပ်ပါနဲ့ ထူးထူးရယ် အပျော်အပြက်စကားနဲ့တောင် ရင်ထဲမှာ တောမီးလောင်သလို ဖြစ်သွားရတယ်"

"အံမယ် ... ကိုဖြိုးကလည်း ပိုတယ်နော်"

"မပိုပါဘူးကွာ ... ရင်ထဲမှာရှိနေတဲ့ မေတ္တာထက် နှုတ်က ပြောနိုင်တာက အမြဲလျော့နေတယ် ထင်တယ်လေ"

"နောက်ကို ကိုဖြိုးလို့ မခေါ်တော့ဘူး"

"ဘယ်လိုခေါ်မှာလဲဟင်"

"ကိုပို"

"ဘယ်လို ... ဘယ်လို ... ကိုကို ဟုတ်လား"

ရယ်သံတစ်ဝက်နှင့် နောက်ပြီးပြန်မေးလိုက်သည်။ မြင်ခွင့်သာရလျှင် ရှက်သွေးဖြင့် နီရဲသွားမည့် ထူးထူးမျက်နှာကို အတွေးဖြင့် မြင်ယောင်ကြည့် ၏။

"သွားပါ ... ဘာတွေလျှောက်ပြောနေမှန်း မသိဘူး"

"တကယ်ပြောတာပါ ထူးထူးရယ်၊ ကိုဖြိုးကို အခုပဲ ဝမ်းသာစရာအဖြေ ပေးပါကွယ်။ ပြီးတော့ ကိုဖြိုး ပြန်လာရင် စောစောက ထူးထူးခေါ်သလို ခေါ် နော်"

"အံမယ် ... ကြည့်စမ်း၊ ထူးထူးက ဘယ်မှာခေါ်လို့လဲ"

"အင်းပါ ... အခုမခေါ်ရင်လည်း ပြန်လာရင်ခေါ်နော်။ ကိုဖြိုးတော့ ထူးထူးကို အရမ်းလွမ်းနေမှာပဲ"

"ဟုတ်တယ် ထူးထူးလည်း မလွမ်းချင်ဘူး။ အဲဒီတော့ ပြန်လာမှပဲ အဖြေပေးတော့မယ်နော် ကိုဖြိုး ..."

"မဟုတ်တာ ထူးထူးရယ်၊ ထူးထူးလည်း လွမ်းစမ်းပါ။ လွမ်းရတာ ဘယ်လောက်အရသာရှိတယ် မှတ်လို့လဲ"

"ဘာလဲ ကိုဖြိုးက အရင်က လွမ်းဖူးလို့လား၊ မှန်မှန်ပြောစမ်း ..."

ကိုယ့်စကားနှင့်ကိုယ် မိလေပြီဟု သိ၏။

"လွမ်းဖူးတာပေါ့ ... ထူးထူးကို မတွေ့ရတာ တစ်ပတ်ပြည့်တော့မယ်လေ။ ထူးထူးကို အရမ်းလွမ်းတယ်ကွာ"

"လည်တယ်နော် သိပ်လည် ..."

"နယ်ရောက်ရင်လည်း ဖုန်းဆက်လိုက်မယ်နော် ထူးထူး ..."

"အင်းပါ ... ဘာပြောဦးမလဲ၊ ထူးထူး ဖုန်းချလိုက်တော့မယ်"

"နေဦးလေ ... ထူးထူး ကိုယ့်ကို အဖြေမပေးရသေးဘူး။ ကိုယ် ဝမ်းသာရမှာလားဟင်"

"သာပေါ့ ..."

ဖုန်းချသံကို ကြားလိုက်ရသည်။ "သာပေါ့" ဆိုတဲ့ စကားလုံးကလေးသည် နှလုံးသားထဲကို စူးစိုက်ဝင်သွားပြီ ထင်ရ၏။ ပျော်ရွှင်ကြည်နူးမှုများစွာဖြင့် ရင်ခုန်ကျေနပ်ရပြန်သည်လေ ...။

၁

"အဲဒါ ဘာလဲ မြလေး ..."

"မသိဘူးလေ၊ ထူးထူးက ပေးခိုင်းလိုက်တာပဲ"

ကြောင်ရုပ်ကလေးနှင့် ပန်းပွင့်ကလေးတွေပါသော အဖြူရောင်အောက်ခံလက်ကိုင်ပဝါလေးတစ်ထည်နှင့် စာရွက်အဖြူကို အံ့သြစွာဖြင့် ကြည့်နေမိပြန်သည်။

"ဒီစာရွက်အဖြူက ဘာမှန်းလဲ မသိဘူး မြလေး ..."

"မြလေးလည်း ဘယ်သိပါ့မလဲ၊ အစ်ကိုဖြိုးဟာ အစ်ကိုဖြိုး မေးကြည့်ပေါ့" ဟု ပြောပြီး မြလေး ပြန်လှည့်သွားသည်။

စာရွက်ကလေးကို သေချာစွာထောင်ပြီး ကြည့်မိသေးသည်။ ပကတိအဖြူအတိုင်း၊ ဘာဆိုဘာမျှ ရေးမထားပေ။ လက်ကိုင်ပဝါနှင့် စာရွက်ကိုသိမ်းလိုက်ရင်း ညရောက်မှ ဖုန်းဆက်မေးတော့မည် စဉ်းစား၏။

☆

"ကိုဖြိုးကို သတိရလို့ ရေးထားတဲ့စာတွေလေ"

ဖုန်းထဲမှာမေးတော့၊ ထူးထူးက ပြန်ပြောသည်။

"ဘယ်မှာ စာရေးထားလို့လဲ ထူးထူးရဲ့"

"ကိုဖြိုး မတွေ့ဘူး မဟုတ်လား"

"ဟင့်အင်း ... မတွေ့ပါဘူး"

ရယ်သံအုပ်အုပ်ကလေးကို ကြားရသည်။ ထူးထူးက သူ့ဘာသာသူ သဘောကျနေပုံရသည်။ မြလေးနှင့် ထူးထူးမှာ သက်တူရွယ်တူ ဖြစ်သော်လည်း မြလေးက လူကြီးဆန်သလောက် ထူးထူးမှာ အပူပင် အကြောင့်ကြမဲ့စွာဖြင့် ကလေးတစ်ယောက်နယ်ပါလားဟု တွေးဖြစ်သေး၏။

"ဘယ်တွေမှာလဲ ... အဟက်"

"ဘာလဲ ... စိတ်ထဲက ရေးထားတာလား"

"ဟာ ... မဟုတ်ပါဘူး၊ အဲဒီစာရွက်အဖြူပေါ်မှာရော၊ လက်ကိုင်ပဝါက အဖြူခံပေါ်မှာရောပဲ"

"မတွေ့ပါဘူး ... ထူးထူးရယ်"

သူ သေသေချာချာ ကြည့်ခဲ့မိသည်ကို ပြန်သတိရ၏။ ထူးထူး သူ့ကို နောက်နေပြီလား မသိ။

"ဘယ်တွေမှာလဲ၊ မမြင်ရအောင် ရေးထားတာပဲ ..."

"ဘယ်လို ... ထူးထူး"

"ထူးထူး ပြောမယ်၊ သေသေချာချာ နားထောင် ကိုဖြိုး ..."

"အင်းပါ ..."

"ထူးထူး ကိုဖြိုးကို အရမ်းသတိရတာပဲ၊ အဲဒါ စာရွက်ပေါ်မှာ ချရေးချင်တော့ မရေးရဲဘူး ကိုဖြိုးရဲ့ တစ်ခါမှ မရေးဖူးတော့ ရှက်နေသလိုပဲ၊ ဒါနဲ့ အကြံရပြီး ဘယ်သူမှ မမြင်နိုင်အောင် ရေးတဲ့နည်းနဲ့ ရေးထားတာ"

"ဘယ်လို ရေးထားတာလဲဟင်"

အခု အချိန်အထိ ထူးထူး သူ့ကို နောက်နေတာလား ထင်နေဆဲ။

"ထူးထူးဆီမှာ ဆလိုက်တစ်ခုရှိတယ် ကိုဖြိုး၊ သေသေချာချာတော့ ဘယ်လိုခေါ်လဲ မသိဘူး၊ ဓာတ်ခဲနဲ့လေ။ အပေါ်မှာ ကြည့်စရာမှန်ဘီလူးလို အကွက်ကလေးတစ်ခုရှိတယ်။ ခလုတ်ဖွင့်ပြီး အဲဒီအကွက်ကလေးက ကြည့်ရင် ထူးထူး ရေးထားတာတွေ မြင်ရလိမ့်မယ်"

"ထူးထူး တကယ်ပြောနေတာလား"

"တကယ်ပေါ့ ..."

"ရေးတော့ ဘာနဲ့ရေးလဲ"

"ဆော့ပင်လို ဖောင်တိန်တစ်ချောင်း အတူပါတယ်။ အဲဒါနဲ့ ရေးရတာပေါ့။ ထူးထူးတို့အသိ သင်္ဘောသားတစ်ယောက်ဆီက လက်ဆောင်ရထားတာ"

"ညာတာ မဟုတ်ဘူးနော် ထူးထူး ..."

"ပြော် ... ကိုဖြိုးကလည်း တကယ်ပြောတာပေါ့"

"ဒါဆို အဲ့ဒီဆလိုက်ရှိမှ ဖတ်လို့ရမှာပေါ့နော်"

"ဒါပေါ့ ..."

"ကိုဖြိုးကို ခဏငှား ..."

ထူးထူးက ငြိမ်နေသည်။

"ငှားလေ ထူးထူးရဲ့"

"ထူးထူး ရေးထားတာတွေ ဖတ်ပြီးရင် ကိုဖြိုး မရယ်နဲ့နော်"

"အင်းပါ ..."

"ဒါဆို မနက်ဖြန် မြလေးနဲ့ပေးလိုက်မယ် သိလား"

အင်မတန် ဆန်းကြယ်သော ကိစ္စရပ်ကလေးများကို ထူးထူးနှင့်တွေ့မှ ကြုံရဆုံရတတ်ပါလားဟု စဉ်းစားလိုက်မိ၏။

☆

စင်စစ်တော့ လက်သမားသုံးသည့် ရေချိန် ကိရိယာလေးနှင့် ဆင်သလိုလို၊ အလျားဆယ်လက်မခန့်ရှိပြီး အောက်ခံအပြားအပေါ်မှာ တစ်လက်မလုံးပတ်လောက် ခုံးခုံးကလေးလုပ်ထားသည်။ အလယ်မှာ ရေချိန်လို ကြည့်စရာ မှန်ဘီလူးအကွက်ကလေး ပါသည်။ ဘေးမှာ ခလုတ်ကလေးတစ်ခု၊ ခလုတ်ကလေးကို နှိပ်လိုက်လျှင် မှန်ဘီလူး အကွက်ကလေးမှာ မီးလင်းလာ၏။ ထို အကွက်ကလေးမှ ရေးထားသည့် စာရွက်ပေါ်ကို ကြည့်လျှင် စာလုံးတွေ ပေါ်လာမည်ဟု ထူးထူးက ပြောထားခဲ့သည်။

မြလေးက ပြုံးတုံ့တုံ့နှင့် ဒီပစ္စည်းကလေးကို လာပေးတော့ သူ့စိတ်ထဲမှာ မလုံချင်၊ ထူးထူးနှင့်ပေါင်းပြီး ကလေးကလားအလုပ်တွေ လုပ်တတ်နေပြီပဲ ဆိုသည့်အကြည့်နှင့် မြလေး ကြည့်သွားပြီလား ထင်၏။ ဒီကိစ္စတွေအားလုံးကို မမှိုကို ဘာမှမပြောဆို မပေါက်ကြားရအောင်တော့ မြလေးကို သူ ပြောပြဖူးသည်။ မြလေးက နှုတ်လုံပြီး မစပ်စုတတ်ကြောင်းတော့ သူသိ၏။ လိုလိုမည်မည် ပြောသာ ပြောလိုက်ရခြင်း ဖြစ်သည်။

ပစ္စည်းကလေးကို ယူပြီး သူ့အခန်းထဲ ဝင်ခဲ့၏။ စားပွဲအံဆွဲထဲမှာ ထည့်သိမ်းထားသော လက်ကိုင်ပဝါလေးနှင့် စာရွက်အဖြူကလေးကို ထုတ်ယူလိုက်၏။

စာရွက်အဖြူကလေးကို စားပွဲပေါ်မှာ ဖြန့်ထားလိုက်ရင်း ထူးထူးပြောသလို ပေးလိုက်သည့် ဆလိုက်ကလေးကို ဖွင့်ပြီးကြည့်လိုက်သည်။

တကယ် ထူးဆန်းအံ့ဩစွာပင် စာလုံးကလေးများကို မြင်ရတော့၏။ အနုမြူအရောင်နှင့် ရေးထားသော စာလုံးကလေးများ။ သူ ဖတ်ကြည့်လိုက်မိသည်။

*ကိုကို*

*သိပ်ချစ်လွန်းလို့*
*လွမ်းရတော့မယ်နဲ့တူတယ်*
*မလွမ်းချင်ဘူး ကိုကိုရယ်*
*အမြဲချစ်နေချင်ပါတယ်*

*ကိုကို့ထူးထူး*
*ဖေဖော်ဝါရီ ၁၆*

သက်ပြင်းကို ချလိုက်ရင်း စာရွက်ကလေးကို ဘေးမှာဖယ်လျက် လက်ကိုင်ပဝါကိုဖြန့်ပြီး ဖတ်ကြည့်လိုက်မိပြန်သည်။

*ဘယ်တော့မှ မစွဲချင်ဘူး*
*အသည်းနှင့်အောင်ပဲ ချစ်ချင်တယ်ကွယ် ...*

ဒါပဲဖြစ်သည်။

ဆလိုက်မှ ခလုတ်ကလေးကို ပိတ်လိုက်ပြီး ကုလားထိုင်ကိုမှီလျက် ခပ်လျှောလျှောထိုင်လိုက်ရင်း မျက်စိကို မှိတ်ထားမိသည်။

သန့်စင်ရှိုမြစွာ ကလေးလေး တစ်ဦးနယ် ပြုံးနေတတ်သည့် ထူးထူးကို အတွေးဖြင့် မြင်သည်။

ရင်ထဲမှာ ကြည်နူးကျေနပ်စွာ ခံစားလိုက်ရ၏။ တကယ့် ကလေးလေး လိုပါပဲဟု စိတ်ထဲက ပြောမိသည်။ ထူးထူး သူ့ကို တကယ်ပင် ချစ်တာပါလားဟု တွေး၏။

မျက်စိကိုဖွင့်ခိုက်မှာ သူ့စားပွဲမှန်အောက်က ပို့စကတ်သေးသေးလေး တစ်ခုကို အကြည့်ရောက်သည်။ မက်ဒွန်းနားပုံကလေး၊ ထူးထူး သူ့ကို ပေးခဲ့ သည့်ပုံကလေး။ ထိုပုံကလေးပေါ်မှာ နေ့စွဲကို ရေးထားသည်၊ ဇန်နဝါရီ ၁၆ တဲ့။

အမှတ်တရကလေးတွေပါပဲ ထူးထူးရယ်...။ ဘယ်တော့မှ မေ့လို့ရနိုင်တော့မည် မဟုတ်တဲ့ အမှတ်တရလေးတွေပါပဲကွယ်။

## ၂

"မမို"

"ဟင် … မြလေး လန့်လိုက်တာဟယ်"

နင်းဆီခင်းကို ငေးမောနေရင်းက မမို နောက်ပြန်လှည့်ကြည့်လိုက်သည်။ ဆွယ်တာအနက်အောက်မှ ဝင်းဝါသောအသားအရေနှင့် ဆံစ ကပိုကရိုကျနေသော မမိုကို ကျက်သရေရှိသည်ဟု မြလေး ထင်၏။

"မြလေး ဟိုဘက်က စံပယ်ရုံတွေနားမှာ ရောက်နေတာ ကြာပြီ"

"ဟုတ်လား …"

မမိုက မြလေးပခုံးပေါ်ကို လက်တင်လိုက်၏။

"မမို"

"ဘာတုံးကွယ့်"

"စောစောက မမို ဘယ်သူနဲ့ စကားပြောနေတာလဲဟင်"

မျက်လုံးကလေး အဝိုင်းသားနှင့် မြလေးက မမိုကို မေးလိုက်သည်။ မမို သူ့ကို အရမ်းချစ်မှန်း မြလေးလည်း သိ၏။ သူ့အမေးကြောင့် မမိုက ပြုံးတုံ့တုံ့ မပွင့်တပွင့် ပြုံးသည်။

"မြလေး စကားပြောသံကြားရလို့ ကြည့်လိုက်တော့ မမမှီတစ်ယောက်တည်းရယ်"

"အင်း ... ဟုတ်တယ်"

မမမှီက ပြုံးပြီး ပြောလိုက်၏။

"ဒါဆို ဘယ်သူ့ကို စကားပြောနေတာလဲဟင်"

"ပန်းကလေးတွေကိုလေ"

"ဘယ်လို ... မမမှီ ..."

မြလေးက အံ့သြစွာမေး၏။

"မမမှီ ပန်းကလေးတွေနဲ့ စကားပြောနေတာပါကွယ်။ မမမှီ ပြောချင်တာတွေရှိရင် ဒီလိုပဲပန်းကလေးတွနဲ့ စကားပြောနေကျပဲဟာ။ ဒီအိမ်ကြီးမှာက မြလေးရယ်၊ ဖြိုးရယ် ဒါပဲ မမမှီ စကားပြောချင်တဲ့လူ ရှိတယ်။ အခုတလော ဖြိုးကိုတောင် သိပ်ကြည့်မရဘူး။ ဒီကောင်လေးကို ပြောရဦးမယ် ..."

"ဘာဖြစ်လို့လဲ မမမှီရဲ့"

နင်းဆီတန်းကို လှမ်းမျှော်ရင်း မမမှီထံမှ သက်ပြင်းချသံကို ကြားလိုက်ရ၏။

"မြလေးဆီ လာလာနေတဲ့ မြလေးသူငယ်ချင်းလေ ... ဘယ်သူလဲ"

"ဪ ... ထူးထူးလား"

"အင်း ဟုတ်တယ် ... သူနဲ့ ဖြိုးနဲ့နေတာ သိပ်ရောလွန်းတယ်လို့ မမမှီထင်တယ်။ အဲဒီကလေးမက နေတာထိုင်တာက..."

"သူက ကလေးသိပ်ဆန်တာပါ မမမှီ။ အိမ်မှာ တစ်ဦးတည်းသော သမီးဆိုတော့ ကလေးလိုပဲနေပြီး လွတ်လပ်ပွင့်လင်းတာပါ"

"မမမှီတော့ မကြိုက်ဘူး၊ မိန်းကလေးဆိုတာ ဗိုင်းကောင်းကျောက်ဖိမှ ..."

"မမမှီ အနွေးထည်ဝတ်ထားတာ နေမကောင်းဘူးလားဟင်"

မြလေးက စကားလွှဲလိုက်၏။

"ကောင်းတာပေါ့ မြလေးရဲ့... ဘာလဲ တစ်အိမ်လုံးက မမမှီကို လူမမာလို့ပဲ ထင်နေကြပြီလား။ ပြောစမ်း မြလေးကရော ထင်နေပြီလား"

"မထင်ပါဘူး မမမှီရဲ့ ဆွယ်တာဝတ်ထားလို့ မေးကြည့်တာပါ"

"အဟင်း ..."

ဟု မမမှီက တစ်ချက်ရယ်လိုက်၏။

"အောက်ဆင်းခါနီးမှာ မှန်ကြည့်ရင်း ဒီအနွေးထည်လေးဝတ်ရင် ပိုလှလာသလိုထင်လို့ မြလေးရဲ့"

ဟု စကားကို ရယ်ပြော ပြောလျက် ဆက်သည်။

"ဟုတ်တယ် မမမှီနဲ့ တကယ်လိုက်တယ်။ ဩော် ... မမမှီ မြလေး မမမှီကို ဆေးသောက်ဖို့ သတိပေးမလို့။ လာ ... အိမ်ထဲသွားရအောင်နော်။ မြလေး တိုက်မယ်"

"အလကားပါ မြလေးရယ် ... ဘာထူးမှာမို့လဲ"

"မဟုတ်ဘူးလေ မမမှီ ပိုပြီးလှလာအောင် ကျန်းမာလာအောင်ပါ"

ပြောရင်း မြလေးက မမမှီကို လက်ဆွဲလျက် "သွားရအောင်နော် မမမှီ" ဟု နွဲ့နွဲ့ကလေး ပြောလိုက်၏။

☆

"အရင်တုန်းကလည်း ဒီလိုပဲလားဟင် အစ်ကိုဖြိုး"

မနေ့ညနေက မမမှီ ပန်းကလေးတွေနှင့် စကားပြောလိုက် ရယ်လိုက် အဖြစ်ကို ပြောပြပြီး မေးလိုက်၏။

"အင်း ... ဒီအိမ်ကို မမမှီရောက်လာပြီး သိပ်မကြာပါဘူး မြလေးရယ် ဒီလိုဖြစ်တာပဲ။ မြလေး ဒီကို ရောက်မလာခင် တစ်နှစ်ကတော့ တော်တော်ကို ဆိုးဆိုးရွားရွား ဖြစ်ဖူးတယ်လေ။ ဝင်ပူးသလို စကားပြောတာတို့၊ ငိုလိုက် ရယ်လိုက်တို့ ဖြစ်တယ်။ အဲဒီတုန်းက ဦးကြီးကလည်း စိတ်ညစ်ပြီး ခရီးရှည့်ထွက်နေတော့ အစ်ကိုဖြိုးတစ်ယောက်တည်း ငိုတောင် ငိုချင်တယ်ကွာ"

"ဘာရောဂါလဲဟင် အစ်ကိုဖြိုး"

"ဟစ်စ်တီးရီးယားလို့ ပြောတယ် မြလေး၊ ဘာတဲ့ ... အလိုမပြည့်တဲ့ ရောဂါတဲ့၊ အဲဒီရောဂါက ငိုလိုက် ရယ်လိုက် ဖြစ်တာတို့၊ ဝင်ပူးသလို ဖြစ်တာတို့၊ တစ်ခါတလေ ကလေးဆန်ဆန် တွေးတောပြုမူတတ်တာတို့၊ စိတ်ကူးယဉ်ပြီး စကားပြောတတ်တာတို့ ဖြစ်တတ်သတဲ့၊ အကြောတွေ၊ ဘာတွေတောင် ဆွဲတတ်တယ်လို့ ဆရာဝန်က ပြောတာပဲ၊ အခုတော့ မမမို အရင်ကထက် တိုးတက်လာပါတယ်၊ အရင်ကဆို သတိကလည်း အရမ်းမေ့တာ၊ ဘာမှကို မမှတ်မိဘူး၊ အခုတော့ စိတ်ကူးယဉ်တတ်တာ၊ တစ်ယောက်တည်း စကားပြောတာ၊ ရယ်တာ၊ ငိုတာလောက်ပဲ တွေ့ရတယ်လေ"

"မမမိုကို သနားပါတယ်နော်"

မြလေးက တစ်ကိုယ်တည်း ညည်းသလို ပြောလိုက်သည်။

"မမမိုကလည်း မြလေးကိုတော့ ညီမအရင်းလိုပဲ ချစ်တာပါ"

"အစ်ကိုဖြိုးကိုလည်း သူချစ်တာပါပဲ၊ မမမိုက ဦးကြီးကိုသာ ..."

စကားကို ချက်ချင်းဖြတ်လိုက်ပြီး မြလေးက သူ့မျက်နှာကို ကြည့်သည်၊ ဦးကြီး သူ့ကို သားအရင်းလို မွေးစားပြီး ဘယ်လောက်ထိ ချစ်တာတွေ၊ သူက လည်း ဦးကြီးကို ဘယ်လောက်သံယောဇဉ်ရှိတာတွေကို ဦးလေးခင်တို့က တစ်ဆင့် မြလေး သိထား၊ ကြားထားပေမည်၊ ဒီတော့ ဦးကြီးအကြောင်း သူ့ ရှေ့မှာ ပြောရမှာ မြလေး စကားမဆက်ရဲရှာသလား၊

သူ မြလေးကို ကြည့်ပြီး နားလည်စွာပင် ပြုံးပြလိုက်၏၊ မြလေး၏ ဦးခေါင်းပေါ်သို့ လက်ဖဝါးဖြင့် ဖွဖွတင်ပုတ်ကာ ထွက်လာခဲ့သည်၊

# ၃

"ဖြိုး အဖေနဲ့အမေ ဘုရားဖူးသွားရင်း ကားမှောက်သေသွားတော့ ဖြိုးက ရှစ်နှစ်လောက်ရှိပြီလေ။ ဖြိုးက တစ်ကောင်ကြွက် ကျန်ရစ်ခဲ့တာ။ ဆရာကြီးနဲ့ ဦးလေးခင်တို့ ဖြိုးကို လာခေါ်ကြတာပေါ့။ သည်တုန်းက ဆရာကြီးရဲ့အမျိုးသမီး မမကြီး ရှိသေးတယ်လေ။ ဖြိုးအဖေက ဆရာကြီးရဲ့ ညီအရင်း၊ ဆရာကြီးလို မချမ်းသာဘူး။ ဖြိုး အိမ်ကြီးပေါ်ရောက်လာတော့ သနားစရာသိပ်ကောင်းတာ။ မျက်စိသူငယ်နဲ့ မနေတတ်၊ မထိုင်တတ်သလိုမျိုးလေ။ ဒါပေမဲ့ ဖြိုးက သိပ်အလိုက်သိတတ်တဲ့ကောင်၊ ပါးလိုက်တာလည်း လှပ်လို့၊ မမကြီးကဆို ဖြိုးမှ ဖြိုးပဲ။ ဆရာကြီးတို့ကလည်း ကလေးမရတာနဲ့၊ ကလေးရှူး ရှူးခဲ့တာဆိုတော့ နောက်တစ်နှစ်မှာပဲ ဖြိုးကို အမွေစား အမွေခံသားအဖြစ် မွေးစားလိုက်တယ်လေ။ ဖြိုးက ဒီလောက် တင်းကျပ်လွန်းတဲ့ ဆရာကြီးရဲ့စည်းကမ်းတွေကို တစ်သဝေမတိမ်း လိုက်နာနိုင်ခဲ့တယ်။ ဖြိုးဟာ အရွယ်မရောက်ခင်ကတည်းက လူကြီးလေးလိုပဲ၊ လူကြီးစိတ်မွေးပြီး နေခဲ့ရတာ။ မမကြီး ဆုံးသွားတော့ ဆရာကြီးလည်း စိတ်လေသလိုဖြစ်ပြီး သူ့လုပ်ငန်းခွဲတွေရှိတဲ့ မြို့တွေ လျှောက်သွားနေတော့တာပဲ။ နွေဆိုရင် အမြဲတမ်း မန္တလေး၊ မေမြို့မှာပဲ နေတယ်လေ။ မေမြို့မှာက အိမ်တစ်လုံးရှိတော့ မေမြို့မှာနေပြီး မန္တလေးလုပ်ငန်းတွေကို ကိုယ်တိုင် ဝင်လုပ်တယ်၊ ရန်ကုန်ကိုတော့

ဖုန်းဆက်ပြီး ခိုင်းစရာရှိတာ ခိုင်းတယ်။ ရန်ကုန်က မန်နေဂျာက မရှိးသားဘူး လေ။ ဒါနဲ့ ဖြိုး ဘွဲ့ရပြီးတော့ အဲဒီမန်နေဂျာကို အလုပ်ထုတ်လိုက်ပြီး ဖြိုးကို သူ့နေရာထားတာပဲ။ ဖြိုးက အရွယ်နဲ့မလိုက်အောင် အလုပ်ကြီးအကိုင်ကြီး လုပ်နေရတာ သမီးရဲ့ တော်လည်း တော်ပါတယ်"

ဦးလေးခင်က ရေနွေးကြမ်းကိုငှဲ့ရင်း စကားစကို ဖြတ်သည်။

"ဟုတ်တယ်နော် ... မြလေးတို့အပေါ်မှာ ဆက်ဆံတာလည်း မောင်နှမ အရင်းလိုပဲ"

"အံ့မယ်လေး ... ဆရာကြီး နောက်အိမ်ထောင်ပြုလိုက်ပြီလို့ မန္တလေးက သံကြိုးရောက်လာတော့ ငါ့မှာ ဘုရားရှိခိုးပြီး ဆုတောင်းရသေးတာ အမောပါပဲ မြလေးရယ်"

ဦးလေးခင်၏မိန်းမ ဒေါ်လေးမြက ဆေးလိပ်ဖွာရင်း ဝင်ပြောသည်။

"အစစ်ပေါ့ကွာ၊ ငါ့မှာလည်း ရင်တထိတ်ထိတ်နဲ့၊ နောက်လာမယ့် သခင်မက ဘယ်လိုဆက်ဆံမလဲပေါ့လေ။ ဖြိုးလည်း သနားပါတယ်၊ သူလည်း အနေအထိုင်ကအစ ဆင်ခြင်ရတော့မှာမို့ စိတ်ဆင်းရဲပဟန် တူပါတယ်။ ဒါပေမဲ့ ကွာ မိုကလည်း အိမ်ကြီးကို ရောက်လာကတည်းက အင်မတန် နူးညံ့သိမ်မွေ့တဲ့ ကလေးမပါပဲ။ ဆရာကြီးကိုတောင် ကြိတ်ပြီးကျေးဇူးတင်ရသေးတယ်။ ခပ်စွာစွာ ခပ်မာမာ မိန်းကလေးမျိုးဆိုရင် တို့တော့ မလွယ်ဘူးလို့ တွေးထားတာ။ မိုကတော့ ပျော့ပျော့နွဲ့နွဲ့ကလေး"

"သူ့ခမျာလည်း ရောက်ကတည်းက မာလှတယ် မရှိပါဘူးကွယ်။ တဒေးဒေး တဒိုင်ဒိုင်နဲ့၊ ဆရာဝန် ပင့်ထားရတာပါပဲ။ စိတ်နှလုံးတော့ တကယ်သိမ်မွေ့ပါတယ်" ဟု ဒေါ်လေးမြက ဝင်ပြောသည်။

"နောက်ပိုင်းတော့ မြလေး ရောက်လာတာ မှီအတွက် အဖော်ရသွားတာပေါ့။ ဦးလေးခင်တို့လည်း အခုလို ချစ်ချစ်ခင်ခင် ဆက်ဆံနေကြတာ တွေ့ရတော့ ဝမ်းသာမဆုံးပါဘူး"

ဦးလေးခင်က ပြောလိုက်သည်။

၄

"တကယ်တော့ ထူးထူးရယ်၊ ကိုဖြိုးက ငယ်ငယ်ကတည်းက မိဘတွေဆုံးပြီး ဦးကြီးဆီ ရောက်လာခဲ့တာ။ ဦးကြီးက ကိုဖြိုးကို အရမ်းချစ်ပါတယ်။ ဒါပေမဲ့ အရမ်းစည်းကမ်းကြီးတယ်လေ။ ကျောင်းနဲ့အိမ်၊ အိမ်နဲ့ကျောင်းပဲ နေခဲ့ရတာ။ ပြီးတော့ လုပ်ငန်းထဲ တန်းရောက်သွားတယ်။

ကိုဖြိုး တက္ကသိုလ်မှာတုန်းက ပန်းချီအသင်းဝင်ပြီး ပန်းချီဆွဲခဲ့ဖူးတယ်၊ အရမ်းဝါသနာပါတာပဲ။ ဒါပေမဲ့ ကျောင်းပြီးတော့ ဦးကြီးက ပန်းချီမဆွဲရဘူးဆိုပြီး ပိတ်လိုက်တယ်။ စီးပွားရေးတစ်ခုကိုပဲ အာရုံစိုက်ရမယ်တဲ့လေ ...။

"အဲဒီလိုအချိန်မျိုးမှာ ထူးထူးကိုတွေ့တော့ ကိုဖြိုး အရမ်းပျော်သွားတာပဲ။ အချစ်ဆိုတာကို ကိုဖြိုး နားလည်လာခဲ့တယ်၊ စိတ်ကူးယဉ်လာခဲ့တယ်။ အချစ်နဲ့ပတ်သက်တဲ့ အိပ်မက်တွေ အတွေးတွေကို ကိုဖြိုး သိလာတယ်လေ"

ငှက်ကလေးတွေကို သံဆန်ကာနင့်ထားသော တိရစ္ဆာန်ဥယျာဉ်ထဲက တောင်ကုန်းကလေးပေါ်ကို ဖြည်းဖြည်းတက်လာခဲ့ကြသည်။

"ဒီက အေးတယ်နော်၊ ဒီမှာ ထိုင်ရအောင်"

တောင်ကုန်းကလေးပေါ်မှ ခုံတန်းကလေးတစ်ခုဆီသို့ ဦးတည်သွားခဲ့ကြသည်။ ပူးကပ်ထိုင်လိုက်စဉ် ထူးထူး ကိုယ်သင်းနံ့သည် ရင်ထဲတိုင် စွဲမက်တွယ်ငြိစရာဟု အသိဝင်၏။

စနေနေ့ တွေ့ကြတော့ ဘယ်သွားမှာလဲဟု ထူးထူးက မေးသည်။ သူချက်ချင်းမဖြေတတ်။ ချစ်သူတို့သွားရာ လည်ပတ်ရာနေရာတွေကို သူမသိ၊ အတွေ့အကြုံ သူ့မှာမရှိ။

"ထူးထူး ဘယ်သွားချင်လဲ"

ဟု ပြန်မေးတော့ ထူးထူးက ပြုံးနေသည်။

ပြီးတော့မှ "ကိုကိုကလည်း ခက်လိုက်တာကွာ" ဟု အရယ်တစ်ဝက်နှော၍ ပြော၏။ သူ့ကို ထူးထူးက ကိုကိုခေါ်လိုက်၊ ကိုဖြိုးခေါ်လိုက်၊ ဖြိုးလို့ ခေါ်လိုက်နဲ့ ကြိုက်သလို ခေါ်သည်။ သူကလည်း ထူးထူး ဘယ်လိုခေါ်ခေါ် နားဝင်ချိုတတ် ကြည်နူးတတ်သည်ပဲ။

"အေးအေးဆေးဆေးစကားပြောလို့ရတဲ့နေရာ သွားရရင်ကောင်းမယ်"

ဟု တစ်ကိုယ်တည်း ပြောသလို ပြောမိသည်။ ဘယ်ကိုမှ သူမပြောနိုင်ခဲ့။

"ဒါဆို ထူးထူးကို တိရစ္ဆာန်ဥယျာဉ်ကို လိုက်ပြ"

"အင်း ... ကောင်းသားပဲ၊ ကိုကိုလည်း ငယ်ငယ်ကပဲ ရောက်ဖူးတာ"

ဟု ပြောတော့ ထူးထူးက သူ့ကျောကို လက်သီးဖြင့် ဖွဖွထုသည်။

"ဘာတွေ တွေးနေတာလဲဟင်"

ခေါင်းကို ငုံ့စောင်းလိုက်သဖြင့် ဆံစရှည်တို့သည် သူ့မျက်နှာကို လာထိ၏။ ဆံပင်မှာလည်း စွဲလမ်းဖွယ်ရနံ့နှင့်ပါလား သတိထား ရှုရှိုက်ပြီး သက်ပြင်းကို ခိုးချ၏။

"ထူးထူးကို သိပ်ချစ်တာပဲကွာ"

အကြည့်ဆုံ၍ ပြောဆဲမှာ အဟက်ဟု တစ်ချက်ရယ်လျက် ရက်ပြုံးဖြင့် ထူးထူးခေါင်းကိုငုံ့သည်။ ရှေ့ကို ဝေဖြာကျနေသည့် ဆံစကို လက်ဖြင့်ယုယစွာ ကိုင်လိုက်မိပြန်၏။

☆

"နောင့်ယှက်တယ်လို့ မထင်ပါနဲ့ဗျာ"

ရုတ်တရက် အသံကြားတော့ နှစ်ဦးလုံးခေါင်းမော့ပြီး အသံလာရာကို ကြောင်ကြည့်လိုက်မိသည်။ သူတို့ဘေးနားမှာ လာရပ်နေသည့် အဝတ်အစား သားနားစွာဖြင့် လူတစ်ယောက်၊ ထူးထူးက ကြောက်ရွံ့ဟန် သူ့ဘက်ကို မသိမသာ တိုးသည်။ အကြည့်က ထိုသူ့ဆီကို ငေးကြောင်ကြည့်နေမိဆဲ။

"အကူအညီ တောင်းချင်လို့ပါဗျာ၊ စိတ်တော့မရှိပါနဲ့ ကျွန်တော်နဲ့ ကျွန်တော့်အမျိုးသမီး ဟိုစားသောက်ဆိုင်မှာ ဝင်စားပြီး ပိုက်ဆံရှင်းမလို့လုပ်တော့မှ ပိုက်ဆံအိတ် ခါးပိုက်နှိုက်ခံရတာ သိတယ်ဗျာ။ ကျွန်တော့်အမျိုးသမီး ဆိုင်ထဲမှာ ထိုင်စောင့်နေပါတယ်။ အဲဒါ ကျွန်တော့်ကို ငွေနှစ်ကျပ်သုံးကျပ် ကူညီပါလို့ တောင်းပန်ပါရစေ"

လက်ဟန်ခြေဟန်ဖြင့် ရှင်းပြနေသည့် ထိုသူ့စကားကြောင့် ခေါင်းထဲမှာ အတွေးများစွာ ယောက်ယက်ခတ်သည်။ ခဏအကြာမှာ ထူးထူးက ဘေးမှာ ချထားသည့် ပိုက်ဆံအိတ်ကို ကောက်ယူလိုက်ပြီး ဖွင့်သည်။

သည်တော့မှ ထူးထူး၏လှုပ်ရှားမှုမှာ အကြည့်ပြောင်းရောက်၏။ ပိုက်ဆံအိတ်ထဲမှ ကျပ်တန်တစ်ရွက်ကိုထုတ်ပြီး ထူးထူးက ကမ်းပေးလိုက်သည်။

"ကျေးဇူးပါပဲဗျာ ..."

လှမ်းယူရင်း ပြောသည်။ ပြီးတော့ နေရာမှထွက်သွားပြီး မလှမ်းမကမ်းမှာ ထိုင်နေသည့် အတွဲရှေ့မှာ သွားရပ်သည်ကို လှမ်းမြင်ရပြန်သည်။

"ထူးထူး သူ ပြောတာယုံလားဟင်"

ထူးထူးက မျက်နှာကို မနှစ်မြို့ဟန်ဖြင့် ရှုံ့မဲ့ပြလိုက်၏။

"ယုံစရာလား ကိုကိုရယ် ..."

"ဟုတ်တယ် ... သူညာပြီး တောင်းသွားတာပဲ"

"ထူးထူးလည်း ညာမှန်းသိသားပဲ၊ မြန်မြန်ထွက်သွားပါစေတော့လို့ ပေးလိုက်တာလေ"

ထိုသူရှိရာသို့ လှမ်းကြည့်မိပြန်သည်။

"တွေ့လား ဟိုမှာလည်း ပေးနေပြီ"

"ပေးမှာပေါ့ ကိုကိုရယ်၊ ချစ်သူတွေ ကြည်ကြည်နူးနူး ပြောဆိုနေကြတဲ့ အချိန်မှာ ဘယ်သူက သူ့ကြောင့် အချိန်ကုန်စံချင်ကြမှာလဲ။ ပိုက်ဆံတစ်ကျပ် လောက်တော့ မြန်မြန်သွားအောင် ထုတ်ပေးလိုက်ကြမှာပေါ့"

"အင်း ... ဟုတ်တယ်နော်၊ ဒါ သက်သက် အေးစားပြတိုက်နေတာပဲ။ ဘယ်သူမဆို သူ့ကြောင့် အချိန်ကုန်စံချင်မှာမှ မဟုတ်ချင်တာ။ ပြီးတော့ ရှည် ရှည်ဝေးဝေးတွေးပြီး သူ့ကိစ္စကို စဉ်းစားနေကြမှာလည်း မဟုတ်ဘူး။ အဲဒါကို သိလို့လည်း သူက အခွင့်ကောင်းယူပြီး လိုက်တောင်းနေတာ ဖြစ်မယ်။ တော်တော်အောက်တန်းကျတယ်နော်၊ ဘလက်မေးလ်လုပ်နည်းတစ်မျိုးပဲ"

မကျေမချမ်းနှင့် ပြောလိုက်မိသည်။

"ဆေးသမားတွေ ဘာတွေ နေမှာပေါ့ ကိုကိုရာ။ ဒီအထဲမှာက အတွဲ တွေ နည်းတာမှမဟုတ်တာ၊ တစ်တွဲကို တစ်ကျပ်ဆိုရင်တောင် တော်တော် ရမှာပဲ"

"အချောင်သမား စိတ်ဓာတ်တွေ ဝင်နေကြတာ စိတ်မကောင်းစရာပဲ ကွာ"

ထူးထူးက သူ့ကို ပြုံးပြလိုက်သည်။

"အလုပ်ထဲ အကိုင်ထဲမှာတင် လောဘဇောတိုက်ပြီး လူတွေ စိတ်ထား ယုတ်ညံ့နေကြသလား အောက်မေ့တာ။ အပြင်မှာလည်း ဒီလိုစိတ်မျိုးရှိနေတဲ့ လူတွေအများကြီးဆိုတာ သိလိုက်ရတယ် ထူးထူးရယ်"

"ခေါင်းထဲ မထားစမ်းပါနဲ့ ကိုကိုရာ ..."

ထူးထူးကတော့ ပေါ့ပေါ့ပြောလိုက်ပြီး သူ့ပုခုံးကို ခပ်နွဲ့နွဲ့မှီသည်။

# ၅

"ထူးထူး ဘာဆုတွေ တောင်းခဲ့လဲဟင်"

အရှေ့ဘက် စောင်းတန်းမှ အဆင်းမှာ မေးလိုက်၏။

"ကိုကိုနဲ့ မခွဲမခွာနေပါရစေလို့ တောင်းတာပေါ့။ အဲ့ဒါပြီးမှ ကျန်တဲ့ဆုတွေ တောင်းတယ်လေ"

အတူတွဲယှဉ်လျှောက်ရင်း မျက်လွှာပင့်တင် စောင်းငဲ့ကြည့်ရင်း ပြောလိုက်သည်။ လှေကားထစ်များကို ဆတ်တောက်ဆတ်တောက် ခုန်ကျော်ဆင်းလျက် ရှေ့နားမှာရပ်ပြီး ပြုံးပြကြည့်နေပြန်သည်။ ထူးထူးဟာ တကယ့်ကလေးလိုပါလားဟု အတွေးဝင်မိသေး၏။

"ထူးထူးက တကယ့်ကလေးလိုပဲနော်"

ရပ်စောင့်နေသည့် ထူးထူးအနားရောက်တော့ သူ ပြောလိုက်သည်။

"အံမယ် ... ကလေး မဟုတ်ပါဘူး။ ဒီနေ့ပဲ ဆယ့်ကိုးနှစ်မြောက် ထူးထူး မွေးနေ့လေ။ ကိုကို မေ့သွားပြီလား၊ မွေးနေ့မို့ ကိုကိုပဲ ဘုရားလိုက်ပို့တာ မဟုတ်လား"

မနက် ခုနစ်နာရီမှာ အတူချိန်းပြီး ထူးထူးကို ဘုရားလိုက်ပို့ဖြစ်သည်။

ဒီနေ့မနက်ပိုင်းမှာ သူငယ်ချင်းကိစ္စ ရှိသည်ဟု သူ့ဦးကြီးကို ညာပြော တတ်ပြီလေ။

"နောက်ဆို ထူးထူးကို ကလေးလို့ မပြောပါနဲ့ ကိုဖြိုး၊ ထူးထူးက ပြီးခဲ့တဲ့ ရွေးကောက်ပွဲတုန်းကလည်း ဆယ့်ရှစ်နှစ်ပြည့်လို့ မဲပေးနိုင်ခဲ့တာပဲ။ ထူးထူးကို လူကြီးလို့ တရားဝင်သတ်မှတ်ထားပြီပဲ ထူးထူးကလေး မဟုတ်တော့ဘူးနော်။ မဲပေးခွင့်ရတုန်းကဆို ထူးထူး ပျော်လိုက်တာ မပြောပါနဲ့တော့"

လက်မောင်းရင်းကို ကိုင်လျက် ဆင်းလာရင်း ထူးထူးက ပြောလိုက် သည်။

"ကဲ ... ဒီကပြီးရင် ထူးထူး ဘယ်သွားချင်လဲ"

ကိုင်လာသော သူ့ဖိနပ်ကို ထူးထူးက ရှေ့မှာ ချပေးလိုက်စဉ် သူ မေး လိုက်၏။

"ဒီကနေဆို နီးနီးလေးပဲ ကိုကိုရယ်၊ ဗိုလ်ချုပ်ပန်းခြံ သွားကြည့်ရအောင် နော်"

ထူးထူးကို ခေါင်းညိတ်ပြလိုက်ပြီး ကားရပ်ထားရာဆီသို့ ဦးတည်သွား သည်။

☆

ချမ်းမြေ့ဆိတ်ငြိမ်လွန်းစွာဟု ကျေနပ်စွာ ခံစားလိုက်ရ၏။ ပတ်ဝန်းကျင် သည် စိုလန်းနုမျစ်နေသော သစ်ပင်ကြီးငယ် ဝါးပင်ဝါးရုံများနှင့် စိမ်းလန်းသည်။ ကျေးငှက်အော်သံများကို ကြားနေရ၏။ မြို့ပြအငွေ့အသက်တို့ဖြင့် စည်းခြား ဝေးကွာသွားပြီလား ထင်မှတ်ချင်စရာ။ ကားကို တစ်နေရာမှာ ရပ်လိုက်ပြီး ထူးထူး လက်ကိုဆွဲလျက် တောင်ကုန်းကလေးပေါ် တက်လာခဲ့သည်။

တောင်ကုန်းထိပ်မှာ ပြန့်ပြူးလျက် ထိုင်စရာ အုတ်ခုံကလေးများ ရှိ၏။

အုတ်ခုံကလေးပေါ်မှာ ထူးထူးနှင့် အတူယှဉ်တွဲ ထိုင်လိုက်သည်။ ရှေ့ ဘက်က မလှမ်းမကမ်း အုတ်ခုံပေါ်မှာ လူတစ်ယောက် လုံချည်ခြုံလျက် အိပ် ပျော်နေဆဲ။

ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်စဉ် တောင်ကုန်းဆင်ခြေလျှော သစ်ပင်များ ဝါးရုံများအရိပ်မှာ အတွဲတွေထိုင်နေသည် မြင်၏။

"အင်း ... အေးချမ်းတော့ အေးချမ်းပါတယ်"

စကားမဆက်ခင် ထူးထူးက သူ့မျက်နှာကို မော့ကြည့်၏။

"ဘာဖြစ်လို့လဲ ကိုကို ..."

"ဟိုမှာ ကြည့်စမ်း ... ထူးထူး"

ရှေ့တူရူ ဆင်ခြေလျှောကို မေးဆတ်ပြီး ပြလိုက်၏။

"ဘာလဲဟင် ... အတွဲတွေကို ပြောတာလား"

"မဟုတ်ဘူး ထူးထူးရဲ့ ချောင်းနေကြတဲ့သူတွေလေ"

အတွဲတစ်တွဲ ထိုင်နေသော သစ်ပင်၏နောက်မှာ ကပ်ပြီး ခေါင်းကို ရှေ့သို့ ညွတ်လျက် ချောင်းနေသူတစ်ဦးကို လှမ်းကြည့်ရင်း "အင်းနော်" ဟု ထူးထူးက ပြောလိုက်သည်။

"ဟိုဘက်က အတွဲတွေနောက်မှာလည်း ရှိသေးတယ် တွေ့လား"

ဝါးရုံလေးဘေးနားမှာ ထိုင်နေသောအတွဲကို ချောင်းနေသည့်သူနှစ်ဦး ကို မေးငေါ့ပြလိုက်သည်။

"ပြီးတော့ တွေ့လား၊ ဟိုး ... သစ်ပင်ပေါ်မှာ"

"ဟုတ်ပါရဲ့..."

ထိုစဉ် မိမိတို့ရှေ့မှ ဖြတ်လျှောက်သွားသော ကျောင်းစိမ်းလုံချည်နှင့် လူငယ်အုပ်စုတစ်စုကို တွေ့ရ၏။

"ဟုတ်ပါရဲ့နော် ချောင်းနေတဲ့လူတွေ အများကြီးပါလား။ ထူးထူး သူငယ်ချင်း ကောင်လေးတွေ ပြောဖူးတယ်၊ ဒီမှာ မနက်မိုးလင်းကနေ မိုးချုပ်အထိ ထမင်းဘူးယူလာပြီး ချောင်းတဲ့အလုပ်ကို လုပ်နေကြတဲ့သူတွေ အများကြီးပဲ တဲ့"

ထူးထူးက ခေါင်းမော့ကြည့်ရင်း သူ ကြားထားသမျှကို ပြန်ပြောပြနေသည်။

"ဖြစ်နိုင်တာပေါ့ ထူးထူးရဲ့ ဒီကိုလာတဲ့သူတွေထဲမှာ အတွဲတွေရယ်၊ မရောက်ဖူးလို့အလည်အပတ်လာကြတဲ့သူတွေရယ်၊ပြီးတော့အတွဲချောင်းတဲ့ သူတွေရယ်၊ ဒါပဲရှိမှာပေါ့။ အတွဲချောင်းဖို့ ရောက်လာကြတဲ့သူတွေထဲမှာ အလုပ်မရှိ အကိုင်မရှိ တစ်ရာ့ကိုးတစ်ရာ့တစ်ဆယ်တွေ ရှိသလို အစုန ဖြတ်သွားတဲ့ ကျောင်းပြေးတဲ့ကျောင်းသားတွေ ပါလိမ့်မယ်။ အဲဒါကတော့ စိတ်မကောင်းစရာပဲ ထူးထူးရယ်။ တွေ့လား … ဟိုမှာချောင်းနေတဲ့ အသက်လေးဆယ်ကျော်လောက်ရှိတဲ့လူ။ ဒီလိုလူမျိုးအတွက်ကတော့ ထူးခြားပြီး ဘာမှ မခံစားရတော့ဘူးလေ။ ဟိုဘက်က ကလေးတွေကိုကြည့်ပြီး စိတ်မကောင်းဖြစ်ရတယ်။ ကျောင်းသားဆိုရင်လည်းကျောင်းပြေးတာရယ်၊ဒီလိုအောက်တန်းကျတဲ့ အပြုအမူတွေကို လုပ်နေတာရယ်အတွက်ပေါ့။ ကျောင်းသားမဟုတ်ရင်လည်း ကျောင်းနေတဲ့အရွယ်မှာ အလဟဿနဲ့ ဒီမှာ အချိန်လာဖြုန်းတာ မကောင်းပါဘူးနော်"

သူ့ရင်ထဲမှာ တကယ်ပင်ခံစားရပြီး ခံစားချက်ကို ထူးထူးအား ပြောပြလိုက်၏။

"အတွဲတွေကလည်း လွန်ပါတယ်ကိုကိုရာ … ဟိုမှာကြည့်ပါဦး လူမြင်ကွင်းကြီးမှာ ဖက်နေလိုက်တာ"

"အင်း …"

ထူးထူး ပြရာကိုကြည့်ပြီး သက်ပြင်းချလိုက်မိသည်။

"ခက်တာပဲ ထူးထူးရယ် … ဒီကို လာကြတဲ့အထဲမှာ အစ ကိုကိုတို့လို အေးအေးဆေးဆေးစကားပြောချင်လို့၊နားချင်လို့လာကြတဲ့အတွဲတွေပါမယ်။ အချို့ကျတော့လည်း မကောင်းတဲ့မိန်းကလေးတွေ ခေါ်လာချင် ခေါ်လာမယ်ပေါ့။ ဒီအထဲ လာပြီးထိုင်ပြီဆိုရင်တော့ ချောင်းတဲ့သူတွေကတော့ အားလုံးကို တစ်တန်းစားတည်း သဘောထားပြီး ချောင်းကြမှာ။ ချစ်သူတွေ အချင်းချင်း ချစ်သူဘာဝ ကယုကယင် နေချင်ကြတာ၊ ယုယုယယ နမ်းရုံလောက် နမ်းချင်ကြတာတော့ သဘာဝပဲလေ။ အဲဒီလို နေနိုင်ဖို့အတွက် သီးသန့်ရှိတဲ့နေရာဆိုတာကလည်း မရှိသလောက်ပါပဲ။ အဲဒီတော့ စကားအေးအေးဆေးဆေး

ပြောချင်လို့၊ ကယုကယင်နေချင်လို့ ဒီမှာ လာထိုင်ပြီဆိုကတည်းက သိက္ခာကျသလို ဖြစ်နေပြီ။ တကယ်တော့ ဒီလောက်အေးချမ်းကောင်းမွန်တဲ့နေရာမှာ စိတ်ချမ်းသာ လက်ချမ်းသာ အနားယူလို့ အပန်းဖြေလို့ ရတဲ့နေရာတစ်ခုဖြစ်အောင် ထိန်းချုပ်ထားဖို့ ကောင်းပါတယ်။ အခုတော့ ချောင်းတဲ့သူတွေကလည်း ရှုပ်ပျက်ဆင်းပျက်နဲ့၊ တကယ့်ဥပဒေမဲ့နေရာတစ်ခုကို ရောက်နေသလိုပဲလေ"

ပြောနေရင်း လွယ်အိတ်ကလေး လွယ်ထားသော အသက်ရှစ်နှစ်ခန့် အရွယ် ကလေးတစ်ယောက် သူတို့ဆီ ဦးတည်လာနေသည်ကို လှမ်းတွေ့၏။

"စီးကရက်သောက်ပါ အစ်ကို ..."

အနားရောက်တော့ လွယ်အိတ်ထဲမှ ဒူးယားဘူးကလေးကို ထုတ်ယူ လက်ကမ်းရင်း ပြော၏။

"ငါ မသောက်တတ်ဘူးကွာ"

"ဒါဆို ချိုချဉ်ဝယ်ပါ"

"မကြိုက်ဘူး"

ထူးထူးက ဝင်ပြောသည်။

"ဝယ်ပါဗျာ ..."

"ကြိုက်မှ မကြိုက်တာပဲတဲ့"

ထူးထူးက ခပ်ဆတ်ဆတ် ပြောသည်။

"ယူပါဗျာ ... ဟိုဘက်က အတွဲတွေလည်း ချိုချဉ်ဝယ်လိုက်ကြတာပဲ၊ ယူပါဗျာ ... ယူလိုက်ပါဗျာနော် အစ်မ"

ကောင်လေးက ချွဲချွဲပျစ်ပျစ်ပြောလျက် လွယ်အိတ်ထဲမှ ယိုးဒယား ချိုချဉ်ကလေးတွေကို ထုတ်ယူကာ အတင်းလက်ကမ်းသည်။

"ဘယ်လောက်လဲ" ဟု မေးလိုက်၏။

"တစ်ကျပ် သုံးလုံးပါ"

"ဟဲ့ ... ဆိုင်တွေမှာ တစ်လုံးတစ်မတ်ပါ" ဟု ထူးထူးက ပြော၏။

"ကျွန်တော်တို့က ဒီအထဲမှာ ရောင်းခွင့်ရဖို့လည်း ပိုက်ဆံပေးရသေးတယ်၊ ဒါကြောင့်ပါ ..."

ရေခဲရေရောင်းသူတစ်ဦး ဖြတ်လျှောက်သွားသည်ကို မြင်ရ၏။

"ကဲ... ကဲ... ပေးပေး... ရော့ တစ်ကျပ်"

ရောင်းခွင့်ရဖို့အတွက် ဘယ်သူ့ကို ပိုက်ဆံရေးတာလဲ ဘယ်လောက်ပေးရတာလဲဟု မေးမည်ကြံဆဲမှာ ထူးထူးက ငွေတစ်ကျပ်ထုတ်ပေးပြီး ချိုချဉ်သုံးလုံးကို ယူလိုက်သည်။

"ကျောင်းမနေဘူးလားကွ ..."

ပိုက်ဆံကို လွယ်အိတ်ထဲ ထည့်ဆဲမှာတော့ သူ မေးလိုက်မိသည်။

"မနေပါဘူး၊ ကျွန်တော့် အမေက ဟိုဘက်မှာ ကွမ်းယာဆိုင်နဲ့ ရောင်းတယ်။ အစ်ကိုနှစ်ယောက်က ဒီအထဲမှာပဲ ကျွန်တော့်လို လိုက်ရောင်းတယ်။ ကျောင်းမနေဘူး ..."

"ကဲ ... ကဲ ... သွားရောင်းတော့လေ"

ထူးထူးက စိတ်မရှည်သလို ပြောလိုက်၏။

"ကိုကိုကလည်း စကားရှည်နေသေးတယ်၊ သူတို့လည်း ဘာထူးလို့လဲ၊ ဟိုနေ့က တိရစ္ဆာန်ရုံမှာ တွေ့ခဲ့တဲ့လူလိုပါပဲ။ အတွဲတွေရှေ့မှာ လာရပ်ပြီး မဝယ်မချင်း ပေကပ်နေတော့ တန်တန် မတန်တန် ဝယ်လိုက်ရတာပဲပေါ့။ သူတို့က အဓမ္မရောင်းတဲ့စနစ်ပဲ"

"အင်း ... ထူးထူး ပြောတာ ဟုတ်ပါတယ်၊ အချိန်ကုန်ခံပြီး စကားပြောမနေချင်ကြတော့ ပိုက်ဆံထုတ်ပေးလိုက်တာပဲပေါ့။ တွေ့လား ... ဟိုအတွဲဆိုသူတို့ဆီ မရောက်သေးဘူး၊ ပိုက်ဆံကြိုထုတ်ထားကြပြီ၊ မြန်မြန်သွားပါစေဆိုတဲ့ သဘောပေါ့နော်"

"နောက်ပြီး တစ်ခုရှိသေးတယ်တဲ့ ကိုကိုရဲ့၊ ထူးထူးကို သူငယ်ချင်းတွေပြောပြတာလေ။ လမ်းစရိတ်မရှိလို့ ငွေတစ်ကျပ်လောက် ပေးပါ။ ထမင်းစားဖို့ငွေတစ်ကျပ်လောက် ပေးပါဆိုပြီး မိုက်ကြေးခွဲသလို လာတောင်းတဲ့သူတွေရှိတယ်တဲ့။ ချစ်သူနဲ့ ကြည်နူးနေတဲ့အချိန်မှာ သူတို့နဲ့ ဘယ်သူကမှ ပြဿနာ

မတက်ချင်ကြတော့ လွယ်လွယ်ပေးလိုက်တာပဲလေ။ အဲ့ဒါကို အခွင့်ကောင်း ယူပြီး လုပ်စားနေကြတဲ့လူတွေ ရှိတယ်တဲ့ ကိုကို"

"ဒါဆို စောစောက ကိုကိုပြောတဲ့ ဒီအထဲရောက်လာတဲ့လူ သုံးစားမက တော့ဘူး။ ဒီအထဲမှာ ငွေညှစ်ပြီး စီးပွားရှာတဲ့သူ တစ်စားကို ထပ်ထည့်ရမယ် ထင်တယ်"

"အစစ်ပဲ ကိုကို၊ လာချောင်းကြတဲ့သူတွေကလည်း သိပ်ရိုင်းတယ် ပြောတယ်။ သူတို့ကို နည်းနည်းပါးပါးပြောရင် ရန်စပြီး ရိုက်ကြနက်ကြနဲ့တဲ့"

စိတ်မကောင်းစွာဖြင့် သက်ပြင်းချမိပြန်သည်။ အော်ဟာစ်ဆူညံသွား သော လူငယ်အုပ်စုတစ်စုကို ခပ်ဝေးဝေးမှာ လှမ်းမြင်ရ၏။

"ဒီမှာတင် ညအိပ်ပြီး အတွဲတွေ ချောင်းလိုက်၊ ငွေလိုက်တောင်းပြီး ထမင်းစားလိုက်နေတဲ့ ပုံကျတချို့တောင် ရှိတယ်ပြောတယ်လေ။ ဟုတ်နိုင် တယ် ... ဒါကြောင့်လည်း တစ်ခါတလေမှာ ဒီပန်းခြံထဲမှာ ဒုစရိုက်မှုတွေ ဖြစ် တာပေ့ါ။ အလုပ်အကိုင်မရှိတဲ့ ပုံကျတွေ တော်တော်များများ ဒီမှာလာစုနေ သလိုပဲကွာ။ ဒီလိုလူတွေနဲ့ ရောနှောပြီး အတွဲလိုက်ချောင်းနေကြတဲ့ ကျောင်း သားလေးတွေ၊ လူငယ်လေးတွေကိုတော့ သနားပါတယ်။ နောင်ရေးအတွက် စိတ်မကောင်းစရာပဲလေ၊ စိတ်ဓာတ်ချွတ်ခြုံကျသွားမှာ စိုးရတယ်"

"ဒီမှာ အစောင့်အရှောက်တွေ ရှိသားနဲ့နော် ...။ ညအိပ်တာတွေ ဘာ တွေ ..."

"ထူးထူးရယ် ... ဒီလောက်အကျယ်ကြီးဟာကို ဘယ်သူက သေသေ ချာချာ နှံ့နှံ့စပ်စပ် လိုက်ရှာနိုင်မှာလဲ။ လိုက်ရှာတုန်း ပုန်းနေရင်လည်း ဖြစ်တာ ပဲဟာ၊ နောက်ပြီး တခြားနည်းတွေလည်း ရှိမှာပေ့ါ။ အဲဒီ ညအိပ်တဲ့သူရှိတာ မရှိတာ ထားပါကွာ။ ဒီမှာ ရုပ်ပျက်ဆင်းပျက်၊ ပေါ်ပေါ်တင်တင် ချောင်းကြ၊ အော်ကြဟစ်ကြတဲ့ ကိစ္စကတော့ မအေနဲ့နမ၊ သားနဲ့အမိ မြင်လို့ ကြည့်လို့ မတော်တာပဲ။ အဲဒါကို ထိထိရောက်ရောက် ထိန်းသိမ်းဖို့ကောင်းတယ်နော်"

ရုတ်တရက် လူရိပ်မြင်သဖြင့် လှည့်အကြည့်မှာ သူတို့နောက် ခေါး စောင်းမှ သစ်ပင်အကွယ်က လူနှစ်ယောက် ထွက်လာသည်။ သူတို့ ထိုင်နေ

သည့်နေရာမှာ ကုန်းထိပ်မြေပြင်ဖြစ်ပြီး အကာအကွယ်မဲ့၏။ ဘေးမလှမ်းမကမ်းမှာသာ သစ်ပင်များသည်။ ထိုသူနှစ်ဦးက သူတို့ရှေ့မှ ဖြတ်လျှောက်သွားသည်။

"စကား ထိုင်ပြောချင်ရင် ဒီကိုမလာကြနဲ့၊ မြို့ထဲက လက်ဖက်ရည်ဆိုင်တွေမှာ သွားပြော"

သူတို့ရှေ့အဖြတ်မှာ အချင်းချင်း ပြောသလိုနှင့် သူတို့ကို ပြောသွားသေးသည်။

"ထူးထူးတို့ကို ချောင်းတာ ထင်တယ်နော်"

"ဟုတ်တယ်"

"ပြန်ရအောင် ကိုကိုရယ်၊ နေရာဒေသက အေးချမ်းဆိတ်ငြိမ်ပြီး အပန်းဖြေဖို့ ကောင်းသလောက် ဒီအထဲမှာက စိတ်ပျက်စရာနော်"

"ဟုတ်တယ် ထူးထူး ... ကိုကိုတောင် စောစောက တွေးမိသေးတယ်။ သရုပ်မှန်ရေးတဲ့ စာရေးဆရာအသိရှိရင် ဒီကန်တော်ကြီး ဥယျာဉ်ထဲမှာ မှီတင်းနေထိုင် ရှာဖွေစားသောက်နေကြတဲ့ ကလေးတွေ အကြောင်းလေ။ သူတို့ရဲ့ စရိုက်၊ သူတို့ရဲ့စိတ်ဓာတ်တွေကို ဖွဲ့ဆိုပြီး ရေးပေးရင် ကောင်းမလားလို့။ လူသိတော်တော်နည်းသေးတယ်။ ကိုကို တစ်ခုတော့ စိုးရိမ်တယ်၊ ဒီအထဲမှာ ငွေလွယ်လွယ်တောင်းလို့ရ၊ မတန်တဆ ဈေးရောင်းလို့ရတာတွေကို မက်မောပြီး စိတ်ထဲမှာ စွဲသွားရင် လက်ကြောတင်းတင်း ထ,အောင် အပြင်မှာ အလုပ်လုပ်ချင်စိတ် ရှိပါတော့မလား၊ အချောင်ရတာကိုပဲ အရသာတွေ့သွားမလားဆိုတာလေ"

ထိုင်ရာမှ နှစ်ယောက်အတူ ထ,ရင်း ပြောလိုက်မိသေး၏။

ဟို ခပ်ဝေးဝေးသစ်ပင်ပေါ်မှ ငှက်တစ်ကောင်၏ အော်သံကို ကြားနေရသည်။ ကောင်မလေးကို လွှတ်လိုက်ဆိုသည့် အသံကျယ်ကျယ်လောင်လောင်ကိုလည်း မရေးမနှောင်း ကြားရပြန်၏။

ကားရပ်ထားရာဆီသို့ ဦးတည်လိုက်သည်။

၆

ကားရပ်ထားပြီး ရုပ်ရှင်လက်မှတ်ဝယ်ရန် တန်းစီလိုက်သည်။

ဒီစီပေမင့် လူတိုးတုန်းမို့ သူ့ရှေ့မှာ လူတော်တော်များများ ရှိနေသေး၏။ ဘေးကို တစ်ချက်လှမ်းအကြည့်မှာ ငါးမုန့်ကြော်နှင့် ကွာစေ့ဝယ်နေသော မမမှီကို လှမ်းမြင်သည်။ သက်ပြင်းရှည်တစ်ခုကို ချလိုက်မိ၏။

"မင်း ဒီညအားလား" လို့ ဦးကြီးက မေးစဉ် အလုပ်ကိစ္စပဲဟု ပထမ သူထင်ခဲ့သည်။ လုပ်လက်စအလုပ်များကို လက်စသတ်ပြီး ထုံးထူးဆီဖုန်းဆက်၊ ပြီးတာနဲ့ သူ့အိမ်ကို တန်းပြန်ခဲ့၏။ အိမ်ရောက်တော့ ဧည့်ခန်းထဲမှာထိုင်လျက် ဆေးပြင်းလိပ် ဖွာရှိုက်နေသော ဦးကြီးနှင့် ဆုံသည်။ ဦးကြီးက သူ့ကိုလှမ်းမေးစဉ် ဦးကြီးကို "ကိစ္စရှိလို့လား ကျွန်တော် အားပါတယ်" ပြန်ဖြေခဲ့သည်။

"ဒါဆို အတော်ပဲဖြိုး ... ဦးကြီး ဒီည ကန်တော်ကြီးမှာ မိတ်ဆွေ တစ်ယောက်နဲ့ ချိန်းထားတယ်၊ မအားဘူး။ မင့်မမမှီကို ရုပ်ရှင်လိုက်ပြလိုက်စမ်းပါကွာ။ ငါ မအားဘူးပြောလို့ တဖျစ်တောက်တောက် ပြောဆိုပြီး စိတ်ဆိုးသွားလေရဲ့"

"ဒီညပွဲလား ..."

"အေး ... ဟုတ်တယ်"

"မြလေးကိုပါ ခေါ်သွားမယ် ဦးကြီး ..."

"ကောင်းသားပဲ ..."

ဟု ပြောပြီး ဦးကြီးက ဖုန်းဆက်ရန် တယ်လီဖုန်းရှိရာသို့ လျှောက်သွား၏။ အပေါ်ထပ်ကို တက်မည်လုပ်ပြီးမှ မတက်သေးဘဲ မြလေးတို့ အိမ်လေးဆီသို့သွားရန် ခြေဦးလှည့်၏။ ဟိုရောက်တော့ ဦးလေးခင်တစ်ယောက်တည်းကိုသာ တွေ့ရသည်။ မြလေးရှိလား ဦးလေးခင်ဟု သူ မေး၏။ မရှိဘူးကွ ဖြိုး၊ သူ့အဒေါ်နဲ့ မိတ်ဆွေတစ်ယောက်အိမ်ကို လိုက်သွားတယ်ဟု ဦးလေးခင်က ပြန်ဖြေသည်။ ဒုက္ခပါပဲ ဘယ်တော့လောက် ပြန်လာမလဲ မေး၏။ ညမှ ပြန်လာမယ်ထင်တယ်။ မြလေးတို့ရွာက ဧည့်သည်တွေ အဲဒီအိမ် ရောက်တယ်ပြောလို့ ရွာအကြောင်း၊ မြလေး မိဘတွေ မာကြောင်း သာကြောင်း သိရအောင်ဆိုပြီး သွားတာကွ။ ကြာမယ်ထင်တယ် ဖြိုးဟု ဦးလေးခင်က စကားဆက်သည်။ "ဘာကိစ္စရှိလို့လဲ" မေးတော့ "ရတယ် ဦးလေးခင် အရေးမကြီးပါဘူး" ဟု သူ ပြန်ပြောခဲ့၏။

နောက်ဆုံးတော့ မမမှီနှင့်သူ နှစ်ဦးတည်း ရုပ်ရှင်ကြည့်ရန် ထွက်လာခဲ့သည်။ အတွေးကိုဖြတ်၍ ရုပ်ရှင်လက်မှတ် နှစ်စောင်ကို ဝယ်လိုက်သည်။

☆

ပြန်လှည့်ပြီးဒီထွက်လာခိုက်မမမှီကိုအမျိုးသမီးတစ်ယောက်နှင့်စကားပြောနေတာ တွေ့သည်။ သူ့ကို လှမ်းအမြင်မှာ မမမှီက လက်ယပ်ခေါ်သည်။ ရုံပေါက်ဝအနီး မမမှီကို စကားပြောနေသည့်နေရာကို လျှောက်သွားလိုက်၏။

"ဒါ ... အစ်ကိုကြီးရဲ့တူလေ၊ တူဆိုပေမဲ့ မွေးစားသားပေါ့၊ ဖြိုးတဲ့ ..."

"ဖြိုးရေ ... ဒါက မမမှီသူငယ်ချင်း မေလွင်တဲ့"

မမမှီက မိတ်ဆက်ပေးသည်။ အလိုက်သင့်ပင် ပြုံးပြပြီး အသိအမှတ်ပြုလိုက်၏။

"ဖြိုး ... မှတ်မိသေးလား ဟိုတစ်ခေါက် စကော့ဈေးမှာတွေ့တဲ့ ဘောဘီလေ"

ဖြိုးက ခေါင်းညိတ်ပြ၏။

"အေး ဟုတ်တယ်ကွ ... ဘောဘီနဲ့ကိုယ်ဆုံတော့ မို့ကို ဈေးမှာတွေ့ခဲ့တယ် ပြောတယ်"

ဟု မေလွင်က ဝင်ပြောသည်။

"အဲဒီ ဘောဘီနဲ့ မေလွင်တို့က ကျောင်းမှာကတည်းက မမမိုနဲ့ တွဲခဲ့ကြတာလေ၊ မေလွင်နဲ့ ဘောဘီကတော့ အတွဲဆုံး၊ အခုထိ တွဲနေတုန်းတဲ့"

မမမိုက သူ့စကားကို ဆက်၏။

"ရှုထဲဝင်ရအောင် မမမို ..."

ဟု ပြောကာ မမမို့သူငယ်ချင်း မေလွင်ကိုလည်း သွားမယ်နော်ဟု နှုတ်ဆက်သည်။

မမမိုက သူ့ပုခုံးကို လှမ်းကိုင်လိုက်စဉ် ရုတ်တရက် ရင်ထဲမှာ ထိတ်သွား၏။ မလုံမလဲကြည့်ဖြင့် မေလွင်ဆိုသော အမျိုးသမီးဆီကို မျက်စိရောက်သွားသည်၊ နောက်မှာကျန်ခဲ့သော မေလွင်သည် သူတို့နှစ်ဦးကို ငေးကြည့်နေဆဲ၊ ထိုအကြည့်ထဲက အဓိပ္ပာယ်ကို ဖြိုးက နားလည်လိုက်သည်၊

☆

"ငါ့ကို မင်း နားလည်စေချင်တယ် ဖြိုး၊ ငါ အခုပြောတာတွေအားလုံး ငါမင်းကို တကယ်ခင်လို့ စေတနာထားလို့ ပြောတာတွေချည့်ပဲ"

ဆေးလိပ်ကို မီးညှိဖွာရှိုက်ပြီး ထွန်းအောင်က သူ့ကို ပြောသည်၊

"တော်တော်ကြောက်စရာကောင်းတယ်နော်၊ ဘာလို့များ အရေမရ အဖတ်မရနဲ့ သူများ အတင်းပြောချင်ကြတာလဲ မသိဘူး"

ထွန်းအောင် မျက်နှာကိုကြည့်ရင်း ဖြိုးက ပြောလိုက်သည်၊ ထွန်းအောင်က ပြုံးလိုက်၏။

"ဒီမှာ ဖြိုး ... မင်းက အလုပ်ထဲတင်နှစ်ထားပြီး အလုပ်နဲ့အိမ်ပဲ သံသရာလည်နေတာ။ ဒီသတင်းဟာ ဘယ်လောက်ထိ ပြန့်နေပြီလဲ မသိဘူး။ အဲဒီဒေါ်ဘောဘီတို့ ဒေါ်မေလွင်တို့နဲ့ ဘာမှအဆက်မစပ်မရှိတဲ့ သန်းသန်းအေးလိုမိန်းကလေးတောင် သိနေတယ်ဆိုတော့ အံ့ဩစရာပဲ။ ဖြိုးနဲ့မမမို တိတ်တိတ်ပုန်း မှားနေကြတယ်ဆိုတာ ဟုတ်လားလို့ ငါ့ကိုမေးတော့ ငါတောင် အရမ်းတုန်လှုပ်သွားတယ်။ ငါက မင်းနဲ့ အရင်းနီးဆုံး အတွဲဆုံး သူငယ်ချင်းမို့ ငါဆိုပိုသိမှာပဲဆိုပြီး မေးကြည့်တာတဲ့။ နင် ဘယ်လိုသိတာလဲလို့ မေးတော့ သူတို့မြို့နယ်အသင်းနစ်လည်မှာ အပေါင်းအသင်းတွေ ပြန်ဆုံကြတော့ မင်းသတင်းကို အဲဒီမှာကြားတာလို့ သန်းသန်းအေးက ပြောတယ်။ အင်မတန် ရှက်စရာကောင်းတဲ့ သတင်းပဲ။ ပြီးတော့ မင်း ဦးကြီးသာ ပြန်ကြားရင် ဘယ်လိုနေမလဲ"

"ဟုတ်မှ မဟုတ်တာကွာ"

"မဟုတ်တာတော့ ငါ ယုံတယ်လေ။ သိတယ်လေ၊ ဒါပေမဲ့ ဒီသတင်းမျိုး ထွက်လာပြီဆိုရင် မင်း အနေအထိုင် ဆင်ခြင်သင့်ပြီ"

ထွန်းအောင် စကားကြောင့် စဉ်းစားစရာ ဖြစ်လာ၏။

"မင်း အကုန်သိပါတယ်၊ ဦးကြီး ငါ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ။ ပြီးတော့ ယုံလည်း ယုံတယ်။ ဦးကြီးက အရမ်းအလုပ်များတော့ မမမိုကို သိပ်ဂရုမစိုက်နိုင်ဘူး။ မမမိုကလည်း စိတ်ရောဂါရှိတယ်ဆိုတော့ လိုတာအားလုံး လုပ်ပေးဖို့ ဦးကြီးက ငါ့ကို မှာထားတယ်။ မမမိုကလည်း ငါလုပ်ပေးတာမှ ကျေနပ်တယ်လေ။ ဈေးအတူလိုက်ပို့၊ ရုပ်ရှင်လိုက်ပို့၊ ဘုရားလိုက်ပို့နဲ့ ငါပဲလုပ်ရတယ်။ နောက်ဆုံးကွာ မြလေးမအားရင် ဆေးတိုက်တာကအစ ငါ ဝင်ရသေးတာပဲ။ ပြီးတော့ မမမိုကလည်း ငါ့ကို ရိုးရိုးသားသား သံယောဇဉ်ရှိတာလို့ ငါသိတာပဲဟာ။ အေးပေ့ါလေ ... ဘေးလူတွေ အမြင်မှာတော့ မမမိုနဲ့ ငါ့ကို တွေ့ရင် ဦးကြီးမသိဘဲ လျှောက်လည်ပတ်နေတယ် ထင်မှာပေါ့"

"နောက်ပိုင်းဆို ဘယ်သွားသွား မြလေးကိုပါ ခေါ်ကွာ"

"မြလေးရှိရင် ငါ အမြဲခေါ်ပါတယ်။ ဒါပေမဲ့ မရှိတဲ့အခါကျတော့လည်း နှစ်ယောက်တည်း ဖြစ်သွားရော။ အေးကွာ ... နောက်တော့ဆို ဆင်ခြင်ရမှာပေါ့။ ခက်တာကလည်း ကိုယ့် ဘယ်လောက်မှန်မှန် ပတ်ဝန်းကျင်ဆိုတာ လိုက်ရှင်းပြနေလို့ ရတာမျိုးမှ မဟုတ်တာ"

"အဲဒါ ဟုတ်တယ် ဖြိုး ..."

ထွန်းအောင်က ဖြိုးစကားကို ထောက်ခံသည်။

# ၇

ဖရီစီယမ်ဆယ်မီလီဂရမ် ဆေးပြားတစ်ခြမ်းကို မြလေးက လှမ်းပေးသည်။ လက်ထဲမှာ ရေအပြည့်ပါသော ဖန်ခွက်ကိုတစ်ဖက်မှ ကိုင်ထား၏။ မြလေး၏ မျက်နှာကို တစ်ချက်စူးစိုက် တွေဝေကြည့်ရင်း ဆေးကိုလှမ်းယူကာ ပါးစပ်ထဲသို့ ပစ်ထည့်သည်။ ပြီးတော့ ရေဖန်ခွက်ကိုယူကာ တစ်ကျိုက်မော့၏။

"ကျေးဇူးပါပဲ မြလေးရယ် ..."

မမမှီက မြလေးကို ပြုံးပြလျက် ပြောလိုက်သည်။ မြလေးက ပြန်ပြုံးပြပြီး ရေဖန်ခွက်ကိုပြန်ယူကာ လှည့်ထွက်သွားသည်။

ပြတင်းမှ လှမ်းမြင်နေရသော ပန်းခင်းကိုလည်းကောင်း၊ ခြံစည်းရိုးအနားသတ် ပုဏ္ဏရိက်တန်းကိုလည်းကောင်း လှမ်းငေးနေဆဲ နောက်မှ ခြေသံကို ကြားရသည်။ ငုံ့စောင်းအကြည့်မှာ မြလေးကို တွေ့ရ၏။

"မြလေး ပြန်တော့မယ် မမမှီ ..."

မြလေးကို မျက်နှာချင်းဆိုင်ဖြစ်အောင် မမမှီက လှည့်လိုက်သည်။

"မြလေး ..."

မမမှီအသံက တိုးလျနေသည်။ ချောင်းကို တစ်ချက်ဟန့်၏။

မြလေးက မမမိုမျက်နှာကို စူးစိုက်ကြည့်လျက် မတုန်မလှုပ် ရပ်နေသည်။

"မြလေး မနက်ဖြန် ဒီအိမ်ကြီးကို ပြောင်းခဲ့တော့နော်"

"ရှင် ..."

မြလေးက အံ့သြနေသည်။

"မြလေး မမမိုတို့ အိမ်ကြီးကို ပြောင်းခဲ့တော့လို့ ပြောတာ။ မြလေး ဦးလေး ဦးလေးခင်ကို မမမို ပြောပေးမယ်နော် ဟုတ်လား"

မမမိုက မြလေးပခုံးပေါ်ကို လက်တစ်ဖက်တင်ရင်း ပြောသည်။

"မြလေး ... မြလေး ... မပြောင်းချင်ပါဘူး မမမို"

မြလေးက ခေါင်းကိုငုံ့လျက် ပြောချလိုက်သည်။

"ဘာဖြစ်လို့လဲဟင် ... ပြောင်းခဲ့ပါ မြလေးရယ်။ မမမိုလေ ... အိမ်ကြီးပေါ်မှာ တစ်ယောက်တည်း ဖြစ်နေတယ်။ အမြဲတမ်း အထီးကျန်ဆန်နေတယ်ကွယ်။ ဖြိုးကလည်း အရင်ကလို အိမ်သိပ်မကပ်ဘူးလေ။ မမမိုကိုလည်း ဂရုမစိုက်တော့ဘူး၊ အလုပ်ထဲမှာ အချိန်ပြည့်နေပြီး အားရင်လည်း သူ့သူငယ်ချင်းတွေနဲ့ လျှောက်သွားနေတာပဲ"

မမမိုမျက်နှာမှာ အားငယ်ညှိုးရော်နေမှန်း သတိထားမိသည်။

"ဦးကြီးရှိတာပဲ မမမို ..."

မမမိုထံမှ သက်ပြင်းရှည်ချသံကို ကြားရသည်။ မျက်နှာက ပြတင်းမှ အပြင်ကို လှမ်းငေးမျှော် မောနေလိုက်၏။

"အစ်ကိုကြီးက မို့ကို ဘယ်တုန်းက ဂရုစိုက်ဖူးလို့လဲ မြလေးရယ်။ သူ့စီးပွားရေး၊ လူမှုရေးကိစ္စတွေနဲ့ သူ လုံးလည်ချာလည် လိုက်နေတာပဲဟာ။ ပြီးတော့ မို့ကို ရောဂါသည်တစ်ယောက်လို သဘောထားတာပဲကွယ်"

"မြလေးက ဦးလေးခင်တို့အိမ်မှာ နေပေမဲ့ အိမ်ကြီးကို အမြဲရောက်နေတာပဲ မမမိုရယ်၊ ပြီးတော့ မမမို ခေါ်ရင် မြလေး ချက်ချင်းလာလို့ရတာပဲဟာ"

"မြလေး ... ဒီအိမ်ကြီးကို ဘာလို့ မပြောင်းချင်တာလဲဟင်"

မြလေးက မမမိုမျက်နှာကို တစ်ချက်မော့ကြည့်သည်။ ပြီးတော့ သက်ပြင်းတစ်ချက်ကို ခိုးချလိုက်၏။

"ဘာလဲ ... အစ်ကိုကြီးအော်တာ ဟောက်တာကို မြလေး လန့်နေသလား"

"ဟုတ်တယ် မမမို ... မြလေး ဦးကြီးကို ကြောက်တယ်"

မမမိုက ပြုံးလျက် မြလေးခေါင်းပေါ်သို့ လက်ဝါးဖြင့်တင်လျက် ပွတ်ရင်း မမမိုလည်း ရှိတာပဲ မြလေးရယ်၊ ဘာလို့ ကြောက်ရမှာလဲ၊ ပြီးတော့ အစခိုရင် အစ်ကိုကြီးက အိမ်သိပ်ကပ်တာမှ မဟုတ်တာဟု ပြောသည်။

"မမမို မြလေးရှိရင် စကားပြောဖော်ရနေတယ်၊ မမမိုကို မြလေး တစ်ယောက်ပဲ နားလည်တယ်လို့လည်း ထင်တယ်လေ၊ ပြောင်းခဲ့နော် မြလေး ဟုတ်လား။ ဦးလေးခင်ကို မမမို ပြောပါ့မယ်"

အကြည့်ဆုံဆဲမှာပင် မမမို၏ စိတ်အားငယ်၍ နွမ်းနယ်ညှိုးလျသော မျက်နှာကို ဂရုပြုမိသေးသည်။ မမမိုကို သနားသောစိတ်များ ရင်ထဲမှာ ဝေဖိတ်လာ၏။ ခေါင်းတစ်ချက် ညိတ်ဆဲမှာ မြလေးမျက်နှာကို မမမိုက ရင်ခွင်ဖြင့် အပ်လိုက်သည်။

☆

"မြလေး အိမ်ကြီးပေါ်ရောက်လာတာ မမမိုအတွက် အရမ်းအဆင်ပြေသွားပါတယ်"

မြလေးက ပြုံးပြီး နားထောင်နေလိုက်သည်။

"ညက အစ်ကိုဖြိုး မသိဘူး မဟုတ်လား"

မြလေးက ကိုဖြိုးကို ပြုံးမော့လျက်ကြည့်ရင်း မေးလိုက်သည်။

"သိတာပေါ့ မြလေး ... ဦးကြီး ပြန်လာလို့ ဒေါ်လှဖဲ တံခါး ထ,ဖွင့်ပေးတာ။ ခဏကြာတော့ ဦးကြီးနဲ့ မမမိုတို့ စကားများကြတာ၊ မမမိုငိုတာ အားလုံး အစ်ကိုဖြိုး ကြားနေရတာပဲ။ ဒါကတော့ မဆန်းပါဘူးလေ"

"မမမိုနဲ့ ဦးကြီးနဲ့ ဒီလိုပဲ ခဏ ခဏ ရန်ဖြစ်ကြတယ်လားဟင် ... အစ်ကိုဖြိုး"

မြလေးက တအံ့တဩနှင့် မေးသည်။

"ဟုတ်တယ် မြလေး ... ပြောရတာ ခက်ပါတယ်ကွာ၊ မမမိုကလည်း စိတ်က အခုတစ်မျိုး တော်ကြာတစ်မျိုး။ တစ်ခါတလေမှာ ဘာမဟုတ်တာလေးနဲ့ အထအနကောက်နေတတ်တယ်။ ဦးကြီးကလည်း အရမ်းအလုပ်များပြီး စကားပြောရင် အမြဲတမ်းဟိန်းဟောက်ပြောတတ်တာဆိုတော့ အဆင်မပြေကြဘူးပေါ့"

"မြလေး ဟိုတစ်နေ့က ဆောင်းပါးတစ်ပုဒ်ထဲမှာ ဖတ်လိုက်ရတယ်။ အဲဒီ စိတ်အလိုမပြည့်တဲ့ ရောဂါရှိတဲ့သူတွေဟာ စိတ်ခဏခဏ ပြောင်းတတ်တာ၊ စိတ်ဓာတ်မရင့်ကျက်တာ တစ်ခါတလေ ပူးသလိုကပ်သလို ဖြစ်တတ်တာတွေ ရှိတယ်တဲ့။ မမမို ကြည့်ရတာ သိပ်အထီးကျန်ဆန်နေသလိုပဲ။ မေတ္တာကို ငတ်မွတ်နေသလိုပဲ။ ဒီကြားထဲမှာ ဦးကြီးဆီက ယုယကြင်နာမှုမျိုးမရဘဲ ဦးကြီးက ပစ်ထားသလိုဖြစ်နေတော့ ပိုဆိုးနေသလား ထင်တယ်နော် အစ်ကိုဖြိုး"

"ဦးကြီးကလည်း အလုပ်ကရှုပ်ရှုပ်၊ စိတ်ကတိုတိုနဲ့ဆိုတော့ ပိုဆိုးတာ အမှန်ပဲ မြလေး။ ညကလို စိတ်ဆိုးရန်ဖြစ်ကြပြီးရင် မမမိုက အိမ်တံခါးဖွင့်ပြီး ပန်းခြံထဲမှာ ထိုင်ထိုင်နေတတ်တယ်လေ"

"ဟုတ်တယ် ... ညကလည်း မြလေးဆင်းပြီး မနည်းချော့ခေါ်ခဲ့ရတာ"

"အဲဒါ အစ်ကိုဖြိုးသိတယ်။ ဒါကြောင့် ပြောတာပေါ့၊ အိမ်ကြီးပေါ်ကို မြလေး ရောက်လာတာ သိပ်ကောင်းတယ်လို့၊ အလျင်ကဆိုရင် အဲဒီလို ဆင်းသွားတိုင်း ဦးကြီးက အစ်ကိုဖြိုးကို လိုက်ခေါ်ခိုင်းတတ်တယ်။ အစ်ကိုဖြိုး သွားခေါ်ရင် မမမိုက အစ်ကိုဖြိုးကို ဖက်ပြီးငိုနေပြန်ရော။ စိတ်ညစ်ဖို့ သိပ်ကောင်းတာ။ ညကတော့ မြလေး ဆင်းသွားပြီး လိုက်ခေါ်တာသိလို့ တာဝန်တစ်ခု ပေါ့သွားရသလိုပဲလေ"

"မမမိုကို သနားပါတယ်နော်"

မြလေးကို သူ ဘာမျှပြန်မပြောလိုက်မိတော့၊ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်မိချိန်မှာပင် မြလေး ထွက်သွားတော့သည်။

## ၈

ကားကိုရပ်ပြီး ဆင်းလာသော ထူးထူးကို သုံးဦးသား ကြည့်နေလိုက်မိကြ၏။ မမမှိုပြသည့် နင်းဆီကိုင်းဖျားများကို မြလေးက လက်ဖြင့် လှမ်းယူဆွဲပေးသည်။ ဖြိုးက ပန်းကိုင်းဖြတ်သည့် ကတ်ကြေးဖြင့် ဖြတ်ချလိုက်၏။ မမမှိုနှင့် မြလေးတို့ နင်းဆီကိုင်းများ ဖြတ်နေစိုက်မှာပင် အလုပ်မှပြန်လာပြီး အောက်အဆင်းမှာ ကြုံသဖြင့် ဖြိုးက ဝင်ကူ၏။ ထူးထူးကား ရုတ်တရက်ရောက်လာတော့ ဖြိုးက အံ့သြနေသည်။ အလုပ်ထဲက ဖုန်းပြောခဲ့စဉ် လာမည်ဟု ထူးထူး မပြောခဲ့။

"ဟင် ... ထူးထူး" ဟု မြလေးလည်း အသံထွက် အံ့သြ၏။

"ဟာ ... ထူးထူးပါလား" ဟု ဖြိုးကလည်း နှုတ်မှ အသံထွက်ဖြစ်သည်။

မမမှိုက ထူးထူးကို သေချာစွာ စူးစိုက်ကြည့်နေရင်း ...

"မိန်းကလေးတွေကလည်းနော် လုံချည်က ဒူးအထက်ရောက်တော့မယ်"

ဟု ပြောလျက် ဖြတ်ချလိုက်သည့် ပန်းကိုင်းကို စုပုံသည်။

"ကိုကို့ကို လာခေါ်တာ၊ ထူးထူး သွားစရာတစ်ခုရှိလို့"

ဟု လျှောက်လာရင်း လှမ်းအော်ပြောသည်။ ပြီးမှ လျှာကလေးကို ထုတ်ပြီး မမမိုကို ကြည့်ကာ အံ့သြပြာန်ပြ၏။ မမမိုရှေ့မှာ ကိုကိုဟု ခေါ်လိုက်မိသည်ကို မှားသွားမှန်း သိပုံရ၏။ လျှာကလေး တစ်လစ်နှင့် မျက်လုံးကလေး အဝိုင်းသား ဖြစ်သွားပုံကို ဖြိုးနှင့် မြလေးက ပြုံးလျက် ကြည့်နေမိသော်လည်း မမမိုက မျက်စောင်းထိုးမှန်း သိလိုက်၏။

"ရော့ ... မြလေး"

ဖြိုးက ကတ်ကြေးကို မြလေးကို လှမ်းပေးလိုက်သည်။

"ကျွန်တော် ခဏလိုက်သွားမယ် မမမို၊ ဦးကြီးမေးရင် ခဏလေးပါလို့ ပြောပေးပါ"

မမမိုကို ပြောလိုက်၏။ မမမိုက ဘာမှပြန်မပြောဘဲ မြလေးဘက်ကို လှည့်ကြည့်နေသည်။

"ထူးထူးအိမ်ကို ပတ်လာပြန်ပြီလား" ဟု မြလေးက လှမ်းမေးရင်း နှင်းဆီကိုင်းတစ်ခုကို ညှပ်ချလိုက်၏။ တစ်ချက်နှင့်မပြတ်သဖြင့် နှစ်ချက် သုံးချက်ဆက်ဖြတ်နေသည်။

"အိမ်က ခိုင်းတာပါ။ ဒယ်ဒီရော ဒရိုင်ဘာရော မအားလို့ ထူးထူးကို ခိုင်းလိုက်တာ ထူးထူးက ဒီဝင်ခဲ့လာတာလေ"

"ဟဲ့ ... မြလေး၊ ဒီလိုဖြစ်ကတတ်ဆန်း မလုပ်နဲ့လေ၊ တစ်ချက်ထဲ တိခနဲပြတ်အောင်ညှပ်၊ မိန်းကလေးဆိုတာ ဘာလုပ်လုပ် သေသေသပ်သပ် လုပ်တတ်ရတယ်၊ ညည်းတို့ ခက်ပါတယ်"

မမမိုက မြလေးကို ပြောလိုက်စဉ် ဖြိုးရော မြလေးပါ အံ့သြရ၏။ မမမိုက ထူးထူး နေပုံထိုင်ပုံကို မကြိုက်မှန်း သိ၏။ ကားရပ်ထားရာမှ သူတို့ဆီအလာ ရေပေးသော မြောင်းကလေးကို လှွားခနဲ ထူးထူး ခုန်ကျော်လိုက်စဉ် မမမို နှာခေါင်းရှုံ့သွားသည်ကိုလည်း ဖြိုးရော မြလေးပါ သတိထားလိုက်မိသား။ ယခုလည်း မမမို ထူးထူးကို မကျေနပ်၍ စောင်းမြောင်းပြောလေပြီ သိ၏။

"သွားမယ် ... မမမို"

ဟု ဖြိုးက နှုတ်ဆက်ကာ နေရာမှ အမြန်ခွာသည်။

"မပိုင်ဘူးလား၊ ထူးထူး ကိုကို့ကို တွေ့ချင်လို့ အိမ်ကို လိုမ့်ပြီး ထွက်လာခဲ့တာ"

ထူးထူးကတော့ ဘာမှမသိ။ မြလေးတို့ကို ကျောခိုင်းထွက်လာစဉ်မှာပဲ ဖြိုးကို ပခုံးချင်းတိုက်ရင်း ပြောလိုက်သေးသည်။ အလာက ခုန်ကျော်ခဲ့သော ရေပေးမြောင်းကလေးကိုလည်း အလာကကဲ့သို့ပင် ခုန်ကျော်လိုက်ပြန်၏။

"ကိုကို အဲဒီပန်း ခုန်ဆွတ်လိုက်မယ်နော်"

မြောင်းကလေးအကျော်မှာ သစ်ပင်ပေါ်က တွဲလောင်းကျနေသော တိုက်ပန်းအနီကလေးကို လှမ်းကြည့်ရင်း နောက်လှည့်ပြောလိုက်သည်။

"ကိုကို ခူးပေးမယ် ထူးထူး"

သူ့စကား မဆုံးလိုက်ခင်မှာပင် ထူးထူးက ခုန်ဆွတ်ယူလိုက်ပြီး ဖြစ်နေသည်။

"လှလိုက်တာ ... ကိုကို"

အနားရောက်လာသော သူ့ကို တိုက်ပန်းနွယ်ကလေးကိုင်ရင်း ထူးထူးက ပြောသည်။

သက်ပြင်းတစ်ချက်ကို ခိုးချလိုက်မိ၏။

အခုခေတ် မိန်းကလေးတွေများ ခက်ပါတယ်ဆိုသည့် မမမို့အသံကို နောက်နားဆီမှ မသဲမကွဲ ကြားလိုက်ရ၏။

☆

ကားကိုမှီရပ်လျက် အင်းလျားရေပြင်ကို ငေးကြည့်ဖြစ်သည်။ ရင်ဘတ်မှာ သားရေခံနယ် အဝိုင်းကြီးနှင့် ခေါက်တွန့်ချည်စရာ ကြိုးတွဲလွဲတစ်ခုပါပြီး ခါးအထက်မှာ တိုပြတ်လျက် ခါးစည်းပါသော အင်္ကျီကို ထူးထူး ဝတ်ထားသည်။ ဝေ့တိုက်သောလေကြောင့် တွဲလွဲကြိုးစမှာ လူပ်ခါယမ်းနေသည်။ နဖူးရှေ့ချပြီး အညီအညာဖြတ်ထားသော ဆံစတို့ လွင့်လူးနေ၏။ မျက်နှာကိုင့်နိုက်မှာ ခြေသလုံးသား ဝါဝါညက်ပေါ်မှ မွေးညင်းနုနုကို သတိပြုမိစေသည်။

"လှလိုက်တာ ကိုကိုရာ ..."

ငေးကြည့်နေရင်း ထူးထူးက ပြောလိုက်သည်။ ဝင်လုဆဲ နေရောင်သည် ရွှေအိုရောင်ဖျော့ဖျော့အဆင်းဖြင့် အင်းလျားရေပြင်ကို ထိနမ်းနှုတ်ဆက်ပြီ တည့်။

"ဒီရှုခင်းကို ကိုကို ပန်းချီဆွဲဖူးတယ်"

"ဟယ် ... ကိုကိုက ပန်းချီဆွဲတယ် ဟုတ်လား"

ထူးထူးက သူ့မျက်နှာကို မော့ကြည့်ပြီး အံ့သြစွာမေးသည်။

"အင်းလေ ..."

ငွေ့ကြည့်ပြုံးပြလျက် ပြန်ဖြေသည်။

"ကြည့်စမ်း ... ထူးထူးတောင် အသိမပေးဘူး၊ ဘယ်စာအုပ်တွေမှာ ဆွဲတာလဲဟင် ..."

"စာအုပ်တွေထဲမှာ မဆွဲပါဘူး ထူးထူးရဲ့ ...။ ကိုကိုက ဝါသနာပါလို့ တက္ကသိုလ်မှာတုန်းက ပန်းချီသင်တန်းတက်ပြီး ဆွဲခဲ့တာပါ။ တက္ကသိုလ်မှာ တုန်းကလုပ်တဲ့ပန်းချီပြပွဲတွေမှာ ဝင်ပြခဲ့ဖူးတယ်လေ။ ကျောင်းထွက်ပြီး အလုပ် ထဲ ရောက်ကတည်းက မဆွဲဖြစ်တော့တာ"

"ဒါဆို ထူးထူး ပုံတူဆွဲပေးလေ"

ထူးထူး၏ ပြုံးလဲ့လဲ့ မော့လာသော မျက်နှာကို ငေးစိုက်ကြည့်ရင်း ...

"ထူးထူး ပုံတူပန်းချီကို ဆွဲပြီးတာ ကြာပြီပဲ ..."

ဟု ပြောလိုက်၏။

"ညာတာပါ"

ဟု ပြောလျက် သူ့လက်မောင်းပေါ်သို့ လက်တစ်ဖက် တင်လာသည်။

"မညာပါဘူး ထူးထူးရဲ့ ... ကိုယ့်နှလုံးသားထဲမှာ ဘယ်တော့မှ မပျက် နိုင်တော့အောင်လို့ ထူးထူး ပုံတွေကို မေတ္တာဆေးတွေနဲ့ ရေးဆွဲခြယ်မှုန်းပြီးပြီ လေ"

တင်လာသည့် ထူးထူး၏ လက်ဖျားကလေးများကို ဖမ်းဆုပ်ဖျစ်ညှစ်ရင်း ပြောလိုက်သည်။

"မယုံပါဘူး မြင်မှ မမြင်ရတာ"

"အချစ်စိတ်နဲ့ကြည့်မှ ထူးထူး မြင်မှာပေါ့။ မမြင်ရင် ထူးထူး ကိုကို့ကို မချစ်လို့ နေမှာ"

"ကြည့်စမ်း ... လည်လိုက်တာ၊ ကိုကို အစုတ်ပလုတ်"

ပြောပြီး ရင်ဘတ်ကို လက်သီးဖြင့် ဖွဖွထုသည်။

ခေါင်းငုံ့လိုက်ဆဲမှာ ဖွာနေသည့် ဆံစကို နမ်းလိုက်မိပြန်၏။ သူမ ဆံစမှ ထိုရနံ့သည်ပင် နလုံးသား သည်းပွတ်မှာ ထာဝရ တွယ်ငြိစွဲမက်နေနိုင်သေးသည်ဟု မှတ်ထင်ကြည်နူးနေဆဲ ...

အင်းလျားရေပြင်သည် စိမ်းညို့ညို့ မှောင်လာပြီတည်း။

# ၉

စိမ်းညို့ညို့မှောင်နေသည့် အင်းလျားရေပြင်ကို နောက်ခံထားကာ မင်းသားနှင့် လူဆိုးတစ်သိုက် တစ်ယောက်တစ်ပြန်စီ ထိုးကြသတ်ကြသည်။ အချက်ပေါင်းများစွာ ထိသော်လည်း မင်းသားဖြစ်၍ နာဟန်မတူပါ။ တစ်ချက်တည်း ထိလျက်နှင့် လူဆိုးခမျာ ဗုန်းဗုန်းလဲရရှာသည်။ ကြည့်ရင်း ကြည့်ရင်း ငြီးငွေ့လာ၏။ ထူးထူးဘက် တစ်ချက်ငဲ့အကြည့်မှာ စိတ်ဝင်စားစွာ စူးစိုက်ကြည့်နေသည့် ထူးထူးကို တွေ့သည်။ ထူးထူး လက်ဖျားကလေးများကို ဖမ်းယူဆုပ်ကိုင်လိုက်ရိုက်၊ ထူးထူး အကြည့်တစ်ချက် သူ့ဆီရောက်၏။

"ကောင်းကောင်းကြည့်ကွာ ..."

"ကောင်းမှ မကောင်းတာ"

"ဟာ ... ဘယ်လောက်ကောင်းလဲ၊ ကြည့်စမ်း ကြည့်စမ်း ... မင်းသားဝတ်ထားတာ ဘယ်လောက်လှလဲ တွေ့လား တော်တယ်နော် ..."

ပြောရင်း လက်ခုပ်ကို အသံမထွက်အောင် ထူးထူးက တီးနေပြန်သည်။

"လက်ခုပ်မတီးနဲ့လေ ထူးထူးရဲ့"

လက်ခုပ်သံမြည်သွားမည်ကို စိုးရိမ်စိတ်ဖြင့် တားလိုက်၏။

"ဘာလဲ ... ကိုကို အစုတ်ပလုတ် ရှက်နေပြီလား၊ ကိုကိုနဲ့မို့ပေါ့၊ ထူးထူး သူငယ်ချင်းတွေနဲ့ဆို လက်ခုပ်လည်းတီး၊ ပါးစပ်ကလည်း အော်တာပဲ။ သိပ် အရသာရှိတာ သိလား"

ရုပ်ရှင်ပိတ်ကားဆီ လှမ်းအကြည့်ခိုက်မှာ မင်းသားက နောက်ဆုံးကျန် နေသော လူဆိုးခေါင်းဆောင်နှင့် နစ်ယောက်ချင်း ထိုးသတ်နေ၏။ ကျန်လူဆိုး များက အတုံးအရုံး လဲနေကြပြီ။ နောက်ဆုံး မင်းသား၏ လက်သီးချက်ဖြင့် လူဆိုးခေါင်းဆောင်မှာ ပစ်လဲကျသွားတော့၏။

"ဟေး ... တွေ့လား"

"ဒုန်း ..."

"ဟာ ... ထူးထူး"

ထူးထူးက သူ့မျက်နှာကိုကြည့်ပြီး လျှာကလေးထုတ်ကာ သူ ဘာမှမလုပ် လိုက်ရသလို နေပြလိုက်၏။ ဘေးမလှမ်းမကမ်းမှ လူများ သူတို့ဆီ လှည့်ကြည့် ကြမှန်း သိလိုက်၏။ တော်သေးတာက ရှေ့တန်းမှာ လူမရှိ။ ဟိုးဘက် အစွန်ဆုံး လောက်မှာသာ အတွဲတစ်တွဲ ရှိသည်။

မင်းသားလက်ချက်ဖြင့် လူဆိုးလဲသွားတော့ အားပါးတရ ထူးထူးက အော်ပြီး အားပေးသည်။ "ဟေး" ဆိုသည့်အသံမှာ ထိန်းချုပ်ထားသဖြင့် မကျယ် လောင်လှသော်လည်း "ဒုန်း" ဆိုသည့်အသံက ကျယ်လောင်သွားသည်။ ကြည့် လိုက်တော့ ထူးထူးက ရှေ့ခုံပေါ်ကို ခြေထောက်စုံတင်ပြီး ကြည့်နေတာကိုး။ အားပါးတရအော်ရင်း ရှေ့ခုံကို ခြေဖြင့် ကန်လိုက်သလိုဖြစ်သွားပြီး ခုံက အောက် ကို ပြန်အကျ ဒုန်းခနဲ မြည်သွားခြင်း ဖြစ်သည်။

"ဘာလဲ ကိုကို ... ရှက်နေပြီ မဟုတ်လား"

သူ့လက်မောင်းကို ဆွဲလိမ်ရင်း တီးတိုးမေးပြန်၏။

"မကောင်းဘူးပေါ့ ..."

"ဘာဖြစ်လဲ ... ဘာဖြစ်လဲ ... ပိုက်ဆံပေးကြည့်တာပဲ"

နွတ်ခမ်းစူ စိတ်ကောက်ပြီး ပြောလိုက်သည်။ ထူးထူး မတော်တဆ ဖြစ်သွားတာပါ ကိုကိုလို့ ပြန်ပြောမည်ဟု သူက တွေးထားသော်လည်း ထူးထူးက သည်နှယ်မဆို။

"ထူးထူးက တကယ့်ကလေးပဲ"

ထူးထူး ခေါင်းပေါ်သို့ လက်တင်ရင်း ဆံစကို ယုယစွာ ပွတ်သပ်ကာ ပြောလိုက်၏။

"ကိုကို့ကို ဘယ်နှစ်ခါ ပြောရမလဲ မဲပေးပြီးပါပြီလို့"

ခေါင်းကို ဆွဲယူလျက် နားသယ်ဆံစကို နမ်းမိရှိန် ...

"ရုပ်ရှင်ကောင်းကောင်း ကြည့်ပါကိုကို၊ ကလေးမဆန်ပါနဲ့ ..."

ထူးထူးက စကားကို အတည်ဟန် တမင်ပြောလျက် ကိုယ်ကို ခွာလိုက်ပြန်သည်။

☆

"ဒီဘက် ရွှေပါ၊ ဘာလို့ အဝေးကြီး ခွာထိုင်ရတာလဲ"

ထူးထူးအသံကြောင့် မုန့်ဟင်းခါးသည် မိန်းမကြီးက မုန့်ဖတ်ကို လှမ်းဆွဲရင်း ပြုံးကြည့်သည်။ မုန့်စားနေသူ သုံးလေးဦး၏အကြည့် သူတို့ဆီ ရောက်၏။ ချက်ချင်းပင် ခွေးခြေအပုကလေးကို ထူးထူး အနားရောက်အောင် တိုးလိုက်ရသည်။ ထူးထူးက သူ့ကို ကျေနပ်ပြုံး ပြုံးပြ၏။ ထိုသို့ ပြုံးလိုက်တိုင်း ခေါင်းကလေးကို ငဲ့စောင်းလျက် အပဟင်းဟု အသံထွက်တတ်သည်ကိုလည်း သတိထားမိသည်ပင်။

ရုပ်ရှင်ကြည့်အပြီးမှာ မုန့်ဟင်းခါး စားချင်သည်ဆို၍ မုန့်ဟင်းခါးဆိုင်ရှာသည်။ စားနေကျဆိုင်က ပိတ်ထားပြီဖြစ်၍ ဘယ်မှာ ဆိုင်ရှိသည်ကို မြို့မသိ။ ကားလမ်းဘေးမှာပင် ကားနှင့် လာစားနေကျ နာမည်ကြီး ဆိုင်တစ်ဆိုင်ကိုပင် မြို့က သိ၏။ ဆိုင်မရှိတော့ဘူး ထူးထူးဟု သူ ပြောလိုက်သည်။

"ကိုကိုကလည်း သိပ်တုံးတာပဲ၊ ဒီဆိုင်တစ်ဆိုင်တည်းရှိတာမှ မဟုတ်တာ"

"ဒါဆို ဘယ်မှာ ဆိုင်ရှိသေးလဲ"

"ဈေးထဲမှာပေါ့"

ပြောပြီး၊ လာလာ ... ထူးထူး ပြမယ်ဆို၍ သူ့လက်ကို ဆွဲခေါ်သွား၏။ ဈေးထဲရောက်တော့ အစားအသောက်တန်းတွေကို ဖြတ်လျှောက်၏။ မုန့်ဟင်းခါးဆိုင် ရှိနိုး မျက်စိကို ဝေ့ကြည့်သည်။ မတွေ့။

"ဟာ ... ညှီတယ်ကွာ"

သားငါးတန်းကို လျှောက်တော့ ဖြိုးပါးစပ်က အသံထွက်သွားသည်။

"ဘာညှီတာလဲ၊ အိမ်ရှင်မတွေ မနက်တိုင်း ဒီညှီနံ့ကိုခံပြီး ရှင်တို့စားဖို့ ဝယ်ရခြမ်းရတာ၊ ညှီနံ့ခံပြီး အသားငါး ဝယ်နိုင်ရင် တော်သေးတယ်။ ညှီနံ့သာ ခံရပြီး ကန်စွန်းရွက်ဝယ်ရတဲ့ အိမ်ရှင်မတွေအတွက် ဘယ်လောက်ဆိုးသလဲ။ မစားရ အညှော်ခံ မဟုတ်ဘူး၊ မစားရ အညှီနံ့ခံ ဖြစ်နေတာတွေ သိလား"

ထူးထူးကို ရုတ်တရက်ကြည့်လိုက်စဉ် ထူးထူးမျက်နှာက ဘာမှ မပြောင်းလဲ။

ထူးထူးဆီက သည့်နယ် ရင့်ရင့်ကျက်ကျက်အတွေးမျိုးကို ကြားရတော့ အံ့ဩမိသည်မှာ အမှန်။ တကယ့်ကလေးသဖွယ် ကလေးငယ်လို ပြောဆိုပြုမူ တတ်သော်လည်း လေးနက်စွာ တွေးသည့်အခါ တွေးတတ်ပါလားဟု သတိ ပြုမိပြန်သည်။

"ကဲ ... တွေ့လား ဟိုမှာ မုန့်ဟင်းခါးသည်"

ထူးထူးပြရာကို ကြည့်လိုက်စဉ်မှာ ဈေးအိမ်သာနှင့်ကပ်လျက် မုန့်ဟင်းခါးဆိုင်တစ်ဆိုင်ကို မြင်ရ၏။ သားငါးတန်းနှင့်ကပ်လျက် အိမ်သာအနီးမှ မုန့် ဟင်းခါးဆိုင်ကို ထူးထူး ဘယ်လိုဘယ်လို သိထားသည်လဲဟု အံ့ဩရသေး သည်။ အနံ့အသက်တို့ကြောင့် မစားချင်မိသော်လည်း ထူးထူးက စားချင်နေ သည်မို့သာ ထိုင်လိုက်ရ၏။

"အကြော်နဲ့ နှစ်ပွဲ"

ဆိုတော့ ဘာကြော်ထည့်မလဲဟု ဆိုင်ရှင်က ပြန်မေးသည်။

"ရှိတဲ့အကြော်ပါ" ဟု ထူးထူးက ပြန်ပြောလိုက်၏။

ဟုတ်တယ်လေ၊ ပဲကြော်ထည့်ပါဆိုရင်လည်း ပဲကြော်မရှိလို့ မထည့်ဘူးဖြစ်မှာစိုးလို့ အကြော်နဲ့နှစ်ပွဲ မှာတာပဲဟု သူ့ဘေးကပ်ပြီး တီးတိုးပြောလိုက်သေးသည်။

မုန့်ဟင်းခါးပန်းကန် ရောက်လာတော့ ငံပြာရည်ပုလင်း လှမ်းယူပြီး မုန့်ထဲမှာ ဆမ်းသည်။ ဖြူးပန်းကန်ထဲကိုလည်း ဘာမှမမေးတော့ဘဲ လှမ်းပြီး ဆမ်းပေး၏။ ပြီးတော့ ငရုတ်သီးအမှုန့်ထည့်ထားသော ဇလုံကလေးကို လှမ်းယူကာ ကိုကို ထည့်မလားမေး၏။ သူ ခေါင်းခါပြလိုက်သည်။ ပြီးတော့ သံပုရာသီး နှစ်စိတ်ကို ယူညှစ်၏။ ကိုကိုရောဟု တံတောင်နှင့်တို့ရင်း မေးပြန်သည်။ ခေါင်းခါပြလိုက်ရ၏။

မုန့်ဟင်းခါးခွက်ကို ရှေ့မှချပြီး ဇွန်းဖြင့် မွှေနေဆဲမှာ အနံ့အသက်တို့ ဝေ့လာပြန်သည်။ စားရမှာကို စိုးရွံ့နေသလို ဖြစ်လာ၏။

"စားလေကိုကို ဘာငိုင်နေတာလဲ ..."

သူ့ကို မျက်စောင်းထိုးပြီး ထူးထူးက ပြောလိုက်၏။

"မုန့်ဟင်းခါးဆိုတာ ဒီလို ချဉ်ငံစပ်စားမှကောင်းတာ ကိုကိုရဲ့"

ဟု စကားဆက်ကာ အားရပါးရစားနေသော ထူးထူးကို သူ ကြည့်လိုက်သည်။ မုန့်ဟင်းခါးကို စားကြည့်လိုက်တော့ မဆိုးလှ။ သည်လောက် အရသာရှိမည်ဟု သူမထင်။ ဒီလိုနေရာမျိုးက ဆိုင်က လက်ရာ ဒီလောက်ကောင်းနိုင်စရာမရှိဟု တွေးထားသည်။ တကယ်စားကြည့်တော့ မုန့်ဟင်းခါးကောင်းကြောင်း သူ သိသည်။

"ကိုကို ယူဦးမလား"

"တော်ပြီ ထူးထူး၊ ထူးထူး ယူလေ"

"ဟင်းရည် ငါးမုန့်ဖိုးပေးပါ"

ထူးထူးက နောက်ထပ် တစ်ပွဲမမှာဘဲ ဟင်းရည်ငါးမုန့်ဖိုး မှာသောက်သည်။ စားပြီးတော့ ဘယ်လောက်ကျလဲဟု ဆိုပြီး သူ ပိုက်ဆံအိတ်ထုတ်ဆဲမှာပဲ ထူးထူးက ပေးပြီးနေလေပြီ။

"ကိုကို ... ဟင်းရည်အပို ဘာလို့ထပ်မတောင်းတာလဲ"

ဆိုင်ကအထွက်မှာ ထူးထူးက မေးလိုက်သည်။

"ဗိုက်ပြည့်သွားလို့ပေါ့"

ထူးထူးက ဟင်းခနဲ တစ်ချက်ရယ်သည်။

"ဘာရယ်တာလဲ"

"ဩော် ... ထူးထူးထင်တာနဲ့ တခြားစီဖြစ်နေလို့ပေါ့"

"ဘာတခြားစီလဲ ..."

"ကိုကိုက မုန့်ဟင်းခါးဟင်းရည် အပိုတောင်းမသောက်တော့ ထူးထူးနဲ့ အတွေးချင်းတူတယ် ထင်ထားလိုက်တာ။ ကိုကိုက ဗိုက်ပြည့်သွားလို့ဆိုတော့ ရယ်ချင်တာပေါ့"

"ပြောပါဦး ... ထူးထူးက ဘာလို့ တောင်းမသောက်တာလဲ"

ထူးထူးက တစ်ချက် ရယ်ပြန်သည်။ ပြီးမှ စကားကို ဆက်၏။

"ထူးထူး မုန့်ဟင်းခါးဟင်းရည်ကို အပို ဘယ်တော့မှ တောင်းမသောက်ပါဘူး၊ သောက်ချင်ရင် ဝယ်သောက်တာပဲ၊ အလကားတောင်းလို့ရလို့ သောက်တယ်ဆိုတာ မဖြစ်ချင်ဘူး။ ပြီးတော့ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က အသာရအောင် ရသလောက် အလကား တောင်းတယ်ဆိုတဲ့ စီးပိုးစိတ်မျိုးဝင်မှာ ထူးထူး သိပ်ကြောက်တယ်။ ကိုကိုလည်း အဲဒီစိတ်နဲ့ မသောက်တာလားလို့"

"ထူးထူးရယ် ... မုန့်ဟင်းခါးဟင်းရည် အပိုတောင်းသောက်တဲ့ ကိစ္စလောက်ကို ဒီအထိ ကိုကို မစဉ်းစားမိပါဘူး။ ထူးထူးကိုတော့ အံ့ဩတယ်။ တစ်ခါတစ်ခါမှာ ကလေးလို ပေါ့ပေါ့ပြော ပေါ့ပေါ့နေနဲ့၊ တစ်ခါတစ်ခါကျတော့ တကယ့်အလေးအနက်ကြီးတွေ ပြောချလိုက်တာပဲ။ ဒါနဲ့ နေပါဦး ဒီဆိုင်ကိုရော ထူးထူး ဘယ်လိုလုပ်သိတာလဲ"

ဈေးထဲက ထွက်လာခဲ့ကြသည်။

"ဒီလိုပဲ သိတာပေါ့၊ အရင်တစ်ခါ ဒီဈေးထဲရောက်တော့ ဝင်စားဖူးတယ်လေ။ ဘာလဲ ... စားမကောင်းလို့လားဟင် ကိုကို ..."

သူ့ကို မော့ကြည့်ပြီး မေးလိုက်သည်။

"မဟုတ်ဘူး ထူးထူးရဲ့... ဒီဆိုင်မှာ ဒီလောက်ကောင်းလိမ့်မယ်လို့ ကိုကို က ထင်မထားလို့။ တော်တော်လေး ကောင်းတာပဲ"

"ခက်တယ် ကိုကိုရဲ့... လူတွေက နေရာကောင်းကောင်းမှာ အဆင် အပြင်ကောင်းကောင်းနဲ့ဆို မုန့်က သိပ်ကောင်းကောင်း မကောင်းကောင်း ရောင်းကောင်းကြတာပဲ။ စားကြတာပဲ၊ ဒီလိုနေရာမျိုးက ဆိုင်ကျတော့ အထင် အမြင် သေးကုန်တယ်။ ဒီနေရာမှာ ထိုင်စားရမှာကို ရှက်ကြတယ်၊ အနံ့အသက် မကောင်းတာကတော့ တစ်ပိုင်းပေါ့လေ။ မုန့်ကောင်းရင် ကောင်းတယ်ဆိုတာ ကတော့ လက်ခံရမှာပဲ။ များသောအားဖြင့် လူတွေက အပြင်ပန်း အပြင်အဆင် ကြည့်ပြီး အထင်သေးကြ၊ နှာခေါင်းရှုံ့ချင်ကြတယ်နော်။ ဘာဖြစ်ဖြစ် အပြင်ပန်း အပြင်အဆင်နဲ့ နေရာက အဓိကလို ဖြစ်နေတယ်နော် ကိုကို"

ရုပ်ရှင်ရုံထဲမှာ ခုံကို ခြေဖြင့် စုံကန်လျက် လက်ခုပ်ကို မပြည်အောင် တီးကာ ပါးစပ်က တီးတိုးအသံထွက်ရင်း မင်းသားကို အားပေးတတ်ခဲ့သော ကလေးမလေးတစ်ယောက်ဆီက သည့်နှယ် အတွေးအခေါ်မျိုးလည်း ထွက် လာပါကလားဟု အံ့သြစိတ်ဖြစ်ရပြန်သည်လေ။

# ၁၀

"ဖြိုး ..."

မမမှိုကို လှည့်ကြည့်လိုက်မိသည်။

မမမှို အသံက မသိမသာ တုန်ခါချင်သလိုလို၊ ဆံမိတ်တွေလို ကျနေသော ပင်လယ်ကဗွီးပင်ရွက်ဖျားများကို မမမှို ငေးကြည့်နေသည်။ လရောင်သည် ပင်လယ်ကဗွီးရွက်ဖားလျားတွေကို ထိစပ် လျက် မမမှို၏ မျက်နှာပေါ်သို့ ကျနေ၏။ ဦးကြီး၏စာကြည့်ခန်းထဲမှာ စာအုပ်တွေ ရှာနေဆဲမှာ မမမှို ရောက်လာသည်။ မြလေးကို ဦးလေးခင် ခဏခေါ်သွားလို့ မမမှိုနဲ့ အောက်ကို ခဏလိုက်ခဲ့ဟုဆိုကာ အပေါ်ထပ်မှ ဆင်းသွားသည်။ စာအုပ်တစ်အုပ်ကိုဆွဲထုတ်ပြီး အခန်းထဲမှာထားခဲ့ရင်း မမမှိုနောက်က လိုက်သွားသည်။ ပင်လယ်ကဗွီးပင်များ၊ ထင်းရှူးပင်များ စီတန်းစိုက်ထားရာ နှင်းဆီခြံဘေးက လမ်းကလေးမှာ ထင်းရှူးပင်ကြီးတစ်ပင်ကို ဝန်းပတ်စိုက်ထားသည့် ထိုင်စရာခုံရှိသည်။ ထိုခုံရှိရာသို့ ဦးတည်လျှောက်သွားရင်း မမမှိုက ထိုင်သည်။ မမမှိုနှင့်ခွာလျက် ဖြိုးက ဝင်ထိုင်လိုက်သည်။

"ဖြိုးမှာ ချစ်သူရှိနေပြီလားဟင် ..."

ထိုင်လိုက်သည့် ခဏမှာပင် ဆိုင်းမဆင့် ပုံမဆင့်ဘဲ မမမှီက မေးချလိုက်၏။ မမမှီကို ကြည့်လိုက်တော့ ရွက်ဖျားတွေကို ဖြတ်ပြီး မြင်နေရသော လမင်းဆီကို မော့ကြည့်နေတာ တွေ့သည်။

"ဘာဖြစ်လို့လဲ မမမှီ ..."

စကားမလွန်စေချင်သည့်ဆန္ဒဖြင့် သူ ပြန်မေးလိုက်၏။

"မမမှီ မေးတာ အရင်ဖြေပါ ဖြိုး ..."

မမမှီက သူ့ကို တစ်ချက်လှည့်ကြည့်ရင်း မေးပြန်သည်။ သက်ပြင်းတစ်ချက်ကို ခိုးချလျက် တွဲလောင်းချထားသော ခြေနစ်ဖက်ကို ပွတ်နေမိသည်။ ခေါင်းကိုငုံ့ပြီး အဖြေကို စဉ်းစား၏။ ထိုစဉ်ခိုက်မှာပင် "ဖြိုး" ဆိုသော တုန်ခါလှုပ်ရှားသံကို ထပ်မံကြားရပြန်သည်လေ။

မမမှီ မျက်နှာကို စူးစိုက်ကြည့်ဆဲမှာ မျက်ဝန်းထဲမှာ မျက်ရည်စဝေ့သည် မြင်တော့ ရင်ထဲမှာ စိုးထိတ်ပူပန်သည်။

"မရှိသေးပါဘူး မမမှီ ..."

မမမှီကို အမှန်စကား မပြောလိုက်မိသဖြင့် ထူးထူးအပေါ်မှာ သစ္စာမဲ့ရာကျမည်လား တွေး၏။ သတ္တိနည်းရာရောက်ပြီလား စဉ်းစား၏။

မမမှီက သူ့မှာ စိတ်ရောဂါနဲ့ပဲလေ။ မမမှီကို ဘာလို့အမှန်တရားဖွင့်ပြောရမှာလဲ။ ပြောဖို့ကော လိုသေးတာမှ မဟုတ်တာ။ လိုတဲ့အချိန်ကျတော့လည်း ပြောလို့ရတာပဲဟာ။ ဦးကြီးကသာ အမိက။ ဦးကြီး မေးပြီဆိုတဲ့ အချိန်ကျတော့ အမှန်အတိုင်းပြောလိုက် ပြီးတာပဲ။ အချိန်ကျပြီဆိုတော့ မမေးရင်တောင် ဖွင့်ပြောရမှာ မဟုတ်လား။

"မင်း မမမှီကို ညာတာလား ဖြိုး ..."

"ဗျာ ..."

မမမှီစကားကြောင့် အတွေးရပ်သွားပြန်၏။

"မမမှီက လူကောင်းမှမဟုတ်တာ၊ စိတ္တဇရောဂါသည်ပဲ ငါ ညာပြောရင်ရပါတယ်ဆိုပြီး လူရာမသွင်းချင်လို့ မင်း ညာပြောတာလား ဖြိုး ..."

စကားက တိုက်ရိုက်ထိစေသည့် စကား၊ အတွေးကို ဖုံးကွယ်ထားသည့် ခပ်ပါးပါးအလွှာလို ရုတ်တရက် ဆွဲခွာလှန်လှော်သလို ပြောလိုက်သည့်စကား။ သည်စကားကြောင့် တုန်လှုပ်သွားရသည်မှာ အမှန်။

"မမမို ... ဘာတွေပြောနေတာလဲ၊ ဖြိုးကို မမမို မယုံဘူးလားဟင်"

မမမိုကို ကြည့်ရင်းပြောလိုက်မိသည်။

"မမမို ဖြိုးကို ယုံချင်ပါတယ်ကွယ်၊ ဒါပေမဲ့ ... ဒါပေမဲ့လေ မမမို အရမ်းဝမ်းနည်းတာပဲ"

"ဘာဖြစ်လို့လဲ မမမိုရယ် ..."

လေတစ်ချက်အဝှေ့မှာ သိမ်းတင်ထားသော နားသယ်မှ ဆံစရှေ့သို့ ဖွာကျသည်။

"မမမို ဒီလောကမှာ သံယောဇဉ် အကြီးဆုံးက ဖြိုးနဲ့ မြလေးပါ။ မမမို ဖေဖေ ဆုံးကတည်းက မမမိုဟာ လောကမှာ တစ်ကောင်ကြွက်လိုနေခဲ့ရ၊ ခံစားခဲ့ရတာပါ ဖြိုးရယ် ... ဖြိုးနဲ့ မြလေးသာမရှိရင် လောကမှာ မမမို ဆက်ပြီး ရှင်သန်နေဖို့ အဓိပ္ပာယ်တောင် မရှိတော့ဘူးလို့ ထင်ထားတယ်လေ။ အခု ဖြိုးမှာ ချစ်သူရှိပြီလားလို့ တွေးမိတော့ မမမို တကယ်ပဲ ထိထိခိုက်ခိုက် ခံစားရတယ်။ မမမို ဆီက ပစ္စည်းတစ်ခုကို အတင်းလုယူသွားသလို စိတ်ထဲမှာ ထင်လာတယ်၊ မမမိုတို့ကို ထားခဲ့ပြီး ဖြိုး ခွဲထွက်သွားမှာ မမမိုအပေါ်မှာထားတဲ့ သံယောဇဉ်ကြိုးကို ဖြတ်တောက်သွားမှာလားလို့ တွေးပူတယ်လေ။ နောက်ဆုံးတော့ ဖြိုးရယ် ... တစ်ဦးတည်းသော သားကို အိမ်ထောင်ချပေးရမယ့် အမေတစ်ယောက်လို မမမို နှမြောနေတယ်။ မမမို ပြောတာတွေ ဖြိုးယုံပါ မမမိုလေ ... မမမို"

စကားကို မဆက်နိုင်ဘဲ ရှိုက်သံက ဝင်လာသည်။ မမမိုကိုကြည့်ရင်း ရင်ထဲမှာ တမြည့်မြည့်ကျင်လာ၏။

"ဦးကြီးက မမမိုကို ချစ်ပါတယ်လေ"

လေပြည်နှင့် မမမိုကို နှစ်သိမ့်လိုက်၏။

အုပ်ထားသော မျက်နှာမှ လက်ဝါးနှစ်ဖက်ဖြင့် နားသယ်ဆံစနောက်သို့ သပ်တင်လျက် မမမိုက သူ့မျက်နှာကို လှမ်းကြည့်သည်။ မျက်ဝန်းမှ မျက်ရည်ဥသည် လရောင်ဖြင့် ရွှန်းလက်ကြည်စင်၏။

"အစ်ကိုကြီးက မမမှီကို နားမလည်ပါဘူး ဖြိုး၊ အစ်ကိုကြီးက မမမှီကို ချစ်လည်း မချစ်ပါဘူး။ အစ်ကိုကြီး မမမှီကို သနားတာပါ။ မမမှီကို သနားပြီး လက်ထပ်ခဲ့တယ်ဆိုတာ မမမှီ အသိဆုံးပါ ဖြိုးရယ်၊ မမမှီဘဝကလေ … မမမှီ …"

ပြောလက်စ စကားကို မဆက်နိုင်သေးဘဲ ရှိုက်လျက် မျက်နှာကို လက်ဝါးဖြင့် အုပ်ပြန်လေပြီ။

## ၁၁

ကျောင်းလွယ်အိတ်ကို တိုင်မှာချိတ်ရင်း အဝတ်အစား မလဲနိုင်သေးဘဲ မီးဖိုခန်းထဲ ဝင်သွားခဲ့သည်။ ကျောင်းစိမ်းလုံချည်ကို တိုတိုပြင်ဝတ်ရင်း မီးသွေးဖိုရှေ့မှာ ငုတ်တုတ်ထိုင်သည်။ ကျောင်းက လေးနာရီဆင်းသည်မို့ အခုဆို လေးနာရီခွဲလောက် ရှိပေမည်ဟု မှန်းကြည့်၏။

မီးသွေးကို ဖိုထဲထည့်၊ ရေနံဆီ နည်းနည်းဖျန်းမည် စိတ်ကူးနှင့် ရေနံဆီပုလင်းကို ဆွဲယူသည်။ ပုလင်းထဲမှာ ဘာမျှမကျန်။ မီးက သက်ပြင်းကိုချသည်။ အနီးအနားမှာ ငုံ့စောင်းကြည့်တော့ ထင်းရှူးသားအစကလေး လေးငါးစကို တွေ့သည်။ ယမ်းမီးခြစ်ကို ကောက်ယူပြီး တစ်ဆံထုတ်၍ ခြစ်၏။ မီးခြစ်ဆံခါးလယ်မှ ဆတ်ခနဲကျိုးသွားသည်။ နောက် တစ်ဆံထုတ်ပြီး ခြစ်သည်။ မီးမပွင့်၊ သုံးလေးချက် ခြစ်တော့မှ မီးပွင့်ရုံပွင့်ပြီး မီးငြိမ်းသွားပြန်သည်။ နောက်တစ်ဆံထပ်ပြီး သေသေချာချာ ရွေးယူပြီး ထုတ် ကာ ခြစ်လိုက်၏။ မီးစွဲလာသောအခါ ထင်းရှူးသားမှာ မီးကူးသည်။ ပြီးတော့ မီးသွေး မီးဖိုထဲထည့်ကာ မီးစွဲအောင် ပြုရ၏။

အတော်ကြာတော့ မီးခိုးတွေ တလူလူနှင့် မီးစွဲပြီ။ စာအုပ်ကတ်ထူအဖုံးဖြင့် ယပ်ရင်း ဆန်ဆေးရန် သတိရ၏။ ဆန်ထည့်သော သံပုံးအဟောင်းဆီသို့ လာပြီး အဖုံးဖွင့်ကြည့်သည်။ အထဲမှာ ဆန်မရှိ။

"ဟောတော့ ဆန်မရှိတော့ဘူး"

နှုတ်မှ အသံထွက်သွားကာ ခဏတွေပြီး စဉ်းစား၏။ ပြီးမှ အိမ်ရှေ့သို့ ခပ်သုတ်သုတ် ထွက်ခဲ့သည်။

"ဖေဖေ ... ဖေဖေ"

အိမ်ရှေ့ကာပြင်မှာ ပက်လက်ကုလားထိုင်နှင့် အိပ်ပျော်နေသော ဖေဖေ့ကိုနှိုးသည်။ ဖေဖေ့လက်မောင်းကို လှုပ်နှိုးရင်း မိုက နှာခေါင်းကို ရှုံ့သည်။ အရက်နံ့က စူးစူးရှရှ နှာခေါင်းထဲ ဝင်လာ၏။ မျက်ဝန်းအစွန့်မှာ ဖေဖေ့ ပက်လက်ကုလားထိုင်ဘေး၌ အရက်ပုလင်းနှင့် ဖန်ခွက်ကို တွေ့သည်။

"ဖေဖေ ... ဖေဖေ"

"အင်း ..."

"ဖေဖေ ဆန်မရှိတော့ဘူး"

ဖေဖေက မျက်လုံးဖွင့်လာပြီး သူ့ကို ရီဝေစွာ ကြည့်၏။ မျက်လုံးကို ပွတ်သပ်လိုက်ပြီး ကိုယ်ကို မတ်သည်။ ပြီးတော့ ဘေးက အရက်ပုလင်းကို ကောက်ယူလျက် ခွက်ထဲ လောင်းထည့်သည်။ တစ်စက်မှ ကျမလာသောအခါ ပုလင်းကို ဆောင့်ချ၏။

"ပိုက်ဆံပေး ဖေဖေ ... ဆန်သွားဝယ်မယ်"

မိုကို မျက်လွှာပင့်ကြည့်၏။ ပြီးတော့ အင်္ကျီအိတ်ထဲ လက်နှိုက်သည်။

ဆယ်တန်တစ်ရွက်နှင့် ကျပ်တန်ထွက်လာသည်။ ပြီးတော့မှ ပိုက်ဆံကို မိုအား မပေးဘဲ အိတ်ထဲပြန်ထည့်လိုက်၏။ လှမ်းယူမည်ပြင်ထားသော မိုလက်လမ်းတစ်ဝက်မှာ ရပ်သည်။

"နင့်အမေ ပြန်လာပြီလား"

"မလာသေးဘူး ဖေဖေ ..."

"အေး ... သူ လာမှ ချက်လိမ့်မယ် သမီး၊ နေပါစေ ဒါက အရက်ဖိုး"

"ဟာ ... ဖေဖေကလည်း၊ ပြန်လာလို့ ထမင်းချက်မထားရင် သမီးကို ဆူဦးဆဲဦးမှာ"

မျက်နှာညှိုးငယ်စွာ ပေးလိုက်၏။

"ဖေဖေက ဘာသိလို့လဲ ...၊ မနေ့က ညီညီနဲ့ကစားရင်း ရန်ဖြစ်တော့လည်း သမီးကိုပဲ ရိုက်တာ။ သူ့သမီး ညီညီကိုတော့ ဘာမှမပြောဘူး။ ဖေဖေ့ကို ပြန်တိုင်ရင်လည်း ထပ်ရိုက်ဦးမှာ ဖေဖေ့မိန်းမကြီးက ..."

ပြောပြီး ခြေဆောင့်ထွက်သွား၏။ မေမေ ဆုံးသွားပြီး ဖေဖေ နောက်အိမ်ထောင်ပြုလိုက်ကတည်းက သူ့ဘဝ ငရဲရောက်သွားပြီလားဟု မိုက ထင်သည်။ နောက်မိန်းမမှပါသော သမီး ညီညီမှာ မိုနှင့် သက်တူရွယ်တူဖြစ်ပြီး ခဏခဏ ရန်ဖြစ်တတ်သည်။ ထိုအခါတိုင်း သူ အရိုက်ခံရစမြဲ။ အသက်ရှစ်နှစ် အရွယ်ချင်း တူပေမင့် အိမ်အလုပ်အားလုံးကို မိုသာ လုပ်ရသည်။ ထမင်းချက်၊ အဝတ်လျှော်ကစပြီး မှီအလုပ်ချည့်သာ။ ဖေဖေကတော့ တစ်နေကုန် အရက်မူးနေတတ်သည်။ အရက်ဖိုးပြတ်သွားလျှင်သာ ဆူတတ်သော်လည်း အရက်ဖိုး ရှိလျှင် ငြိမ်နေသည်။

"ဒီမိန်းမကလည်း တစ်နေကုန် ဖဲလည်ရိုက်ဖို့ပဲ တတ်တယ်။ ဆန်အိုးထဲ ဆန်မရှိတာ မသိဘူး။ ငါ့ပစ္စည်းလည်း သူ ဖဲရိုက်တာနဲ့ကုန်ပြီ ကြွေးတွေလည်း လည်ပင်းခိုက်လာပြီ"

ဖေဖေ့ထံမှ ဗျစ်တောက် ဗျစ်တောက် အသံကို မှီကြားနေရ၏။

☆

"မင့်ကို ငါ ငွေ ထပ်မထုတ်ပေးရဲတော့ဘူး သိန်းအောင် ..."

ဦးမြထွန်းက ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်ရင်း ပြောလိုက်သည်။ ဦးသိန်းအောင်မှာ ဦးမြထွန်းနှင့် သက်တူရွယ်တူဖြစ်သော်လည်း စီးပွားရေး ချွတ်ခြုံကျမှုဒဏ်နှင့် အရက်ဒဏ်ကြောင့် လူမှာ ပိန်ချုံးအိုစာလှသည်။

"မင်း စဉ်းစားကြည့်စမ်း၊ မင့်မိန်းမရှိတုန်းက ပစ္စည်းတွေ အခု ကုန်ကုန်ပြီ မဟုတ်လား။ တစ်နေကုန် ဖဲလည်ရိုက်နေတဲ့ မိန်းမကို မင်း ပေါင်းနေသရွေ့

မင်းလည်း ဒီလိုနဲ့ သေမှာပဲ။ စိတ်ညစ်တယ်ဆိုပြီး သောက်ရင်းနဲ့ မင်း အခု အရက်ကျေးကျွန် ဖြစ်နေပြီ၊ အဖတ်ဆယ်လို့ မရတော့ဘူး။ ငါ့လုပ်ငန်းတွေ အားလုံးလည်း မင့်ကြောင့် ဘယ်လောက်ထိခိုက်လဲ မင်း ပြန်တွက်ကြည့်စမ်း။ အခုဆို မင်း ငါ့ကိုပြန်ပေးရမယ့် ကြွေးတွေ ဒီတစ်သက် ဆပ်လို့ကုန်ပါဦးမလား။ အရင်က မင်းကို ငါ ဘယ်လောက် အားကိုးခဲ့ရသလဲ။ ငါ့ လုပ်ငန်းတွေကို မင်း ဘယ်လောက်လုပ်ပေးနိုင်ခဲ့သလဲ၊ အခုတော့ မင်း သွားပြီ ..."

ဦးမြထွန်း စကားကို ဘာမှပြန်မပြောဘဲ ခေါင်းငုံ့နားထောင်နေရင်း ဦးသိန်းအောင်က အရက်ပုလင်းကို မျက်စောင်းထိုးနေမိ၏။ ဦးမြထွန်း မြန်မြန် ပြန်သွားပါစေဟု စိတ်ထဲက တောင်းနေသည်။

"မင်းသမီးလေး မှီကို ဘယ်လောက် သနားဖို့ကောင်းလဲ၊ မိထွေးက နှိပ်စက်လိုက်၊ မယားပါသမီးက ရန်ထောင်လိုက်နဲ့၊ သူ့ခမျာ အိမ်အလုပ်လည်း လုပ်ရသေးတယ်။ စိတ်လည်း တစ်စက်မှ ချမ်းသာရတာ မဟုတ်ဘူး၊ ဒါတောင် ငါက မင့်အိမ်ကို ခဏရောက်တာ။ နေ့တိုင်း ဘယ်လောက် ဝဋ်ခံနေရမှန်း မသိဘူး"

ဦးမြထွန်းက ဆေးပြင်းလိပ်ပြာခြွေရင်း ဆက်ပြောပြန်၏။ သိန်းအောင် ကတော့ မလှုပ်မယှက်၊ သက်ပြင်းကိုသာ ချနေသည်။

"နေပါဦး ... အခု မင်းသမီးကိစ္စ ဘယ်လို စဉ်းစားထားလဲ၊ သူ့အမှတ်က ဆေးမီတယ်ဆို"

"ဟုတ်တယ်ဆရာ ... သမီးလေးအမှတ်က ဆေးကို ကောင်းကောင်း မီတယ်တဲ့။ သမီးက ဆရာဝန် သိပ်ဖြစ်ချင်တာ၊ ငယ်ငယ်လေးကတည်းက သိပ် ဝါသနာပါတာ။ ဒါပေမဲ့ ဘာမှမတတ်နိုင်ပါဘူးလေ၊ ရှိးရိုးဘွဲ့ပဲရအောင် မနည်း ထားရမှာ။ ဒီခြံနဲ့အိမ်ကို ပေါင်ရမယ် ထင်တယ်"

"မင်း မိုက်တာတွေ သိန်းအောင်။ မင်း မိုက်တာတွေကို မင်းသမီးလေး ခံရတာပဲ။ တက္ကသိုလ်တော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ထားကွာ။ မင်းသမီးလေး ကျောင်းစရိတ် အစစအရာရာတော့ ငါ တာဝန်ယူလိုက်မယ်။ မင်းတို့ မိုက်ပေ မယ့် ကလေးကိုတော့ ငါသနားတယ်"

"တကယ်ပြောတာလား ဆရာ။ ကျေးဇူးပါဗျာ၊ နို့မို့ဆိုရင် ကျွန်တော် အိမ်ကို ရောင်းရ ပေါင်ရတော့မှာ။ ဟိုမိန်းမကလည်း သမီး ကျောင်းထားဖို့ကို ကြည်ဖြူတာ မဟုတ်ဘူး၊ အမြဲ ကန့်ကွက်နေတာ။ အခုလို ဆရာကူညီမယ် ဆိုတာ ကြားရတော့ သမီးလေးအတွက် ဝမ်းသာလိုက်တာဗျာ၊ တကယ်ပါ"

ဦးသိန်းအောင်က ဦးမြထွန်း ဒူးတစ်ဖက်ကိုကိုင်ရင်း တုန်ယင်စွာဖြင့် ဆိုသည်။

# ၁၂

"ဖေဖေ့ကျန်းမာရေး၊ ဖေဖေ့စီးပွားရေးအတွက် မမမို ခေါင်းထဲမှာ ဘယ်တော့မှ မထွက်ဘူးလေ။ တတ်နိုင်ရင် ဖေဖေ့ကို ဒီနွံထဲက မမမို ဆွဲထုတ်ပေးချင်တယ်။ ဖေဖေ့ နောက်မိန်းမ ဖဲရိုက်တာ အသုံးအဖြုန်းကြီးတာ၊ စီးပွားရေး ယိုင်နဲ့လာတာ၊ နောက် ဖေဖေ အရက်စွဲခဲ့တာတွေ၊ စီးပွားရေး ပိုပြီးကျပ်တည်းလာတာတွေကို မမမို ငယ်ငယ်လေးကတည်းက ခံစားပြီး သိနေတာပဲ။

ဒီအကြပ်အတည်းတွေအတွက် မမမို တာဝန်ယူချင်တယ်၊ ထွက်ပေါက်ရှာတယ်။ ဒါပေမဲ့ ဘာမှမတတ်နိုင်ခဲ့ဘူး။ ဆယ်တန်းအောင်တုန်းက အလုပ်ဝင်ဖို့ ကြိုးစားခဲ့တယ်။ ဖေဖေက တက္ကသိုလ် အတင်းပို့တယ်။ ဖေဖေ စိတ်ချမ်းသာအောင် တက္ကသိုလ် တက်ခဲ့တာပါ။ ခေါင်းထဲမှာတော့ ဖေဖေတို့ အကျပ်အတည်းတွေကိုပဲ ရှင်းပေးချင်တယ်၊ တကယ်တမ်း ကိုယ်က ဘာမှလည်း လုပ်မပေးနိုင်တော့ စိတ်မောလူမော ဖြစ်ရတယ် ဖြိုး ..."

"အိမ်ကိုပြန်ရောက်ရင်လည်းစိတ်မချမ်းသာရဘူး။ ဖေဖေ့နောက်မိန်းမနဲ့ တစ်မျိုး၊ ညီညီနဲ့တစ်မျိုး ငြိနေတယ်လေ။ ဖေဖေက သူတို့ ခြယ်လှယ်သမျှ ငုံခံတတ်ပေမဲ့ မမမိုက မခံနိုင်တော့ ထိပ်တိုက်တိုးရတယ်လေ။ နောက်တော့

ကျောင်းပိတ်ရက်တောင် အိမ်မပြန်ဖြစ်ခဲ့ဘူး။ မမမို တက္ကသိုလ် တက်ခဲ့တယ် ဆိုတာ အပျော်အပါးလုံးဝမရှိခဲ့ပါဘူး။ ကျောင်းနဲ့အဆောင်၊ အဆောင်နဲ့ကျောင်း လုံးလည်လိုက်နေခဲ့တာပါ။ အခန်းဖော်တွေမို့ ဘေဘီနဲ့ မေလွင်တို့ လောက် သာ တရင်းတနှီးရှိခဲ့တာ။ ပတ်ဝန်းကျင် အတွေ့အထိ နည်းခဲ့တယ်လေ။ ဒါပေမဲ့ မမမို နောက်ဆုံးနှစ်ရောက်တဲ့အချိန်မှာတော့ ရင်ထဲမှာ တကယ်နှစ်နှစ်ကာကာ ချစ်မိတဲ့ ချစ်သူတစ်ယောက် တွေ့ခဲ့ရတယ်"

"ဟင် ... မမမိုမှာ ချစ်သူရှိတယ်"

"ဒါပေမဲ့ ... ဖြိုးရယ်၊ ချစ်သူဆိုတာ မမမိုက သတ်မှတ်ခဲ့တာပါ။ သူ့ကို မမမိုက တစ်နေရာမှာ အမှတ်မထင် တွေ့မိပြီး စွဲလမ်းသွားမိတာ။ သူက မမမိုကို သိတောင် မသိလိုက်ပါဘူး။ မမမို စိတ်ကူးထဲမှာတော့ သူ အမြဲရှိနေ စိုးမိုးနေခဲ့ တယ်လေ။ အခန်းဖော်တွေမို့ ဘေဘီနဲ့ မေလွင်တို့ကို သူ့အကြောင်း ပြောမိ မေးမိလို့ သူတို့ကတော့ မမမို စိတ်ဝင်စားနေတယ်ဆိုတာ သိတယ်။ သူတို့ ဘယ်လိုစစ၊ ဘယ်လိုပဲ မြှောက်ပေးပေး၊ သူနဲ့ သိဖို့ တွေ့ဖို့ လမ်းစကို မမမို ကြိုးစားမရှာခဲ့ပါဘူး။ ရင်ထဲမှာတော့ သူ့ကို တကယ်စွဲလမ်းနေခဲ့တယ်လေ"

"မမမိုနဲ့ ဦးကြီးနဲ့ တွေ့တာက ..."

"မမမို ငယ်ငယ်လေးကတည်းက အစ်ကိုကြီးက မမမိုတို့အိမ် ခဏခဏ ရောက်လာတတ်တာပဲ။ မမမိုတို့အိမ်မှာပဲ အစ်ကိုကြီးက တည်းခိုတတ်တာပဲ။ သည်တုန်းကတည်းက သိကြတယ်လေ။ ဖေဖေ့အပေါ်မှာ အစ်ကိုကြီး ကျေးဇူး တွေ အရမ်းများခဲ့တာပါ။ ကျောင်းပြီးမှ မမမို ကျောင်းစရိတ်ကိုလည်း အစ်ကိုကြီး ထောက်ထားတာဆိုတာ ဖေဖေ ပြောပြလို့ သိခဲ့တယ်လေ။ ကျောင်းပြီးတော့ ချက်ချင်းမပြန်ဘဲ အပြင်ဆောင်မှာ ဘေဘီတို့နဲ့အတူ ငှားနေရင်း အလုပ်ရဖို့ ကြိုးစားခဲ့တယ်။ မမမို စိတ်ထဲမှာတော့ မမမို အရမ်းဖြစ်ချင်ခဲ့တဲ့ ဆရာဝန်မဖြစ် ခဲ့ရပေမဲ့ ဖေဖေ့ကို တစ်နည်းနည်း အထောက်အကူပေးနိုင်ဖို့ပဲ အမြဲတွေးနေ ခဲ့မိတယ်လေ"

☆

ဆောင်းနှင်းတွေ ဝေနေတဲ့ ဒီဇင်ဘာမနက်ကို မျက်စိတစ်ဆုံး ငေးမျှော်ကြည့်နေမိသည်။ မန်ကျည်းပင်ပေါ်ကို နွယ်တက်ပြီး ပွင့်နေသော ဒီဇင်ဘာပန်း ဖြူဖြူလွလွတို့၏ ရနံ့တစ်ချက်တစ်ချက်မှာ လေထဲလွင့်မျောပါလာတတ်၏။ အစောကြီးကတည်းက ဖုံးပိတ်ထူသိပ်စွာ ကျနေသည့် နှင်းထုသည် နေမြင့်ချိန်တိုင်အောင် လုံးဝပျောက်ကွယ်မသွား။ ပါးလျားရုံသာ လျော့နည်းသွားပြီး ဝေဆိုင်းနေဆဲပင်။

ပိတ်ကာနေသည့် နှင်းလွှင်ပြင်ထဲမှာ မျက်နှာတစ်ခုကို ဘာကြောင့် ယခုတိုင် စွဲလမ်းကြီးစွာ မြင်နေရပါသလဲကွယ်။ ထိုမျက်နှာတစ်ခု၏ နှိပ်စက်မှုဖြင့် ညပေါင်းများစွာ အိပ်ပျက်တာလည်း ရှိဖူးပြီ။ တွေဝေငေးမောရင်း လွမ်းစိတ်ဖြင့် ခပ်ကျိတ်ကျိတ်ကလေး သတိတရရှိနေတာ ရင်ထဲမှာ ဝေဒနာလို စွဲမြဲပြီပဲ။ ဘယ်မှာလဲလေ ... ရေရေရာရာ ဘာဆို ဘာမှမသိတတ်ပါဘဲ သူ့အပေါ် စွဲလမ်းခဲ့မိတာ သဘာဝကို ကျော်လွန်နေပြီလား။ ကျောင်းသားဘဝ ကျောင်းမပြီးခင်ကတော့ ကျောင်းဝန်းထဲမှာ ဆုံတတ်တာ၊ တွေ့တတ်တာ၊ သွားရင်းလာရင်း မြင်မိတာတွေ သူကသာ အမှုထားခဲ့မိမှာ မဟုတ်ပေမဲ့ သည်ကတော့ စွဲမှတ်နေမိသည်ပဲ။ ကျောင်းအပြီး အဆောင်မှာ ငှားနေခိုက် တိုက်တိုက်ဆိုင်ဆိုင် ဆုံမိပြန်လျှင် အရင်မျက်လွှာချ အဝေးခွာမိသော်လည်း သူ မသိဘဲ ခပ်လှမ်းလှမ်းက သူ့ကို မှန်းပြီးကြည့်ခဲ့ရတာ အခါခါပါကွယ်။

"ဘယ်လိုလဲမို လွမ်းနေပြီလား ..."

ဘေဘီအနားကို ရောက်လာပြီး ပခုံးဖက်သည်။ ဘေဘီ့ကို လှည့်ကြည့်ပြုံးပြလိုက်၏။

"အားမလျော့ပါနဲ့ကွာ၊ ရန်ကုန်တစ်မြို့တည်းနေကြတာတွေပဲ။ တစ်ခါခါတော့ ဆုံစည်းရင်းနှီးကြဖို့ အခွင့်အလမ်း ရှိလာနိုင်မှာပါ"

"ဟာ ... မဟုတ်ပါဘူး ဘေဘီရယ်"

ကြိုးစားဟန်ဆောင် ဖုံးဖိရင်း သူ့ကို သတိရနေတာကို ငြင်းဆန်ကြည့်၏။

"မညာချင်စမ်းပါနဲ့ ... မှီရာ၊ မှီ့မှာ တခြားလွမ်းစရာ ဘာမှမရှိတာ ကိုယ်တို့ သိနေတာပဲ။ မှီ စိတ်ဝင်တစားရှိတာလည်း ဒီတစ်ယောက်ပဲဆိုတာ ကိုယ်တို့ နားလည်ပါတယ်ကွာ"

ဘေဘီ့ကို ဘာမျှမပြောတော့ဘဲ သက်ပြင်းခိုးချသည်။

"မှီကတော့ အဆန်းပဲနော်၊ တစ်ခုခုဆို တကယ်စွဲလမ်းတတ်တာပဲ။ ဘေဘီတို့သာဆို ဒီလောက်ကြာအောင် ရင်ထဲမှာ စံမှာမဟုတ်ဘူး။ ရင်းရင်းနှီးနှီး လည်းမရှိ၊ ဘယ်သူမှန်းလည်းမသိဘဲနဲ့။ သူကြည့်လိုက်တာ ရင်ထဲဖိုသွားတယ် လို့ မှီ ပြောပြီးကတည်းက သူ့ကို မှီ မမေ့တော့ဘူး မဟုတ်လား"

"အဲဒါကို အချစ်လို့ ခေါ်တာပေါ့ကွ"

ရောက်လာသည့် မေလွင်က ဘေဘီ့စကားကို ဆက်ပေးသည်။

"တော်ပါ ... သူငယ်ချင်းတို့ရာ တကယ်ပဲ ဘာမှမဟုတ်ဘဲနဲ့"

မျက်နှာချင်းဆုံလိုက်ပြီး မှီက ဘေဘီနှင့် မေလွင်ကို ပြောသည်။ စကား ကို ဖွင့်ပြောဆိုလိုက်သော်လည်း ရင်ထဲက မပေါ့ပါး။ တစ်နေ့လုံးများ နှင်းတွေ ဝေနေဦးမှာလားကွယ် ...

☆

"သံကြိုးစာတဲ့ မှီ ..."

ဘေဘီက ယူလာပေးသည်။ ဘေဘီ့လက်က လှမ်းယူလိုက်ပြီး မှီက သူ့ခုတင်ဆီသွား၏။ ခုတင်ပေါ်မှာ ထိုင်ချလိုက်ရင်း ဖောက်ဖတ်သည်။

သမီး

*အမြန်ပြန်လာပါ ...*

*ဖေဖေ*

စာကိုဖတ်ရင်း လက်တွေတုန်လာ၏။ ဖေဖေ့မျက်နှာကို ချက်ချင်း မြင်သည်။ ဖေဖေ တစ်ခုခုဖြစ်ပြီဟု ထင်သည်။ ဖေဖေ့ ကျန်းမာရေးမှာ အရက်

ကျွမ်းနေပြီမို့ ယှဲ့ယှဲ့ကလေးသာ။ သေနေ့ကိုသာ ဖေဖေ စောင့်နေရပြီဖြစ်ကြောင်း အိမ်ရောက်စဉ်က အသိ။ အခုထိ စိတ်သောကကို ပိုက်ပွေ့ရင်း မချမ်းမြေ့သည့် အိမ်ထောင်ဒုက္ခကို ခံနေရသည့် ဖေဖေ့အတွက် တစ်ရက်မျှပင် စိတ်မဖြောင့်။

"ဘာတဲ့လဲ ... မီ"

ဘေဘီနှင့် မေလွင်တို့ ရောက်လာသည်။

သံကြိုးစာကို လှမ်းပေးလိုက်၏။

"ဒါဆို ... မို့ဖေဖေ တစ်ခုခုများ ဖြစ်လို့လား မသိဘူး"

"မိုလည်း အဲဒီလိုပဲ ထင်တယ်၊ မီ ဒီညရထားနဲ့ ပြန်လိုက်မယ်"

"ကြာမှာလား မသိဘူးနော်" ဟု မေလွင်က မေးသည်။

"မရောက်တာလည်း ကြာပြီကွာ၊ ပြီးတော့ ဖေဖေ့ ကျန်းမာရေးကြောင့်ဆိုရင်တော့ မီ ဖေဖေ့ကို ပြုစုရင်း ကြာလိမ့်မယ်။ အလုပ်က တစ်ခုခုထူးရင် မို့ဆီကို သံကြိုးရိုက်ပေးနော် ဘေဘီ ..."

"ရတယ် သူငယ်ချင်း ..."

☆

"သမီးဘာသာ လွတ်လွတ်လပ်လပ် ဆုံးဖြတ်ပါ သမီး။ ဖေဖေ့အတွက် ဘာမှထည့်တွက်စရာမလိုဘူး။ ဖေဖေကတော့ သမီး သဘောအတိုင်းပဲ ဖြစ်စေချင်တယ်။ ဖေဖေ့အတွက်ဆို ငယ်ငယ်ကလေးတည်းက သမီးပူပန်တတ်တာ၊ ညှာတာတတ်တာ၊ တာဝန်ယူချင်တာတွေ အားလုံး ဖေဖေ နားလည်ပါတယ်။ အခု သမီးမှာ ချစ်သူရှိပြီလား"

"ရှင် ..."

"သမီးမှာ ချစ်သူရှိပြီလား။ ချစ်သူရှိရင်လည်း သမီးသဘောကို ဖေဖေ ဘာမှ မကန့်ကွက်ဘူး။ သမီးကို ဖေဖေ ယုံတယ်"

အံကိုကြိတ်၍ စိတ်ကိုတင်းဆဲမှာပင် မျက်ရည်သည် အလိုလို စီးသွယ်ကျ၏။

ချစ်သူတဲ့ ...။ သူဟာ သမီးချစ်သူပါပဲ ဖေဖေရယ်။ သမီးရင်ထဲက စွဲမြဲစွာ ခံစားပြီး ချစ်နေရတဲ့ ချစ်သူပါပဲ။ ဒါပေမဲ့ သမီးတစ်ယောက်တည်းကသာ သိပြီး သမီးတစ်ယောက်တည်းကသာ ခံစားချစ်နေရတဲ့ ချစ်သူပါ ဖေဖေရယ်။ သူနဲ့ သမီးနဲ့က ရင်းနှီးသိကျွမ်းမှုတောင် မရှိသေးပါဘူးလေ ... စကားများစွာကို စိတ်ထဲမှာပင် ပြောပြနေမိပြန်၏။

"သမီးမှာ ... ဘာမှမရှိပါဘူး ဖေဖေ"

ဖေဖေ့မျက်နှာကို ကြည့်ရင်း ပြောသည်။

"အင်းလေ ... သမီးမှာ ချစ်သူမရှိရင်လည်း သမီး ဆုံးဖြတ်ချက်ကို သမီး ဘာသာ ဆုံးဖြတ်ပါ။ ဖေဖေကတော့ သမီးလေး ကောင်းစားတာ တွေ့ချင်တာ တစ်ခုပဲ။ ဒါပေမဲ့ ကိုယ့်အဖေလောက် လူတစ်ယောက်ကို လက်ထပ်ဖို့လည်း မတိုက်တွန်းရက်ပြန်ဘူး သမီး ..."

အဝေးကို ငေးရင်း ဖေဖေက စကားကို ခဏဖြတ်သည်။ ပြီးမှ ပြန်ဆက်၏။

"ဆရာဦးမြထွန်း ပြောတာလည်း ရှင်းပါတယ် သမီး။ သူ့အပေါ်မှာလည်း ဘာမှ အထင်မှားစရာတော့ မရှိပါဘူး။ သူက ဖေဖေ့ကို ကြိုပြီး ပြောတယ်၊ ဖေဖေ့ အပေါ်မှာရှိတဲ့ အကြွေးတွေကို သူ လျှော်လိုက်ပြီတဲ့။ ဘာမျှော်လင့်ချက်နဲ့ ဘာ ရည်ရွယ်ချက်နဲ့မှ မဟုတ်ဘူးတဲ့။ ဖေဖေ မဆပ်နိုင်တော့မှန်းသိလို့ သံသရာမှာ အကြွေးပါမသွားရအောင် လျှော်လိုက်တာပဲတဲ့။ အဲဒီလိုပြောပြီးမှ သမီး ကိစ္စကို သူက ပြောတာ။ သူ သမီးကို သမီးလေးတစ်ယောက်လို သံယောဇဉ်ရှိတယ်တဲ့။ သနားတယ်တဲ့။ အဲ ... သူ့မှာ အိမ်ထောင်လည်းမရှိတော့ သူ လက်ထပ်ယူချင်တယ်တဲ့။ အဲဒါ သမီးသဘော၊ ဖေဖေ့သဘောကို ပြောပါတဲ့။ ဒါပေမဲ့ ဒီကိစ္စကို အကြွေးတွေနဲ့ လျှော်တာနဲ့ ဘာမှ ရောထွေးမစဉ်းစားပါနဲ့လို့ အတန်တန် ပြောတယ်။ သမီးတို့ ဖေဖေတို့ သဘောအတိုင်း လွတ်လွတ်လပ်လပ် စဉ်းစား ဆုံးဖြတ်ပါလို့ မှာတယ်လေ"

အတွေးထဲမှာတော့ ညှိုးငယ်နွမ်းပါးနေသည့် ဖေဖေ့ပုံရိပ်များစွာ ရှိနေသည်။ အရက်သောက်စရာမရှိလျှင် မျက်နှာငယ်နှင့် မိန်းမဆီ လက်ဖြန့်တောင်း

နေရတတ်တာတွေ၊ မနက်လင်းတာနဲ့ အရက်မသောက်ရသေးလျှင် ရှုံ့မဲ့တုန်ယင်စွာ ဖေဖေ ခံစားနေရတာတွေကို တစ်လှာချင်း မြင်ယောင်သည်။

ဖေဖေ၏ နောက်ဆုံးအချိန်သည် မဝေးတော့မှန်း သိ၏။ ဖေဖေ့ကို ချမ်းမြေ့ပျော်ရွှင်စွာဖြင့် နောက်ဆုံးအချိန်မှာ နေသွားစေချင်သည့်ဆန္ဒ ရင်ထဲမှာ ထာဝရရှိနေသည်။ ဖေဖေ့အတွက်၊ မိသားစုအတွက် လူမှန်းသိစကပင် ပူပင်ဆင်းရဲစွာ ခံစားရသော်လည်း ဘာဆို ဘာမှ မည်မည်ရရ လုပ်မပေးနိုင်သေး။ သည်တစ်ခါတော့ ဖေဖေ့ကျေးဇူးကို ဆပ်မည် ဆုံးဖြတ်သည်။

"သမီး လက်ထပ်မယ် ဖေဖေ"

"ဟင် ... ဘာပြောတယ် သမီး"

"သမီး ... ဦးကြီးဦးမြတ်ထွန်းကို လက်ထပ်မယ် ဖေဖေ ..."

"သမီး ... သမီးရယ်"

ဖေဖေ သူ့ကို ဖက်ပြီး ငိုပြီတည့်။

ဖေဖေ့ကျောကိုပြန်ဖက်ကာ မိုသည်ရှိုက်ကြီးတငင် ငိုကြွေးလိုက်သည်။ ငိုနေရင်းမှ ချစ်သူ့မျက်နှာကို ဝေဝါးစွာ မြင်လာမိသည်ကိုလည်း မို့ဘာသာ မိုသိလိုက်သည်ပဲ။ ဘာတတ်နိုင်တော့မှာတဲ့လဲကွယ်...။

ဖေဖေ့အတွက် ... ဖေဖေ့အတွက်ဟု ရင်ထဲက ဖျတ်ခနဲ ခံစားရသည့် ဒဏ်ရာကို ကုစားသက်သာစေရမည်လေ။

## ၁၃

"မမမို ရည်ရွယ်ချက် အောင်မြင်ပါတယ် ဖြိုး။ မမမိုလေ ဖေဖေ မသေခင်မှာ ဖေဖေ့ကို ကောင်းကောင်းမွန်မွန် ထောက်ပံ့ထားနိုင်ခဲ့တယ်။ ဖေဖေ့ကိုအားရအောင် ဆေးကုသပေးနိုင်ခဲ့တယ်။ နောက်ဆုံး ဖေဖေ သေတော့လည်း မမမို လုလုပပ သင်္ဂြိုဟ်နိုင်ခဲ့ပါတယ်ကွယ်။ ဒါပေမဲ့ ..."

မမမိုက စကားကိုဖြတ်ပြီး ဖြိုးကို ဖျတ်ခနဲ ကြည့်သည်။

"အစ်ကိုကြီးဟာ မမမိုကို အသိုက်ထဲက လွင့်ကျနေတဲ့ ငှက်ကလေးကို သနားပါတယ်ဆိုပြီး ရွှေလှောင်ချိုင့်ထဲမှာ မွေးသလို ထားခဲ့တယ်လေ။ အစာအပြည့်၊ ရေအပြည့်နဲ့ ရွှေလှောင်ချိုင့်ထဲက ငှက်ကလေးဟာ သူ့ဘာသာ စကားကို နားလည်တဲ့ အဖော်မရှိတဲ့ဝေဒနာကို တမြည့်မြည့် ခံစားရတာ သဘာဝပါ ဖြိုးရယ်"

"ဖြိုးတို့၊ မြလေးတို့လည်း ရှိတာပဲ မမမိုရာ၊ ပြီးတော့ ဦးကြီးကလည်း အလုပ်က ခပ်များများမို့ ..."

"မမမို အားလုံးကို နားလည်ပါပြီ ဖြိုးရယ်။ မမမိုမှာ ရောဂါရှိပြီလို့ ဆရာဝန်က ပြောတာ မမမို သတိရနေတယ်။ ဆရာဝန် ပြောတာတွေအားလုံး ဟုတ်တာ

ပါပဲ၊ ရင်တွင်းမှာ အလိုမပြည့်မှု၊ ဆန္ဒမပြည့်မှုတွေ များတယ်တဲ့။ သိပ်ဟုတ်တာပေါ့။ မမမို ငယ်ငယ်ကတည်းက မိထွေးက လူရှေ့ သူရှေ့မှာရောင် အော်လိုက်ဆဲလိုက် ရိုက်လိုက်နဲ့ ခံခဲ့ရတယ်၊ စိတ်ညစ်ခဲ့ရတယ်။ အမေ့ မေတ္တာဆိုတာကိုတောင့်တငတ်မွတ်ပြီး အလိုမပြည့် ဖြစ်ရတယ်လေ။ ပြီးတော့ ဖေဖေ့အတွက်ကိုယ့်အတွက် သိတတ်တော့ စ,ပူရပြီ။ လူမှုရေးကအစ ပူပန်ကြောင့်ကြရပြန်ရော၊ အဖော်နည်းပြီး ပျော်ပျော်မနေတတ်လို့လည်း ဒီရောဂါရတာတဲ့။ ဒါလည်းဟုတ်တာပါပဲ။ မမမိုဘဝမှာ အပျော်ဆိုတာ မရှိခဲ့ပါဘူး။ မနိုင်ဝန်ကိုထမ်းရွက်တာ၊ ထမ်းလို့မနိုင်တော့ စိတ်ဆင်းရဲတာ၊ ဒါတွေကစပြီး ရောဂါပျိုးတာတဲ့။ အစ်ကိုကြီးနဲ့ရပြီးတော့ အကြီးအကျယ် စိတ်ထိခိုက်ရတာကလည်း ရှိတယ်လေ။ ပြီးတော့ အစ်ကိုကြီး ဆူပူမာန်မဲတာတွေ ခံရပါများတော့ ရောဂါကြီးလာတာပေါ့။ မမမိုသိပါတယ်၊ ဒါပေမဲ့ စိတ်လွတ်လွတ်သွားတဲ့ အခါတွေမှာ မမမို ဘာဆို ဘာမှမသိတော့ပါဘူး ဖြိုးရယ်။ မမမို ဘဝမှာ မြလေးနဲ့ ဖြိုး နှစ်ယောက်ပဲ မမမိုကိုနားလည်တယ်လို့ ထင်လာတယ်။ ဖြိုးနဲ့ မြလေးတို့ မရှိရင်တော့ မမမိုရောဂါဒီထက်ဆိုးလာပြီး မမမို သေရလိမ့်မယ်ကွယ်။ မမမိုကို ခွဲမသွားပါနဲ့ ဖြိုးရယ်…နော်"

မမမိုက အသနားခံနေသည့် မျက်ဝန်းအစုံဖြင့် ကြည့်ရင်း ဆို့နင့်စွာ ပြောနေသည်။

"စိတ်ချပါ မမမိုရယ် … ဖြိုးရော မြလေးပါ မမမိုအနားမှာ အမြဲရှိနေမှာပါ။ ပြီးတော့ ဦးကြီးကလည်း မမမိုကို ချစ်ပါတယ်။ ဦးကြီး နားလည်အောင်လည်း ဖြိုး ပြောပြပါဦးမယ်"

လေပြည်သည် တညင်းညင်းဝေ့၍ တိုက်လိုက်၏။ ဖားလျားရွက်တို့ လေခတ်၍ ဝေ့ယမ်းသံသည် ဖျပ်ဖျပ်အော်မြည်သည်။

"အပေါ်တက်ရအောင် မမမို၊ ဦးကြီးတောင် ပြန်လာခါနီးပြီ ထင်တယ်၊ ဟောဟိုမှာ … မြလေးတောင် လိုက်လာပြီ"

လမ်းကလေးအတိုင်း ဆင်းလျှောက်လာသော မြလေးကို လှမ်းမြင်ရ၏။

"လာ ... မြလေး သမီး၊ ဒီမှာ ထိုင်ရတာ သိပ်အေးချမ်းတယ်"

မမမိုက လှမ်းပြောလိုက်၏။

"အစ်ကိုဖြိုး ... ဖုန်းလာနေတယ်"

မြလေးက အနားရောက်စဉ်မှာ ပြောသည်။

"အစ်ကိုကြီးဆီက ဖုန်းလား"

"မဟုတ်ဘူး မမမို ..."

မြလေးက ဝင်ထိုင်လိုက်ရင်း ဖြေသည်။

ထိုင်ရာမှအထ မမမို့မျက်နှာကို လှမ်းအကြည့်မှာ မမမိုမျက်နှာ ကွက်ခနဲ ပျက်သွားသည်ကို လရောင်ဖြင့် သတိထားမိသည်ပဲ။

ဦးကြီးဆီက ဖုန်းမဟုတ်လျှင် ထူးထူး ဆက်တာပဲဟု မမမို သိမည်မှာ မလွဲ။

၁၀

# ၁

နှင်းကြွင်းသည် နွေကို နှုတ်ဆက်၏။

မနက်သည် နှင်းမှုန်ဝေ၍ နွေနေ့လယ်၏ သွေ့ခြောက်ပူပြင်းမှုကို မသိသာအောင် ဖုန်းကွယ်လေသလား မသိ။ ရုတ်တရက်ကြည့်ပါက ပီဘိဆောင်း၊ နှင်းလောင်းမှုန်ရီ၍ သည်မှာ ဟိုမှာ ထူသိပ်စွာ ဆိုင်းကာ နေသလို။

စောလွန်းပြီထင်လျက် ကားမှတ်တိုင်မှာ လူကအပြည့်။ တစ်စတစ်စနှင့် ပိုများလာသော လူအုပ်ကြားမှ ထူးထူးလာမည့်လမ်းဆီကို မှန်းမျှော်ရင်း မောသည်။ ကားတစ်စီးပြီး တစ်စီး လာရပ်၏။ ပြန်ထွက်၏။ တကက်သူတကက် ဆင်းသူဆင်းနှင့် မှတ်တိုင်မှာ လူပိုများလာသလို။

စောင့်နေဆဲ ခဏမှာပင် နှင်းလွှင်ပြင်သည် ပါးလျားသွားသည် မဟုတ်ဘဲ ရုတ်ခနဲ ကွယ်ပျောက်၏။ နွေနေသည် လောကကို မှုန်ဝါးစေသည့်အရာများကို ကြည်လင်သန့်စင်အောင် ဖယ်ရှားပြီလား မသိ။ အရာရာသည် ပြတ်သားကြည်စင်၍ အမြင်လင်းလက်သွားသော်လည်း နွေနေ၏ အပူငွေ့ကို သတိထားမိလာပြီ။

စို့လာသော နဖူးမှ ချွေးစကို လက်ဖဝါးဖြင့် သုတ်ဆဲမှာ ဝေးဝေးက လျှောက်လာသည့် ထူးထူးကို လှမ်းမြင်ရ၏။

"ဘာလဲ ကြာပြီလား ..."

ထမင်းဘူးကို လက်နှစ်ဖက်ဖြင့် ရှေ့မှာကိုင်ရင်း အနားလာရပ်ကာ ပြုံးစစ ဖြင့် မေး၏။ ခေါင်းညိတ်ဖြေရင်း ထူးထူးကို စူးစိုက်ကြည့်မိပြန်သည်။

မျက်နှာမှာ ထူးခြားစွာ မခြယ်မသသော်လည်း ပါးနှစ်ဘက်မှာ ပါးကွက် ကထင်သည်။ စိုပြေပြေ နှုတ်ခမ်းနီသည် အောက်နှုတ်ခမ်း ထူထူစုကို ပို၍ နုမျစ် လာအောင် ဖန်တီး၏။ မျက်ခုံးနက်မှောင်နှင့် မျက်တောင်အကော့သည် သဘာဝတိုင်း၊ ပိုင်းဝန်းကြည်လဲ့၍ ပြာစင်သော်ငြား ပြူးသည်လားဟု တွေးရဲ စရာမရှိသည့် မျက်ဝန်းအစုံသည် ပကတိတောက်ပသည်။

နဖူးပေါ်မှာ အညီဖြတ်၍ ချထားသည့် ဆံယဉ်စနှင့် ဘေးတစ်ဖက်စီက သပ်တင်လျက် နိုင်ငံခြားဖြစ် ကလစ်အဖြူကလေးနှင့် ဖိညှပ်ကာ နောက်ကျော မှာ ဖားလျားဝဲစေသည့် ဆံပင်တုကြောင့် သူ့မျက်နှာနုနုက ဏ္ဍရွှေနေရှိလာသည်။ ရှပ်အင်္ကျီမဟုတ်သော်လည်း ရှပ်အင်္ကျီနယ် ပွ၍ ခါးအကျမှာ အစည်းပါသော ကော်လံသေးသေး ကာကီရောင် အင်္ကျီအထူနှင့် ယောလုံချည်အနက်တိုတို ဝတ်ဆင်မှုကြောင့် အသွင်က သွက်၏။ ပခုံးတစ်ဖက်က လွယ်အိတ်လျော့လျော့ ကို မတင်လိုက်ရင်း ဘာကြည့်နေတာလဲ ကိုကိုဟု ထူးထူးက မေးသည်။

"ထူးထူးက လှနေလို့"

နီပြေပြေ နှုတ်ခမ်းကို ဝလုံးကလေးနယ် ဝန်းဝိုင်းသွားအောင် ဟဟ ကလေးလုပ်ကာ၊ မျက်ဝန်းပြာပြာဖြင့် ပြုံးရယ်ပြတတ်သည့် သူ့အမူအကျင့် အတိုင်း သူ့နှုတ်က ရှင်မြူးစွာ "ဟင့်"ဟု အသံထွက်သည်။

ပြီးတော့ ခေါင်းကို ရှုတ်တရက် ငုံ့လိုက်၏။

"မပြောက်နဲ့ ကိုကို ... ကိုကို့ဖို့ ထမင်းဘူး ထည့်လာတယ် သိလား"

သူ့လက်က ထမင်းဘူးကို လှမ်းယူလိုက်ရင်း လာ သွားရအောင်ဟု ပြောသည်။

"ကိုကို အစောကြီး ရောက်နေမယ် ထင်သားပဲ၊ ဟင်းက မကျက်တတ်သေးလို့လေ။ စောစောစီးစီး ထပြီး ထူးထူး ချက်ပြုတ်နေတာကို တစ်အိမ်သားလုံးကလည်း အံ့ဩနေကြတာ"

"ဘယ်လို ... ထူးထူးချက်တာ ဟုတ်လား"

"အင်းလေ ... ဟုတ်တယ်၊ ထူးထူးကိုယ်တိုင် ချက်လာတာ"

ထူးထူးကို ကြည့်လိုက်သည့်အကြည့်တစ်ချက်မှာ အံ့ဩမှုပါသွားသလား မသိ။

"ဘာလဲ ... ကိုကို မယုံဘူး မဟုတ်လား"

"ယုံပါတယ်ဗျာ ..."

"အမယ် ... မချက်ချင်လို့ပါနော်၊ ထူးထူး အကုန်ချက်တတ်တာပဲ။ ကျောင်းပိတ်ရင် ထူးထူး မီးဖိုချောင်ဝင်ရတာပဲဟာ။ ဖေဖေကဆို ထူးထူး ချက်တာက မေမေ့လက်ရာထက် ပိုကောင်းတယ် အမြဲပြောတာ။ အခုလည်း ကိုကို စားစေချင်လို့"

"ဘာဖြစ်ဖြစ် ထူးထူးချက်တာဆို ကိုကိုကတော့ စားကောင်းမှာပါ စားလို့တော့ ဖြစ်တယ်နော်"

ထူးထူးကို ငဲ့စောင်းကြည့်ကာ ပြောလိုက်စဉ် ...

"အံမယ် ..." ဟု ပြောကာ သူ့လက်မောင်းကို ဖွဖွထုတော့သည်။

"နာတယ် ထူးထူးရဲ့..."

ဟု မျက်နှာကို ရှုံ့ကာ တမင်ပြော၏။

"တကယ်လည်း မနာဘဲနဲ့ကွာ"

"မသိဘူးလေ ... ဖွဖွလေး ထုပေမဲ့ နာတယ်ပြောမှ ကြိုက်မယ်ထင်လို့"

ဟု ရယ်ပြော ပြောဖြစ်ပြန်သည်။

"ဟင်း ... သူ နာသွားမှာစိုးလို့ တကယ်မထုတာကို"

မျက်စောင်းတစ်ချက်ဖြင့် ထူးထူး လှမ်းပြောနိုက်မှာ သန်လျင်သွားသည့် သဘော်ဆိပ်ကို လှမ်းမြင်နေရလေပြီ။

☆

သဘော်ဆိုက်ထားရာကို ဆင်းသည့် ပြေလျှောလျှော ဗောတံတားကို ထူးထူးက ပြေးဆင်းသွားသည်။ နောက်မှ ဖွာဖွာလှုပ်ယမ်းနေသည့် ဆံစကို ကြည့်ရင်း သက်ပြင်းတစ်ချက်ချ၏။ သဘော်ပေါ်တက်ခါနီးမှာ နောက်လှည့်ပြီး ရပ်စောင့်၏။ သဘော်ပေါ် ရောက်နှင့်သူများက ထူးထူးကို ဝိုင်းကြည့်နေသည်ကို တွေ့၏။ ထူးထူးကတော့ ဘာမှ ဂရုစိုက်မိဟန်မတူ။

"ထူးထူးက ပြောတာဆိုတာ နေတာထိုင်တာ သိပ်ကလေးဆန်တာပဲ။ သိပ်သွက်လွန်းတယ်၊ အိမ်မှာလည်း တစ်ဦးတည်း သမီးဆိုပြီး သိပ်အလိုလိုက်ထားဟန်တူတယ်။ မိန်းကလေး မပီသတာကို မမမိုတော့ မကြိုက်ဘူး"

ဟု မမမိုက မြလေးကို ထူးထူးနှင့် ပတ်သက်ပြီး ခဏခဏ ပြောတတ်ကြောင်း မြလေးက တစ်ဆင့်ပြန်ပြောစကားတို့ကို နားမှာ ကြားယောင်ပြန်၏။ မြလေးနှင့် ထူးထူးတို့က တတွဲတွဲနှင့် သူငယ်ချင်းတွေ ဖြစ်ပေမဲ့ နေပုံထိုင်ပုံ၊ ဝတ်ပုံစားပုံက အစ အရှေ့အနောက်ပမာ ကွာသည်။

"အပေါ်ထပ် တက်မယ်နော် ကိုကို ..."

အနားရောက်ခိုက်မှာ ထူးထူးက လှမ်းပြောလိုက်၏။ သူ့လက်မောင်းကို ခိုတွဲရင်း သဘော်ပေါ်သို့ ထူးထူး တက်သည်။ အပေါ်ထပ်ဦးပိုင်းမှာ ခုံပုကလေး နှစ်လုံးယူလျက် ယှဉ်ထိုင်လိုက်ဆဲ။

"ပေး ... ထူးထူး ကိုင်ထားမယ်၊ ဟင်းရည်တွေ ဖိတ်ကုန်ပြီလား မသိဘူး"

သူ့လက်ထဲမှ ထမင်းဘူးကို လှမ်းယူလိုက်၏။

"ပြောစမ်း ... ပြောစမ်း ... အရင်က ဘယ်သူတွေနဲ့အတူ သန်လျင်သွားဖူးသေးလဲ မှန်မှန်ပြော"

စကားအကောင်းပြောနေရင်းမှ သူ့လက်မောင်းကို ဆွဲဆိတ်လိုက်ရင်း မေးလိုက်ပြန်သည်။

"မသွားဖူးပါဘူး ထူးထူးရဲ့"

"ဒါဆို ကျိန်"

"ဘယ်လိုကျိန်ရမှာလဲ"

"ဘုရားစူး"

"အင်း ... စူး"

☆

"ရေလယ်ဘုရားရောက်အောင် မသွားပါနဲ့ကွာ။ ပါဒကြီးပဲ သွားရအောင်နော် ကိုကို"

"သဘောလေ ..."

ကျောက်တန်းသွားမည့်ကားအားလုံးက ပြည့်ကျပ်နေသည်။ ကားငှားလိုက်မယ်နော် ထူးထူးလို့ပြောတော့ သဘောပဲ ထူးထူးကတော့ ရတယ် ပြော၏။ ကားငှားပြီးတော့မှ ထူးထူးက ကိုကို့ကို အားနာလို့ မငှားဘဲ လူတွေနဲ့ ရောစီးရတာ ပိုသဘောကျတယ်ဆိုတော့ ထူးထူးမျက်နှာကို အံ့သြစွာ ကြည့်ရသေး၏။

"ကားပေါ်မှာ ငြိမ့်ပြီးလိုက်ရင်း ချစ်သူနဲ့ အပျော်ခရီးထွက်ရတော့ သန်လျင်ခရီးဟာ ပျော်စရာပဲနော်။ နေ့တိုင်း အလုပ်သွား အလုပ်ပြန်တဲ့သူတွေ ကားတိုးစီးရဖို့ သဘော်ပေါ်က အပြေးအလွှား ပြေးကြဆင်းကြနဲ့ သူတို့တော့ ပျော်နိုင်မှာ မဟုတ်ဘူးနော် ကိုကို"

"အင်းပေါ့ ..."

ကားခေါင်းခန်းမှာ သူ့ပုခုံးကို ခေါင်းမှီလျက် လေးနက်သော စကားကို ထူးထူး ဆိုပြန်သည်။ ကလေးနှယ် ပြုမူပြောဆိုလိုက်၊ လေးလေးနက်နက် တွေးတောလိုက်နှင့် ရှိတတ်သော ထူးထူးကို တစ်ခါတစ်ရံ နားလည်ရန် ခက်မိသလို။

"အငွေ့အသက်ချင်း မတူလို့လား မသိဘူး၊ လွတ်လပ်ပေါ့ပါးသွားတာပဲ"

ကုံ့ကော်တန်းနှင့် လမ်းကလေးကို ဖြတ်ပြီး ပါဒကြီးဘုရားဝင်းထဲသို့ ကားလေးက ပြေးဖြတ်စဉ် ထူးထူးက ပြောလိုက်၏။

ကားရပ်ကာ ကားခရှင်းပြီး ကားပေါ်မှ ဆင်းသည်။

"ကဲပါ ... ကိုကို ဒါနအရင်ပြကြစို့"

ကားရပ်ထားရာလေးမှာ အလှူခံဌာနရှိပြီး ကြေးစည်ထုလျက် မိုက်ခွက်နှင့် တကြော်ကြော် အော်ကာ အလှူခံနေသည်။

ကားပြန်ထွက်သွားစဉ်မှာပဲ အလှူခံဌာနရှေ့ကို သူတို့ရောက်၏။

"တစ်ဆယ်"

ပြောပြီး ထူးထူးက သူ့လွယ်အိတ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်ကာ တစ်ဆယ်တန်ယူလျက် ပေးသည်။

"အမည်နဲ့ နေရပ်"

အလှူခံဌာနက ပြန်မေးလိုက်၏။

"ကိုဖြိုးကျော်၊ ဒေါ်ထူးထူးဆွေ၊ ရန်ကုန်"

အလှူခံဌာနက ဖြတ်ပိုင်းကလေး ပြန်ပေးသည်။

"ဒီမှာ ဘကြီး ... အော်တော့ မအော်ပါနဲ့နော်"

ဟု ထူးထူးက ပြောလိုက်သဖြင့် မိုက်ခွက်ကိုင်ပြီး အော်ရန် အားယူနေသော အလှူခံဌာနမှ ဘကြီးက ထူးထူးကို ကြည့်သည်။

"အော်လိုက်မှ သမီးတို့ ဒါနကို ပတ်ဝန်းကျင်ကသိပြီး သာဓု ခေါ်နိုင်မှာပေါ့ကွယ်"

"အံမယ်လေး နေပါစေဘကြီး ... ရန်ကုန်က ဒက်ဒီတို့ မာမီတို့အသိတွေ ကြားသွားမှ ဟုတ်ပေ့ဖြစ်နေမယ်"

ဟု ပြောကာ ကျောခိုင်းထွက်လာခဲ့၏။

"ထူးထူးက ကြောက်တတ်လိုက်တာ"

"အော်လည်း ဘာထူးမှာလဲ ကိုကိုရယ်၊ ကိုယ့်ဒါနကို ကိုယ် ကုသိုလ်ရမှာပဲ"

ဟု ထူးထူးက ပြန်ပြောသည်။

ဘုရားပေါ်ကို လှမ်းတက်ရန် ဖိနပ်ချွတ်လိုက်စဉ် သူ့ဖိနပ်ကို ထူးထူးကကောက်ယူလိုက်၏။

☆

သပ္ပာယ်တင့်တယ်လှသော ဆင်းတုတော်ကြီးရှေ့အရောက် ဝယ်ခဲ့သော သပြေပန်းစည်းနှစ်စည်းကို ထူးထူးက သူ့လက်မှယူလျက် ပန်းအိုးမှာ စိုက်သည်။

"ကိုကို သေသေချာချာ ဆုတောင်းနော်"

ဟု ပြန်ပြောရင်း သူ့ဘေးမှာထိုင်လျက် ဘုရားဝတ်ပြုသည်။ သူ ဘုရားဝတ်ပြုပြီး လှည့်အကြည့်မှာ ထူးထူး ဆုတောင်းနေဆဲ။

"လာ ... ကိုကို ကျောင်းဝင်းထဲ ဝင်ကြည့်ရအောင်"

လှမ်းငေးကြည့်သော ခပ်ဝေးဝေးမှာ သစ်ပင်များ အုပ်ဆိုင်းနေသည့် ကျောင်းဝင်းကို မြင်ရသည်။ ရပ်ကြည့်နေသည့်နေရာမှ သွားလို့မရ။ ဘုရားကို တစ်ပတ်ပတ်ပြီး ပြန်ဆင်းကာ အလှူခံဌာနအနီးအပေါက်မှ ဝင်လာခဲ့ကြ၏။

"အေးဆေးလိုက်တာနော်"

နောက် ဘေးဘက်ခပ်ကျကျမှာ ဘုန်းကြီးကျောင်းတိုက်တစ်ခုကို တွေ့ရသော်လည်း လူရိပ်လူယောင် မမြင်။ လက်ဝဲဘက်ကို ချိုးကွေ့အချ၊ အုတ်ကျောင်းအဟောင်းတစ်လုံး နှစ်လုံးကို တွေ့ရ၏။ အစွန်ဆုံးအုတ်တိုက်မှာ ဘုရားနှင့် အပြိုင်လောက် ရှိပေမည်။ ထိုနေရာသည် ဆိတ်ငြိမ်၏။ ရှေ့ကို လှမ်းမျှော်သော် ဆင်ခြေလျှောဆင်းသွားသော ကုန်းအဆင်း သစ်ပင် ဝါးပင်ကြီးများ ရှိ၏။

"ဒီအုတ်တိုက်လှေကားမှာ ထမင်းစားရအောင်ကွာ"

အုတ်လှေကားထစ် အဟောင်းပေါ်သို့ တက်ထိုင်ချရင်း ထူးထူးက ပြောလိုက်သည်။ ဇာစ်ဖက်ကို လှမ်းမျှော်ကြည့်သော် ရွာဟု ထင်ရသော လူနေရပ်ကွက်တစ်ခု၊ လှည်းတစ်စီးကို လှမ်းမြင်ရ၏။ ကွင်းပြင်မှာ နေသည် စူးစူးရဲရဲ ပူသော်ငြား ထူသိပ်သော သစ်ပင်အုပ်အောက်သို့ နေရောင်မကျသော်လည်း အပူရှိန် သိပ်ပြီးမလျော့။

"လာကွာ ... ကိုကို စားရအောင် ထူးထူး ဆာနေပြီ"

ထူးထူး ဘေးမှာ ဝင်ထိုင်လိုက်၏။ လှမ်းပေးသော ထမင်းဘူးကို ပဝါဖြေလိုက်သည်။ အဖုံးကို ဖွင့်ပြီး အဖုံးထဲသို့ ထမင်းကို ခွဲထည့်ပေးလိုက်၏။

"တော်ပြီ ကိုကို၊ ထူးထူး နည်းနည်းစားမယ်၊ ကိုကို များများစား"

"ထူးထူး ဆာတယ်ဆို"

"ကိုကိုကလည်း ထူးထူးလက်ရာကို ပြချင်လို့ စားရအောင် တမင်ပြော တာကို"

ထူးထူးစကားကြောင့် ကြည့်လျက် ပြုံးမိသေးသည်။

"စား ... ကိုကို အသည်းကတော့ နူးမှာပါ"

ထူးထူးက အသည်းကို ထည့်ပေးပြီး ပြော၏။

"အသည်းမှ မနူးရင်လည်း ထူးထူး ကြက်သား ဘယ်ကိုစားရတော့မှာ လဲ"

"အင်းလေ ... ဒါကြောင့် အသည်းကို ကျွေးတာပေါ့"

ဟု ထူးထူးက ပြောသည်။

"ကောင်းလားဟင် ..."

"တကယ်ကောင်းတယ်"

"အဟုတ်လား ..."

"ဩော် ... ဘာလို့ ညာရမှာလဲ။ ထူးထူး ဒီလောက်ဟင်းချက်တတ်မယ် မထင်မိဘူး၊ အခုတော့ အထင်ကြီးသွားပြီ"

"ဟဲ... ဟဲ... ထူးထူးလေ"

ထမင်းစားနေရင်းမှ အင်္ကျီရင်ဘတ်ကို လက်ဖြင့် ကိုင်လှုပ်၊ ကိုယ်ကို မတ်၍ ဂုဏ်ယူစကားပြောသော ထူးထူးကို တွေ့သည်။

"ထူးထူး ဟင်းချက်တတ်တာ ယုံပြီမဟုတ်လား"

"အင်းပါ ..."

ဖွန်းကို သူ့ဘက်လှမ်းပေးရင်း ပြောလိုက်၏။ ဖွန်းက တစ်ချောင်းတည်းမို့ တစ်ယောက်တစ်လှည့် စားရသည်။

"ဒါဆိုပြီးရော၊ နောက် ... ကိုကိုနဲ့ရပြီးလို့ ထူးထူး ဟင်းမချက်ရင် မချက် တတ်လို့ မဟုတ်ဘူးဆိုတာ ကိုကို ယုံပြီနော်"

"ဩော် ... ဒါကြောင့် ကြိုးစားချက်လာတာပေါ့"

"အင်းပေါ့ ..."

ဟု ပြောပြီး ထူးထူးက ပခုံးချင်း ခပ်ဖွဖွ တွန်းတိုက်လိုက်သည်။

☆

ထမင်းစားပြီး ခဏထိုင်ကာ ဘုရားထဲပြန်ရန် ထူးထူးက ပြော၏။ ပဝါစဖြင့် ထမင်းဘူးကို ခေါင်းငုံ့ထုတ်နေဆဲ ဝေ့ဝဲကျနေသည့် သူ့နဖူးဆံစကို ငုံ့ပြီး နမ်းမိသည်။

"ဘုရားရိပ် တရားရိပ်မှာ ဘာလို့ မကောင်းတာ လုပ်ရတာလဲ ကိုကို၊ ကလေးမဆန်နဲ့လေ ..."

"ကောင်းပါပြီဗျာ ..."

ထူးထူးက သဘောကျစွာ သူ့ဝုသီအတိုင်း နှုတ်ခမ်းကို ဝလုံးနယ် ဝိုင်းအောင် ဟ၍ မျက်ဝန်းများမှ ရယ်ပြနေပြန်သည်။

လာလမ်းအတိုင်း ပြန်ထွက်ပြီး ဘုရားပေါ် တက်ခဲ့ပြန်၏။

"လာ ... လာ ... သမီးတို့ သားတို့ ဟိုအောက်မှာ နတ်ကွန်းရှိတယ်၊ ဒီပန်းတွေဝယ်ပြီး သွားကန်တော့ကြ"

အတက်ဘက်နှင့် ဆန့်ကျင်ရာ တစ်ဖက်အဆင်း လှေကားအနီးမှာ အသက်ခုနစ်ဆယ်ကျော် အဘွားတစ်ဦးက ပန်းရောင်းပြန်သည်။

ထူးထူးက ဘယ်လောက်လဲဟု မေး၏။

သုံးကျပ်တည်းပါဟု ပြောလိုက်၊ ထူးထူးက ငါးကျပ်တန်တစ်ရွက် ထုတ်ပေးကာ အဘွားအိုပေးသည့်ပန်းကို ယူလိုက်၏။

"ရော့ ကိုကို အမှတ်တရ သိမ်းထားနော်"

ဟု ပြောလျက် သူ့အင်္ကျီအိတ်ထဲ ထည့်ပေးလိုက်သည်။

ထူးထူးကို ကြည့်ရသည်မှာ ပီဘိကလေးလေးနယ် ပျော်မြူးရွှင်ပျနေ၏။ ချစ်သူနှင့်အတူ လည်ပတ်ရသည့် ခရီးအတွက် ကြည်နူးမိသော်လည်း သူနယ်ကလေးတစ်ဦးလို လွတ်လပ်စွာ မပျော်မြူးနိုင်ပါလားဟု ရုတ်တရက် တွေးမိပြန်၏။ သန်လျင်က သူငယ်ချင်းတစ်ဦးထံ သွားမည်ဟု ပြောတော့ ဦးကြီးက

ဘာမှုမပြောပေမဲ့ ဦးကြီးမျက်နှာက အကြောင်းစုံသိနေသလိုလို။ လုပ်စရာကိစ္စအားလုံးကို မနေ့ကပင် ကြိုတင်လုပ်ဆောင်ခဲ့ပြီး ဒီနေ့ကိစ္စများကိုလည်းအားလုံးလိုလို လုပ်လို့ဖြစ်အောင် စီမံခဲ့ပြီး ဖြစ်၏။ သို့တိုင်လျက် အလုပ်ထဲကို အတွေးရောက်တော့ ဩော် ... ထူးထူးနယ် မလွတ်လပ်ပါလားဟု အသိဝင်လိုက်သေး၏။

"ကိုကို ဘယ်လိုပြန်မလဲ ..."

လမ်းမထိပ်အရောက် ထူးထူးက မေးသည်။

"ဟုတ်တယ် ကိုကိုလည်း စဉ်းစားနေတာ၊ ဒီကဆို ကားပြတ်မှာ သေချာတယ်လေ"

"ဒီလိုလုပ်ပါလား ... ကျောက်တန်းအထိ ဆက်စီးသွားမယ်။ အဲ့ဒီကတစ်ဆင့် ပြန်စီးရအောင်"

"ကြည့်သေးတာပေါ့ ထူးထူး၊ လာ... နေပူတယ် အအေးဆိုင်မှာ ကြံရည်သောက်ရအောင်"

အအေးဆိုင်ထဲဝင်ပြီး ကြံရည်သောက်သည်။

"ဟော ... ဟိုမှာ မြင်းလှည်းတစ်စီးလာတယ် ကိုကို မြန်မြန်သောက်"

ကျောက်တန်းဘက်ကို သွားမည့် မြင်းလှည်းတစ်စီး လာနေသည် တွေ့၏။ ထူးထူးက တားပြီး ဘယ်လဲဟု မေးသည်။ ကျောက်တန်းဆိုတော့ ဘယ်လောက်လဲ ဘာညာနှင့် ထူးထူး ဈေးစစ်နေတာ တွေ့၏။ ကြံရည်ကိုကပျာကယာပြီးအောင်သောက်ပြီး ပိုက်ဆံရှင်းကာ ထူးထူးဆီ သွားသည်။

"တက် ကိုကို ... ကျောက်တန်း ရောက်တယ်တဲ့"

"ထူးထူး အရင်တက်ပါ"

ထူးထူးက အရင်တက်လိုက်သည်။ မြင်းလှည်းထဲမှာက ကလေးမလေးနှစ်ယောက် ပါလာ၏။ ထူးထူးနှင့် သူက နောက်လှည့်ကာ ခြေတွဲလောင်းချလျက် ထိုင်သည်။ ထမင်းဘူးထည့်ထားသော လွယ်အိတ်ကို ထူးထူးက ပိုက်ထား၏။

"ဘာဖြစ်ဖြစ် ကျောက်တန်းရောက်ရင် ဘုရားကို ကုန်းပေါ်က ဖူးလို့ရမှာ ပဲ" ဟု ထူးထူးက ပြောသည်။

☆

"ဟိုကား ပြန်ထွက်လိမ့်မယ်"

မြင်းလှည်းဆရာကြီးက ပြောသည်။ လူမပြည့်သေး၍ ရပ်ထားသော ကားဆီသို့ ထူးထူးနှင့်သူ လျှောက်သွားလိုက်၏။

"ဘုရားတောင် မဖူးရတော့ဘူး" ဟု ထူးထူးက ပြောသည်။

ကားခေါင်းရှေ့က ပတ်လျှောက်ရင်း သန်လျင်ပြန်ထွက်မှာလားဟု သေချာအောင် ထပ်မေးရသေးသည်။ ကားဆရာက ဟုတ်တယ် တက်တက်ဟု ပြော၏။ ကားနောက်ဘက် ရောက်အောင်သွားပြီး တက် ထူးထူးဟု ထူးထူးကို အလျင်တက်စေသည်။ ထူးထူးနောက်က သူ တက်လိုက်၏။ ညာဘက် ခုံတန်းအစွန်မှာ နေရာလွတ်နေသေးသဖြင့် နှစ်ယောက် ထိုင်စရာရသွားသည်။

"တော်သေးတယ်နော် နေရာရလို့"

ထူးထူးက အနားကပ်ပြီး တိုးတိုးပြောလိုက်၏။

"ဟော့ ... ထူးထူး"

စကားပြောသံများ ဆူညံနေသည့်ကြားက ခေါ်လိုက်သံသည် မိုးကြိုး ပစ်သလို စူးရှသည် ထင်လိုက်၏။ အသံလာရာဆီသို့ နှစ်ဦး ကြည့်လိုက်မိကြ သည်။

"ဟင် ... အန်တီဘေဘီ"

သူတို့နှင့် မျက်နှာချင်းဆိုင် ခုံတန်းမှာ ဘေးစောင်းခပ်ကျကျဆီက ထိုင် နေသည့် ဒေါ်ဘေဘီကို လှမ်းမြင်လိုက်ရပြီး ထူးထူး နှုတ်မှ အသံထွက်သွား သည်။

"ဘုရားလာတာလား သမီး ..."

"ဟုတ်ကဲ့ အန်တီဘေဘီ ... အန်တီဘေဘီရောဟင်"

"ညီ့သည်တွေကို ဘုရားလိုက်ပို့တာကွယ်"

သူ့ဘေးမှာ ထိုင်နေသည့် အသက်လေးဆယ်ကျော်ခန့် အမျိုးသမီးကြီး နှစ်ဦးကို မေးငေါ့ပြရင်း ပြော၏။

ထိုစဉ်ခိုက်မှာ ကားစ.ထွက်လေပြီ။

"မာမီတို့ နေကောင်းလား"

"ဟုတ်ကဲ့ ..."

တစ်ယောက်နှင့်တစ်ယောက် အလှမ်းဝေးသည်မို့ ကားစ.ထွက်တော့ စကားပြတ်သွားသည်။

"ဒုက္ခပဲ ကိုကိုရာ၊ အရေးထဲမှ လာတွေ့ရသေးတယ်"

ထူးထူးက နားနားမှာ ကပ်ပြီး တီးတိုးပြောသည်။

"ဘယ်လိုလုပ်မလဲ ..."

"ဘယ်လိုမှ လုပ်လို့မရတော့ဘူး ကိုကို၊ ဒီအဘွားကြီး အိမ်ရောက်လာမှာပဲ။ ပြီးတော့ မာမီတို့ကို ပြောမှာ သေချာတယ်"

"အဲဒီတော့ ထူးထူးကို ဆူမှာပေါ့"

"အင်းလေး ... ဆူဆူပေါ့ ဘယ်တတ်နိုင်မှာလဲ"

စကားမဆက်နိုင်ဘဲ အတွေးကိုယ်စီနှင့် လိုက်ခဲ့ကြသည်။

"တစ်ခုတော့ ကောင်းသွားပါတယ်လေ၊ သူက မာမ့်ကို သူ့မောင် အငယ်ဆုံးနဲ့ ထူးထူးကို ပေးစားဖို့ ဆွယ်နေတာလေ။ ထူးထူးမှာ အတွဲရှိတယ်ဆိုတာ မပြောဘဲ သိသွားတာပေါ့ ဟုတ်ဘူးလား"

ခဏအကြာမှာ ထူးထူးက သူ့အတွေးနှင့်သူ ပြောလိုက်၏။

☆

"သဘော်ထွက်ဖို့ လိုပါသေးတယ်ကွယ်၊ လာ ... အအေးသောက်ရအောင်"

ကားပေါ်ကအဆင်းမှာ ဒေါ်ဘေဘီက လာနှုတ်ဆက်ရင်း ထူးထူးကို ခေါ်သည်။

"ကျေးဇူးပါပဲ အန်တီ၊ သမီး မသောက်တော့ပါဘူး၊ ဒါ ... ဒါလေ ကိုဖြိုး ကျော်တဲ့၊ သမီးချစ်သူလေ"

"ကိုဖြိုး ... ဒါ အန်တီဘောဘီတဲ့၊ မာမို့မိတ်ဆွေလေ။ အန်တို့အစ်မ အကြီး ဆုံးနဲ့ မာမီနဲ့က သူငယ်ချင်းတွေလေ"

"ဟုတ်ကဲ့" ဟု ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"နေပါဦး ... ကိုဖြိုးကျော်ကို အရင်မြင်ဖူးတာပဲ"

ပြောပြီး စဉ်းစားဟန်ပြုလျက် ...

"ဟို ... မို ... မိုတို့အိမ်က မဟုတ်လား" ဟု စကားဆက်၏။

"ဟုတ်ပါတယ်၊ ကျွန်တော်နဲ့ စကော့ဈေးမှာ တစ်ခါဆုံဖူးတယ်လေ"

"အေး ... ဟုတ်ပြီ၊ အစ်မက ဘယ်မှာ ဆုံဖူးလဲဆိုတာ မေ့နေတာ၊ မိုတို့ ရော နေကောင်းရဲ့လား။ မတွေ့တာတောင် ကြာပြီ၊ ဟိုတလောက မေလွင်နဲ့ ရုပ်ရှင်ရုံမှာ တွေ့တယ်လို့တော့ မေလွင်က ပြောတယ်"

"ဟုတ်ကဲ့ ... နေကောင်းပါတယ်"

ဟု စကားပြတ်အောင် ပြောလိုက်၏။

"မို့ကို ပြောပြပါကွယ်၊ ဘောဘီနဲ့ တွေ့တယ်လို့။ အားရင် ဘောဘီနဲ့ မေလွင် လာလည်ဦးမယ်လို့"

"ဟုတ်ကဲ့ ... ခင်ဗျ"

"သွားမယ် ... အန်တီ"

ထူးထူးက စကားဖြတ်ကာ ဖြိုးလက်ကိုဆွဲပြီး လှမ်းထွက်လိုက်၏။

"အန်တီဘောဘီက မမမို့နဲ့ သူငယ်ချင်းလား ကိုကို"

ထူးထူးက ဖြိုးတို့ မြလေးတို့ခေါ်သလို မမမိုဟုပဲ ခေါ်သည်။

"ဟုတ်တယ် ထူးထူး ... ကိုကိုနဲ့ စကော့မှာတစ်ခါတုန်းက ဆုံလို့ မမမို မိတ်ဆက်ပေးခဲ့ဖူးတယ်"

"ကြည့်ရတာ မမမို့က ပိုပြီးအရွယ်တင်သလိုပဲနော်။ အန်တီဘောဘီတို့နဲ့ တစ်ရွယ်တည်းဆို သုံးဆယ်လောက် ရှိပြီပေါ့"

ဟု ထူးထူးက စကားဆက်၏။

"အင်းပေါ့၊ ရှိမှာပေါ့ မမမိုက ကိုကို့ထက် ငါးနှစ်လောက်ပဲ ကြီးတာပဲ"

"ကိုကိုက ထူးထူးထက် ခြောက်နှစ်လောက်ပဲ ကြီးတာနော်"

ဟု ခေါင်းကလေးမော့ရင်း ပြောလိုက်သည်။

ဒေါ်ဘေဘီ အိမ်ပြန်တိုင်ပြီး အိမ်က သိသွားမှာကို စိုးရိမ်စိတ်ပူနေရာမှ ထူးထူးက ပုံမှန်အနေအထား ပြန်ဖြစ်သွားပြန်သည်။

"အိမ်ကဆူမှာ မကြောက်တော့ဘူးလားဟင်"

"ကြောက်တော့ကြောက်တာပေါ့၊ ဘယ်တတ်နိုင်တော့မှာလဲ၊ မေးရင် ဝန်ခံလိုက်မယ်လေ"

"သတ္တိရှိသားပဲ"

လက်မောင်းကို မှီတွဲခိုရင်း ...

"ကိုကို့ကို ချစ်တာပဲ" ဟု ပြောလိုက်သည်။

သဘော်လက်မှတ်ပေးသည့်ရုံထဲမှာ ဝင်ထိုင်လိုက်ကြ၏။

## ၂

ဘေဘီတို့များ အခုမှ လာလည်ဖော်ရတယ်ဟု မာမီက ပြောလိုက်ကတည်းက အလုပ်တွေ အရမ်းများတာပဲ မမရယ် ဒီကြားထဲမှာ ဧည့်သည်တွေ ရောက်လာလို့ ကျောက်တန်းတွေ ဘာတွေ ဘုရားဖူးလိုက်ပို့ရသေးတယ်လေဟု ပြောလိုက်သည်။

"ကျောက်တန်းမှာတောင် ထူးထူးနဲ့ တွေ့သေးတယ်၊ သမီး ပြန်ပြောပြမှာပေါ့"

အရယ်အပြုံးမပျက် ထူးခြားသည့် ကိစ္စတစ်ခုကို တိုင်တန်းဟန် မပေါ်၊ စကားစပ်မိလာ၍သာ ပြန်ဖော်ပြောပြလိုက်ရသလို ဘေဘီက ပြော၏။

"ဟုတ်လား ဘေဘီ၊ သမီး ကျောက်တန်းသွားတယ်လား။ မမတို့ ဘာမှ မသိသေးဘူး၊ သူ့သူငယ်ချင်းတွေနဲ့ လျှောက်လည်ပြီထင်တယ်"

ထူးထူး မာမီက ကြားရသည့် သတင်းအတွက် တအံ့တသြ ဖြစ်သည်။ လက်ကိုင်ပဝါဖြင့် မျက်နှာမှ ချွေးစတို့ကိုတို့ရင်း မျက်နှာကပြုံးလျက်ဖြင့် ဘေဘီက နားထောင်နေလိုက်သည်။

"မမတို့ကလည်း အိမ်ထဲမှာပဲ အမြဲနေတော့ ကိုယ့်သမီး စွံနေတာကို ကိုယ် မသိဘူးထင်တယ်။ အခုခေတ်ကတော့ ဒီလိုပါပဲ မမရယ်။ မိန်းကလေး

တွေကလည်း ယောကျ်ားလေးမိတ်ဆွေထားတာ ဘာဆန်းလဲ အတွေးမျိုးတွေ ဝင်နေလေရဲ့၊ ဘေဘီတို့၊ မမတို့ ခေတ်လိုမှ မဟုတ်တော့တာ။ လက်ထပ်တော့ သာ အိမ်ကသဘောတူတာ ယူလိုက်ရုံပဲ တွေးကြသလား မသိပါဘူး မမရယ်၊ ဟင်း ... ဟင်း ..."

ဘေဘီ့စကားကြောင့် ထူးထူးအတွက် သောကစိတ်ဖြင့် မာမီ မျက်နှာ ပျက်သွားသည်။

"ပြောပါဦး ဘေဘီရဲ့ မမတော့ ဘာမှကိုမသိတော့ဘူး။ သမီးလေးကို လည်း အခုအချိန်ထိ ကလေးလေးလိုပဲ ထင်ထားတာ။ မမကတော့ သူ့ခေါင်းထဲ မှာ ဘာမှမဝင်စေချင်လို့ ဘေဘီတို့ မေမေ ပြောထားဆိုထားတာတောင် အခု ထက်ထိ သမီးကို အသိမပေးသေးတာကြည့်၊ ဒုက္ခပါပဲကွယ် ..."

"ဩော် ... ပီတာတို့ ကိစ္စကို ထူးထူး မသိသေးဘူးလား"

"အေးကွယ် ... မမက မပြောပြသေးတာ၊ နားစွန်နားဖျား နည်းနည်းပါးပါး တော့ ကြားကောင်း ကြားမှာပေါ့။ ပြီးတော့ သူ ကျောင်းပြီး ဘွဲ့ရမှ ကိစ္စဆိုတော့ ဘာမှတောင် သူ့ကို သေသေချာချာ မပြောမိသေးပါဘူး"

"ပြောထားဦးနော် မမ၊ တော်ကြာ မသိလို့ပါဆိုပြီး သူများနောက် ပါသွား ရင် အခက်"

ရယ်ပြော ပြောလိုက်သော ဘေဘီစကားကြောင့် ထူးထူး မေမေမှာ ိုးရိမ်စိတ် ပို၍ဝင်သွားတော့သည်။

"အံမယ်လေး ... အဲဒီလိုတော့ ဘယ်အဖြစ်ခံနိုင်ပါ့မလဲ ဘေဘီရယ်။ ီသမီးလေးတစ်ယောက်ပဲ ရှိတာကို မိဘစီမံရာအတိုင်း ဖြစ်စေရမယ် မဟုတ် ဘူးလား။ ဒါနဲ့ နေပါဦး သမီးက ဘယ်သူနဲ့လဲကွယ်၊ ဘေဘီ သိရဲ့လား"

ဘေဘီက ထူးထူး မာမီရှိရာ နှစ်ယောက်ထိုင် ဆိုဖာပေါ်သို့ ရွှေ့ပြောင်း ထိုင်လိုက်သည်။

"ရှင်းရှင်းပြောရရင် ထူးထူး အခု တွဲနေတဲ့တစ်ယောက်အကြောင်း ဘေဘီသိလို့ ပိုစိုးရိမ်တာပဲ မမရေ။ စောစောက ပြောသလို လူငယ်ဘာဝ ယောကျ်ားလေး မိတ်ဆွေထားတာလောက် သူတို့ကျောင်းက အပေါင်းအသင်း ဆို ဘေဘီလည်း ဒီအထိ စိတ်ပူမိမှာ မဟုတ်ပါဘူး"

"ပြောပါဦးဟယ် ... ရင်တုန်ပန်းတုန် ရှိလိုက်တာ၊ ထူးထူး တော်တော် မိုက်တာပဲ"

"ဖြိုးကျော်တဲ့ မမရဲ့ ... ဘေဘီ သိတာကလည်း တိုက်တိုက်ဆိုင်ဆိုင် ဘေဘီ့ သူငယ်ချင်းနဲ့ ပတ်သက်နေလို့ သိတာပေါ့"

"ဘယ်သူ့အထဲကလဲ ... ဘယ်ကလဲ ..."

"ဦးမြတ်ထွန်းရဲ့တူလေ၊ ငယ်ငယ်ကတည်းက မိဘတွေဆုံးလို့ ဦးမြတ် ထွန်းက မွေးစားသားအဖြစ် မွေးစားထားခဲ့တာ၊ မျိုးရိုးကောင်းပါပဲ။ ဒါပေမဲ့ ခက်တာက ဇာတ်ရှုပ် မမရေ"

"အင်း ... ပြောပါဦး"

"အဲဒီဦးမြတ်ထွန်းဆိုတာက အသက်ခြောက်ဆယ်နီးနေပြီလေ။ သူ့ ဒုတိယ အိမ်ထောင်က မှီတဲ့၊ ဘေဘီတို့ သူငယ်ချင်းပေါ့။ ဘေဘီတို့နဲ့ ကျောင်း တုန်းက တွဲခဲ့တာ"

"ဒါဆို အသက်က တော်တော်ကွာမှာပေါ့"

"အင်းပေါ့ မမရဲ့ ... မှီက ဘေဘီတို့လောက်၊ ရှိရင် သုံးဆယ်ပေါ့"

"အဲ ... ဒီတော့..."

"အဲဒီတော့ မမရယ် ပြောရရင်လည်း သူများကွယ်ရာမှာ အတင်းပါပဲ ဟင်း ... ဟင်း"

ဘေဘီက ပေါင်ကို ပုတ်လိုက်ရင်း ဖြည်းဖြည်း တမင်လုပ်လျက် ရယ် ၏။

"ဆက်ပါဦး ဘေဘီရဲ့"

"ဖြိုးကျော်ဆိုတာက မှီ့ထက် ငါးနှစ်လောက် ငယ်မှာပေါ့။ သူတို့က တစ် အိမ်ထဲ အတူနေကြပြီးတော့ အဘိုးကြီးက အလုပ်များ၊ ခဏခဏ ခရီးထွက် ဆိုတော့ သူတို့နှစ်ယောက် အနေနီးစပ်ပြီး ငြိကြမှာပေါ့"

"ဟုတ်လား"

"ဟုတ်တယ် မမရဲ့ ... တော်တော် သတင်းထွက်နေတာပဲ။ ပြီးတော့ စကော့ဈေးမှာလည်း သူတို့နှစ်ယောက်တည်း ဈေးဝယ်လာတာ၊ ဘေဘီနဲ့

ကိုယ်တိုင် တိုးနေဖူးတာပဲ။ မေလွင်လေ ဒီကို တစ်ခါ ပါလာဖူးပါတယ်၊ မမ သိမှာပေါ့၊ မေလွင်နဲ့လည်း သူတို့နှစ်ယောက် ရုပ်ရှင်ကြည့်တာ တစ်ခါတိုးသေးတယ်တဲ့။ အဲဒီတော့ မျက်မြင်ကိုယ်တွေ့ဆိုတော့ သတင်းက ခိုင်လုံနေတာပေါ့"

"အဲဒီသူငယ်နဲ့ သမီးက တွဲနေတယ် ဟုတ်လား ဘေဘီ"

"ဟုတ်တယ် မမ ... အဲဒါကြောင့် ဘေဘီ အရမ်း စိုးရိမ်သွားတာ၊ တခြားလူနဲ့ဆို ဘေဘီ ဒီလောက်စိုးရိမ်မိမှာ မဟုတ်ဘူး။ ဘာဖြစ်ဖြစ် ထူးထူးလေး သိက္ခာမကျစေချင်ဘူး၊ နာမည် မပျက်စေချင်ဘူးလေ"

"အံမယ်လေး ... ဘေဘီရယ် ဘုရားမတာပါပဲ၊ ဘေဘီလို အတွင်းထဲက ဆွေလိုမျိုးလို လူမျိုးနဲ့တွေ့ပြီး အခုလို သိလိုက်ရလို့ပေါ့။ နို့မဟုတ်ရင် ဘယ်လောက် စရီးလွန်ကြမယ် မသိဘူး။ မဖြစ်ဘူး မဖြစ်ဘူး ဒီကိစ္စကို သင်း ဒယ်ဒီကို ပါ ပြောပြမှ။ ပြီးတော့ ဘေဘီတို့ မောင်ပီတာနဲ့ ကိစ္စကိုလည်း သင်းသိအောင် ပြောတော့မှ ဖြစ်မှာ"

ထူးထူးတို့ မာမီ ထူးထူးအတွက် စိုးရိမ်သောက ရောက်သွားသည်။ ရင်ထဲမှာ လှုပ်ရှားလွန်းသဖြင့် သူ့လက်ဖြင့် ရင်ဘတ်ကို ပြန်ဖိထားလျက် စကား ပြောရ၏။

"သိပ်လည်း စိတ်တော့ မပူပါနဲ့ မမရယ်၊ ဘေဘီတို့လည်း ရှိတာပဲဟာ ဝိုင်းထိန်းကြတာပေါ့။ ပြီးတော့ သမီးလေး ထူးထူးအနေနဲ့ စောစောက ဘေဘီ ပြောတဲ့ကိစ္စတွေကို သိမှာမှ မဟုတ်တာ၊ သိသွားရင် စိတ်ကုန်သွားမှာပါ။ ဘေဘီတို့လည်း ဒီကိစ္စကို မှီသိအောင်တော့ ပြောရမယ်။ ဒါမှ မှီက သူ့လူ သူထိန်း၊ ဘေဘီတို့ မမတို့က ထူးထူးကို ထိန်းဆို ဖြစ်သွားမှာပါလေ"

"စိတ်ပူရတာပေါ့ ဘေဘီရယ်၊ မမဆို ချက်ချင်းတောင် ပရက်ရှာ တက်သွားသလိုပဲ ခံစားရတာ။ ဒီသမီးလေးတစ်ယောက်တည်း မှားမှားယွင်းယွင်း ဘာမှမဖြစ်စေချင်ဘူး။ မဖြစ်ဘူး ... မဖြစ်ဘူး ... တားလို့ ရရင်ရ၊ မရရင်တော့ ကျောင်းထုတ်ပြီး ပီတာနဲ့ကိစ္စကို ချက်ချင်းကို အကောင်အထည် ဖော်ရတော့မှာပဲ"

ဘေဘီကတော့ ခပ်ပြုံးပြုံးပင် နေလိုက်သည်။

"ဖြစ်မှဖြစ်ရလေကွယ်၊ ဘယ့်နှယ် တခြားလူမျိုး တစ်ယောက်ယောက်နဲ့ တွဲတယ်ဆို မမ ဒီလောက်စိတ်ပူမှာ မဟုတ်ပါဘူး၊ အခုတော့ ဒီလို နာမည်ပျက် သိက္ခာပျက်နဲ့ သတင်းကြီးနေတဲ့လူမျိုးနဲ့မှ သမီးက တွဲရတယ်လို့"

"စိတ်အေးအေးထားပါ မမရယ်၊ ထူးထူးလည်း ဒါတွေ သိရရင် ဆက် မိုက်မယ် မထင်ပါဘူး"

☆

"သမီး ဆက်မိုက်လိမ့်မယ်လို့ မာမီ မထင်ဘူး"

"သမီးမှ မယုံတာ"

ထူးထူး စကားကြောင့် ကော်ဖီပန်းကန်ကို မွှေနေသော ဇွန်းကို အောက် သို့ ပစ်ချလိုက်ပြီး ထူးထူး မျက်နှာကို သူ့မာမီက စူးရှစွာကြည့်သည်။ ကော်ဖီကို ဆက်သောက်ရင်းမှ ဘာမှမဖြစ်သလို ပန်းကန်ကို စားပွဲမှာ ပြန်ချထားရင်း ထူးထူးက ပြန်ကြည့်သည်။

"သမီး ဘာကို မယုံတာလဲ၊ မာမီတို့စကားကို သမီး မယုံတာလား၊ ဒီမှာ သမီး တကယ်တမ်း သမီး မယုံမကြည်ဖြစ်ရမှာက သမီးရဲ့လူကိုပဲ"

"ဖြိုးကျော်ပါ ... ဖြိုးပါ"

"တော်ပါ၊ နာမည် ငါမသိချင်ပါဘူး"

"မသိဘူးလေ"

ထူးထူးက ပခုံးတွန့်ပြလိုက်သည်။

"ရယ်စရာ မောစရာလို လုပ်မနေစမ်းနဲ့ ထူးထူး၊ မာမီတို့ ရင်ထဲမှာ ဘယ် လောက် ပူနေရပြီလဲဆိုတာ သမီး သိဖို့ကောင်းတယ်။ စောစောက ဘေဘီပြော သွားခဲ့တာတွေလည်း ဘာမှမယုံကြည်စရာ မရှိဘူး၊ အပြင်မှာလည်း ဒီလောက် သတင်းကြီးနေပြီ၊ ဘေဘီတို့ မေလွင်တို့ ကိုယ်တိုင်လည်း တွေ့နေတာပါဆိုမှ ညည်းက မယုံသေးဘူး လုပ်နေတယ်"

"သူ့သိက္ခာကို သမီး ယုံတာပဲလေ"

"တော် ... ထူးထူး"

"ပြီးတော့ မမမိုကိုလည်း သမီး တွေ့ဖူးတာပဲဟာ၊ မာမီတို့ကို သမီး ပြော
နေတဲ့ သမီးနဲ့အတူ ကျူရှင်တက်တဲ့ မြလေးတို့ အိမ်ကလေ။ ကားနဲ့ တစ်ပတ်
တစ်ခါ သမီးရောက်နေတာပဲ။ သူတို့ဆက်ဆံရေး သမီး အသိဆုံးပေါ့၊ အလကား
ပါ အန်တီဘေဘီတို့က သတင်းကြားနဲ့ ရမ်းတုတ်နေတာ"

ထူးထူးက လက်သုတ်ပဝါစကို လက်နှစ်ဖက်ဖြင့် မ,ယူလျက် တွန့်ခြေ
နေရင်း ပြောလိုက်သည်။

"ဩော် ... အဲဒီအိမ်လား၊ တော်တော် ... နောက်ဆို မသွားရဘူး။ အဲဒီ
မြလေးဆိုတာလည်း မတွဲရတော့ဘူး"

"ကျောင်းလည်း ပိတ်တော့မှာပဲဟာ"

"ကျောင်းပြန်ဖွင့်ရင်လည်း မရဘူး ထူးထူး၊ နောက်ဆုံးနှစ်ရောက်ပြီ
ဆိုပြီး မေမေ နမြောမှာ မဟုတ်ဘူး။ ပြောဆိုမရရင်တော့ ချက်ချင်း ကျောင်းထုတ်
ပစ်လိုက်မှာပဲ။ ပြီးတော့ ပီတာနဲ့ သမီးကို လူကြီးချင်း ပြောထားတယ်ဆိုတာ
လည်း ခေါင်းထဲထည့်ထားပါ။ အဲဒီကိစ္စကို အမြန်ဆုံး အကောင်အထည် ဖော်
ပစ်လိုက်မှာ"

"ဟာ ... ပီတာလို ဟာကြီးများ"

"တော်တော် ... ထူးထူး၊ စကားပြောရင် ကလေးလိုပဲ"

ထူးထူးက ဖက်ကလေး ပုသွားသည်။

"ဟာ ဟ ... သိပြီ အခုမှ တွေးမိတယ်"

ရယ်ကျဲကျဲဖြင့် ထူးထူးက ပြောလိုက်၏။ အေးနေပြီဖြစ်သည့် ကော်ဖီ
ပန်းကန်ကို လှမ်းယူရင်း ဘာသိတာလဲဟု မာမီက မေး၏။

"သိတာပေါ့၊ အန်တီဘေဘီက ဘာကိစ္စနဲ့ ဒီအလုပ်ကို လုပ်နေတယ်
ဆိုတာ သမီး အခုမှ တွေးမိတယ်။ ပီတာက သူ့မောင်အငယ်ဆုံးပဲဟာ"

"မာမို့စကားကို နားထောင်စမ်း သမီး။ သမီး အဲဒီလူကို အဆက်အသွယ်
လုံးဝဖြတ်ပါ။ သမီး သိက္ခာ၊ မာမီတို့ ဒက်ဒီတို့ သိက္ခာကို မထိပါးပါစေနဲ့။
လောက် သတင်းဆိုးထွက်နေတဲ့ ကိစ္စကြားထဲမှာ သမီး ဘာမှမပါဝင် မပတ်
သက်ပါစေနဲ့။ မာမီ အေးအေးဆေးဆေး ပြောတာကိုမှ သမီး နားမထောင်ဘူး

ဆိုရင်တော့ သမီး ဒယ်ဒီကို အသိပေးတိုင်ရလိမ့်မယ်။ အဲဒီအခါကျတော့ သမီး အကျဉ်းအကျပ် တွေ့လိမ့်မယ်။ သမီးကို အဲ့ဒီတော့မှ ချုပ်ချယ်လှချည့်ရဲ့ဘာညာ မပြောနဲ့။ မာမီတို့ကတော့ သမီးလေးတစ်ယောက်တည်းရှိတာ အသက်နဲ့ လဲပြီး ဒီကိစ္စကို ကာကွယ်ဟန့်တားသွားရမှာပဲ သမီး"

ရုတ်တရက် ဝုန်းခနဲထိုင်ရာမှ ထလိုက်သည်။ ပြီးတော့ ခြေဆောင့်လျက် ထမင်းစားခန်းမှ ထွက်သွားတော့၏။

ဒယ်ဒီက ခါတိုင်းနယ် ရုံးသွားဖို့ ဆင်းလာတာ မြင်လျက် နှုတ်မဆက်မိ၊ အခန်းထဲကို ဝင်ပြီး အိပ်ရာမှာ မှောက်၍ ငိုချလိုက်မိသည်။

## ၇

"ကိုကို ထင်သားပဲ၊ ပြန်ရောက်လာကတည်းက အဲဒီဘောဘီ ဆိုတဲ့ အမျိုးသမီးကတော့ ဘယ်နည်းနဲ့မဆို ပြန်ပြောတော့မှာပဲလို့။ ပြန်ပြောရင် ထူးထူးကို အိမ်က ဆူတော့မှာပဲဆိုတာ အတတ်သိတယ်လေ။ ဒါကြောင့် ကိုကို ခါတိုင်းလို ဖုန်းဆက်တိုင်း ဘယ်သူလဲမေးပြီး ဖုန်းချ ချသွားတာ သိလား ထူးထူး"

ရေတမာပင်ရိပ်က ထိုင်ခုံပြာမှာ ထိုင်ရင်း ထူးထူးကို ကြည့်၍ ပြောလိုက်သည်။

"ထူးထူး ဖုန်းလှည့်ရင်လည်း အနားမှာ မာမီက တစ်ချိန်လုံး ထိုင်ကြည့်နေတာ ကိုကိုရဲ့။ ဒါကြောင့် ထူးထူး ကိုကို့ဆီကို ဆက်လို့ မရတာပေါ့။ ထူးထူး သိသားပဲ ညဘက် ဖုန်းလာရင်လည်း ခေါ်မပေးဘဲ ချချပစ်တာလေ"

"အပျက် အပျက်နဲ့နော်"

ကြွေလာသည့် ရေတမာရွက်ဝါကြန့်ကြန့်ကို အမိပ္ပာယ်မဲ့စွာ ခေးနေလိုက်မိ၏။

"အန်တီဘောဘီက ပြန်ပြောလိမ့်မယ်ဆိုတာတော့ ထူးထူး တွေးမိသားပဲ၊ ဒါပေမဲ့ ဒီလောက် ဖြစ်မယ်မထင်ဘူးလေ။ မသက်ာဆိုရင် ထူးထူးကို

ရည်းစားထားလို့ဆူတာ ပြောတာလောက်ပဲ ခံရမယ် တွက်ထားတာ။ အခုတော့ ကိုကို့အကြောင်းတွေကို ပြောသွားတော့ အိမ်ကလည်း အရမ်းလန့်သွားပုံ ရတယ်"

"ထူးထူး ကိုကို့ကို ယုံတယ်နော်"

ထူးထူး မျက်နှာကို စူးစိုက်ကြည့်ရင်း မေးသည်။ ထူးထူး သူ့အပေါ် သံသယဝင်မှာကို အကြောက်ဆုံး၊ ထူးထူး အထင်လွဲသွားမှာကို အစိုးရိမ်ဆုံး။

"ထူးထူး ကိုကို့ကို ယုံပါတယ်။ ဒါကြောင့်လည်း မာမီ့ကိုတောင် ပြောလိုက်သေးတာပဲ။ ကိုကို့သိက္ခာကို ထူးထူး ယုံတယ်လို့။ ဒါပေမဲ့ ခက်တာက ကိုကိုရယ်၊ ပတ်ဝန်းကျင်မှာ ဒီလိုမကောင်းသတင်းတွေကလည်းပြန့်နေတော့ မာမီတို့ကလည်း လန့်တာပေါ့။ ပတ်ဝန်းကျင်က သတင်းကလည်း ကြားရသူ အတွက် ယုံလောက်အောင် အခြေအနေက ခိုင်မာနေတယ်လေ"

ထူးထူးက ဖိနပ်ကို မြေမဖြင့်ကုတ်ခြစ်နေရင်း ဆိုသည်။

"ကိုကို ထူးထူးကို ရှင်းပြပြီးပြီပဲလေ"

"ရှင်းပြတာ မဟုတ်ပါဘူး၊ ပြောပြတာလို့ ပြောပါကိုကို။ ကိုကို့ကို ထူးထူး က သံသယစကား ပြောနေတာမှ မဟုတ်တာပဲ။ ဘာရှင်းပြစရာလိုလဲ"

"အင်း ... ထားပါလေ၊ ကိုကိုနဲ့ မမမီ စကော့ဈေးသွားခဲ့တာ၊ ရုပ်ရှင် နှစ်ယောက်တည်းကြည့်ခဲ့တာတွေ ဘာကြောင့်ဆိုတာ ထူးထူး သဘောပေါက် စေချင်လို့ပါ။ ကိုကို့မှာ ဒီလောက် ကိုယ်ကျင့်တရား ပျက်ပြားတဲ့ အပြုအမူမျိုး၊ စာရိတ္တမျိုး မရှိပါဘူး ထူးထူးရယ်။ ပြီးတော့ မမမီဆိုတာကလည်း စိတ်ရောဂါ သည်၊ သူ ကိုကို့အပေါ်မှာ သံယောဇဉ်ရှိတာကလည်း ရိုးရိုးသားသားဆိုတာ သေချာပါတယ်"

"ထူးထူးလည်း ယုံပါတယ် ကိုကို။ ဒါပေမဲ့ ခက်တာက ဒယ်ဒီတို့ မာမီတို့ ကတော့ အန်တီဘေဘီ့စကားကိုပဲ ယုံတာပေါ့။ အဲဒီတော့ ထူးထူးကို ပိုပြီး ကြပ်ကြပ်တည်းတည်း ထားကြတော့တာပေါ့"

"ဘယ်လို လုပ်ကြမလဲဟင်"

သူ့စကားကြောင့် ထူးထူးက သူ့မျက်နှာကို မော့ကြည့်၍ အကြံညှိဆုံ သည်။

"အခုတော့ ဘာလုပ်စရာလိုလဲ ကိုကိုရာ၊ တကယ် အကျဉ်းအကြပ်ထဲ ရောက်လာရင်တော့ တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ရတော့မှာပေါ့။ ဪ ... တစ်ခုရှိသေးတယ် သိလား ကိုကို၊ ထူးထူးကို အိမ်က မာမီတို့က ပီတာဆိုတဲ့တစ်ယောက်နဲ့ သဘောတူထားတယ်။ လူကြီးချင်း နားဖောက်ထားကြတယ်လေ၊ အခုကိစ္စ ပေါ်လာတော့ အဲဒီပီတာနဲ့ကိစ္စကိုပါ ထည့်ပြီး ပြောတော့တာပေါ့"

"အရေးထဲမှာနော် ..."

"အင်းလေ ... ပိုဆိုးတာက အဲဒီပီတာဆိုတာက အန်တီဘေဘီရဲ့ မောင်အငယ်ဆုံးလေ"

"ဒီလိုလား ..."

"ဟုတ်ပ ... ဟုတ်ပ၊ အဲဒါကြောင့် အန်တီဘေဘီက ပိုပြီးရဲ့နေတာ ဖြစ်မှာပေါ့ ကိုကိုရာ။ ထူးထူးကတော့ ပီတာရော ဘာရော ဘယ်သူမှ ချစ်နိုင်မှာ မဟုတ်ပါဘူး"

"တကယ်နော် ..."

"တကယ်ပေါ့၊ ထူးထူး ကိုကိုမှ ကိုကိုပါပဲ"

ပြောလျက် ပခုံးပေါ်ကို ခေါင်းတင်မှီနွဲ့၍ လှဲ့လှဲ့ကလေး ပြုံးလိုက်သည်။ နွေနေ၏အပူကို ဂရုမပြုနိုင်တော့၊ ရင်ထဲမှာ အေးချမ်းကြည်နူးစွာ ခံစားလိုက်ရပါသည်လေ။

☆

ဘာဖြစ်ဖြစ် မိမိကစ၍ ဖုန်းဆက်မရသော်လည်း ထူးထူးက လစ်လျှင် လစ်သလို ဖုန်းဆက်တတ်သဖြင့် အဆက်အသွယ်မှာ မပြတ်လှ။

တစ်ခါတစ်ရံမြလေးကို ဖုန်းခေါ်ပေးခိုင်းရပြန်၏။ မြလေးပါဟု ပြောလျှင် တစ်ဖက်က ထူးထူးမရှိဟု ပြန်ဖြေတတ်သဖြင့် နောက်အခါများတွင် မြလေး နာမည်တစ်မျိုးညာပြီး ပြောခိုင်းရပြန်သည်။

ကျောင်းတက်နေစဉ်ကာလ မြလေးမှတစ်ဆင့် စာအပေးအယူ လုပ်ခြင်း၊ သတင်းစကားပါးခြင်းဖြင့် ကျောင်းကို သွားရောက်တွေ့ဆုံနိုင်သေးသော်လည်း ကျောင်းပိတ်ရက်မှာ ဒုက္ခရောက်ရတော့၏။

ထူးထူးက ဖုန်းခိုးဆက်သဖြင့် တစ်ခါတစ်ရံ ခဏလောက် စကားပြောကြရသော်လည်း မြင်ခွင့် တွေ့ခွင့် မရနိုင်တော့ပါလေ၊

ထူးထူး အပြင်ထွက်သည့်အခါတိုင်း ဘယ်တော့မှ တစ်ဦးတည်း မလွှတ်တော့၊ ဈေးသွားသည့်အခါမှာပင် ထူးထူး မာမီသော်လည်းကောင်း၊ ထူးထူး အန်တီသော်လည်းကောင်း အဖော်လိုက်တတ်ပြန်၏။

"ထူးထူးတော့ စိတ်ညစ်လာပြီ ကိုကို၊ အဲဒီလို ချုပ်ချယ်ထားတာကို သည်းမခံနိုင်တော့ဘူးလေ၊ တစ်ခါတစ်ခါ ကိုကို့ဆီကို ခိုးထွက်လာဖို့တောင် စဉ်းစားမိတယ်၊ ကိုကို့ကို လွမ်းလို့ သေတော့မယ်"

"ကိုကိုလည်း ထူးထူးလိုပါပဲကွယ်"

"ဒါပေမဲ့ ကိုကိုက ယောကျ်ားလေးဆိုတော့ တော်သေးတယ်လေ ဘာဖြစ်ဖြစ် စိတ်ပြေလက်ပျောက် လျှောက်သွားလို့ရတယ်၊ ပြီးတော့ လုပ်ငန်းကတစ်ဖက်ဖြစ်နေတော့ စိတ်ငြိမ်နိုင်သေးတာပေါ့၊ ထူးထူးကတော့ တစ်ချိန်လုံး ကိုကို့အကြောင်းချည်း စဉ်းစားနေမိတာပဲ၊ အရေးထဲ ကျောင်းပြီးရင် ပီတာနဲ့ လက်ထပ်ဖို့ကလည်း ခဏခဏ ပြောနေသေးတယ်"

"မြလေးရှိရင် တော်သေးတယ်လေ၊ မြလေးကို ထူးထူးအကြောင်းတွေ ပြောပြပြီး လွမ်းနေလို့ ရသေးတယ်၊ အခုတော့ မြလေးကလည်း ကျောင်းပိတ်ရက်မို့ သူ့အမေရှိတဲ့ရွာကို ပြန်သွားတော့ ပိုဆိုးတာပေါ့ ထူးထူးရယ်"

"နေဦး ထူးထူး မေးရဦးမယ်၊ အခု မြလေးမရှိတော့ မမမိုကို ဘယ်သူ ဆေးတိုက်လဲဟင်"

"ကိုကိုပဲပေါ့ ..."

"အပြင်တွေကိုရော သွားသေးလား"

"မသွားမဖြစ်တဲ့ နေရာမျိုးတွေတော့ သွားရတာပေါ့ ထူးထူးရယ်၊ ဥပမာ ဥပုသ်နေ့တွေ ရိပ်သာလိုက်ပို့ ရတာတို့၊ ဆရာဝန်မလာနိုင်ရင် ဆရာဝန်အိမ် လိုက်ပို့ရတာတို့ပေါ့"

"ထူးထူး ကိုကို့ကို မယုံလို့မဟုတ်ဘူးနော်။ ဒါပေမဲ့ အရင်လို ပေါ့ပေါ့ ဆဆ ကိုယ် မဟုတ်ပြီးရော မသွားမလာပါနဲ့ ကိုကိုရယ်။ ပတ်ဝန်းကျင်က ပိုအပြောများလာရင် ကိုကိုနဲ့ ထူးထူးတို့အတွက် ပိုပြီး အန္တရာယ်များလာတာ ပေါ့ဟုတ်ဘူးလား"

"ကိုကို သဘောပေါက်ပါတယ်၊ ထူးထူး ကိုကို့ကို ယုံတယ်မဟုတ် လား"

"ယုံတာပေါ့ ..."

"ဒါဆို ပြီးတာပဲ"

"ပြီးတော့ ဘယ်ပြီးမလဲ ... တစ်နေ့မှာ မာမီတို့ ဒယ်ဒီတို့ ယုံလာအောင် ကြိုးစားရဦးမှာ"

"သူတို့ကတော့ ဒေါ်ဘောဘိုစကား ပိုယုံမှာပေါ့ ထူးထူးရယ်။ သူက ဆွေလိုမျိုးလိုဟာပဲ။ ပြီးတော့ သူတို့က သဘောတူထားတာ တစ်ယောက်ရှိနေ မှတော့ ကိုကို့ကို အပြစ်ရှာတဲ့အမြင်နဲ့ ကြည့်တော့မှာပေါ့။ တကယ်လို့ နောက် ဆုံး အကျပ်အတည်းတွေ့ပြီး ပြောရင် အိမ်က အတင်းအကျပ်လုပ်လာရင် ထူးထူး ဘာလုပ်မယ် စဉ်းစားထားလဲဟင်"

"ကိုကို့နောက် လိုက်မှာပေါ့"

"သေချာတယ်နော်"

"သိပ်သေချာ"

"ထူးထူးကို ဒါကြောင့် သိပ်ချစ်တာ"

"တစ်သက်လုံးနော်"

"အင်းပါ ..."

"ထူးထူး ကိုကို့ဆီကို စာတွေရေးပြီး စာတိုက်က ထည့်ထားတယ် သိလား"

၄

ကိုကိုအစုတ်ပလုတ်

ထူးထူးတော့ကိုကို့ကို သိပ်လွမ်းနေပြီကွာ၊ မနေတတ်တော့ဘူး။ မာမီတို့ကလည်း နေ့တိုင်းလိုလို တရားပြောနေတယ်လေ၊ ကိုကို့ကို အဆက်အသွယ် မလုပ်ဖို့ပေါ့။ သူတို့က အဲဒီလိုပြောလေ ကိုကို့ကို ပိုပြီး သတိရလေပါပဲ။

"ကိုကိုနော် ထူးထူးကတော့ အချုပ်အချယ် အကျပ်အတည်းတွေကြားက အားလုံးကို ဆန့်ကျင်ပြီး ကိုကို့ကို ချစ်နေရတာ၊ ကိုကိုက ထူးထူးကို မေ့မထားပါနဲ့၊ တွေ့တဲ့ကောင်မလေးတွေကိုလည်း လျှောက်မငမ်းနဲ့နော် ထူးထူး ကျိန်ထားတယ် သိလား"

ထူးထူး စာကိုဖတ်ရင်း ပြုံးရပြန်သည်။ မျက်နှာနုနုနှင့် ကလေးသဖွယ် သူ့အမူအရာ သူ့ဟန်ပန်ကို အတွေးမှာ ပြန်၍ မြင်ယောင်လာသည်။ စာကို ဆက်ဖတ်မိပြန်၏။

အစုတလောမှာ အန်တီဘေဘီရော သူ့မမေပါ အိမ်ကို အဝင်အထွက် သိပ်များနေတယ် ကိုကို၊ တစ်ခါတစ်ခါမှာ ပီတာ ပါလာတတ်တယ်။ အဲဒီအရိုန်မျိုးမှာဆို မာမီက ထူးထူးကို စည့်ခံ ခိုင်းတယ်လေ။ ဘယ်ရမလဲ သူ့ကို ကောင်းကောင်းခိုင်းပေးတာ ပေါ့ သိတယ် မဟုတ်လား။ ပုလဲက သစ်သီးကိတ် သွားဝယ်စမ်း ပါတို့၊ ရေခဲမုန့်ဝယ်ပေးပါတို့ ကောင်းကောင်း ပညာပေးလိုက် တယ်လေ"

ပြန်လည်းသွားရော မာမီက ထူးထူးကို ဆူတော့တာပါပဲ၊ ဘာလို့ ဟိုခိုင်း ဒီခိုင်း ခိုင်းရလဲပေါ့။ ထူးထူးကတော့ အကျင့် ရသွားအောင်ပေါ့ မာမီရယ်လို့ ပြန်ပြောလိုက်သေးတယ်။

ထူးထူးကို စိတ်မချ ဖြစ်မနေနဲ့နော်။

ထူးထူးက ကိုကို့တစ်ယောက်တည်းကို ချစ်တယ်ဆိုတာ ယုံပါ။

ကျောင်းတွေ မြန်မြန် ပြန်ဖွင့်စေချင်ပြီ ကိုကိုရယ်...

ကျောင်းတွေဖွင့်ရင် ကိုကို ကျောင်းကို လာတွေ့နော်။

ဒါပဲကိုကို ...

ကိုကို့ကို အရမ်းချစ်တဲ့

ထူးထူး

☆

မနေ့ကရောက်လာသည့် ထူးထူးဆီကစာကို သတိရနေမိသည်။ အလုပ် စောစောပြီးပေမဲ့ အိမ်ကို မပြန်ချင်သေး။ ဦးကြီးလည်း အိမ်ကိုပြန်ရောက်ဦးမည် မထင်။ မြလေးမရှိတော့ အိမ်ပြန်လျှင် မမမို့ကိစ္စများကို သူပဲ လုပ်ပေးရဦးမည်။ အိမ်ထဲမှာ လုပ်ပေးကိုင်ပေးရသော ကိစ္စများကို တာဝန်ကြီးသည်ဟု မထင်မိ သော်လည်း မမမို့က ရုပ်ရှင်လိုက်ပို့ပါဦး၊ ဘုရားလိုက်ပို့ပါဦး ဆိုလာလျှင် အခက်။ မမမို့က တစ်နေရာရာကို သွားချင်တိုင်း ဦးကြီးကို ပြောပြထားတတ်သည်။

ဖြိုးကို လိုက်ပို့နိုင်းမည်ဟု မမမှီပြောလျှင် ဦးကြီးကလည်း ခေါင်းညိတ် သဘော တူသည်သာ။ မမမှီနှင့် နှစ်ယောက်တည်း သွားရလာရမှာကို အလိုလို လိပ်ပြာ မလုံ ဖြစ်လာရသည်။

ဒေါ်ဘောဘီတို့လို ဒေါ်မေလွင်တို့လို ပတ်ဝန်းကျင်က ကြည့်နေသူတွေ မည်မျှများမည်ဟု မခန့်မှန်းတတ်။ သတင်းက ပိုပြီးကျယ်ပြန့်သွားမှာကို မလို လား။ တတ်နိုင်သလောက် ဂရုစိုက်၍ အနေအထား၊ အသွားအလာကို ဆင်ခြင် ရန် ဆုံးဖြတ်၏။ ဒီကိစ္စကို မမမှီအား ပွင့်လင်းစွာ ပြော၍လည်း မဖြစ်နိုင်၊ မမမှီ၏ မေတ္တာ စေတနာ သန့်စင်ဖြူရှင်းကြောင်း မိမိနားလည်သည်ပဲ။

ဒီလိုပတ်ဝန်းကျင်က စကားတွေကို ကြားရလျှင် မမမှီ ပိုပြီးစိတ်နောက် ကျိသွားမှာကို မဖြစ်စေချင်။ ပြီးတော့ ဦးကြီးသာ ပြန်ကြားလျှင် ဘယ်လောက် ဒေါသထွက်မည်ကို မိမိအသိဆုံး။

ကားကို နန်းသီတာဆိပ်အထိ မောင်းလာခဲ့ပြီး ရည်ရွယ်ချက်မဲ့စွာဖြင့် ကားကို မှီရပ်ရင်း ရေပြင်ကို ငေးသည်။ တစ်ဖက်ကမ်းကို ထွက်သွားသော သမ္ဗန်ငယ်များကိုလည်းကောင်း၊ သင်္ဘောကိုလည်းကောင်း လှမ်းမြင်ရ၏။

ထူးထူးကို အလိုလို သတိရလာမိပြန်သည်လေ။

☆

"ကိုကို ဟိုဘက်ကမ်းကို ရောက်ဖူးလားဟင်"

ကမ်းနားလမ်းမှာ ဖြတ်လျှောက်စဉ် နန်းသီတာရှေ့အရောက် ထူးထူး က မေးသည်။

"မရောက်ဖူးဘူး"

"ဟာ ... ကိုကို သိပ်တုံးတာပဲ၊ ထူးထူးဆို ခဏခဏ ရောက်တယ်"

"ဘာသွားလုပ်တာလဲ၊ သူငယ်ချင်း ရှိလို့လား"

"ဘယ်ဟုတ်မလဲ သင်္ဘောစီးတာလေ၊ ရှုံးဆင်းချိန်မျိုးစီးရရင် သိပ် ကျပ်တာ၊ အခုလို ညပိုင်းမှာတော့ ချောင်သားပဲ။ ပြီးတော့ အဲဒီ သောတံတား ပေါ်မှာ ညဘက်ဆိုရင် လူမျိုးစုံ တွေ့ရတယ် ကိုကိုရဲ့"

"ထူးထူးက ဘာလို့ စီးချင်ရတာလဲ"

"ကိုကိုကလည်း အတွေ့အကြုံပေါ့၊ ကိုယ်ပိုင်ကားစီးပြီး ကိုယ်ပိုင်ကားစီး ရတဲ့ အရသာကိုပဲ နားလည်ထားပြီး ဘတ်စ်ကားကျပ်ကျပ် တိုးစီးရင်း ခြေထောက်ကို အနင်းခံရတာ၊ သဘော်ပေါ်ကို သေပြေးရှင်ပြေးတက်ပြီး ကျပ်ကျပ်ညပ်ညပ် စီးရတာ၊ အဲဒါတွေကို သိမထားရင် ဘယ်ဖြစ်ပါ့မလဲ၊ ကိုယ်က ထာဝရ မသေမချင်း ကားစီးနေနိုင်မယ်လို့ ဘယ်ပြောလို့ ရပါ့မလဲ ဟုတ်ဘူးလား၊ ဘာဖြစ်ဖြစ် အတွေ့အကြုံရှိထားရင် ကိုယ်ချင်းစာတရားလည်းထားဖို့ လွယ်တာပေါ့ ကိုကိုရာ"

ထူးထူးစကားကြောင့် မိမိလိပ်ပြာ မိမိ မလုံမလဲ့ဖြစ်ရပြန်သည်။ ကားစီးနေရင်း ကားပျက်သည့်ကိစ္စ၊ ဓာတ်ဆီတန်းစီရသည့် ကိစ္စလောက်ကို အခက်အခဲဟု ထင်ကာ ညည်းညူနေခဲ့မိ၏။ ကားမှတ်တိုင်မှာ နာရီများစွာ ကားစောင့်ရသည့်ဒုက္ခ၊ ကားပေါ်ရောက်အောင် သက်စွန့်ဆံဖျား တိုးတက် တွယ်လိုက်ရမည့်ဒုက္ခ၊ ကားထဲမှာ မွန်းကျပ် ပိတ်လှောင်၍ အတွန်းအတိုးခံ ဖိသိပ်နေရသည့် ဒုက္ခများစွာကို ထူးထူး ပြောသလို တစ်ခါမျှ ကိုယ်ချင်းစာ စဉ်းစားမကြည့်ခဲ့စဖူး။

"လာ ... လာ ... ကြုံတုန်း သဘော်တစ်ခေါက် စီးရအောင်"

ထူးထူးက သူ့လက်ကို ဆွဲပြီး ခေါ်၏။

"ဖြစ်ပါ့မလား နောက်ကျနေမယ်"

"ဖြစ်ပါတယ်၊ အသွားအပြန် လက်မှတ်ယူမယ်လေ"

လက်မှနာရီကို ကြည့်ရင်း ထူးထူးက ပြော၏။

လက်မှတ်ရုံမှာ အသွားအပြန် နှစ်ယောက်တွက်ဟု ထူးထူးက လက်မှတ် ယူသည်။ စောတံတားကိုဖြတ်ကာ အသင့်ရပ်ထားသည့် သဘော်ပေါ်သို့ တက်၏။ ခရီးသည်များ နားနေရာ အမိုးအောက် ခုံတန်းတွေပေါ်မှာ ထိုင်နေသူ၊ အိပ်နေသူများကို တွေ့ရ၏။ မှောင်ရီပျိုးစ ဓာတ်တိုင်အောက် ဝန်းကျင်မှာ အလင်းရောင်ရှိသော်လည်း ဟိုးအဝေးမြစ်ပြင်မှာ မှောင်မဲနေသည်။

သဘော်မှာ လူကျပ်ညပ်မနေသော်လည်း လူအပြည့်ရှိ၏။ အပေါ်ထပ်သို့ တက်လာခဲ့သည်။ ဆိတ်သားခြောက်၊ ဒူးယား ကွမ်းယာရောင်းသော ကလေး

ငယ်များကို တွေ့၏။ နေရာတကာတိုင်းမှာ သူတို့ရှိနေကြပါကလားဟု အတွေး ဝင်သည်။

ဦးပိုင်းကျကျမှာ ထိုင်ခုံပုကလေးနှစ်လုံးကို ယူပြီး ထိုင်လိုက်ကြ၏။ မြစ်ပြင်ကို ဖြတ်တိုက်လာသောလေသည် ခပ်နွေးနွေး။ သိပ်မဝေးလှသော နေရာမှ ပင်လယ်ကူးသင်္ဘောကြီးမှ မီးရောင်များ မြင်နေရသည်။

"ဒါ ဒီသင်္ဘောကို ပထမဆုံး စီးဖူးတာပဲ၊ အမှတ်တရပေါ့"

"ရုံးဆင်း ရုံးတက်ချိန်မှာဆို ဒီလိုဇိမ်နဲ့ စီးနိုင်မယ်မထင်နဲ့ ကိုကို ကျပ်ညပ် နေတာပဲ"

ထူးထူးမျက်နှာကို လေးစားစွာ ကြည့်မိခိုက်မှာ သင်္ဘောသည် ကမ်းက ခွာ၏။ ဟိုဘက်ကမ်းရောက်လျှင် အောက်ဆင်းစရာမလိုတော့ဘဲ ဒီဘက်ကို ပြန်စီးလိုက်လာရုံသာ။

☆

မှောင်ရိပ်မသန်းမီမှာပင် ကားများ၊ လူများ ပြည့်လာကြပြီ။ လေညင်း ခံရန် လာကြလေသလား။ ချစ်သူတို့ ချိန်းကြားကို နှစ်ကိုယ်ကြားပြောရန် လာကြ လေသလား၊ အုတ်ခုံတွေပေါ်မှာ တချို့က အုတ်ဘောင်ပေါ်မှာ ထိုင်ကြ၏။

ကြည့်စမ်း ... ညောင်ပင်အရင်း သစ်မြစ်ပေါ်မှာလည်း စုံတွဲပါလား။ အရာရာကို ကြည့်လျက်၊ မြင်လျက် ထူးထူးကို သတိရ တမ်းတနေမိပြန်သည်။ ကိုကိုက အတွဲတွေပဲ ကြည့်နေတယ်။ ဟိုမှာ ဓာတ်တိုင်အောက်က ဆိုက်ကား သမားတွေ ကျားထိုးနေကြတာ၊ သမ္ဗန်သမားတွေ လူခေါ်နေကြတာတော့ ကိုကို သတိမထားမိဘူးလားဟု ထူးထူးသာရှိလျှင် ပြောလေမည်လားမသိ။

နောက်ကို ပြန်လှည့်ကြည့်တော့ စထရင်းဟိုတယ်မှာ မီးရောင်လင်း လက်စွာဖြင့် ရှိနေသော်လည်း ကမ်းစပ်သမ္ဗန်သမားတွေရှိရာမှာ မှုန်မှုန်ဝါးဝါး ဟု တွေးမိသေးသည်။ သက်ပြင်းချလျက် မနက်ဖြန် ထူးထူး ဖုန်းဆက်ရင် ကောင်းမှာဟု အမှတ်တရ ရှိပြန်၏။

၅

ဒီလိုရှုတ်တရက်ကြီး ဖြစ်လိမ့်မည်ဟု ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့။ နွေခေါင်ခေါင်မှာ မိုးကြိုးပစ်လိုက်သလို အံ့သြစိတ်ဖြင့် တုန်လှုပ်ရပြန်သည်။ ဝမ်းနည်းကြေကွဲစိတ်ဖြင့် မျက်ရည်ဖြိုင်ဖြိုင်ကျရသည်။ ဆောက်တည်ရာမရ ဆိုသည့်အဖြစ်ကို နားလည်သလို ရှိလာ၏။ သံယောဇဉ်တရား၏ ပူလောင်မှုကို ကိုယ်တိုင်ခံစားသိတတ်လာပြီ။ အားငယ်စိတ်သည် အလိုလို ရင်မှာ ဖြစ်တည်၏။ တရားသဘောကို စောကြော၍ လက်ခံနိုင်ရန် အရာရာက ငြင်းဆန်နေသလိုပင် ဆံပင်ထဲ လက်ထည့်၍ ခေါင်းကုတ်ကာ မနောက်ကျိစိတ်ဖြင့် ဖြေသိမ့်ခြင်းငှာ မစွမ်းသာခဲ့။

နောက်ကြောင်းကိုပြန်တွေးကြည့်လျှင် ပီပီပြင်ပြင် ပြတ်ပြတ်သားသား။ ပြောခဲ့သည့်စကား၊ လှုပ်ရှားခဲ့သည့်အပြုအမူတို့ကို အတိုင်းသား ပြန်မြင်နေတုန်း။

☆

ထိုညက ကမ်းနားမှ အိမ်ပြန်ရောက်တော့ ခုနစ်နာရီထိုးတော့မည်။ သူ့ကို မြလေးက တံခါးလာဖွင့်ပေးပြီး ရေမိုးချိုး အဝတ်အစားလဲပြီးသောအခါ ဒေါ်လှဖံတို့ ထမင်းစားဖို့ လာခေါ်သည်။ ဦးကြီး မရောက်သေးဘူး မဟုတ်လား ဦးကြီးပြန်ရောက်မှ အတူစားမည်ဟု သူ ပြောလိုက်သည်။ သည်ည ထမင်းအတူစားရင်း သူနှင့် ထူးထူးအကြောင်း ဦးကြီးကို အသိပေးထားတော့မည်ဟု အပြန်လမ်းမှာပင် သူ စဉ်းစားခဲ့၏။ နောက်တစ်နှစ် နောက်ဆုံးနှစ်ဖြေပြီးပါက ထူးထူးနှင့် လက်ထပ်နိုင်ရန် ကြိုတင်စီစဉ်သင့်ပြီ တွေးခဲ့သည်။ မတော်တဆ ထူးထူးအိမ်က ပီတာနှင့်ကိစ္စ လတ်တလော စီစဉ်လျှင်လည်း သူ့ဘက်က ကြိုတင်အဆင်သင့်ဖြစ်သင့်ပြီပဲ တွေး၍ ဦးကြီးကို အသိပေးရန် ဆုံးဖြတ်၏။

"စားလိုက်ဖြိုး အစ်ကိုကြီးက အိမ်ပြန်နောက်ကျမယ်တဲ့၊ မိတ်ဆွေတွေ ရောက်လို့ ကန်တော်ကြီးသွားကြမယ်လို့ အခုနပဲ ဖုန်းလာတယ်"

ဧည့်ခန်းထဲ ဝင်လိုက်စဉ်မှာပင် မမမီက သူ့ကို လှမ်းပြော၏။ ဒေါ်လှဖံက ပြန်ပြောလို့ ဦးကြီးလာမှ ထမင်းစားမည်ဟု မိမိပြောကြောင်း မမမီ ကြိုသိပုံရ၏။

သို့နှင့် ထမင်းစားခန်းဝင်ခဲ့ရသည်။ အိပ်ရာထဲ ရောက်သည့်တိုင် အတွေးက မပြတ်။ ဦးကြီး ပြန်ရောက်လာလို့ အခြေအနေကောင်းလျှင် ထူးထူးနှင့်အကြောင်းကို ပြောပြရန် စိတ်ဇောထက်သန်နေဆဲ။ မှေးခနဲ ပျော်သွားပေမဲ့ အိမ်ရှေ့ပေါ်တီကိုအောက် ကားရပ်ချိန်မှာ ဖျတ်ခနဲ လန့်နိုးလာသည်၊ နာရီကို ကြည့်တော့ ဆယ့်နှစ်နာရီ ထိုးတော့မည်။ နှုတ်ဆက်သံများနှင့် ဦးကြီး၏ လျှာလေးနေသံကို အတိုင်းသား ကြားရသည်။ အပေါ်ထပ်ကို တက်တော့မည့် ဦးကြီးနှင့် သူ ဧည့်ခန်းထောင့်ချိုးမှာ မျက်နှာချင်း ဆုံသည်။

"ဘာလုပ်ပေးရဦးမလဲ ဦးကြီး"

"ရတယ် ဖြိုး၊ မအိပ်သေးဘူးလား"

"တစ်ရေးနိုးတာ ..."

"ဒီညတော့ တော်တော်အဖိုးတန်တယ်ကွာ၊ ငါလိုချင်တဲ့ အင်ဖော်မေးရှင်း အကုန်ရခဲ့တယ်၊ မနက်မှ ပြောပြမယ်"

"ဟုတ်ကဲ့ ... ဦးကြီး"

ပြောပြီး ဦးကြီး အိမ်ပေါ်ထပ် တက်သွားသည်။

အိမ်ပေါ်ထပ်မှာ ဦးကြီးနှင့် မမမိုတို့ အခန်းရှိပြီး၊ ဧည့်ခန်းနှင့် ကပ်လျက်မှာ မိမိအခန်း ရှိသည်။ ဒေါ်လှဖံနှင့် မြလေးတို့က မီးဖိုနှင့်တွဲလျက် အခန်းမှာဖြစ်၏။ မြလေးပြန်မရောက်သေးတော့ ဒေါ်လှဖံတစ်ယောက်တည်း။ တံခါးများပိတ်ပြီးပြန်အိပ်ရန် ဒေါ်လှဖံ အိမ်တွင်းဘက် ဝင်သွားပြီတည့်။ ရေချိုးခန်းဝင်ဆဲမှာ အပေါ်ထပ် ရေချိုးခန်းမှ ဦးကြီးက ရေလောင်းချိုးသံကို အတိုင်းသား ကြားရသည်။

အခန်းထဲ ပြန်ဝင်ပြီး အိပ်ပျော်အောင် ကြိုးစားကြည့်၏။

☆

"ဖြိုး ... ဖြိုး"

အခန်းဝမှ မမမိုအသံ ကြားတော့ အိပ်မက်လိုလို ထင်သေးသည်။ ခေါင်းအုံးမှ ခေါင်းကို ခွာပြီး နားစွင့်လိုက်၏။

"ဖြိုး ... ဖြိုး ... ထစမ်းပါဦး ဖြိုး"

"လာပြီ ... မမမို လာပြီ"

သူ့အခန်းတံခါးမှာ အထဲက ပိတ်မထားသော်လည်း စေ့ထားသဖြင့် မမမိုက ပိတ်ထားသည် အထင်ဖြင့် ဖွဖွထုနေသည်။

အိပ်ရာမှ လူးလဲထပြီး နံရံမှ မီးခလုတ်ကို အလျင်ဖွင့်လိုက်၏။ မျက်စိကို ပွတ်သပ်လိုက်ရင်း လက်နှစ်ဖက်ဖြင့် ခေါင်းမှဆံပင်ကို သပ်တင်လိုက်သည်။

တံခါးကို ဆွဲအဟာမှာ ရပ်နေသော မမမိုကို တွေ့ရ၏။

"ဖြိုး ...ဖြိုး ... အစ်ကိုကြီး ဘာဖြစ်တာလဲ မသိဘူး"

"ဟင် ... ဦးကြီး ဘာဖြစ်လဲ"

ပြောပြီး မမမိုတို့ အခန်းဆီသို့ ရှေ့မှထွက်သွားလိုက်၏။ ပွင့်နေသော အခန်းထဲကို လှမ်းဝင်လိုက်သည်။ မမမို မီးဖွင့်ထားခဲ့သည်မို့ ခုတင်ပေါ်မှ ဦးကြီး

ကို အထင်းသား လှမ်းမြင်ရ၏။ အင်္ကျီမပါသော ဦးကြီး၏ခန္ဓာကိုယ် အထက်ပိုင်းကို တွေ့လိုက်ရသည်။

"ဦးကြီး ... ဦးကြီး"

ဖြိုးက လက်မောင်းကို လှုပ်ပြီး ခေါ်ကြည့်သည်။

"သတိမရတော့ဘူး ထင်တယ်"

မမမိုက ပြောလိုက်သည်။

"ဟင် ... ပန်ကာကြီးလည်း ဖွင့်ထားတယ်၊ ခေါင်းရင်းပြတင်းလည်း ဖွင့်ထားလို့ပါလား"

မျက်စိကို တစ်ချက်ဝေ့ရင်း ပြောလိုက်သည်။

"ပြန်လာပြီး ရေချိုးတယ်၊ ပြီးတော့ အရမ်းပူတာပဲဆိုပြီး တံခါးတွေ ဖွင့်၊ ပန်ကာဖွင့်ပြီး အိပ်တာ"

"လေဖြတ်ပြီ ထင်တယ်"

"မမမိုလည်း ချက်ချင်းမနိုးဘူး"

"မမမို ဒေါ်လှဖံကို သွားနှိုးလိုက်၊ ဆေးရုံသွားမယ်၊ ကျွန်တော် အင်္ကျီလဲလိုက်မယ်"

ပြောပြီး အခန်းထဲမှ ပြေးထွက်ကာ သူ့အခန်းသို့ ဝင်သည်။ ညဝတ် အိပ်သော အင်္ကျီကို ချွတ်လိုက်ပြီး မိကျောင်း စပို့ရှပ်တစ်ထည်ကို ကောက်စွပ်လိုက်၏။ ပြီးတော့ ဦးကြီးဆီ ပြန်သွားကာ ချိတ်ထားသော ရှပ်တစ်ထည်ကို ဆွဲယူပြီး ဦးကြီးကိုယ်ကို မ,၍ဝတ်ပေးသည်။ မနိုင်မနင်းဖြင့် အင်္ကျီဝတ်ပေးနေစဉ်မှာပဲ မမမိုက အပေါ်ပြန်တက်လာ၏။

"ဒေါ်လှဖံရော"

"ဦးလေးခင်ကို သွားနှိုးတယ်"

"လာ ... လာ မမမို ဦးကြီးကို အောက်တွဲခေါ်ရအောင်"

နှစ်ယောက် မနိုင်မနင်းဖြင့် တွဲကြည့်သည်။ ဦးကြီးကိုယ်ကို မနိုင်။

ထိုအခိုက်မှာပင် ဒေါ်လှဖံနှင့် ဦးလေးခင်တို့ လင်မယား ရောက်လာသည်။

"ဦးလေးခင် လာ ... လာ"

ဖြိုးက ခေါ်လိုက်၏။ အားလုံး ဝိုင်းပြီး မ,ကြသည်။

☆

"ဦးနောက်ကြော ပြတ်သွားပြီ"

ဆရာဝန်က ခေါင်းခါပြီး ပြောလိုက်၏။

"ဖြစ်မှဖြစ်ရလေ ဆရာကြီးရယ်"

ဦးလေးခင် မိန်းမက မျက်နှာကို လက်ဝါးဖြင့် အုပ်ရင်း ရှိုက်တော့၏။ မမမှီက ငေးစိုက်ကြည့်နေရင်း မတုန်မလှုပ် ရပ်နေသည်။

"မမမှီ ... မမမှီ"

မမမှီ ပခုံးကိုလှုပ်ပြီး ဖြိုးက ခေါ်သည်။ မမမှီက တောင့်တောင့်ကြီး ရပ်နေဆဲ။ ဖြိုးကို မော့အကြည့် မျက်ဝန်းမှာ မျက်ရည်ပေါက်ကြီးများ စီးသွယ်ကျလာသည်။ ဦးကြီးမျက်နှာကို တစ်ချက်ဝေ့အကြည့် ဖြိုးမျက်ဝန်းမှာလည်း မျက်ရည်စတို့ ပြည့်လျှံနေလေပြီ။

"လာ ... မမမှီ အပြင်ထွက်ရအောင်၊ ငိုပစ်လိုက်စမ်းပါ မမမှီ၊ ကျိတ်ပြီး တင်းခံမထားစမ်းပါနဲ့"

မမမှီကို ပခုံးဖက်၍ အပြင်ကို ခေါ်လာခဲ့၏။

"အစ်ကိုကြီး မှီ့ကို တစ်ယောက်တည်း ထားခဲ့ပြီ"

မမမှီ နှုတ်မှ စကားသံ တီးတိုးထွက်လာပြီး မျက်နှာကို လက်ဖြင့်အုပ်ကာ ကြိတ်၍ရှိုက်လိုက်သံသည် ကျယ်လောင်သွား၏။

☆

ဦးကြီး အသုဘကို ချသည့်နေ့က ကားတန်းသည် ရှည်လျားလွန်း၏။ ကုန်သည် အသိုက်အဝန်းရော၊ အစိုးရအမှုထမ်း အသိုက်အဝန်းရော၊ ဦးကြီး မိတ်ဆွေတွေ များလှသည်။ ဦးကြီး စီမံကွပ်ကဲသည့်အတိုင်းသာ လိုက်လံလုပ်ရှားနေရသူဖြစ်သဖြင့် ဦးကြီး မိတ်ဆွေတိုင်းကို ဖြိုးကလည်း မရင်းနှီး၊ ဦးကြီး

မှာ သည်မျှ ကြီးမားကျယ်ပြန့်သော အသိုက်အဝန်းရှိမှန်း သေမှ ပိုပြီးသိသာရသည်။

မမမိုကလည်း အိမ်တွင်းမှာသာ နေသူဖြစ်၍ ဦးကြီး အသိုက်အဝန်းအားလုံးကို မသိ၊ လာသမျှကို ဖြိုးကသာ ဒိုင်ခံပြီး ဧည့်ခံနေရသည်။ ဦးလေးခင်လိုက်ခေါ်သဖြင့် နောက်တစ်နေ့မှာပင် မြလေးရောက်လာ၏။ မြလေး ရောက်လာတော့ မမမိုက ငိုလည်းမငို၊ စကားလည်း ဘယ်သူ့ကိုမှ သိပ်မပြောဘဲ အခန်းအောင်းနေသည်။ ငေးစိုက်တွေဝေစွာဖြင့် ငူငူကြီး ထိုင်နေတတ်သည်ဟု မြလေးက ပြန်ပြောပြသည်။

မီးသင်္ဂြိုဟ်စက်ထဲသို့ ထည့်တော့မည်ဟု အခေါင်းကို ထုတ်စဉ်မှာ မမမိုကြည့်ဦးမလားဟု ဖြိုးက မေးသေးသည်။ ခေါင်းကို ညင်သာစွာ ခါယမ်းပြီး ကားထဲ ပြန်ဝင်ထိုင်သည်။ ဖြိုးကတော့ နောက်ဆုံးအနေဖြင့် ဦးကြီးကို ကန်တော့သည်။ ထူးထူးနှင့် ကိစ္စကိုတောင် ဦးကြီး သိအောင် ပြောခွင့်မရတော့ပါလားဟု သတိတရရှိ၏။ အရာရာသည် ဦးကြီးမရှိတော့သဖြင့် အားငယ်စိတ်လှုပ်ရှားဖွယ်ဟု ဖြိုး ထင်သည်။ ဦးကြီး ရှိနေပါက ဦးကြီးသည် မိမိရှေ့မှ ထာဝရ ရပ်တည်စောင့်ရှောက်သွားနိုင်သူဟု ယုံ၏။ အစဉ်အေးမြမှုကို ပေးနေမည်ဟု စိတ်ချထားခဲ့သော အရိပ်ကြီးသည် ရုတ်တရက် ပြိုလဲပျက်စီးသွားလေပြီဟု ဝမ်းနည်းကြေကွဲရပြီ။

☆

"မို အရမ်းဝမ်းနည်းနေပြီလား"

ကားတံခါးနားမှာ လာရပ်ပြီး နှုတ်ဆက်တော့ မော့ကြည့်ဖြစ်၏။

"ဩော် ... မေလွင် ... ဟင် ... ဘေဘီလည်း ပါတယ်"

"စိတ်မကောင်းပါဘူးကွာ"

ဟု ဘေဘီက ပြောသည်။

"ဘာတတ်နိုင်မှာလဲကွာ"

"အေးလေ ... တရားနဲ့ပဲ ဖြေရမှာပေါ့။ ပြောသာပြောရတယ် ရင်ထဲမှာတော့ အရမ်းထိခိုက်နေမယ်ဆိုတာ သိပါတယ်"

"ဒီလိုပါပဲကွာ"

မို့ပုံက အေးတိအေးစက်၊ ဘေးမှ မြင်ရ တွေ့ရသူများ အားပါးတရဖြစ်အောင် ငိုကြွေးပူဆွေးနေဟန်ကို မပြ။

"သွားမယ် မို၊ နောက်မှ ကိုယ်တို့အိမ်လာခဲ့ဦးမယ်"

နှုတ်ဆက်ပြီး ထွက်သွားကြ၏။ မိုက ခေါင်းညိတ်ဖြစ်လိုက်သလား၊ ခေါင်းမညိတ်ဘဲ နေလိုက်သလားကို သူတို့ ထွက်သွားစဉ်မှာ ဘာသာ စဉ်းစားနေလိုက်မိ၏။

"တွေ့တယ် မဟုတ်လား၊ မိုကတော့ သိပ်ပြီး ပူဆွေးမနေပါဘူး"

ဘေဘီက မေလွင့်ကို ပြောလိုက်၏။

"ကောင်လေးကတော့ တော်တော်စိတ်ထိခိုက်နေသလိုပဲ"

"ဒါကတော့ကွာ၊ သူက အဖေဆိုလည်း ဟုတ်၊ ဦးကြီးဆိုလည်း ဟုတ်ဆိုတော့ ပူဆွေးမှာပေါ့။ မိုက ဘာသွေးမှ မစပ်တာပဲဟာ"

"အင်း ... လွတ်လပ်သွားပြီဆို ပိုတောင်ပျော်နေဦးမလားပဲနော်"

"ဘာဖြစ်ဖြစ် မိုတွက်တာ မဆိုးပါဘူးကွ။ ပိုင်တယ်လေ၊ အဘိုးကြီး ရှာသမျှဟာ မိုရလိုက်တာပဲ။ ပြီးတော့ အဘိုးကြီးမရှိရင် ဒီလုပ်ငန်းတွေ အားလုံးကသူ့ကောင်လေး ဦးစီးပြီး လုပ်မှ ဖြစ်မှာတွေပဲ။ ဒီကောင်လေး မရှိရင်လည်း မဖြစ်သေးဘူးလေ။ အခုတော့ အားလုံးဟာ အိုကေပဲ ပစ္စည်းအားလုံးလည်း ရလိုက်တယ်၊ ဦးစီးဦးဆောင် လုပ်မယ့်လူကလည်း အဆင်သင့် ပိုင်ပြီးသား ဟုတ်ဘူးလား မေလွင်"

ကားပေါ်တက်ခါနီးမှာ ဘေဘီက ရယ်ပြီး မေလွင့်ကို ပြောလိုက်သေး၏။

လုပ်ငန်းများစွာ၊ ပစ္စည်းများစွာကို ပိုင်ခဲ့သော ဦးမြတ်ထွန်းသည် အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် ငွေတစ်မတ်ကိုသာ ယူဆောင်လျက် ခရီးရှည်ကြီးကို ဆက်ရပေတော့မည်။

သူ့ကို လိုက်ပို့ကြသည်ဆိုသော အုတ်အုတ်သဲသဲဖြင့် လူအုပ်ကြီးသည်လည်း သူ့အလောင်း ပြာမဖြစ်ခင်မှာပင် စွန့်ခွာလျက် ပြန်ကြလေပြီ။ တချို့က လိုက်ပို့စဉ်ကပင် သူ့အကြောင်းကို မေ့ထားပြီး တချို့ကသာ သူ မကောင်းသတင်း၊ မမမိုနှင့် ဖြိုးတို့ သတင်း စသဖြင့် အလျဉ်းသင့်သလို ပြောဆိုကြပြီး သူ သေပြီဆိုတာ ခဏအတွင်း မေ့လိုက်ကြပေတော့မည်။

နောက်မှာ တန်းစီနေသော အသုဘပို့ယာဉ်တို့ကို တွေ့ရပြန်၏။

# ၆

"ဖြိုး ... ခဏ"

ဧည့်ခန်းမှာ ထိုင်လျက် မမမှီက လှမ်းခေါ်သည်။

သူ့အခန်းကို မသွားသေးဘဲ ဧည့်ခန်းမှာ ဝင်ထိုင်လိုက်၏။

"မမမှီ ဘာပြောမလို့လဲ"

မမမှီ မျက်နှာကိုကြည့်ရင်း မေးလိုက်သည်။ မမမှီ သူ့ကို စူးစိုက်ကြည့်နေမှန်း သိလိုက်၏။

"ဖြိုး အခုတလော အိမ်ပြန်လာတာ သိပ်နောက်ကျတာပဲ။ မနက်ဆိုလည်း အိမ်က အစောကြီးထွက်တယ်"

"မမမှီရယ်၊ ကျွန်တော်က ဦးကြီး မရှိတော့ ဦးကြီးအတွက်ပါ နှစ်ယောက်စာအလုပ်ကို လုပ်နေရတာပေါ့။ ပြီးတော့ ဦးကြီး ရှိတုန်းကလိုပဲ အစီအစဉ်တကျဖြစ်အောင် မနည်းကြီး ကြိုးစားလုပ်နေရတာပါ။ ဦးကြီးမရှိမှ ဦးကြီးရဲ့တန်ဖိုးကို နားလည်သဘောပေါက်လာတယ်လေ။ ဒီလောက်အချိန်ယူ လုပ်တာတောင် တချို့ကိစ္စတွေက ဦးကြီးရှိတုန်းကလို ချောချောမွေ့မွေ့ရှိတာ မဟုတ်ဘူး"

မမမှီကို သူ ရှင်းပြလိုက်သည်။

"အင်း ... အလုပ်ထဲမှာ အချိန်ကုန်နေတာဆိုရင်တော့ မမမို မပြောတော့ပါဘူးလေ။ မမမိုက ဖြိုး အပြင်မှာ အချိန်ကုန်နေတာလားလို့"

မမမိုက ပြုံးရင်း စကားကိုဆက်၏။

"ဘယ်လို ... မမမို အပြင်မှာအချိန်ကုန်နေတယ်ဆိုတာ ဘာကို ပြောတာလဲဟင်"

အလုပ်ရှင်နှင့် အလုပ်သမားနယ် လုပ်ငန်းကို စိတ်မချသည့်သဘောလားဟု ရင်ထဲမှာ မျက်ခနဲ နာသည်။ မျက်နှာက ကွက်ခနဲ ပျက်သွားမည်ထင်၏။ မမမိုကို ကြည့်လိုက်တော့ သူ့ကို ပြုံးပြီး ကြည့်နေဆဲ။

"မမမို ကျွန်တော့်ကို မယုံလို့လားဟင်"

"ဖြိုးက တစ်မျိုးအဓိပ္ပာယ် ပေါက်နေပြီထင်တယ်၊ မမမိုက ဖြိုးကို မယုံရင် ဘယ်သူ့ကို ယုံရမှာလဲကွယ်"

"ဒါဆို ..."

"မမမို ပြောချင်တာက ဖြိုးအပြင်မှာ ရည်းစားတွေ ဘာတွေနဲ့ လျှောက်လည်သွားလာနေမှာ စိုးတာပါ"

"ဟာ ... မမမိုကလည်းဗျာ"

မျက်နှာက အပြုံးတစ်ဝက်နှောပြီး အတင်းအမာ ပြေလျော့သည်။ အလုပ်ထဲမှာနစ်ပြီး အာရုံစူးစိုက်ရလွန်းသဖြင့် ထူးထူးနှင့် အဆက်အသွယ်မပြတ်သော်လည်း ကျဲသည်၊ ထူးထူးက ဖုန်းဆက်သည့်အခါများစွာမှာ သူအလုပ်စားပွဲမှာ မရှိတတ်။ အပြင်မှာ ကုန်သည်တွေနှင့် သွားတွေ့နေရတတ်သည်။

ထူးထူးတို့ ကျောင်းဖွင့်နေပြီဖြစ်ပါလျက် ကျောင်းကို လမ်းကြုံသဖြင့် တစ်ခါသာ ဝင်သွားတွေ့ဖြစ်သေးသည်။

"ဖြိုး ... ဦးကြီးလည်း မရှိတော့ဘူးဆိုတော့ ဖြိုးကို မမမိုပဲ ပြောရဆိုရမှာပဲ ဖြိုး။ ဒီလုပ်ငန်းတွေ ဒီပစ္စည်းတွေ အားလုံးကိုလည်း ဖြိုးပဲ ဦးစီးဦးဆောင် ပြုရမှာဆိုတော့ ဖြိုး အိမ်ထောင်ဖက် အရွေးမှားမှာကို မမမို အစိုးရိမ်ဆုံးပဲလေ။ ဖြိုးနဲ့ ပေါင်းရမှာဆိုပေမဲ့ မမမိုတို့နဲ့ ဖြိုးက ခွဲလို့ရကြမှာမှ မဟုတ်တာ။ မမမိုတို့နဲ့ပါ

ပေါင်းရမှာပဲလေ။ ဒီတော့ မမမို့က အစစအရာရာ စဉ်းစားရပြီပေါ့။ ဖြိုးသဘောနဲ့ ဖြိုး စိတ်လိုက်မာန်ပါတွေ လျှောက်လုပ်မိမှာစိုးလို့ မမမို့ ပြောနေရတာပါ။ မမမို့ ကို ဖြိုး နားလည်တယ်နော်"

"ဟုတ်ကဲ့ ... မမမို့"

"ဖြိုး အနေအစားမျိုးနဲ့ ဖြိုးရဲ့ ပစ္စည်းဥစ္စာကိုမက်ပြီး ဖြိုးကို သက်သက် ညာစားမယ့် မိန်းကလေးမျိုးတွေ တွေ့မှာ ပူတယ်လေ"

"မမမို့ကလည်း ဖြိုးမှာ ဘာမှရှိတာမှ မဟုတ်တာဗျာ၊ ဘယ်သူက အထင်ကြီးမှာတဲ့လဲ။ ပြီးတော့ ဖြိုးကလည်း ဖြိုးကို အဲဒီလိုအထင်ကြီးနေတဲ့လူရှိရင် အမှန်အတိုင်း ရှင်းပြလိုက်မှာပေါ့"

"ဖြိုး ဦးကြီးထားခဲ့တာတွေ နည်းတာမှ မဟုတ်တာ ဖြိုးရယ်"

"မမမို့ ဘာတွေ ပြောနေတာလဲ၊ ဦးကြီးကျန်တဲ့ပစ္စည်းအားလုံးဟာ မမမို့ ပစ္စည်းချည်းပဲပေါ့။ ယောကျ်ားသေသွားရင် သူ့ဇနီး ပိုင်ခွင့်ရှိတာပဲဟာ။ ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော်က အမွေစားအမွေခံသား ဆိုပေမဲ့ ဦးကြီးဟာ သူ့ကိုယ်သူ ဒီအသက် ဒီအရွယ်မှာ သေမယ်လို့ ဘယ်တော့မှ စဉ်းစားမိမှာ မဟုတ်ဘူးလေ။ ဒီတော့ သေတမ်းစာတွေ ဘာတွေ ရေးမသွားနိုင်ခဲ့တာလည်း ကျွန်တော် သိပါတယ်။ ဦးကြီး မမမို့ကို လက်မထပ်ခင်ကလည်း သူ့ရှေ့နေနဲ့ တိုင်ပင်ပြီး ကျွန်တော့်အတွက် လွှဲပြောင်းပြီး ပေးစရာရှိတာ ပေးဖို့ ကျွန်တော့်ကို တိုင်ပင်သေးတယ်။ ကျွန်တော် လက်မခံခဲ့ပါဘူး၊ ကျွန်တော် ဦးကြီးပစ္စည်းတွေကို မမက်ပါဘူး မမမို့"

"မမမို့ ဆိုင်တာလည်း ဖြိုး ဆိုင်တာပဲပေါ့ကွယ်"

"ကျွန်တော်ကတော့ မမမို့ပစ္စည်းတွေချည်းပဲလို့ သဘောထားပါတယ်။ ဦးကြီး ရှိတုန်းကလို တိုးတက်ရာ တိုးတက်ကြောင်း လုပ်ပေးကိုင်ပေးနေသလိုပဲ မမမို့အတွက် ကျွန်တော် လုပ်ပေးနေရမယ်လို့လည်း ယူဆထားတယ်လေ။ တစ်ခုပဲ ရှိတယ် မမမို့၊ မမမို့ အိမ်ထောင်ပြုတဲ့နေ့မှာတော့ ကျွန်တော့်ကို မလို တော့ရင် ကျွန်တော် တခြားသွားဖို့ စဉ်းစားထားပါတယ်"

မမမို့မျက်နှာကိုကြည့်ရင်း ပြောလိုက်သော စကားကြောင့် မမမို့ မျက်နှာ ချက်ချင်းညှိုးရော်သွားသည်။

"ဖြိုး ဘာတွေ ပြောနေတာလဲ၊ မမမိုက ဘယ်သူ့ကို အိမ်ထောင်ပြုရမှာ လဲ၊ ပြောရက်လိုက်တာ ဖြိုးရယ် ..."

"မဟုတ်ဘူး မမမို၊ မမမိုမှာ အရွယ်ရှိသေးတာပဲ"

"တော် ... ဖြိုး၊ ဒီပစ္စည်းတွေကိုလည်း မမမို စိတ်ဝင်စားတာ မဟုတ်ဘူး။ နောက်ကို မမမို ပစ္စည်းတွေလို့ မပြောနဲ့၊ ဖြိုး ပစ္စည်းတွေလို့ သဘောထားပါ"

"ကျွန်တော့်ပစ္စည်းတွေလို သဘောထားပြီး ထိန်းသိမ်းစောင့်ရှောက် သွားပေးမှာပါ မမမို။ ဒါပေမဲ့ ကျွန်တော် လုပ်ကိုင်ပေးနေတာတွေ အားလုံးဟာ မမမိုအပေါ်မှာထားတဲ့ သံယောဇဉ်တရားနဲ့ ဦးကြီးကိုယ်စား တာဝန်ရှိသူ တစ်ယောက်အနေနဲ့ လုပ်ပေးနေမှာပါ။ ကျွန်တော် ဦးကြီးဆီက ဘာအမွေမှ မမျှော်ကိုးပါဘူး မမမို။ ဦးကြီးရဲ့အမြော်အမြင်ကြီးမှုနဲ့ လုပ်ရည်ကိုင်ရည် လုပ်ငန်း ကျွမ်းကျင်မှုတွေကိုပဲ အမွေအဖြစ်ရအောင် ကြိုးစားမှာပါ"

"တော်ပါတော့ကွယ်၊ စကားတွေက ဘယ်ရောက်ကုန်မှန်း မသိတော့ ဘူး။ မမမို ပြောချင်တာက ဖြိုးနဲ့ပတ်သက်ပြီး နောက်ရောက်လာမယ့် ဖြိုး အိမ် ထောင်ဖက်အတွက် အစိုးရိမ်လွန်ပြီး ပြောမိတာပါ။ မမမိုကလည်း စိတ်တွေ ကယောင်ချောက်ချားနဲ့ဆိုတော့ ဖြိုး အိမ်ထောင်ပြုမယ့်သူဟာ အားလုံးကို နားလည်နေမယ့်သူပဲ ဖြစ်စေချင်တယ်လေ။ ဖြိုးရဲ့ ပစ္စည်းဥစ္စာကို ကြိုက်ပြီး ညာယူတဲ့သူမျိုး ဖြစ်မှာတွေ။ ပြီးတော့ ဖြိုးကို မမမိုတို့နဲ့ ခွဲထုတ်သွားမှာတွေ တွေးရင်း တွေးရင်း စိတ်ပူမိလို့ပါ။ မမမို သဘောကတော့လေ ဖြိုးကို ဘယ်တော့ မှ အိမ်ထောင်မပြုစေချင်ဘူး။ ကဲ ... သွားသွား ရေမိုးချိုး"

မမမိုကို ပြုံးပြပြီး ထိုင်ရာမှ ထလိုက်သည်။ ဘာမှတော့ ပြန်မပြောလိုက် မိတော့။ အခန်းထဲသို့ဝင်ရင်း ထူးထူး နေပုံထိုင်ပုံက ကလေးဆန်လို့ အရင်က မမမို သဘောတွေပုံမရသော်လည်း ထူးထူးကိုတော့ မမမို ခင်မှာပါဟု စဉ်းစား လိုက်မိသေးသည်။ ထူးထူးကလည်း နောက်ဆို ကလေးအမူအကျင့်ကလေး တွေကို ပြုပြင်ပေးလိုက်လျှင် လူကြီးဆန်လာမှာပဲဟု ဆက်တွေးမိ၏။ မမမိုနှင့်

ထူးထူး မပြေလည်နိုင်စရာ ဘာမှမရှိပါဘူးဟု ထင်ရင်း ထူးထူးနှင့် မမမိ ရင်းနှီးသွားအောင်တော့ လုပ်ပေးရဦးမည် စဉ်းစားလိုက်ပြန်သည်။

☆

အဓိပတိလမ်းအတိုင်း မောင်းဝင်လာပြီး အာစီရှေ့မှာ ညာဘက်ကို ချိုးကွေ့လိုက်သည်။ သိပ္ပံ စားသောက်တန်း မရောက်မီ အိုင်စီပုံဆွဲဌာနအနီးမှာ စကြံ့လမ်းကလေးကို ခေါင်းတည့်၍ ကားရပ်၏။ ကားပေါ်မှဆင်းကာ ဟိုဟိုသည်သည် ရှာသည်။ သွားလာလှုပ်ရှား ရယ်မောပျော်ရွှင်နေသော ကျောင်းသူကျောင်းသားတို့ကြားမှာ ထူးထူးများ ပါလာမလားဟု သေချာစွာ ကြည့်မိသည်။

မြလေးကတစ်ဆင့် ဒီမနက် အလုပ်ကိုအသွားမှာ ကျောင်းဝင်လာခဲ့မည် ယခုကားရပ်သည့်နေရာမှာ စောင့်ပါဟု ထူးထူးကို မှာထားခဲ့သည်ပဲ။ အတန်းမပြီးသေးလို့ မလာတာ ထင်လိုက်သည်။ ကားခေါင်းကို မှီရပ်ရင်း အပေါ်ထပ်မှ စာသင်ခန်းတွေကို လှမ်းငေးနေလိုက်မိပြန်၏။ အကြည့်ကို အောက်ထပ် စာသင်ခန်းတွေဆီ အပို့မှာ ရှေ့ဆီမှ လျှောက်လာနေသော ထူးထူးကို မြင်သည်။

"ရောက်တာကြာပြီလား ..."

ဟု အနားရောက်တော့ လှမ်းမေး၏။

"သိပ်မကြာသေးပါဘူး၊ ထူးထူး အားလား ..."

"နောက်တစ်ချိန် ပြန်တက်မယ် ကိုကို၊ ဒီမှာပဲ ထိုင်ရအောင်"

"ဒီကန်တင်းမှာလား ..."

ထူးထူးက ခေါင်းညိတ်ပြ၏။ ပြီးတော့ ကန်တင်းဘက်ဆီသို့ ဆက်လျှောက်သည်။ ထူးထူးနှင့် အတူတွဲယှဉ်လျှောက်ရင်က် "ကိုကို အလုပ်တွေ သိပ်များနေမှာပေါ့နော်" ဟု သူ့ကို မကြည့်ဘဲ ထူးထူးက ပြောလိုက်သည်။

"ဟုတ်တယ် ထူးထူး"

ဟုပြန်ဖြေရင်း ထူးထူးစကားမှာ ခနဲ့သံများ ပါနေသလားဟု တွေးမိသေးသည်။

လူသွားစင်္ကြံ၏တစ်ဖက်ကုံကော်ပင်အောက် ကွက်လပ်မှာ ချထားသည့် စားပွဲမှာ နေရာယူပြီး ထိုင်လိုက်ကြသည်။

"ကော်ဖီပဲ သောက်မယ်"

"ကော်ဖီခါးခါး နှစ်ခွက်" ဟု မှာလိုက်သည်။

"မှတ်မိသေးသားပဲ"

မျက်လွှာချ၍ ဆိုသည်။

"ထူးထူး ကိုကို့ကို စိတ်ဆိုးနေလားဟင်"

ကော်ဖီခွက်များ ရောက်လာသည်ထိ စကားမဆိုသော ထူးထူးကို မေးလိုက်၏။

"စိတ်မဆိုးပါဘူး၊ ဒါပေမဲ့ ... ဝမ်းနည်းတယ်"

"ဘာကိုလဲဟင် ..."

ရင်ထဲမှာ ထိတ်သည်။ စိတ်ကပူသည်၊ ဗလောင်ဆူအောင် ခံစားအနေခက်၏။ သူ့မျက်နှာသို့ သောကရိပ်တို့ ညှို့ဖွာက်လာပြီလား တွေးမိ၏။

"ထူးထူးကို ကိုကို ပစ်ထားလိုက်တာ"

"ဘယ်လို ..."

ထူးထူးက လွယ်အိတ်ပန်းပွားစကို လုံးခြေလျက် ခေါင်းငုံ့ထားဆဲ။

"ထူးထူး ဖုန်းဆက်တော့လည်း ဘယ်တော့မှမရှိဘူး၊ ထူးထူးကို လာပြီး တော့လည်း မတွေ့ဘူး"

"ကိုကို အလုပ်အရမ်းများနေလို့ပါ ထူးထူးရယ်"

"ဘာလဲ မမမှီကို လိုက်ပို့နေရတဲ့အလုပ်လား"

"ထူးထူး ဘယ်လိုပြောလိုက်တာလဲ"

ထူးထူးကို စူးစိုက်ကြည့်ကာ မေးလိုက်၏။ ထူးထူးစကားကြောင့် ရုတ်တရက် ကြောင်သွားသည်။ ထူးထူးက သူ့ကို မျက်နှာချင်းမဆိုင်ဘဲ အကြည့်ကို လွှဲထား၏။

" မမမိုနဲ့တောင် ဟိုတစ်နေ့ညက စကားပြောရသေးတယ်။ ကိုကိုက အလုပ်ထဲမှာချည်း နစ်နေလို့ အိမ်အပြန်နောက်ကျတာကို မမမိုကျတော့ အပြင်မှာ လျှောက်လည်နေတယ် ထင်တယ်လေ။ ထူးထူးကျတော့ မမမိုကိစ္စ လိုက်လုပ်နေတယ် ထင်ပြန်ပြီ"

"သိဘူးလေ ..."

"ကိုကိုက ဦးကြီးမရှိတဲ့နောက်မှာ အစအဆုံး ဦးစီးလုပ်နေရတာပါ။ ဦးကြီး လုပ်ထားကိုင်ထားတာတွေကို မီအောင် မနည်းလိုက်လုပ်နေတယ် ထူးထူး။ ဒီလောက် အလုပ်ထဲမှာ အချိန်ပြည့် နစ်လုပ်တာတောင် ဦးကြီးရှိတုန်းကလို ရှောရှောရှူရှူဖြစ်တာ မဟုတ်ပါဘူး။ ဩဇာချင်းက တူမှမတူတာ။ ဦးကြီး မြေဝယ်ပြီး တိုက်ဆောက်ရောင်းခဲ့တဲ့ အိမ်သုံးလုံးအတွက် အမြတ်တော်ကြေး ကိစ္စတွေကလည်း အခုမှ ပြန်ဝင်လာတယ်။ နောက်ထပ် မြေတစ်ကွက်ပေါ်မှာ ဆောက်လက်စ တိုက်နစ်လုံးကလည်း တန်းလန်းကြီး၊ ပွဲရုံက ကိစ္စလောက်သာ ကိုကိုက သိထားတာ၊ အခု ဦးကြီးဆုံးတော့ အားလုံး ကိုကို့တာဝန်ချည်း ဖြစ်လာတာလေ"

သူ့စကားတွေကို စူးစိုက်နားထောင်ရင်း စိတ်ပြေလာပြီ ထင်သည်။ မျက်နှာက အစကလို မတင်းတော့။ သူ့ကို ဖျတ်ခနဲ လှမ်းကြည့်ရင်း ....

"ဘယ်လောက် အလုပ်များများ မမမိုကိုတော့ ဘုရားပို့နိုင်သေးတာပဲ မဟုတ်လား"

"ဘုရားကို သက်သက် လိုက်ပို့တာမဟုတ်ပါဘူး ထူးထူးရယ်။ ဘာလဲ မြလေး ပြန်ပြောပြတာ မဟုတ်လား"

"မြလေးက ပြန်ပြောတာ မဟုတ်ပါဘူး၊ မြလေးစကားထဲ ပါလာတာကို ထူးထူးက မှတ်ထားတာပါ"

"ဦးလေးခင်မောင်းတဲ့ ဦးကြီးကားကို မြလေးတို့ မမမိုတို့ သုံးတယ်။ ကိုကိုက ကိုကို့ကားကို သုံးတယ်။ အဲဒီနေ့က ဦးလေးခင်က ကားပျက်နေလို့ မမမိုက ဘုရားပို့ခိုင်းတာကို ကိုကိုက တကူးတက ပို့လိုက် ကြိုလိုက် မလုပ်နိုင်ဘူးလေ။ ဒါကြောင့် အလုပ်သွားရင်း ဘုရားကို ဝင်ပို့သွားတာ၊ မြလေး ကျောင်း

သွားချိန်မှာ ဦးလေးခင်ကားက ပြင်လို့မပြီးသေးလို့ မြလေးကိုတော့ မပို့နိုင်ခဲ့ဘူး။ မမမှီတောင် ဘုရားမှာ အကြာကြီးစောင့်နေရတယ်တဲ့၊ အဲဒါပဲ ...”

“မသိဘူး ကိုကို ထူးထူးတော့ စိတ်အရမ်းညစ်လာပြီ။ အိမ်ကဆို အခုတော့ ပိုပြောကောင်းတာပေါ့။ ကိုကိုနဲ့ မမမှီ ယူကြမှာပဲတဲ့။ ကိုကိုနဲ့ ဘာအဆက်အသွယ်မှ မလုပ်ရဘူးတဲ့၊ မြလေးနဲ့တောင် ကျောင်းမှာ မတွဲကြဖို့ ပိတ်ပင်ထားတယ်”

သက်ပြင်းရှည် တစ်ချက်ကို ချလိုက်မိ၏။

“အင်းပေါ့လေ ... ဦးကြီး မရှိတော့ အခြေအနေက စွပ်စွဲလို့ ပိုပြီးကောင်းသွားတာပေါ့”

“ဒီအချိန်မှာ ထူးထူးတော့ အကြောက်ဆုံးပဲ ကိုကို၊ အရင်ကဆို ကိုကို့ကို ထူးထူး လုံးဝယုံကြည်စိတ်ချတယ်။ အခုအခြေအနေက လုံးဝ ယုံကြည်စိတ်ချလို့မရအောင် ဖန်တီးထားသလိုပဲလေ။ ကိုကိုသာ လူတွေပြောတဲ့အတိုင်းဖြစ်သွားရင် ထူးထူးတော့ သေမှာပဲ”

“စိတ်ချပါ ထူးထူးရယ် ...”

အေးစက်နေပြီဖြစ်သော ကော်ဖီပန်းကန်တို့ကို ငုံ့ကြည့်လိုက်မိရင်း သက်ပြင်းကိုယ်စီချလျက် နှစ်ဦးလုံး ရင်ထဲမှာ အတွေးကိုယ်စီနှင့်...

၇

"ပြီးတော့ သူငယ်ချင်းတွေကလည်း ပြောကြတယ်တဲ့။ ပြီးတော့ ပီတာ ကိုယ်တိုင်လည်း ကျောင်းမှာ တစ်ခါတွေ့လိုက်တယ် ပြောတာပဲ မမရယ်။ ဒီအတိုင်းဆိုရင်တော့ အခြေအနေက စိုးရိမ်စရာပဲလေ"

ဘေဘီက စကားကိုဖြတ်ပြီး ထူးထူး မာမီ့မျက်နှာကို အကဲခတ်ကြည့်သည်။

"မိုက်လိုက်တဲ့သမီးကွယ်၊ ဒီလောက်အထိ မမတို့က သမီးမိုက်မယ် မထင်ဘူး"

"သမီးကိုလည်း ဘေဘီတို့က အပြစ်တော့ မဆိုချင်ပါဘူး မမရယ်။ ဒါပေမဲ့ အခြေအနေက လက်လွန်ခြေလွန်မဖြစ်ခင် ထိန်းသိမ်းနိုင်ရင် ကောင်းမယ် ထင်လို့ပါ။ ဟိုနေ့က ပီတာတို့ မာမီနဲ့ ဘေဘီတို့က ထူးထူးနဲ့ကိစ္စကို ပြောကြတော့ ပီတာက ဘေဘီတို့ကို ရိတယ်လေ။ မမကြီးတို့ မေမေတို့က အိမ်ထဲကနေ စီစဉ်နေတာ ထူးထူး အခြေအနေကိုရော ဘယ်လောက်သိလို့လဲတဲ့လေ"

"မဖြစ်ဘူး ... မဖြစ်ဘူး ... သမီးကို တင်းတင်းကျပ်ကျပ် လုပ်ရတော့မယ်"

"သိပ်တော့မတင်းကျပ်ပါနဲ့ဦးမမရယ်၊ တော်တော်ကြာ အရမ်းတင်းကျပ်ရင်လည်း ထွက်ပေါက်ရှာသလို မလိုလားအပ်တာတွေဖြစ်သွားမှာစိုးရပါတယ်။ ဘေဘီလည်း မေလွင်နဲ့တိုင်ပင်ပြီး မို့ကို သွားတွေ့ဦးမယ် စဉ်းစားထားတယ်။ ထူးထူးကို ဘေဘီ့မောင်နဲ့ လက်ထပ်ဖို့ကိစ္စလည်း မို သိသွားအောင် ပြောပြထားချင်တယ်လေ။ ပြီးတော့ မို သူ့လူကို သူထိန်းနိုင်အောင်လည်း နည်းနည်းပြောထားချင်တယ်"

"အင်း ... သမီးမိန်းကလေးမွေးထားရတာလည်း ဒုက္ခပါပဲ ဘေဘီရယ်။ ဘယ်လိုလုပ်ပြီးများ ဒီကလေးနဲ့မှ ဖြစ်ကြရတယ်လို့"

ထူးထူး မာမီက ထူးထူးအတွက် အတော်စိုးရိမ်ပူပန်နေပုံရ၏။

"ဘာဖြစ်ဖြစ်ပေါ့ မမရယ်၊ မိုကလည်း သူ့အိမ်ထောင်ဖက် ဆုံးသွားပြီဆိုတော့ လွတ်လပ်သွားပြီပေါ့။ ဒီတော့ မိုနဲ့ ဒီကောင်လေး အခြေအနေကတစ်အိမ်တည်းလည်း အတူနေဆိုတော့ ပိုလွတ်လပ်သွားပြီပေါ့လေ။ ပြီးတော့ သူတို့လည်းလက်ထပ်ကြလို့ရသွားပြီပေါ့၊ မို့ဘက်ကတွက်ရင်လည်း ဒီဖြိုးဆိုတဲ့ ကောင်လေးမရှိဘဲနဲ့ ဖြစ်တာမှ မဟုတ်တာ။ လုပ်ငန်းအားလုံးက သူ့အပေါ်မှာနေတာပဲ။ ဖြိုးကလည်းမို့ ပိုင်ဆိုင်ခွင့်ရထားတဲ့ ဒီပစ္စည်းတွေကို ဘယ်လက်လွှတ်ခံမလဲလေ။ သူတို့ဟာနဲ့ သူတို့တော့ ဟုတ်နေတာပေါ့။ ဒါပေမဲ့ ကြားကသမီးလေး ထူးထူး နာမည်ပျက် ကျန်ခဲ့မှာကိုသာ တွေးပူမိလို့ပါ"

"ဟုတ်တာပေါ့ ဘေဘီရယ် ... လွတ်လွတ်ကင်းကင်းလူမျိုးဆို ဖြစ်သွားရင်တောင် ဖြေသာနိုင်သေးတာပေါ့။ အခုဟာကကွယ် လူကြားလို့မှ မကောင်း"

"သိပ်တော့ စိတ်မဆင်းရဲပါနဲ့ မမရယ် ... နောက်ဆုံးအခြေအနေ သိပ်မကောင်းရင်တော့ ပီတာနဲ့ ထူးထူးကို ကျောင်းပြီးအထိ မစောင့်တော့ဘဲ စေ့စပ်ပွဲ လုပ်ပေးလိုက်ကြတာပေါ့ ဟုတ်ဖူးလား"

"စိတ်ရှုပ်ပါတယ် ဘေဘီရယ်… မမတော့ ဘာမှမပြောတတ်တော့ပါဘူး။ သမီးကိုတော့ ဘာဖြစ်ဖြစ် တင်းတင်းကျပ်ကျပ် တားဆီးရတော့မှာပဲ"

☆

ညစာစားပြီးလို့ အိမ်ပေါ်ထပ် တက်မည်အလုပ်မှာ သမီး ခဏဟု ဒယ်ဒီက ဧည့်ခန်းထဲမှ လှမ်းခေါ်သည်။ ဧည့်ခန်းထဲမှာ မာမီရော အန်တီပါ ထိုင်နေသည် တွေ့ရ၏။ ထူးထူး ဝင်လာတော့ အန်တီကထပြီး ဧည့်ခန်းထဲမှ ထွက်သွားသည်။

မာမီဘေးမှာကပ်ပြီး နှစ်ယောက်ထိုင် ဆိုဖာပေါ်မှာ ထူးထူး ထိုင်လိုက်၏။ ဒက်ဒီနှင့် မျက်နှာချင်းဆိုင် အနေအထား ဖြစ်နေသည်။ ဒယ်ဒီမျက်နှာကို လှမ်းအကြည့်မှာ ခါတိုင်းနယ်မရှင်၊ မျက်နှာထားက တင်းနေသည် ထင်၏။

"သမီး …"

ဟု မျက်နှာကိုကြည့်၍ ခေါ်လိုက်စဉ် ငုံ့ထားသည့်ခေါင်းက ဆတ်ခနဲ မော့ပြီး ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သည်။

"ဒယ်ဒီ သမီးကို ပြောစရာရှိလို့ သမီး။ တကယ်တော့ သမီး မာမီပြောရမယ့် စကားပါ။ သမီးမာမီလည်း သမီးကို ပြောတန်သလောက် ပြောပြီးပြီလို့ ထင်တယ်။ ဒယ်ဒီတို့မှာက သမီး ဒီတစ်ယောက်ပဲရှိတာဆိုတော့ ဒယ်ဒီလည်း သမီးကိစ္စကို ပြောသင့်တယ်ထင်လို့လေ"

ဒယ်ဒီက ရှည်ရှည်ဝေးဝေး စကားကို ပလ္လင်ခံနေလိုက်သည်။ ဒယ်ဒီ ဘာပြောတော့မည်ဟု ခန့်မှန်းသိထားနိုင်သည်ပဲ။ ရင်ထဲမှာ ဝမ်းနည်းထိတ်လန့်တုန်လှုပ်စိတ်ဖြင့် မငြိမ်ချင်။ အဓိပ္ပာယ်မဲ့စွာဖြင့် လုံချည်ကို လက်သည်းဖြင့် ကုတ်ခြစ်နေလိုက်မိ၏။

"သမီးနဲ့ မောင်ဖြိုးကျော်တို့ သမီးရည်းစား ဖြစ်နေကြသလား"

ကိုယ်ခန္ဓာတစ်ခုလုံး ဖြောက်တက်သွားသလို ခံစားလိုက်ရသည်။ မျက်လွှာပင့်၍ ဒယ်ဒီမျက်နှာကို တစ်ချက်ကြည့်လိုက်မိ၏။ ဒယ်ဒီမျက်နှာမှာ ပုံမှန်အနေအထားပင်။

"ပြောလိုက်လေ ... သမီး"

မာမီက ဘေးက ဝင်ပြောသည်။

ရုတ်တရက် ဆုံးဖြတ်ချက်ကို မချနိုင် ဖြစ်ရသည်။ ကိုကိုနှင့် မိမိကိစ္စကို ဝန်မခံရဲလောက်အောင် သတ္တိမနည်း။ သို့သော်လည်း ဝန်ခံလိုက်မိသဖြင့် အကြပ်အတည်းတွေ့ကာ ရင်ဆိုင်ရမည့်ပြဿနာ ပိုမိုကြီးထွားလာလေမလား တွေးသည်။ မဟုတ်ပါဘူး ငြင်းလျှင်လည်း ဒက်ဒီတို့က ယုံမည်လား။ အန်တီဘေဘီက မာမို့ကို သတင်းအစုံအလင် ပေးပြီးပြီပဲ။ ငြင်းလိုက်ကာမှ ပီတာနဲ့ ကိစ္စကို သဘောတူသလို ဖြစ်သွားဦးမှာလည်း စိုးရိမ်သည်။

"ဖြေလေ ... သမီး"

"ဟုတ် ... ဟုတ်ကဲ့ ... ဒယ်ဒီ"

"ညည်းဟာက ရှင်းအောင်ဖြေလေ"

ဟု ဘေးက မာမီက ဝင်ထောက်ပေးပြန်သည်။ မာမီမျက်နှာကို အားကိုးတကြီး မော့ကြည့်လိုက်မိသေး၏။

"မောင်ဖြိုးကျော်နဲ့ သမီးတို့ သမီးရည်းစား ဖြစ်နေကျတယ်ပေါ့ ... ဟုတ်လား သမီး ..."

ဖေဖေက ရှင်းအောင် ထပ်မေးသည်။

"ဟုတ်ပါတယ် ... ဒယ်ဒီ"

ဒယ်ဒီထံမှ သက်ပြင်းရှည်ချသံကို ကြားလိုက်ရ၏။ ခေတ္တမျှငြိမ်ဆိတ်သွားသည့်ကာလသည် ရှည်လျားလွန်းစွာဟု ထင်ရပြန်၏။

"ဒယ်ဒီ တစ်ခုတော့ ပြောချင်တယ် သမီးရယ်။ ဦးမြတ်ထွန်း ဆိုတာလည်း ဒယ်ဒီကြားဖူးပါတယ်။ သူ့ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝတာလည်း ဒယ်ဒီ သိတယ်လို့ ပြောလို့ရတယ်လေ။ မောင်ဖြိုးကျော်အကြောင်း တီးခေါက်ကြည့်တော့လည်း ဒီသူငယ်ဟာ လုပ်ရည်ကိုင်ရည်ရှိပြီး ဘာမှငြင်းစရာမရှိပါဘူးကွယ်။ အေး ... တစ်ခုခက်နေတာက မောင်ဖြိုးကျော်တို့ သတင်းပဲ သမီး။ မောင်ဖြိုးကျော်နဲ့ ဦးမြတ်ထွန်းဇနီးတို့ သတင်းက တော်တော်ထွက်နေတယ်။ ဒယ်ဒီ အကျယ်ချဲ့ ပြောစရာမလိုပါဘူးကွယ်။ ဒီကိစ္စမျိုးဟာ ဘယ်လောက်

ရုက်စရာကောင်းတယ်ဆိုတာ သမီး သဘောပေါက်မှာပါလေ။ ဒီလိုအမည်းစက်စွန်းထင်းတဲ့လူမျိုးနဲ့တော့ သဘောမတူနိုင်ဘူး သမီး။ သားသမီး သုံးလေးယောက်ရှိတဲ့မိဘက တစ်ယောက်မှာ မှားသွားရင် နောက်လူတွေရှိလို့မျှော်လင့်နိုင်သေးပေမဲ့ ဒယ်ဒီတို့မှာက တစ်ဦးတည်းသမီးဆိုတော့ နည်းနည်းလေးမှ အမှားအယွင်းမခံနိုင်ဘူး"

"သမီးကိုဖေဖေလေးလေးနက်နက်ပြောချင်တယ်လေ။ အစွန်းအထင်းရှိတဲ့ အဝတ်အစားကို အဝတ်အစားသန့်သန့်တွေနဲ့ ရောနှောထားလို့ ဘာမှကူးစက်ပေကျံမသွားနိုင်ပေမဲ့ အစွန်းအထင်းရှိတဲ့လူနဲ့ ပေါင်းတာ၊ သင်းတာဟာကျန်တဲ့လူရဲ့ဘဝမှာပါ အစွန်းအထင်း ကူးစက်သွားနိုင်တယ်ဆိုတာ သမီး သိစေချင်တယ်"

"ဒီသတင်းက ဟုတ်မှမဟုတ်တာပဲ ဒယ်ဒီ"

အရဲစွန့်ပြီး ဆင်ခြေတက်လိုက်သည်။

"ကဲ ... မဟုတ်ဘူးပဲ ထားပါတော့။ ဒါပေမဲ့ ဒီလိုသတင်းထွက်နေတဲ့လူတစ်ယောက်နဲ့ သမီး ငြိစွန်းကြတဲ့အတွက် သမီးအကြောင်းပြောရင် ဒီလိုသတင်းကြီးပြီး ဒီလိုအပုပ်နံ့ထွက်နေတဲ့ လူနဲ့တဲ့ ဆိုတာမျိုးတောင် ဒယ်ဒီတို့က အပြောမခံနိုင်ဘူး"

"ဒီမှာ သမီး ... မာမီ ရှင်းရှင်းပဲပြောမယ်လေ။ အဲဒီသူငယ်မှာက သမီးဒယ်ဒီပြောသလို မကောင်းတဲ့သတင်းပြန့်နေလို့ မဆက်ချင်တာက တစ်ပိုင်း၊ ကဲ ...ကောင်းပြီလေ ဒီသတင်း မဟုတ်လို့ ဒီသူငယ်က ဒီအိမ်က ခွဲထွက်သွားပါပြီတဲ့ ဒီသူငယ်ပိုင်ပစ္စည်း ဘာရှိမှာတဲ့လဲကွယ်။ ကျန်ခဲ့တဲ့ပစ္စည်းအားလုံးက ဦးမြတ်ထွန်းဖနီးပဲ ပိုင်ခွင့်ရှိတာ မဟုတ်လား။ ဒီတော့ နာမည်လည်းပျက်ပြီးသား လက်ဖဝါး၊ ခြေဖဝါးချည်းလူနဲ့ ရွှေရည်ပန်းဆက် ငါ့သမီးလေးကို မာမီတို့ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူးကွယ်"

အံကို တင်းတင်းကြိတ်၍ စိတ်ကို ခိုင်ခိုင်ထားသည့်ကြားမှ မျက်ရည်တို့မျက်ဝန်းမှာ ခိုတွဲလာသည်။ မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ထိန်းပေမဲ့ မျက်ရည်တစ်စက်က လိမ့်ဆင်းစီးသွယ်ကျ၏။

---

"သမီး သူ့ကိုပဲ ချစ်တယ်"

လေသံမှာ တိုးညင်းလွန်း၏။ အင်အားများစွာဖြင့် မေတ္တာစိတ်ကြောင့်သာ ကြောက်လန့်စိုးရွံ့မှုကိုတွန်းလှန်ကာ ထွက်လာရသည့် ရင်ထဲက စကား။

"ဒယ်ဒီတို့ မာမီတို့ ကိုယ်ချင်းစာတတ်ပါတယ် သမီးရယ်။ အခုဟာက ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စမို့ သမီးကို တားဆီးပိတ်ပင်ရတာပါ။ အချစ်ကြောင့် ဘဝတစ်ခု မပျက်စေချင်ဘူး။ အချစ်ကြောင့် ဘဝမှာ အညစ်အစွန်း အပေအကျံတောင်မှ မရှိစေချင်ဘူးလေ။ လူ့ကိုယ်ကျင့်တရားနဲ့ သိက္ခာဆိုတာ ဘာနဲ့မှ လဲလှယ်ယူမရတဲ့ ဘဝရဲ့အဖိုးတန်ဆုံး ရတနာပါ သမီး။ သမီးတင်မကဘူး ဒယ်ဒီတို့ မာမီတို့ မိသားစုတစ်ခုလုံးပါ သူများ မေးငေါ့ပြစ်တင်မယ့်အလုပ်ကို သမီး နလုံးသားနဲ့ရင်းပြီး မလုပ်ဘဲ နေသင့်ရင် နေရမယ်လို့ ဒယ်ဒီ ထင်တယ်လေ"

"မသိဘူး ... မသိဘူး ... သမီး မသိဘူး"

မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ငိုရှိုက်မိတော့၏။ မာမီက ပခုံးကို လက်တင်လျက် ဖွဖွဖက်သည်။ သိမ့်သိမ့်လှုပ်ခါနေသော နောက်ကျောကို မာမီ လက်တင်လာတော့ စိတ်ကို ဘယ်လိုမှ မထိန်းနိုင်တော့ဘဲ မာမို့ရင်ခွင်မှာ ခေါင်းတိုးဝင်လိုက်မိတော့သည်။

"တိတ်ပါ သမီးရယ် ... သမီးလေးက ငယ်သေးတယ်၊ ကလေးလေးလိုပဲ ဘာမှ လေးလေးနက်နက် စဉ်းစားတွေးခေါ်တတ်သေးတာမှ မဟုတ်တာ"

ဟု မာမီက သူ့ကို ပွေ့ဖက်ထားရင်း ပြော၏။

"လောကမှာ သစ်ကောက် ဝါးကောက်တာလောက်ပဲ မြင်နိုင်တာ သမီး၊ လူ့ရဲ့အတွင်းစိတ်က ကောက်တာကို မြင်နိုင်တာ မဟုတ်ဘူး။ သမီးက ငယ်သေးတော့ အကဲခတ်ဖို့ ပိုပြီးခက်တာပေါ့။ သမီးရဲ့မောင်ဖြိုးကျော်က သမီး ယုံကြည်လောက်အောင် အယုံသွင်းပြီး သမီးကို လှည့်စားနေတာရော မဖြစ်နိုင်ဘူးလား ကွယ်"

"မဖြစ်နိုင်ဘူး ဒယ်ဒီ ... လုံးဝ မဖြစ်နိုင်ဘူး"

မာမို့ရင်ခွင်ထဲက လှမ်းအော်သည်။

"ကဲ ... ဘာဖြစ်လို့ မဖြစ်နိုင်တာလဲ"

"သမီး သိတာပေါ့၊ သူ သမီးကို အရမ်းချစ်တာပဲဟာ"

"သမီးလေးရယ့် မိန်းကလေးတစ်ယောက် ယုံလောက်အောင် အယုံသွင်းပြီး ချစ်ဟန်ဆောင်တတ်တာ ယောကျ်ားတွေရဲ့ မွေးရာပါ အရည်အချင်းတစ်ခုပဲ သမီး။ မိန်းမမှ မာယာများတယ် မထင်ပါနဲ့ကွယ်။ ယောကျ်ားမာယာများရင် ဘယ်မိန်းမမှ လိုက်လို့ မမီနိုင်ပါဘူး"

"မဖြစ်နိုင်ပါဘူး ဒယ်ဒီ ... သူ သမီးကို တကယ်ချစ်တာ သမီးသိတယ်"

မျက်ရည်စကို လက်ဖဝါးဖြင့် သုတ်ရင်း မာမို့ရင်ခွင်မှ လူးလဲထလျက် ပြောလိုက်ပြန်သည်။

"ကဲ ... ထားပါလေ သမီးကို သူက တကယ်ချစ်တယ်ပဲထား။ သူနဲ့ အဲဒီအမျိုးသမီးနဲ့ မပြိုစွန်းဘူးဆိုတာရော သမီး ဘယ်လို သက်သေပြမလဲ။ သမီးနဲ့ မတွေ့ကြခင်ကတည်းက ငြိစွန်းနေကြတာရော မဖြစ်နိုင်ဘူးတဲ့လား"

အရှိက်ကို ထိသည့်စကား၊ ချောင်ကို ပိတ်မိစေသည့်စကား။ ပြန်လည်တွန်းလှန်ချေပနိုင်မှုကို တားဆီးလိုက်သည့်စကား။ ဘာလို့များ ဒီအခြေအနေမျိုးမှာမှ ကိုကို့ကို တွေ့ရ ကြုံရပါသလဲကွယ်။ ဘယ်လိုဖြစ်ဖြစ် ကိုကို့ကို ချစ်လို့ ယုံကြည်မိသည်မှတစ်ပါး ဘာအထောက်အထားနဲ့ စကားဆိုရမှာလဲ။ ပတ်ဝန်းကျင်ဆိုတာက ထုအကြီးကြီး၊ တားဆီးချေဖျက်ဖို့ အားထုတ်သူက ထူးထူးတစ်ယောက်တည်းပါလား။

"သမီး သူ့သိက္ခာကို ယုံတယ်၊ သူ့ကိုယ်ကျင့်တရားကို ယုံတယ်၊ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တာတွေ။ ပတ်ဝန်းကျင်က အခြေအနေကိုကြည့်ပြီး ထင်ရာတွေ စွတ်ပြောနေကြတာတွေပါ"

"အင်း ... သမီးက လူတစ်ယောက်ကို ဖွတ်နှစ်ပြီး ယုံထားပြီ၊ ချစ်သွားပြီဆိုတော့လည်း အကောင်းဘက်ကသာ မြင်တော့မပေါ့။ ဒါပေမဲ့ သမီး ... ဒယ်ဒီ ပြောပြမယ်။ ကဲ ... သူတို့အိမ်ထဲမှာ ဘာဖြစ်နေတယ်၊ ဘယ်လိုပုံမျိုးနဲ့ ဆက်ဆံကြတယ်ဆိုတာ သမီး ဘယ်လိုသိနိုင်မှာတဲ့လဲ။ သူတို့က အချိန်မကျသေးလို့ ပွင့်ပွင့်လင်းလင်း လူသိရှင်ကြား မဖြစ်ကြသေးပေမဲ့ သူတို့ အခုရောက်နေတဲ့

အနေအထားက ပတ်ဝန်းကျင်က ပြောသလိုဖြစ်နိုင်တဲ့ အနေအထားမျိုးဆိုတာ တော့ သမီး ငြင်းလို့မရဘူး မဟုတ်လား။ ပြီးတော့ နှစ်ယောက်တည်း ရုပ်ရှင် ကြည့်ကြတာ၊ ဈေးသွားကြတာ၊ ဘုရားသွားကြတာတွေက ..."

"အို ... သမီးတော့ မယုံဘူး ဒယ်ဒီ၊ ပြီးတော့ အိမ်ထဲက အနေအထားကို လည်း မြလေးတစ်ယောက်လုံး ရှိနေတာပဲဟာ။ တစ်ခုခုဆိုရင် မြလေးက သမီး ကို ပြောမှာပေါ့။ မြလေးဆိုတာက တကယ့်တောသူ ရိုးရိုးအေးအေးလေး ရယ်"

"ဒီမှာ သမီးရဲ့ အဲဒီမြလေးဆိုတာကလည်း သူတို့ကို မှီခိုနေရတာပဲဟာ၊ သူတို့မကောင်းကြောင်း သမီးကို ဘယ်ပြောမှာလဲ"

"မဟုတ်ဘူး မ႕မီ ... မြလေးကိုလေ သမီး ယုံတယ်"

"ဘာဖြစ်ဖြစ် သမီး ဒီကိစ္စကို မာမီကတော့ ဗိတိုအာဏာသုံးရမှာပဲ။ သမီး ပြတ်ပြတ်သားသား ကင်းကင်းရှင်းရှင်း နေပါ။ ဒီလိုမှ မာမီတို့ ဒယ်ဒီတို့ စကားကို နားမထောင်ရင် သမီး အမျိုးသားကိုရော အဲဒီမှီဆိုတဲ့ အမျိုးသမီးကိုရော သွား ပြောရမယ်။ ပြီးတော့ နောက်ဆုံးမှာ မာမီတို့စကား နားမထောင်ရင် သမီးကို ကျောင်းထုတ်ပစ်လိုက်ဖို့တောင် မာမီတို့ စဉ်းစားပြီးပြီ။ တစ်နှစ်နာချင် နာပါစေ၊ အိမ်မှာပဲ အကျယ်ချုပ်ထားပြီး ဗီတာနဲ့ကိစ္စကို မြန်မြန်အကောင်အထည်ဖော် လိုက်ရမှာပဲသမီး။ ဒီကိစ္စပြီးမှ နောက်နှစ်ကျောင်းပြန် တက်ချင်တက်ခွင့်ပေး မယ်၊ ဒီအထိ မာမီတို့ စဉ်းစားကြပြီးပြီ။ ကျောင်းမှာဖြစ်ဖြစ် ဘယ်မှာဖြစ်ဖြစ် နောက်တစ်ခါ အဲဒီသူငယ်နဲ့ တွေ့တယ်ကြားတာနဲ့ နောက်တစ်နေ့ သမီး ကျောင်းသွားစရာ မလိုတော့ဘူးသာမှတ်။ သမီးကို စောင့်ကြည့်ဖို့လည်း လူ တော်တော်များများကို မာမီတို့ ဒယ်ဒီတို့ တာဝန်ပေးထားပြီးပြီလေ"

"အားလုံး စိတ်ချမ်းသာရအောင် ဖြတ်လိုက်ပါ သမီးရယ်"

ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက်မိသည်။ ဒက်ဒီရော မာမီပါ သူ့အပြု အမူကြောင့် ကြောင်ပြီးမော့ကြည့်ကြ၏။

"မပြတ်ဘူး၊ မပြတ်ဘူး၊ သမီး သူ့ကို ဘယ်တော့မှ ပြတ်နိုင်မှာ မဟုတ် ဘူး"

ပြောပြီး ကိုယ်ကို ရှိုက္ကာ ဆက်တီကြားမှ ပြေးထွက်လျက် အိမ်အပေါ်ထပ်ကို တက်သွားလိုက်မိ၏။ အခန်းထဲကို ပြေးဝင်ကာ မွေ့ရာပေါ်မှာ ဝမ်းလျားမှောက်လျက် ရှိုက်ကြီးတငင် ငိုကြွေးပစ်လိုက်မိပြီလေ။

မျက်ရည်တွေ စီးသွန်းထွက်သွားခြင်းဖြင့် ရင်ထဲက ဝေဒနာ ပါးလျားပေါ့ပျက်သွားပါမှ အဘယ်မျှ ကောင်းလိမ့်မလဲ ကိုကိုရယ်။

၈

ကံ့ကော်ပင်ရင်းမှာ အတူထိုင်ရင်း မြလေးကို အဖြစ်အနေ အားလုံး ပြောပြလိုက်မိသည်။

"ဒုက္ခပါပဲ သူငယ်ချင်းရယ်၊ ငါ ကိုကို့ကို ခွဲရမှာလား မသိဘူး"

မြလေးက နားထောင်ရင်း တွေတွေလေး စဉ်းစားနေဆဲ။

"ငါ့ကို အကြံဉာဏ်ပေးပါဦး မြလေးရယ်"

"အစ်ကိုဖြိုးနဲ့ ဆက်သွယ်ဖို့ကတော့ မြလေး ကူညီနိုင်တာပဲ ထူးထူးရယ်၊ ဘာဖြစ်ဖြစ် နောက်ဆုံး စာအပေးအယူလောက်တော့ လုပ်လို့ ရနေမှာပဲလေ။ ခက်တာက ထူးထူးတို့အိမ်က ထူးထူးနဲ့ပီတာကိစ္စကို အတင်းအကျပ် စီစဉ် လိုက်မှာပဲ စိုးတယ်"

"အဲဒီလိုဆိုရင်တော့ ငါကိုကို့ဆီကို ဆင်းပြေးလာမှာပဲ"

ထူးထူး၏ ကလေးစိတ်ဖြင့် ဖွတ်တရွတ် လုပ်တတ်ပုံ၊ စိတ်မြန်ပုံကို မြလေး အသိ။ ကလေးတစ်ဦးနှယ် ပေါ့တန်စွာ ပြောဆိုပြုမူနေထိုင်တတ်သူ တစ်ဦး၏ လေးနက်စူးရှသော မေတ္တာတရားကိုလည်း ခံစားကူးစက် နားလည် နိုင်သည်ပဲလေ။

"မြလေး ..."

"ဟင် ..."

"ထူးထူးကို မြလေး အမှန်အတိုင်း ပြောပါလားကွာ"

"မြလေး ... ထူးထူးကို ဘယ်တုန်းက ညာဖူးလို့လဲ။ အမြဲအမှန်အတိုင်း ပြောနေတာပဲဟာ"

"ဒါဆို ... ဒါဆို ... ပတ်ဝန်းကျင်က ပြောဆိုနေကြတဲ့ ကိုကိုနဲ့မမမိုတို့ သတင်းတွေက မဟုတ်ပါဘူးနော်"

အကြိမ်ပေါင်းများစွာ မေးထားခဲ့ဖူးသည့် မေးခွန်းကိုပင် ပြန်မေးလိုက်ရင်း မြလေးထံမှ အဖြေစကားကို ရင်ခုန်စွာဖြင့် စောင့်စားနားစွင့်နေမိပြန်သည်။

"မြလေး ပြောပြီးပြီပဲ ထူးထူးရယ်၊ မမမိုနဲ့ အစ်ကိုဖြိုးတို့ ရိုးရိုးသားသား ခင်မင်သံယောဇဉ်ရှိကြတာပါ၊ အဲဒါ တကယ်ပါ။ နေတာ၊ ထိုင်တာဆိုတာက အစ လူမျက်စိနောက်စရာဆို ဘာမှမရှိဘူး။ တစ်ခုတော့ရှိတယ်ပေါ့ တစ်ခါ တလေ အတူသွား အတူလာကြတာကို ပတ်ဝန်းကျင်က မြင်ချင်မြင်မယ်၊ တွေ့ချင် တွေ့မယ်လေ။ ပြီးတော့ မမမိုဟာ သိပ်ပြီး အနေအထိုင် သိမ်မွေ့ ကျစ်လျစ်တာ၊ သိပ်ပြီး မိန်းမပီသတာ။ မြလေးနဲ့ အစ်ကိုဖြိုးကိုတော့ သူ သံယောဇဉ် သိပ်ရှိမယ်လေ။ သူ့ဘဝမှာ တွယ်တာစရာဆိုလို့ ဒီနှစ်ယောက်ပဲ ရှိတယ်လို့တောင် ပြောဖူးတယ်လေ"

"မြလေး ကိုကိုနဲ့ ထူးထူးအကြောင်းကိုရော မမမို သိပြီလားဟင်"

"ရိပ်တော့ ရိပ်မိတယ်ထင်တယ်။ အစ်ကိုဖြိုးကတော့ ဖွင့်ပြောထားပုံ မရသေးဘူး။ မြလေးကိုတော့ ထူးထူးအကြောင်းတွေ ခဏခဏ မေးဖူးတယ်။ ထူးထူးတို့ မိဘအခြေအနေ၊ ညီအစ်ကို မောင်နှမ ဘယ်နှစ်ယောက်ရှိလဲ ဘာညာပေါ့လေ။ ပြီးတော့ ထူးထူးကို မြလေး ပြောပြဖူးသားပဲ ထူးထူးက ကလေးလို ပြောတတ်၊ နေတတ်တာကို မမမိုက သိပ်သဘောကျပုံ မရဘူး ဆိုတာလေ။ သူက မိန်းကလေးဆိုရင် ပိပိပြားပြား မျက်လွှာလေးချပြီး ဣန္ဒြေနဲ့ နေတာကိုမှ ကြိုက်တာ။ မြလေးကတော့ ပြောလိုက်သေးတယ်၊ ထူးထူးက တစ်ဦးတည်းသော သမီး၊ မိဘကလည်း ဖူးဖူးမှုတ်ထားတာဆိုတော့ ကလေး

ဆန်နေတာပေါ့လို့၊ အတွင်းစိတ်ကတော့ သိပ်ရိုးသားအေးဆေးတာလို့၊ အပြင်ပ အမူအရာဆိုတာ ပြုပြင်လိုက်ရင် ခဏလေးနဲ့ ရတာပါလို့လေ"

"အင်း ..."

ထူးထူးက စဉ်းစားနေဟန်ဖြင့် ဘာမှပြန်မပြောဘဲ နားထောင်နေလိုက်၏။ မြလေးက စကားမဆက်တော့မှ မြလေးကိုမကြည့်ဘဲ လေပူကို မှုတ်ထုတ်လိုက်ရင်း စကားကို ပြော၏။

"ကိုကိုနဲ့ ထူးထူးတို့ကလည်း ကံကို ဆိုးပါတယ် မြလေးရယ်နော်၊ ထူးထူးဘက်ကလည်း ကိုကို့ကို သဘောမကျ၊ သဘောမတူ၊ ကိုကို့ဘက်က မမမို ကျတော့လည်း မြလေးကို သဘောမကျ ..."

" မမမိုကတော့ သဘောမကျဘူး၊ သဘောမတူဘူးတော့ တိတိ လင်းလင်း မပြောဖူးသေးဘူး ထူးထူးရဲ့"

"ဒါကလည်း ကိုကိုက တိတိလင်းလင်းမှ ဖွင့်မပြောသေးတာဘဲကွာ။ ဖွင့်ပြောလာတဲ့ တစ်နေ့ကျရင် သဘောမတူဘူး ပြောချင်ပြောမှာပေါ့ ဟုတ် ဘူးလား ..."

မြလေးက ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

"အို ... ဘယ်သူမှ သဘောတူတူ မတူတူ ထူးထူးကတော့ ကိုကို့ကို မခွဲ နိုင်ပါဘူး။ ကိုကိုနဲ့ ထူးထူး ချစ်နေရင် ပြီးတာပဲ၊ တွေ့လာတဲ့ အခက်အခဲ ရင်ဆိုင် လိုက်ရုံပဲ ရှိတယ်"

တစ်ကိုယ်တည်း ပြောသလိုနှင့် ထူးထူးက ဆုံးဖြတ်ချက်ကို ပြတ်သား စွာ ပြောချလိုက်သည်။

☆

အိမ်ထဲကို လှမ်းဝင်နိုက်မှာပင် စိပ်ပုတီးကို လက်ဖြင့်ကိုင်ရင်း ငိုင်နေ သော မာမီ့အကြည့်က သူ့ဆီရောက်သည်။ မာမီ့ကို ကြည့်ပြီး ပြုံးပြလိုက်သော် လည်း မာမီ့မျက်နှာက ခါတိုင်းနှယ် မရွှင်။ စိပ်ပုတီးကို လက်ကသာ စိပ်နေ သော်လည်း မာမီ့စိတ်က ပျံ့လွင့်နေပုံရသည်။

"အဝတ်အစားလဲပြီးရင် အောက်ဆင်းခဲ့ ထူးထူး"

အသံက မာနေသည်ပဲဟု အမှတ်ထင်ထင် ရှိသည်။

"ဟုတ်ကဲ့ ... မာမီ"

ဟု ပြန်ဖြေရင်း အပေါ်ထပ်သို့ တက်ခဲ့၏။ အပေါ်ထပ်အရောက် တံမြက်စည်းလှည်းနေသော မိအေးကို တွေ့တော့ ဒယ်ဒီ ပြန်ရောက်ပြီလားဟု တီးတိုးမေးလိုက်သည်။ ပြန်ရောက်နေပြီ မမဟု မိအေးက ပြန်ဖြေသည်။

အခန်းထဲဝင် အဝတ်အစားလဲပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဧည့်ခန်းထဲမှာ ဒယ်ဒီပါ ရောက်ပြီးနေတာကို လှမ်းမြင်သည်။

"ကဲ ... အဖေကြီး သူ့ကိုစစ်"

ဟုပြောပြီး မာမီက ထိုင်ရာမှ ထရပ်လိုက်သည်။

ဒယ်ဒီက သူ့မျက်နှာကို မော့ကြည့်၏။ ဒယ်ဒီ့မျက်နှာကို ပြန်ကြည့်ရင်း မျက်လွှာချကာ မာမီနှင့်အတူ ယှဉ်ပြီး ရပ်နေလိုက်မိသည်။ ထိုင်ရန်ကိုပင် သတိမရ။

"သမီး ဒီနေ့ နေ့လယ် ဘယ်သွားလဲ"

ဒယ်ဒီ့အမေးကိုကြားတော့ ရင်ထဲမှာ ချောက်ချားတုန်လှုပ်သွားမိသည်။ ဘာမှပြန်မဖြေမိဘဲ တွေပြီးသာ ရပ်နေမိပြန်သည်။ ခေါင်းကိုငုံ့ပြီး ဘာရယ်မဟုတ် ကြမ်းပြင်ကို စူးစိုက်ကြည့်နေမိလိုက်သည်။

"သမီးမဖြေရင်လည်း ဒယ်ဒီပဲပြောမယ်၊ ဒီနေ့ နေ့လယ် ကျောင်းကို မောင်ဖြိုးကျော် ရောက်လာတယ်။ ပြီးတော့ သမီးတို့ ရုပ်ရှင်သွားကြည့်ကြတယ် မဟုတ်လား"

နေ့လယ် ကန်တင်းမှာ ထိုင်နေခိုက် ကိုကို ရောက်လာသည်။ အလုပ်ကိစ္စတစ်ခုရှိလို့ အပြင်မှ ပြန်လာရင်း လမ်းအကြုံ ဝင်လာတာဟု ကိုကိုက ပြောသည်။ ကိုကိုရောက်လာလို့ ဝမ်းသာမိသော်လည်း ကျီးကန်းတောင်းမှောက် ဟိုဟိုသည်သည် လှည့်ကြည့်မိပြန်သည်။ ပီတာတို့ သူငယ်ချင်းတွေ၊ မာမီတို့ အန်တီဘောဘီတို့က မှာထား ကြည့်ခိုင်းထားသည့်လူတွေက ဘယ်သူတွေ

ဆိုတာ သိတာလည်း မဟုတ်။ တစ်ယောက်ယောက် တွေ့သွားပြီး အိမ်ပြန်တိုင်းမှာ စိုးရွံ့နေပြန်သည်။

"ထူးထူး ဒီနေ့လယ် ပရက်တီကယ် မရှိဘူး ကိုကို၊ ရုပ်ရှင်လိုက်ပြပါလား"

ကျောင်းဝင်းထဲမှာ နေရသည်ထက် အပြင်မှာဆို ပိုပြီးလိပ်ပြာလုံမည်အတွေးဖြင့် ရုပ်ရှင်ပြရန် ပူဆာသည်။

ကိုကိုက လက်မှနာရီကို ကြည့်သည်။

"ဘာလဲ ကိုကို ... အလုပ်ရှိသေးလို့လား"

"ရှိတော့ရှိတာပေါ့ ထူးထူးရယ်၊ ဒါပေမဲ့ ရတယ်လေ၊ ကိုကိုနဲ့ ထူးထူးလည်း မတွေ့တာကြာပြီပဲ။ ကဲ ... သွားကြစို့"

ကိုကို့ကားလေးနှင့်ပင် မြို့ထဲ ရုပ်ရှင်ရုံကို ရောက်ခဲ့သည်။ အိမ်က ကားလာကြိုလျှင် မှီအောင် စိတ်စောပြီး ရုပ်ရှင်ပြီးအထိ မကြည့်နိုင်၊ ကျောင်းကို ပြန်ခဲ့ရ၏။ ကျောင်းရောက်ပြီး ဆယ့်ငါးမိနစ်လောက်ကြာမှ အိမ်ကကား ရောက်လာတော့ စိတ်အေးရသည်။ မည်သူမျှ မသိနိုင်ဟု တွေးခဲ့မိသည်။

ကြည့်စမ်း သည်ကိစ္စက သူမှ အိမ်ပြန်မရောက်ခင် အိမ်က သိနေနှင့်ကြပြီလေ။ ဝီတာ့ သူငယ်ချင်းတွေ လက်ချက်ပဲ ဖြစ်ရမည်ဟု တစ်ထစ်ချ တွေးမိ၏။ နောက်က ကားနှင့်လိုက်လာချင် လာမည်၊ ပြီးတော့ သူတို့ရုပ်ရှင်ထဲဝင်တော့မှ အိမ်ကို ဖုန်းဆက်တိုင်ချင်တိုင်ပေမည်။

"ဖြေလိုက်လေ ညာမလို့ စဉ်းစားနေတာလား"

မာမီ့အသံက ဒေါသနှောနေသည်။ မာမီ့မျက်နှာကို တစ်ချက်ငဲ့စောင်းကြည့်လိုက်ပြီး ဒယ်ဒီဆီ အကြည့်ကို ရွှေ့၏။

"ဟုတ်တယ်မဟုတ်လား ... သမီး"

"ဟုတ် ... ဟုတ်ကဲ့ပါ ... ဒယ်ဒီ"

"သမီး ဒယ်ဒီတို့စကားကို နားမထောင်ဘူး"

ငြိမ်နေလိုက်သည်။

"အလကား ချွေးဖြစ်ချင်တဲ့ကောင်မ။ ပြော ... ညည်းအကောင်ကို ပြတ်မလား မပြတ်ဘူးလား"

မာမီက အော်ပြီး မေးလိုက်သည်။

"သမီး မပြတ်နိုင်ဘူးလား၊ သမီး သဘောပေါက်အောင် ဒယ်ဒီတို့လည်း အမျိုးမျိုး ရှင်းပြခဲ့ပြီလေ"

ဒယ်ဒီကတော့ လေအေးအေးနှင့် ပြောနေဆဲ။

"ပြောလေ၊ ညည်း ပြတ်မလား"

"မပြတ်ဘူး"

ခေါင်းငုံ့လျက်က နှုတ်မှ အသံထွက်သည်။

"ဘာ ... ဘာပြောတယ်၊ ချွေးမ ... မပြတ်ဘူး ဟုတ်လား"

လက်နှစ်ဖက်က ပခုံးကို ဆုပ်ကိုင်လှုပ်ရင်း မေးသည်။ ပုတီးက ကြမ်း - ပေါ်သို့ ဒေါက်ခနဲ လွတ်ကျ၏။ တင်းမာခက်ထန်နေသော မာမီ့မျက်နှာကို မော့ကြည့် ငြိမ်သက်နေလိုက်သည်။

"ပြောစမ်း ... ပြောစမ်း ... မပြတ်ဘူး ဟုတ်လား"

ဆွဲကိုင်လှုပ်ရမ်းရင်း မေးလိုက်ပြန်သည်။

"သမီး မပြတ်နိုင်ဘူး မာမီ"

တိုးလျစွာ ပြောရင်းမှ ပါးပြင်ပေါ်သို့ မျက်ရည်တို့ လိမ့်ဆင်းကျလာသည်။

"အံမယ်လေး ... တော့ သမီးပြောတာ ကြားရဲ့လား အဖေကြီးရဲ့ ကြားရဲ့လား၊ ဟီး ... ဟီး ..."

ထူးထူး ပခုံးကို ဆောင့်တွန်းလွှတ်လိုက်ပြီး ဆိုဖာပေါ်သို့ ပစ်လှဲထိုင်ချလိုက်သည်။

ထူးထူးက ဒယိမ်းဒယိုင် ဖြစ်သွား၏။

"သမီး ဒယ်ဒီပြောတာ သေသေချာချာ နားထောင်ပြီး စဉ်းစားပါဦး။ ဒယ်ဒီတို့ကတော့ မောင်ဖြိုးကျော်နဲ့ဆို လုံးဝသဘောမတူနိုင်ဘူး။ သမီး သူ့ကို မဖြတ်နိုင်ရင် ဒယ်ဒီတို့ မာမီတို့ကို ဖြတ်ရလိမ့်မယ်။ ခဏ မဟုတ်ဘူးနော်၊

တစ်သက်လုံး သေခန်းပြတ်ကြမှာ။ သမီး စဉ်းစားပါ။ ဒယ်ဒီတို့ မာမီတို့ထက်ပဲ သမီး သူ့ကို ပိုချစ်နေပြီလား"

ဒယ်ဒီတို့ တွေတွေကြည့်လျက် ရှိုက်သံက ထွက်လာသည်။ အလိုလို ငိုမိလျက်သား ဖြစ်နေပြီတည့်။

"ဖြေလေ သမီး ..."

"သမီး မဖြေဘူး ဒယ်ဒီ"

"မရဘူး၊ ဖြေ ... ဖြေ ... ဖြေရမယ်"

မာမီက ဆိုဖာပေါ်က လှမ်းအော်လိုက်ပြန်သည်။

"သမီး ဒယ်ဒီတို့ မာမီတို့ထက် ပိုချစ်သလား"

ဒယ်ဒီက သူ့ကို စူးစိုက်ကြည့်ရင်း မေးလိုက်ပြန်သည်။

"သမီး ... သမီး ... ပိုချစ်တယ် ဒယ်ဒီ"

"အံ့မယ်လေးတော့ သမီးအလိမ္မာကြီး"

မာမို့အသံ စူးစူးရှရှထွက်လာသည်။ သူ့စကားကြောင့် ဒယ်ဒီ မျက်နှာ ရုတ်တရက် ညှိုးရော်ပြီး ဖက်ကျိုးကျသွားသည်။

"ဟင် ... မမ ... မမ ... မမ ဘယ်လိုဖြစ်တာလဲ"

အပေါ်ထပ်လှေကားမှ ဆင်းလာသည့် အန်တီက အော်ပြီး ဧည့်ခန်းထဲသို့ ပြေးလာသည်။ အန်တီ့အသံကြားတော့ ဒယ်ဒီရော သူပါ မာမီဆီ အကြည့်ရောက်၏။ မာမီက ဆိုဖာနောက်ကျောမှီပေါ် ဖက်ကျိုးကျလျက် ခွေခွေကလေး။ ဒက်ဒီက ရုတ်တရက်ထ,ပြီး မာမို့ခေါင်းရင်းမှာ ရပ်သည်။ အန်တီရောက်လာပြီး မာမို့ကိုပွေ့လျက် အနီးမှ သတင်းစာနှင့် ယပ်ခတ်ပေးနေသည်။

"နှလုံးလေဟပ်ပြီး မေ့သွားတာ"

ဒယ်ဒီ့ဆီက အသံတိုးတိုး ထွက်လာ၏။

ပြီးတော့ ဒေးဒိုင်ရပ်ကြည့်နေသော ထူးထူးမျက်နှာကို စိန်းစိန်းဝါးဝါး ကြည့်သည်။ ဒယ်ဒီ့အကြည့်က နာကြည်းမုန်းတီးမှုတွေ ပြည့်လျှံနေပြီလား မသိ။

"မိဘကို အသေသတ်မဲ့ သမီး။ တောက် ..."

တက်တစ်ချက်ခေါက်တာ ချာခနဲလှည့်ပြီး ဧည့်ခန်းထဲမှ ဒယ်ဒီ ထွက်သွား၏။

"မမ ... မမ ... သတိရပြီလား"

မာမီ သတိပြန်လည်လာပြီ။

မျက်နှာကို လက်ဝါးအုပ်လျက် ငိုရှိုက်ကာ ဧည့်ခန်းထဲမှ ပြေးထွက်လိုက်၏။

☆

ကိုကို့ကိုတွေ့ပြီး ပြောထားမှဖြစ်မည်ဟု တွေးမိသည်။

ဒယ်ဒီ့စိတ်ကို မိမိအသိဆုံး၊ သွေးအေးအေးနှင့် ဖြစ်ချင်တာကို ဖြစ်အောင် ဒယ်ဒီက စီမံပြုလုပ်တတ်သည်ပဲ။ မာမီလို တစ်ရှူးတိုး အော်ဟစ်မပြောဆိုတတ်သော်လည်း အကွက်စေ့စေ့ စီစဉ်တတ်သည်။

ဘယ်နည်းနှင့်မဆို မိမိကို ချုပ်ခြယ်ပေတော့မည်။ ပြီးတော့ ပီတာနှင့်ကိစ္စကို အမြန်ဆုံး စီစဉ်တော့မှာ သေချာ၏။ ကိုကို့ကို သတိပေးထားပြီး ကိုကိုစီစဉ်စရာရှိသည်တို့ကို စီစဉ်နိုင်အောင် ကြိုပြောထားမှဖြစ်မည် တွေး၏။

သည်တစ်ခါ ကိုကိုနှင့်တွေ့ရမှာ ရင်ခုန်ပူပန်ရလွန်းသည်။ တစ်ယောက်ယောက် တွေ့သွားသိသွားပြီး အိမ်က ပြန်သိလျှင်တော့ အသတ်ခံရတော့မည်ထင်၏။

"မြလေး ငါ့အရမ်းကြောက်တာပဲ။ ကိုကို့ကိုသေသေချာချာ ပြောပြနော်၊ သူ့ကားလည်း ယူမလာပါနဲ့လို့။ သူ့ကားကို မှတ်မိပြီး တစ်ယောက်ယောက် တွေ့သွားရင် ခက်မယ်။ မနက်ဖြန်မနက် ကိုးနာရီမှာ ရာမညရှေ့က ငါစောင့်နေမယ်၊ မှတ်တိုင်ကနော်။ ကိုကို့ကို အဲဒီမှတ်တိုင်ကို လူချည်းလာပါလို့ ပြောပေးပါ။ ပြီးတော့ ဒတ်ဆန်းတွေလာရပ်ရင် ငါ တက်ရင် လိုက်တက်လို့၊ မှတ်တိုင်မှာ စကားတစ်ခွန်းမှ မပြောနဲ့လို့ မသိသလို ခပ်ခွာခွာက နေပါလို့ ပြောနော်။ ဟုတ်လား ..."

"နင်တို့ဟာကလည်း လျှို့ဝှက်သည်းဖိုပဲ"

"ဒီထက် ဆိုးချင်တောင် ဆိုးမယ်၊ မနက်ဖြန် မရောက်သေးဘူး။ အခု ပြောရတာနဲ့တောင် ငါ ရင်တွေဖိုနေပြီ စမ်းကြည့်ပါလား"

ထူးထူးက သူ့ ရင်ညွန့်ကို လက်ဖြင့်အုပ်ရင်း ပြောလိုက်၏။

"ပြီးတော့ နင်တို့ ကျောင်းပြန်လာဦးမှာလား"

"လာမှာပေါ့ မြလေးရဲ့ အိမ်ကကား ရှစ်နာရီကျောင်းပို့မယ်။ ဒါကြောင့် ငါ ကိုးနာရီချိန်းတာပေါ့။ ပြီးရင် သုံးနာရီလောက် ကျောင်းရောက်အောင် ပြန်ခဲ့မယ်။ ကားက လေးနာရီလောက်မှ လာကြိုမှာ"

"နေဦး ... နင့်ကို တစ်ယောက်ယောက်က ကျောင်းမလာဘူးလားလို့ လာမေးရင် ဘယ်လိုပြောရမလဲ"

ထူးထူးက ခဏစဉ်းစားသလို တွေနေ၏။ ပြီးမှ မြလေး ပခုံးကို ပုတ်ကာ

"ဒီလိုလုပ် ... ငါ ခေါင်းကိုက်လို့ အဆောင်မှာ သွားနေတယ်။ စာတွေလည်း ကူးစရာရှိတယ်လို့ ပြောသွားတယ်လို့ ပြောဟာ"

မြလေးက ပြုံးပြီး ခေါင်းညိတ်ပြလိုက်၏။

☆

စင်စစ် ရာမညဆောင်ရှေ့က ဘတ်စ်ကားမှတ်တိုင်မှာ ရပ်နေရသည် ကိုပင် ကြောက်ဒူးက တုန်ချင်၏။ ဟိုကြည့် သည်ကြည့်နှင့် ဣန္ဒြေပျက်လှသည်။ လူအုပ်ထူထူရှိရာသွားပြီး လူကြားမှာ ကွယ်နေလိုက်ရ၏။

တစ်ယောက်ယောက်များ တွေ့သွားလေမလား စိုးရိမ်ပူပန်သည်။ ဘာလုပ်နေတာလဲဆိုသော အမေးကို ဖြေရန်အတွက် စဉ်းစား၍မရ၊ ကားတွေ ထိုးရပ်လာတိုင်းလည်း ကားပေါ်မှာပါလာသည့် အသိတစ်ယောက်ယောက်များ သူ့ကို တွေ့သွားလေမလား တွေးပူပြန်သည်။ လွယ်အိတ်ကို စိတ်လှုပ်ရှားစွာဖြင့် ရှေ့ဘက်သို့ပို့လိုက်၊ နောက်ဘက်သို့ပို့လိုက်လုပ်ရင်း ကိုကို့ကို မျှော်သည်။ ဖြတ်သွားသော ကိုယ်ပိုင်ကားများကိုလည်း ရဲရဲမကြည့်ဝံ့၊ ဒယ်ဒီတို့၊ မာမီတို့နှင့်

အသိတွေဖြစ်နေပါက ခက်ချေမည်ဟု စဉ်းစားကာ၊ အနေရ အထိုင်ရ ကျပ်လာသည်။

ညို့နေသော ကောင်းကင်ကို မော့ကြည့်လိုက်ရင်း မိုးရွာချလျှင် ကောင်းမည် တွေး၏။ မိုးသည်းထန်စွာ ရွာချလိုက်လျှင် လူသွားလူလာ ကျဲသွားမည်။ မိုးကြားလေကြားမှာ သူ့ကို သတိထားမိလိမ့်မည် မဟုတ်ဟု တွက်၏။

"ထူးထူး ..."

နောက်မှ ခေါ်သံကြောင့် ပူထူသွားပြီး လန့်အော်မိမတတ် ဖြစ်သွားရသည်။ ရင်ထဲမှ ပူခနဲ ခံစား စိုးထိတ်သွားရ၏။

လှည့်အကြည့်မှာ ကိုကို့ကို တွေ့သည်။ ကျောင်းဝင်းထဲက ဖြတ်လာပြီး မိမိနောက်ဘက် လာရပ်ပြီး ခေါ်လိုက်ခြင်းဖြစ်သည်။

ဒုက္ခပါပဲ မြလေးနဲ့ အသေအချာ မှာလိုက်ပါလျက်နဲ့ ဘာကြောင့် နှုတ်ဆက်ရတာလဲဟု အတွေးဖြင့် အပြစ်တင်ပစ်လိုက်၏။

ကိုကို့ကို ရုတ်တရက် ပြုံးပြလိုက်ပြီး၊ ဒတ်ဆန်းများရပ်ရာ ရှေ့ဘက်ကို လျှောက်သွားသည်။ ကိုကိုက သတိရသွားပြီ ထင်၏။ ဘာမျှဆက်မပြောတော့ဘဲ သူ့နောက် ခပ်လှမ်းလှမ်းက လိုက်လာသည်။ မင်္ဂလာဒုံ ဆယ်မိုင်ကုန်းဟု အော်ခေါ်သော ကားများ ရပ်လေ့ရှိသည့် နေရာအရောက်မှာ ရပ်လိုက်ပြီး ကိုကို့ကို မသိမသာ ကြည့်လိုက်တော့ သူနှင့် မလှမ်းမကမ်းမှာ ကိုကိုက ရပ်ပြီး သူ့ကို ပြုံးပြနေပြန်သည်။

အရေးထဲမှာ ကားတွေ ပြတ်နေပြန်သည်။ ကားတစ်စီးစီး မြန်မြန်ရောက်လာပါစေ ဆုတောင်း၏။ သူ့ကို သိသူ ကိုကို့ကိုသိသူ တစ်ဦးဦးက သူတို့ကို မြင်သွားလျှင် အခက်ပေပဲဟု ကြောက်စိတ်ဝင်လာပြန်သည်။

ခဏကြာတော့ ဒတ်ဆန်းတစ်စီး ထိုးဆိုက်၏။ ဘယ်ကို ခေါ်နေသည်ဟုပင် ရေရေရာရာ မသိ၊ ကားပေါ်ကို ဇွတ်ခနဲ တက်လိုက်မိတော့သည်။ ဒီနေရာ ပတ်ဝန်းကျင်က အမြန်ဆုံး ထွက်သွားချင်ပြီလေ။ တက်လာသည့် လူတွေကြားမှာ ကိုကို့ကို တွေ့သည်။

ကိုကိုက သူ့ဘေးက နေရာမှာထိုင်ရန် ကြိုးစားသည်။ မိန်းမကြီး တစ်ယောက်က ဝင်ထိုင်လိုက်သဖြင့် ကိုကိုက သူ့ရှေ့က ခုံတန်းမှာသာ သူနှင့် မျက်စောင်းထိုး ထိုင်ရတော့၏။ ကားစထွက်တော့မှ ဟင်းချနိုင်ကာ၊ ကိုကို့ကိုကြည့်၍ ပြုံးပြလိုက်နိုင်သည်။

☆

"ဘယ်သွားမှာလဲဟင် ..."

ကားခပိုက်ဆံကောက်တော့ မေးလိုက်၏။

"မသိဘူးလေ မြို့နဲ့ဝေးရင် ပြီးတာပဲ"

ဟု ထူးထူးက လှမ်းပြောသည်။ ကားပေါ်က ပါလာသူတွေက လှမ်းကြည့်ကြသည်။ အသိတွေ ပါလာမှာလားဟု တွေးပြီး ရင်ခုန်မိသေး၏။ ကားက ဆယ်မိုင်ကုန်းကျော်လာပြီ၊ ဘယ်ကို သွားရမည် စဉ်းစားလို့မရ။

"ကိုကို ..."

"ဟင် ..."

ထူးထူးက လှမ်းခေါ်လိုက်သဖြင့် အတွေးရပ်သွားသည်။

"ကိုကို သိလား ... အဲဒီဝက်အူချောင်း သိပ်ကောင်းတာပဲ။ အထဲမှာ ကြက်သွန်ဖြူပါတယ်လေ"

ထူးထူးက ဆယ်မိုင်ကုန်း ဝက်အူချောင်းဆိုင်ရှေ့က အဖြတ်မှာ လှမ်းအော်ပြောလိုက်၏။ ရုတ်တရက် အဖြတ်မှာ ဆိုင် ဆိုင်းဘုတ်ကို လှမ်းမြင်လိုက်ရသည်။

"မာမီဆို အရမ်းကြိုက်တာ၊ ခဏခဏ လာဝယ်တယ် ..."

ဝက်အူချောင်း ကောင်းတာကို သတိရနေနိုင်သေးသည့် ထူးထူးကို လှမ်းပြုံးပြလိုက်၏။

"ဘယ်မှာဆင်းမှာလဲဟင် ကိုကို ..."

"ကျိုက္ကလို့မှာ ဆင်းရအောင်နော်"

ထူးထူးက ဘာမှပြန်မပြောနိုင်ဘဲ ငြိမ်နေလိုက်သည်။

ကျိုက္ကလို့ဘုရားရှေ့မှ မှတ်တိုင်ရောက်တော့ ဆင်းလိုက်၏။

"အစုမှစိတ်နည်းနည်းအေးချမ်းသွားတယ်။ ဒီတစ်ခါအသိတစ်ယောက်တွေ့လို့ မာမီတို့ သိသွားရင်တော့ ချက်ချင်းသတ်ပစ်မလား မသိဘူး"

လွတ်လပ်ပေါ့ပါးသွားဟန်ဖြင့် လက်မောင်းရင်းကို ဆွဲကိုင်လျက် ထူးထူးက ပြောသည်။ ဘုရားခြေရင်းဆီသို့ ဦးတည်နေသော ခပ်မော့မော့လမ်းကလေးအတိုင်း ဖြည်းဖြည်းတက်လာခဲ့၏။

"အဲဒီဆိုင်လေးတွေမှာ အစက အကြော်ရောင်းတယ်၊ ညနေဘက်မှာ တစ်ခါလာစားဖူးတယ် သိလား"

"မှန်မှန်ပြောစမ်း ဘယ်သူနဲ့လဲ"

ဟု ဆိုရင်း လက်မောင်းရင်းကို ဆွဲဆိတ်သည်။

"သူငယ်ချင်းနဲ့ပါကွာ ..."

"သေချာရဲ့လား ... မမမှီနဲ့တော့ မဟုတ်ပါဘူးနော်"

မော့ကြည့်မေးလိုက်သည့် မျက်ဝန်းမှာ စိုးရိမ်စိတ် ဝေဒနာအငွေ့တို့ယှက်သန်းနေသလား ထင်သည်။ ထူးထူးကိုယ်တိုင်ကပင် မိမိကို မမမှီနှင့်သံသယဝင်ပြီဟု ရင်မှာ စိုးရိမ်စိတ်ဖြစ်၏။

"မဟုတ်ရပါဘူး ထူးထူးရယ်"

ထူးထူးက ဘာမှ ဆက်မမေးတော့။

ဘုရားခြေရင်းအရောက်မှာ ဖိနပ်ကို ချွတ်သည်။ ဖိနပ်ကို ကုန်းအကောက်မှာ ထူးထူးက ဖိနပ်ကို ကောက်ယူပြီး ဖြစ်နေ၏။

နှစ်ဦးသား ပြုံးကြည့် ကြည်နူးမိပြန်သည်။ အုတ်လှေကားမှ အတူယှဉ်တွဲတက်ခဲ့ကြပြီး ဘုရားရင်ပြင်ပေါ်အရောက်မှာ ဘုရားကို ဝတ်ပြုလိုက်ကြ၏။ သူ ဝတ်ပြုအပြီး ထရပ်ကာ ထူးထူးကို စောင့်သည်။ အလှူခံပုံးထဲသို့ အလှူငွေ ထည့်လိုက်အပြီးမှာ ထူးထူး သူ့ဘေးသို့ လာရပ်၏။

"ဘာတွေ ဆုတောင်းနေလဲ" ဟု ထူးထူးကို ငဲ့စောင်းမေးလိုက်သည်။ ထူးထူးက သူ့ကို ပြန်ပြုံးပြပြီး ကိုကို့အတွက်ပဲ ဆုတောင်းတာပါဟု ပြော၏။

"ကိုကို့အတွက် ဘာဆုတောင်းတာလဲ"

အတူလျှောက်လှမ်းလာရင်း ထူးထူးကို ကြည့်၍ မေးလိုက်သည်။

"ကိုကို့ကို ပတ်ဝန်းကျင်က အထင်လွဲပြီး မဟုတ်တဲ့သတင်းတွေ ထွက်နေတာတွေ ပပျောက်သွားပါစေလို့ ဆုတောင်းတာပေါ့။ အဲဒီသတင်းတွေ ပျောက်သွားရင် ထူးထူးနဲ့ ကိုကို့ကို အိမ်က အစုလောက် ကန့်ကွက်ကြမယ် မထင်ဘူးလေ"

ထူးထူး၏အနေအထားကို စာနာ နားလည်စွာဖြင့် ခံစားမိရင်း သက်ပြင်းတစ်ချက်ကို ချလိုက်မိသည်။

ဘုရားရင်ပြင်တော်ကို တစ်ပတ် ပတ်ကြည့်ကြ၏။ ပရိဂုဏ်လက်ရန်းမှာ ရပ်ပြီး စကားပြောနေသော အတွဲတစ်တွဲကို တွေ့သည်။ တစ်ပတ်ပတ်ပြီး ဘုန်းကြီးကျောင်းဆီသို့ ဆင်းသော အုတ်လှေကားဆီ အရောက်မှာ ဆင်းကြည့်ရအောင်ဟု ထူးထူးကို ပြောလိုက်၏။

ထူးထူးက ခေါင်းညိတ်ပြုံးပြသည်။

ဘုန်းကြီးကျောင်းဝင်းထဲအရောက် ကန်ဆီသို့ ဦးတည်လျှောက်သည်။ ကန်ရေစိမ်းလဲ့လဲ့ကို လှမ်းမြင်ရပြီ။ ကန်ဘောင်ဘေးမှာ ဝန်းပတ်ရံပေါက်နေသော သစ်ပင်ရိပ်တို့ဖြင့် ဆိုင်းဆို့ အုံ့မှိုင်းသည်။ နောက်ကျိစိတ်သည် ချက်ချင်း ကြည်လင်လတ်ဆတ်သွားပြီ ထင်၏။

"လာ ... ထူးထူး ဆင်းကြည့်ရအောင်"

မတ်စောက်စောက် လှေသွားလမ်းကလေးအတိုင်း ဆင်းလိုက်၏။

နောက်ပြန်လှည့်အကြည့်မှာ ရပ်ကြည့်နေသော ထူးထူးကို မြင်သည်။

"ဆင်းခဲ့လေ ..."

"ထိန်းမရဘဲ နေမလားလို့" ဟု ပြုံးရင်း ပြန်ပြောသည်။

အပေါ် ပြန်တက်လျက် ထူးထူးလက်ကို ကိုင်ထိန်းရင်း ပြန်ဆင်းခဲ့သည်။

"ဒီမှာ ထိုင်မလား"

ကန်ရေပြင်ကို လှမ်းငေးတွေ့မြင်နိုင်သော ပိန္နဲပင်ရင်းမှာရပ်ရင်း မေးလိုက်သည်။

"ဟိုဘက် ခဏလျှောက်ကြည့်ရအောင်၊ လာ ..."

လက်ကိုဆွဲပြီး ရှေ့ဆက်လျှောက်လိုက်သည်။ ဝါးရုံများ သစ်ပင်ချုံနွယ်များ ဝန်းပတ်နေသော ချောက်ကလေးကို လှမ်းမြင်ရ၏။

"ဒီမှာ ထိုင်ရအောင်"

ကြွေနေသော ပိန္နဲရွက်တွေကြားမှာ ထိုင်ရန် ပြောလိုက်သည်။

လှမ်းအကြည့်မှာ ဘုန်းကြီးကျောင်းကို လှမ်းတွေ့ရ၏။ အောက်ကို ငုံ့ကြည့်တော့ ကန်ရေပြင်။ ကြည်လင်အေးမြစွာ စိတ်ချမ်းမြေ့မှုကို ရစေနိုင်သည့် ပတ်ဝန်းကျင်ပါလား။

"ဟိုနေ့က ဧည့်ခန်းထဲမှာ မာမီမေ့လဲသွားလို့"

"ဟင် ... ဟုတ်လား"

တအံ့တသြ မေးလိုက်မိသည်။

ထူးထူးက ကန်ရေပြင်ကို လှမ်းငေးရင်း ပြောလိုက်သည်။ ထူးထူး၏ မျက်ဝန်းမှာ ဆွေးရိပ်တို့ဖြင့် မှိုင်းဝေပြီ ထင်၏။

"ဘာဖြစ်လို့လဲ ဟင်"

"ထူးထူးကို ကိုကိုနဲ့ အဆက်ဖြတ်ဖို့ ဒယ်ဒီရော မာမီရော ပြောကြတယ်လေ။ အဲဒီလိုပြောရင်း ထူးထူးက စကားတစ်ခွန်း ပြောလိုက်လို့လေ"

"ဘာပြောလိုက်လို့လဲ"

"အားလုံးထက် ကိုကို့ကို ပိုချစ်တယ်လို့ ပြောလိုက်လို့"

ထူးထူးကို နားလည်ယုံစားစွာဖြင့် စူးစိုက်ကြည့်လိုက်မိ၏။ ရင်ထဲမှာ စူးရှဆို့နင့်စွာ ခံစားလိုက်ရသည်။ မေတ္တာတရား၏ ချမ်းမြေ့အေးမြမှုကို ခံစားလိုက်နိုင်ချိန်၌ ဝေဒနာနှင့် သံယောဇဉ်၏ ပူလောင်ဆင်းရဲခြင်းကိုပါ ထပ်တူထပ်မျှ နားလည်လိုက်နိုင်သည်။

"ထူးထူးရယ်" ဟု နှုတ်မှ အသံထွက်လျက် ပခုံးကို ယုယစွာ ဆွဲဖက်မိစဉ် လှည့်လာသော ထူးထူး၏ ပါးပြင်မှာ မျက်ရည်စတို့ စီးကျနေလေပြီ။

---

လဝန်းရိပ်စာပေ

"ဒယ်ဒီနဲ့ မာမီတို့က အတင်းခွဲကြမှာပဲ ကိုကို။ ထူးထူးတို့ ကွဲကြရမှာ လားဟင်"

စကားများစွာသည် ရင်ထဲမှ နှုတ်သို့မရောက်။ မျက်ဝန်းမှ အကြင်နာကြည့်ဖြင့် ချစ်သူ၏ ကြေကွဲမှုကို အားပေးနှစ်သိမ့်မိပြန်သည်။

"အချိန်တွေ ရှိပါသေးတယ်"

ဟု မရေမရာ စကားကိုသာ ပြောလိုက်နိုင်၏။

သောကတရားသည် နှလုံးသား၌ အမြစ်တွယ်လေပြီ။ ဝေးကွာခြင်းဆိုသည့်အရာသည် ရှေ့လက်တစ်ကမ်းမှာ ရှိနေပါလားဟု သတိပြုမိချိန်၌ ဝေးကွာရမည်ကို ပိုမိုကြောက်ရွံ့ပူပန်လာရသည်။

ချစ်ခြင်းမေတ္တာသည် ဝေးကွာကွေကွင်းခြင်းကို လွှမ်းမိုးချေဖျက်နိုင်စွမ်း ရှိပါ့မလား။

နှလုံးသားသည် အတွေးဖြင့် ဆတ်ခနဲ ကျဉ်သည်။

☆

ဘာရယ်ဟု ထွေထွေထူးထူး မပြောမိတော့ဘဲ အတွေးကိုယ်စီဖြင့် ကန်ရေပြင်ကို လှမ်းငေးကြည့်ရင်း သက်ပြင်းတွေသာ အခါခါချလျက် အချိန်ကုန်သည်။

"ပြန်ကြစို့ ကိုကိုရယ်၊ ထူးထူး ဒီမှာဆို တစ်ချိန်လုံး ငိုနေမိလိမ့်မယ်"

"ထူးထူး အချိန်ရရင် မြို့ထဲမှာ တစ်ခုခုစားရအောင်နော်"

"ရတယ်လေ မြို့ထဲကနေပြီး ကျောင်းပြန်တာပေါ့။ ကားက လေးနာရီလောက်မှ လာမှာပဲ"

ထူးထူးက သူ့လက်မှ ဆွဲစ်ကလာသော နာရီကလေးကိုကြည့်ရင်း ပြောသည်။

"မိုးတွေတောင် ညို့နေတယ်နော်"

ကောင်းကင်ကို လှမ်းမျှော်မော့ကြည့်ရင်း ပြောလိုက်၏။

မြို့ထဲမှာ တစ်ခုခုသွားစားမည်။ စားပြီးလျှင် တက္ကစီငှားပြီး ထူးထူးကို ကျောင်းပြန်ပို့ပေးမည်ဟု အစီအစဉ်ဆွဲကြည့်၏။

"လာ ... ထူးထူး သွားရအောင်"

ထူးထူး လက်ဖျားကို ဆွဲယူလျက် ထူးထူးကို ထ,ရပ်စေလိုက်သည်။ မကြာမီ မိုးရွာတော့မှာပါလား။

☆

"မိုးတွေ အရမ်းရွာနေတယ် ထူးထူးရယ်၊ ပိတ်လိုက်ပါလား ..."

"မပိတ်ပါနဲ့ ကိုကိုရယ် ... မျက်နှာကို မိုးစက်တွေလာထိနေတာ ထူးထူး ကြိုက်လို့ပါ"

ဘီခြောက်ရာ အငှားကားကလေးသည် ဦးဝိစာရလမ်းအတိုင်း မိုးတွေကြားမှာ တရိပ်ရိပ် ပြေးနေ၏။ ကားခေါင်းခန်းနှင့် နောက်ကို ခြားထားသော အမိုးနှင့် ထိစပ်နေသည့် နေရာမှ လေဝင်ပေါက်ကလေးကို ထူးထူးက ဖွင့်ထားသည်။

ထိုလေဝင်ပေါက်ကလေးကို မျက်နှာပြုလျက် သူ့ကို မှီရင်း ထူးထူးက ခပ်လျှောလျှောထိုင်သည်။ ပြေးနေသော ကားကလေးကို ဆန့်ကျင်လျက် အရှိန်ဖြင့် တိုးဝင်လာသော မိုးရေစက်တို့ လေဝင်ပေါက်ကလေးမှ ဝင်သည်။ ဝင်လာသော မိုးစက်မိုးမှုန်တို့ဖြင့် ထူးထူး၏ မျက်နှာနှင့် ဆံပင်တို့ ရွှဲရွှဲစို၏။

"ထူးထူး ဖျားနေလိမ့်မယ်ကွယ်"

ဖြူနုသော လက်ဖျားကလေးများကို တင်းကြပ်စွာဆုပ်ရင်း ပြောလိုက်သည်။ အပေါက်ကလေးမှတစ်ဆင့် အဝေးကိုငေးနေသည့် အကြည့်ကို လွှဲသည်။ မျက်နှာကို ငဲ့စောင်းလျက် သူ့ကို ပြုံးပြလိုက်သည်။ နွမ်းရိကြေကွဲဖွယ် ခံစားမှုက အပြုံးကိုပင် လွှမ်းခြုံလိုက်ပြီလား။ နွမ်းနယ်ညှိုးရော်နေသည့် အားယူပြုံးမှန်း နားလည်သည်လေ။

သက်ပြင်းချလျက် ပခုံးပေါ်သို့ ခေါင်းကို မှီတင်လိုက်ပြန်သည်။

"ပျော်တယ် ကိုကိုရယ်၊ ဒါပေမဲ့ ... ထိခိုက်ရတယ်"

စကားသံညင်းညင်း မိုးသံတွေကြားမှာ ပေါ်လာ၏။

"ထူးထူး ဖျားနေလိမ့်မယ်"

စိုးရိမ်စိတ်ဖြင့် သတိပေးလိုက်မိပြန်သည်။

"ကိုကို"

"ဟင်"

"ထူးထူး သေသွားရင် ကိုကို လာကြည့်မှာလားဟင်"

"ထူးထူး ဘာတွေပြောနေတာလဲ"

"ထူးထူး ဝိညာဉ်က ကိုကို့ကို စောင့်နေမိမှာပါ"

"ထူးထူးရယ် ..."

လက်ဖျားကို တင်းနေအောင် ဆုပ်လိုက်မိ၏။ ခေါင်းအင့်မှာ ရေစိုနေသော ဆံစတို့ကို နမ်းမိသည်။

"ချစ်သူနဲ့ ခွဲရလို့ သေတာရှိလားဟင် ကိုကို"

ဘာပြန်ပြောရမည် မသိ၊ သက်ပြင်းကိုသာ ချမိသည်။

ပိုသည်းလာသော မိုးစက်တို့က ဝေ့ပက် ထိဝင်၏။ ကားက အရှိန်ဖြင့် ပြေးနေသည်။

"ဖြေလေ ကိုကို"

"မသေပါဘူး"

အသံက တိုးလျသည်။

"ထူးထူးတော့ သေမှာပဲ ကိုကိုရယ်"

ရင်ထဲကို တိုးဝင်စူးနစ်သွားစေသည့်စကား၊ ကြေကွဲထိခိုက်နေအောင် ထာဝရ ဖန်တီးနေနိုင်သည့်စကား။

"မိုးတွေ သည်းနေလိုက်တာ၊ ဘုရားကို မမြင်ရတော့ဘူး ကိုကို"

"ဘုရားနား ရောက်နေပြီလေ"

ခြေထောက်မှ ဖိနပ်ကို ချွတ်သည်။ ပခုံးပေါ် မှီနွဲ့ထားသည့် ခေါင်းကို အားယူ၍ မတ်၏။

"ထူးထူး ဆုတောင်းချင်တယ် ကိုကိုရယ်"

ဘုရားဆီသို့ မျက်နှာကိုမူလျက် လက်အုပ်ချီသည်။

ထူးထူးကို ကြည့်ရင်း ရင်မှာဆို့လာ၏။

"ဆုတောင်းလိုက်ပြီ ကိုကို၊ နောင်ဘဝမှာ ပြန်တွေ့ကြရင်တော့ ကိုကိုနဲ့ ထူးထူး မခွဲကြရဘူး ထင်ပါတယ်နော်"

သူ့ပုခုံးပေါ်သို့ ခေါင်းငိုက်မှီလိုက်ရင်း ဘယ်လက်ဖြင့် သူ့ဆံစကိုပွတ်သပ်လျက် ထူးထူး ဆိုသည်။ လက်ချောင်းကလေးများ ဆံစကြားမှာ လှုပ်ရှားနေ၏။

"ဖက်ထားစမ်းပါ ကိုကိုရယ် ..."

ထူးထူး ပခုံးကို တင်းကျပ်အောင် ဖက်လိုက်မိဆဲ။

မိုးလေကြားမှာ ရှိုက်သံတစ်ခုကို ကြားလိုက်ရပြန်၏။

30

# ၁

ပြတင်းမှဝင်လာသောအနောက်နေခြည်သည်တောက်ပမှု မရှိတော့သော်လည်း နွေးထွေးဆဲ။ စကားပင်အိုကြီးဆီမှ လေနှင့်အတူ လွင့်မျောပါလာသည့် ရနံ့သည် ပျံ့ပျံ့လေးသင်း၏။ ငှက်တစ်ကောင်၏ ဆွေးဆွေးမြည့်မြည့် အော်သံကြောင့် ရင်ထဲမှာ ပိုမိုထိခိုက်လာသလား ထင်သည်။

အိပ်ရာမှာ ဝမ်းလျားမှောက်၍ ရေးလက်စ မှတ်တမ်းစာအုပ်ကို ပိတ်ကာ ပြတင်းမှ မျှော်ကြည့်မိပြန်သည်။ မြင်နေရသော သရက်ပင် ကိုင်းဖျားများ၊ စံကားပင်အိုမှ အခက်အလက်များနှင့် နားနေသော ကျီးကန်းတစ်ကောင်ကို အဓိပ္ပာယ်မဲ့စွာဖြင့် ငေးနေမိသည်။ ကျယ်ဝန်းဆိတ်ငြိမ်သော ခြံကြီးထဲမှာ တစ်ဦးတည်းပါလားဆိုသည့်အတွေးဖြင့် ကြေကွဲရသောအခါ တစ်လောကလုံးမှာလည်း ငါတစ်ဦးတည်းပါပဲဟု အထီးကျန်ဝေဒနာကို ဆင့်ပွားခံရပြန်၏။

" မမမို ..."

အခန်းထဲသို့ ဝင်လာသော မြလေး၏ ခြေသံကို မကြားလိုက်။ နောက်နားဆီမှ အသံကြားတော့ အလန့်တကြား ထ,ထိုင်လိုက်မိသည်။

" မမမို အောက်မှာ ဧည့်သည်ရောက်နေတယ်"

"ဘယ်သူပါလိမ့် မြလေးရယ်။ မမမှီဆီကို ဧည့်သည်လာစရာ မရှိပါဘူး"

စဉ်းစားဟန် တွေတွေကလေးနှင့် မေးလိုက်သည်။

"တစ်ခါက လာဖူးတယ်လေ၊ မမမှီ သူငယ်ချင်းတွေဆိုတာ"

"ဩော်... ဘေဘီတို့ထင်တယ်။ အေးအေး... လာခဲ့မယ်ပြောထားလိုက်ပါကွယ်၊ အအေးလေး ဘာလေး တိုက်ထားနော် မြလေး"

"ဟုတ်ကဲ့ ... မမမှီ"

မြလေး ထွက်သွားတော့ မှတ်စုစာအုပ်ကလေးကို ခေါင်းအုံးအောက်မှာ ထားရန် ကောက်ယူလိုက်သည်။ မှတ်စုစာအုပ် အသစ်တစ်အုပ်လောက်တော့ ဝယ်ရဦးမည်ဟု တွေး၏။ သည်စာအုပ်က ကုန်တော့မည်လေ၊ ကျောင်းသားဘဝကတည်းက ရေးလာခဲ့တဲ့ စာအုပ်ပဲ။ သူများတကာတွေလို နေ့စဉ်မှတ်တမ်း ရေးခြင်းမျိုးမဟုတ်ဘဲ မိမိ ထိခိုက်စွာ ခံစားရသောအခါတွင်လည်းကောင်း၊ တွေးမိတွေးရာ၊ ရေးချင်စရာများ ရှိလာသည့်အခါများတွင်လည်းကောင်း၊ ထိုအခါများမှသာ ရေးလေ့ရှိတတ်သည်ပဲ။ စာအုပ်ကလေးကို ခေါင်းအုံးအောက်မှာ ထားလိုက်ပြီး မှန်တင်ခုံရှေ့မှာ သွားရပ်သည်။ သေသပ်သွားအောင် ဆံစကို ဖြီးသင်လိုက်၏။ တွန့်နေသည့် အင်္ကျီအောက်စကို စန့်စန့်ရန့်ရန့်ဖြစ်အောင် ဆွဲချလိုက်သည်။ ပြီးတော့ အခန်းထဲမှ ထွက်လာခဲ့၏။

☆

"ဟော ... မေလွင်ရော ပါလာတာပဲ၊ ဘယ်က လှည့်လာကြတာလဲ"

မှီ အပေါ်ထပ်မှဆင်းပြီး ဧည့်ခန်းထဲဝင်ခဲ့သည်။

"မှီ့ဆီကို အလည်လာခဲ့ကြတာလေ။ မှီနဲ့လည်း မတွေ့တာကြာလို့"

ဟု မေလွင်က ပြောလိုက်၏။

"ဘေဘီ သူ့ကို ပြောနေတာ ကြာပြီလေ။ သူ အလုပ်များတာနဲ့ မှီ့ဆီကို မရောက်ဖြစ်တာ၊ မှီကလည်း အိမ်ထဲမှာတင် ကုပ်မနေပါနဲ့။ ကိုယ်တို့နဲ့ အပြင်လေး ဘာလေး ထွက်ပါလား"

ဘေဘီက မို့ကို ကြည့်၍ ပြုံးပြရင်း ပြောလိုက်သည်။

"မမမို ... မြလေး ဦးလေးခင်တို့ဆီ သွားလိုက်ဦးမယ်"

ဘာလီနစ်ခွက်ကို လာချပေးပြီး မြလေးက မမမိုကို ခွင့်တောင်း၏။

"အေး ... ရတယ်သမီး သွား" ဟု မမမိုက ပြန်ပြောလိုက်သည်။

"သောက်လိုက်ဦး ဘေဘီ၊ သောက် မေလွင် ..."

ဘာလီဖန်ခွက်ကို ထည့်ထားသော ကျောက်ကာ ဗန်းကလေးကို ရှေ့တိုးပေးလိုက်၏။

"မိုကတော့ အရင်ထက်တောင် လှနေသေးတယ်"

ဟု မေလွင်က လှမ်းပြောရင်း ဘာလီဖန်ခွက်ကို လှမ်းယူသည်။

"အေးပေါ့ဟဲ့ ... သူက အိမ်ထောင်ကျတယ်သာ ဆိုတယ်၊ တို့လို ကလေးမရှိ၊ ဘာမရှိဆိုတော့ အပျိုအတိုင်းပဲပေါ့"

ဟု ရယ်သံနှောလျက် ဘေဘီက ပြောလိုက်သည်။ မိုကတော့ ပြုံးလျက် သူတို့ကို ကြည့်ရင်း ဘာမှပြန်မပြောဖြစ်။

"နေပါဦး ... လုပ်ငန်းကိုင်ငန်းတွေကတော့ အရင်လိုပဲ အဆင်ပြေတယ် မဟုတ်လား မို ..."

ဘာလီဖန်ခွက်ကို ပြန်ချရင်း ဘေဘီက မေးလိုက်သည်။

"အဆင်ပြေတယ် ဘေဘီ၊ လုပ်ငန်းတွေက ဖြိုးပဲ ဦးစီးလုပ်နေတာဆိုတော့ အရင်အတိုင်း လည်ပတ်နေနိုင်တာပေါ့။ မိုကတော့ ဘာမှမသိပါဘူး၊ ဖြိုးပဲ အားလုံးလုပ်နေရတာပေါ့"

"အင်း ... ဟုတ်ပါရဲ့နော်၊ ဖြိုးမရှိရင် တော်တော်ဒုက္ခရောက်မှာ"

"ဟာ ... တော်တော် ဒုက္ခရောက်မှာ မဟုတ်ဘူး မေလွင်ရေ့ လုံးဝကို ဒုက္ခရောက်မှာပဲ။ ဖြိုးသာမရှိရင် မိုက ဘာမှ သိထားတာမှ မဟုတ်တာ။ မို ဘာမှ ဆက်လုပ်လို့ရမှာ မဟုတ်ဘူး မေလွင်ရဲ့"

"တော်သေးတာပေါ့ကွာ၊ သူရှိနေတာ မိုက ကံတော့ ကောင်းပါတယ်ကွ"

ဘေဘီက ဝင်ပြောလိုက်၏။

"ဟုတ်တယ်၊ ဖြိုးသာ မရှိရင်တော့ အခက်ပဲ"

"အိမ်ထောင်တွေ ဘာတွေကျပြီး တခြား ခွဲထွက်သွားမှာတို့ ဘာတို့ စိုးရသေးတယ်"

ဟု မေလွင်က စကားဆက်သည်။

"မှီလည်း သိပ်စိတ်ပူတာပဲ မေလွင်ရယ်၊ ဖြိုး အိမ်ထောင်ကျပြီး မိန်းမဘက်က ကြိုးဆွဲလို့ ခွဲထွက်သွားမှာ အရမ်းစိုးရိမ်တယ်။ အဲဒီလိုဆိုရင်တော့ မှီ ဒုက္ခရောက်ကျန်ခဲ့မှာပဲ။ ပြီးတော့ အိမ်မှာ အတူနေပြီး လုပ်ငန်းကို အရင်အတိုင်း ဆက်လုပ်သွားနိုင်အောင်လည်း သူ့အိမ်ထောင်ဘက်က မှီတို့နဲ့ သင့်သင့်တင့်တင့် နေနိုင်တဲ့သူမျိုး ဖြစ်ဦးမှကွ၊ ဖြိုး အိမ်ထောင်ပြုမှာကို မှီလည်း တွေးပြီး စိုးရိမ်နေရတာပဲလေ"

"မှီကလည်း အလွယ်လေးပဲဟာကို ဘာတွေ စဉ်းစားနေလဲ မသိဘူး။ အခု မှီကလည်း လွတ်လွတ်လပ်လပ်ပဲဟာကို၊ ဟုတ်ဘူးလား မေလွင်ရယ်"

အရယ်နှောပြီး ပြောလိုက်သည့် ဘေဘီ့စကားကြောင့် မှီ့မျက်နှာ ရုတ်တရက် ပျက်သွားသည်။ မျက်နှာမှာ ရက်သွေးတို့ဖြင့် ရဲခနဲ ဖြစ်၏။

"ဟာ ... ဘေဘီကလည်းကွာ၊ ဘာတွေ လျှောက်ပြောနေတာလဲ"

ဟု ပါးစပ်က ထွက်သည်။

"တကယ်ပြောတာ မှီ၊ မှီ ဖြိုးကို စိုးရိမ်မယ်ဆိုရင်လည်း စိုးရိမ်စရာပဲ"

မှီ မျက်နှာပျက်သွားသည်ကို သိ၍ ဘေဘီက သူ့မျက်နှာကို တည်လိုက်ကာ စကားစ၏။

"အင်း ... ဘာဖြစ်လို့လဲ" ဟု မေလွင်က စကားထောက်သည်။

"ဖြိုးက ကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်လေ"

ပြောရင်း မှီ့မျက်နှာကို မသိမသာ အကဲခတ်သည်။ မှီက နားစွင့်နေလိုက်၏။

"သူငယ်ချင်းက သတင်းစုံလှချည်လားကွ"

မေလွင်က ပြောလိုက်၏။

"မဟုတ်ဘူးကွ၊ အဲဒီကောင်မလေးက ကိုယ်တို့နဲ့ သိတယ်။ သူ့အမေနဲ့ ကိုယ်တို့အမေက ခင်ကြတယ်လေ သိလား မှီ။ ဖြိုးက ကောင်မလေးကို အိမ်ပြန် ပို့တာ ထင်ပါရဲ့။ ဘေဘီတို့နဲ့ လမ်းထဲမှာ သူတို့အတွဲကို ခဏ ခဏ တွေ့လို့ သိတာ"

"ထူးထူး မဟုတ်လား ဘေဘီ ..."

"ဟင် ... မှီ သိတယ် ဟုတ်လား ...၊ ကိုယ်က မှီ မသိသေးဘူးထင်လို့ ပြောတယ်၊ သိပ်ဟုတ်တာပေါ့။ ဖြိုး တွဲနေတဲ့ ကောင်မလေးနာမည် ထူးထူးတဲ့။ နေပါဦး ... မှီက သိလျက်နဲ့ ဖြိုးကို ဘာမှမပြောတော့ဘူးလား"

"ဘာပြောရမှာလဲ ... ဘေဘီ"

"အဲဒီ ထူးထူးဆိုတဲ့ ကောင်မလေးက တစ်ဦးတည်းသော သမီးလေ၊ တကယ်ဆိုးတာကွ၊ နေတာထိုင်တာ ပြောတာဆိုတာကအစ တကယ့်ကလေး အတိုင်းပဲ၊ မှီတို့နဲ့ ဖြစ်ပုံမလား၊ မှီတွေ့ဖူးရင် သိလိမ့်မယ်"

"မှီ တွေ့ဖူးပါတယ်၊ မြလေး သူငယ်ချင်းပဲ ..."

"ဩော် ... ဟုတ်လား တွေ့တယ် မဟုတ်လား၊ ကောင်မလေးက လူကြီး စိတ် မရှိသေးသလိုပဲ။ မှီတို့နဲ့အတူ တစ်အိမ်တည်းနေရရင် အားလုံး ဒုက္ခရောက် ကုန်မှာပဲ။ အိမ်မှာလည်း သူက ဗိုလ်လေ၊ သူ ဆိုးသမျှကို တစ်အိမ်လုံး ခံကြ ရတာ"

"ကောင်မလေးက ဒီလောက်ပဲ ဆိုးသလား"

"တော်တော်ကြာ မှီ သိလာပါလိမ့်မယ်"

"နေပါဦး ဘေဘီရဲ့ သူက တစ်ဦးတည်း သမီးဆိုရင် ဖြိုးနဲ့ လက်ထပ်ဖြစ် ရင်တောင် ကောင်မလေးဘက်က ဖြိုးနောက်ကို ဘယ်ထည့်ပုံမလဲ ဟုတ်ဘူး လား။ ဒါဆို... ဖြိုးက ဟိုဘက်ပါသွားရင် ဘာဖြစ်ဖြစ် မှီတို့ လုပ်ငန်းကိုင်ငန်း ကလည်း နည်းနည်းတော့ ကသိကအောက် ဖြစ်သွားမှာပေါ့နော်"

မေလွင်က ဝင်ပြောလိုက်သည်။

"ဟုတ်တယ်... အစစ်ပဲ မေလွင်၊ မေလွင်ပြောသလိုပဲ ကောင်မလေး အိမ်က သူ့သမီးကို ဖူးဖူးမှုတ်ထားတယ်၊ ဖြိုး နောက်ကိုတော့ ဘယ်နည်းနဲ့မှ

ထည့်မှာမဟုတ်ဘူး ။ အဲဒါလည်း အရေးကြီးတယ်၊ မို သေသေချာချာ စဉ်းစား သင့်တယ်"

ဘေဘီက မို့မျက်နှာကို ကြည့်ပြီးပြောသည်။ သူတို့စကားတွေကို နား ထောင်ရင်း မို စိတ်ညစ်လာသည်။ ခေါင်းထဲမှာအုံပြီး နောက်ကျိလာပြီ ထင်၏။

"ကိုယ့်သူငယ်ချင်းအတွက် အကောင်းအကြံပေးတာပါ မို။ မို ဖြိုးကို ဒီကောင်မလေးနဲ့တော့ ဘယ်နည်းနဲ့မှ မဖြစ်စေနဲ့သိလား။ တစ်နေ့မှာ မို ဒုက္ခ ရောက်လိမ့်မယ်"

ပြန်ခါနီးမှာ ကားဆီလိုက်ပို့တော့ ဘေဘီက မို့ကို ပြောဖြစ်အောင် ပြော ခဲ့သေးသည်။ ရင်ထဲမှာ တလှပ်လှပ်ဖြင့်တုန်လျက် အနေခက်လာသည်။ ဖြိုးနှင့် ထူးထူးတို့က ဘယ်အခြေအနေ ရောက်နေကြပြီလဲ၊ ဖြိုးကို ပွင့်ပွင့်လင်းလင်း မေးကြည့်ရဦးမည် တွေး၏။ မိမိဘဝမှာရော ဖြိုးနှင့် မြလေးမရှိလျှင် ဖြစ်နိုင် ပါမည်လား။ စဉ်းစားရင်းဖြင့် မွန်းကျပ်လာ၏။

မြလေး ပြန်လာပြီး ဆေးတိုက်မည့်အချိန်ကို မစောင့်နိုင်တော့ဘဲ ဘာသာပင် ဆေးကိုယူပြီး သောက်ချလိုက်၏။ ပြီးတော့ အိပ်ရာမှာ ပက်လက် လှန်၍ မျက်စိကို မှိတ်ထားလိုက်မိပြန်သည်။

## ၂

"ဦးလေးခင် ဘာလုပ်မလို့လဲ"

ပန်းခြံကို ချုံကွေ့ပြီး ပြန်အထွက်မှာ ဦးလေးခင်ကို မို တွေ့လိုက်ရသည်။

"မီးလုံးတစ်လုံး ကျွမ်းသွားလို့ လဲမလို့ မို"

"ဘယ်အနားက မီးလုံးလဲ ဦးလေးခင်"

"ခြံအဝင်ဝကလေ"

"ဩော် ... ကျွမ်းသွားတာတောင် မိုဖြင့် သတိမထားလိုက်မိပါဘူး"

"မကြာသေးဘူးကွယ့်၊ ဆရာကြီး ရှိတုန်းကတော့ မီးကြိုးတွေ အားလုံးကိုလည်း အသစ်ပြန်လဲရဦးမယ်လို့ ပြောဖူးတယ်လေ။ မီးကြိုးတွေက ကြာပြီပဲ၊ ဆွေးမြည့်ပေါက်ပြဲနေကြပြီ၊ အသစ်လဲဖို့တော့ ကောင်းနေပြီလေ"

"ဦးလေးခင်ပဲ ဖြိုးနဲ့ တိုင်ပင်ပြီး ကြည့်လုပ်ပေးပါဦးနော်"

"ဖြိုးကို ဦးလေးခင် ပြောတော့ထားတယ်၊ မီးကြိုးတွေ သူ လျှောက်ထားတယ် ရစရာရှိတယ်တဲ့၊ အဲ့ဒီတော့မှ လဲတာပေါ့လို့ ပြောတယ် မို"

ဦးလေးခင်က ပြောပြီး ထွက်သွား၏။ မိုက ခေါင်းမော့ပြီး မီးကြိုးတွေကို တစ်ချက်ကြည့်လိုက်သေးသည်။ အစ်ကိုကြီးသာ ရှိနေရင်တော့ ချက်ချင်း

ပြန်လဲလေမလားပဲဟု တွေးမိသေး၏။ မီးကြိုးတွေက တချို့နေရာပေါက်ပြဲပြီး ဆွေးမြည့်နေပြီပဲ။

အိမ်ဆီကို လှမ်းအကြည့်မှာ ဖြိုး အိမ်ပေါ်က ဆင်းလာသည်ကို မြင်၏။ ဖြိုးတောင် အလုပ်ကပြန်ရောက်လာပြီပဲဟု တွေးသည်။ အလုပ်က ပြန်ရောက် ရောက်ချင်း ပြောလိုက်လျှင် ကောင်းပါ့မလားဟု စဉ်းစားသေးသည်။ မထူးပါဘူး လေဟု ဆုံးဖြတ်ကာ ဖြိုးနှင့် မျက်နှာချင်းဆိုင် လျှောက်သွားလိုက်၏။

☆

"ဖြိုး ..."

အနားရောက်တော့ ပြုံးပြပြီး နှုတ်ဆက်ခေါ်လိုက်သည်။

"ဖြိုး ပြန်လာတာ ဒီနေ့နည်းနည်းစောတယ်နော်"

"ဟုတ်တယ် မမမို ဒီနေ့ အလုပ်ပါးတာနဲ့ ပြန်လာခဲ့တာ။ နေ့လယ်က အမြတ်တော်ကြေးကိစ္စတွေတော့ ရှင်းသွားပြီ။ မနက်ဖြန်ဆို လကုန်ပြီလေ၊ မမမိုကို ဝင်ငွေ ထွက်ငွေစာရင်းတွေ အားလုံး ကျွန်တော် ရှင်းပြရဦးမယ်"

"ရပါတယ် ဖြိုးရယ်၊ လာ ... မမမိုနဲ့ စကားပြောရအောင် စောင့်နေတာ"

"မြလေးရောဟင် ..."

"ဦးလေးခင် မိန်းမက ခေါ်င်းမူးနေလို့တဲ့ မြလေး အဲဒီမှာ။ ဘာဖြစ်လို့လဲ ဖြိုး ..."

"မဖြစ်ပါဘူး မမမို၊ မတွေ့လို့ မေးကြည့်တာ"

ထိုင်ခုံကလေးများ ရှိက်ထားရာဆီသို့ ဦးတည်လျှောက်လာခဲ့ကြသည်။

မိုးငွေ့များပါသော လေတစ်ချက်ဝေ့ပြီး တိုက်သွားသည်၊ သရက်ပင် အုပ်ဆီမှ ကျီးများ အော်သံကို ကြားရ၏။ လမ်းမကြီးနှင့် ဝေးလွန်းသဖြင့် ကားသံများ တိတ်နေသည်၊ တစ်ဧကနီးပါး ကျယ်လှသော ဝင်းခြံကြီးများမို့ တစ်အိမ်နှင့် တစ်အိမ် ဘာသံမှမကြားရအောင် ဆိတ်ငြိမ်လွန်းသည်။

"ထိုင် ... ဖြိုး"

မိုက အရင်ထိုင်လိုက်ပြီး ဖြိုးကို မော့ကြည့်လျက် ထိုင်ခိုင်းသည်။

ဖြိုးက မမမိုနှင့် မလှမ်းမကမ်းမှာ ဝင်ထိုင်လိုက်၏။ ဆေးရောင်မွဲနေပြီဖြစ်သောသံဖြင့် ပြုလုပ်ထားသည့် ဒန်းတစ်ခုကို မြင်နေရသည်။ တင်းနစ်ကွင်းအဟောင်းသည် ဒန်းနှင့် ကပ်လျက်မှာ ရှိ၏။ မည်သူမျှ မကစားကြတာ ကြာပြီဖြစ်သဖြင့် တင်းနစ်ကွင်းသည် ရေညှိများဖြင့် အိုမင်းနေပြီ။ နောက်ဘက်အကာသံဆန်ခါများမှာ နွယ်ပင်တို့ တက်နေပြီ ဖြစ်၏။

အစ်ကိုကြီး ရှိတုန်းကပင် တစ်ခြံလုံးကို ပြုပြင်ရှင်းလင်းရသော်လည်း တင်းနစ်ကွင်းကို တစ်ခါမှ မပြုပြင်ခဲ့။

"မမမို ပြောစရာရှိတယ်ဆို"

ဖြိုးက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။ နေရောင် မရှိတော့သော်လည်း ခြံထဲမှာ အလင်းရောင်ရှိနေဆဲ။ ကောင်းကင်ကို မော့အကြည့်မှာ မိုးသားအပြာရောင် ရှိနေသဖြင့် ချက်ချင်းတော့ ရွာမည်ဟု မထင်။

မမမိုက အဝေးကို ငေးနေရင်း သက်ပြင်းရှည်ကို ချသည်။

"ဖြိုး အိမ်ထောင်ပြုဖို့ အစီအစဉ်ရှိပြီလား"

မမမို၏ တဲ့တိုးစကားကြောင့် မမမို့မျက်နှာကို တစ်ချက် ကြည့်လိုက်မိသေးသည်။

"ကျွန်တော်လည်း မမမိုကို ပြောမလို့ပါပဲ၊ မပြောဖြစ်သေးတာပါ။ ပြန်ပြောရရင်တော့ ဦးကြီး ဆုံးသွားတဲ့ ညတုန်းကပဲ ဦးကြီးကို ဖွင့်ပြောဖို့ ကျွန်တော်ဆုံးဖြတ်ထားတာလေ။ ဦးကြီး ပြန်လာတော့ အခြေအနေမကောင်းလို့ မပြောဖြစ်ခဲ့ဘူး။ ဦးကြီးကတော့ သိမသွားရှာဘူးပေါ့။ ကျွန်တော့်မှာ ပြောစရာဆိုလို့လည်း မမမိုတစ်ယောက်ပဲ ရှိတော့တာ။ ဒီလိုပါ မမမို၊ ကျွန်တော် လောလောဆယ်တော့ အိမ်ထောင်ပြုဖို့ မစီစဉ်ချင်သေးပါဘူး။ ဒါပေမဲ့ အိမ်ထောင်ပြုရမယ့်သူ ကျွန်တော့် ချစ်သူပေါ့လေ၊ အဲဒါတော့ ရှိထားပါပြီ"

"ဘယ်တော့လောက် အိမ်ထောင်ပြုမယ် စဉ်းစားလဲ ဖြိုး"

မမမို လေသံက သံမှန်ပင်။ သူ့ကို မကြည့်ဘဲ မေးလိုက်၏။

"သူ အခု နောက်ဆုံးနှစ်ဆိုတော့ နောက်တစ်နှစ်လောက်ကြာမှလို့ စဉ်းစားထားတာပဲ မမမို။ ဒါပေမဲ့ သူ့အိမ်က ကျွန်တော်နဲ့ လုံးဝသဘောမတူဘူး တဲ့လေ။ အိမ်က စီစဉ်ထားတာ၊ သဘောတူထားတာ တစ်ယောက်ရှိတယ်။ ဒီတော့ သူ့အိမ်က အတင်းအကျပ် စီစဉ်လာရင်တော့ ကျွန်တော် အလော သုံးဆယ် အိမ်ထောင်ပြုဖြစ်လိမ့်မယ်ထင်တယ်"

"သူ့အိမ်က သဘောမတူဘူး ဟုတ်လား၊ ဖြိုးမှာ ဘာငြင်းစရာ ရှိလို့တဲ့ လဲ"

မမမို့စကားမှာ မာနသံရောနေသလား မသိ။ သူ့မျက်နှာကို တစ်ချက် ဖျတ်ခနဲကြည့်ပြီး ရှေ့တူရူကို အကြည့်ပြန်ပို့ထား၏။

"ထားပါတော့ မမမိုရယ်၊ နောက်မှပဲ ကျွန်တော် အေးအေးဆေးဆေး မမမိုကို ရှင်းပြချင်တယ်"

မှုတ်ထုတ်လိုက်သော လေပူနှင့်အတူ သက်ပြင်းကို ရောချမိ၏။ မမမို ကို ဒီစကားတွေ ပြောမပြချင်သေး။ မမမိုသိပြီး စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးသည်။ မမမိုရောဂါ ပိုဆိုးသွားမှာ ပူသည်။

"ဖြိုး အမျိုးသမီးက ထူးထူး မဟုတ်လား"

"ဟင် ... မမမို ဘယ်လိုသိလဲ၊ မြလေး ပြောတာလား"

"မြလေးက သိပ်ပြီးနှုတ်လုံတဲ့ မိန်းကလေး၊ ဘယ်တော့မှ စကားမရှုပ် တတ်တဲ့ မိန်းကလေးဆိုတာ ဖြိုး သိပါတယ်။ မြလေး မမမိုကို ဘာမှမပြောပါဘူး၊ မမမိုမေးတာ မှန်တယ် မဟုတ်လား"

"မှန်ပါတယ် မမမို၊ ဖြိုးနဲ့ ထူးထူး ချစ်နေကြပါတယ်"

ခဏကြာအောင် စကားမဆိုဖြစ်ကြဘဲ တိတ်ဆိတ်ငြိမ်သက်နေကြ၏။ မမမို ဘာဆက်ပြောမည်ကို နားစွင့်ထားလိုက်မိသည်။

"ဖြိုး ..."

"ခင်ဗျာ ... မမမို"

"မမမို ဖြိုးအပေါ်မှာ ဘယ်လောက်သံယောဇဉ်ရှိသလဲဆိုတာ ဖြိုး သိပါ တယ်နော်"

"ဟုတ်ကဲ့ ..."

"ပြီးတော့ ဖြိုး ဦးကြီးထားခဲ့တဲ့ လုပ်ငန်းအားလုံးဟာလည်း ဖြိုးက လွဲပြီး ဦးစီးလုပ်မယ့်သူ ဘယ်သူမှမရှိနိုင်ဘူး။ မမမှီကလည်း ဘာမှစိတ်ဝင်စားတာ မဟုတ်ဘူးလေ။ မမမှီ ပြောချင်တာက ဖြိုး မမမှီတို့နဲ့ ခွဲထွက်သွားလို့ လုံးဝမဖြစ်နိုင်ဘူးဆိုတာပါပဲ"

"ဟာ ... ကျွန်တော် သဘောပေါက်ပါတယ် မမမှီ၊ ကျွန်တော်ကလည်း ဘယ်ခွဲထွက်သွားပါ့မလဲ"

"ဒါပေမဲ့ ... ဖြိုး၊ ဖြိုး သေသေချာချာ စဉ်းစားကြည့်ပါ။ ထူးထူးဟာ တစ်ဦးတည်းသောသမီး၊ ဒီတော့ ဖြိုးနောက်ကို သူတို့ ဘယ်ထည့်ပါ့မလဲ။ နောက်ပြီး ထည့်တယ်ပဲထား၊ ထူးထူးနဲ့ မမမှီတို့ အတူနေကြလို့ ဖြစ်နိုင်ပါ့မလား။ မမမှီကလည်း နေထိုင်ကောင်းတာ မဟုတ်၊ ပြီးတော့ ထူးထူးကလည်း တစ်ဦးတည်းသမီးဆိုတော့ ခပ်ဆိုးဆိုးရယ်။ ဖြိုး သေသေချာချာ စဉ်းစားစေချင်တယ်၊ မမမှီ သဘောကို ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ထူးထူး ပြောတာဆိုတာ၊ နေတာထိုင်တာကအစ ကလေးသိပ်ဆန်လွန်းတယ်။ မမမှီတော့ သဘောမကျဘူး ဖြိုး"

မမမှီစကားကြောင့် ရုတ်တရက် အံ့ဩသွားရသည်။ မျက်နှာက တင်းခနဲ ဖြစ်သွားရ၏။ မမမှီက ထူးထူးကို သဘောမကျမှန်း ခန့်မှန်းမိသော်လည်း သည်သို့ ကန့်ကွက်စကားဆိုမည်ဟု မထင်မြင်ခဲ့။

"မမမှီရယ် ... ထူးထူး ကလေးဆန်တာ အမှန်ပါပဲ။ ဒါပေမဲ့ ပြုပြင်သွားလို့ ရမှာပါ"

"ဖြိုး ..."

မမမှီက မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။ မမမှီအကြည့်က စူးရှနေသည် ထင်ရ၏။

"မင်း ထူးထူးကို မပြတ်နိုင်ဘူးလား"

"ကျွန်တော် ထူးထူးက လွဲပြီး ဘယ်သူ့ကိုမှ ချစ်နိုင်မှာ မဟုတ်ပါဘူး မမမှီ"

မမမို မျက်နှာပျက်သွားသည်ကို တွေ့၏။

"ဒါဆို ထူးထူးကိုပဲ လက်ထပ်မယ်ပေါ့"

"ဟုတ်ပါတယ် ... မမမို"

"သူ့အိမ်က သဘောမတူဘူးဆိုတာကရော"

"နောက်ဆုံးအခြေအနေရောက်ရင် ထူးထူး ကျွန်တော့်နောက်ကို လိုက်လာမှာပါ မမမို။ ထူးထူးက ကျွန်တော့်ဘက်မှာ ရှိနေတာပဲ"

"အေး ... ပွင့်ပွင့်လင်းလင်း ပြောရရင် မမမိုလည်း မင်းကို ထူးထူးနဲ့ သဘောမတူနိုင်ဘူး ဖြိုး၊ ဖြိုးဟာလည်း မမမိုတို့နဲ့ ခွဲပြီး ဘယ်မှသွားလို့မဖြစ်ဘူး၊ မမမို သဘောကတော့ ဒါပဲလေ ..."

ရုတ်တရက် ထရပ်လိုက်ပြီး အိမ်ဆီကို ဦးတည်လျှောက်သွားတော့၏။

မမမို၏ နောက်ကျောကို ကြည့်လျက် လေပူကို မှုတ်ထုတ်လိုက်သည်။ ဦးကြီး ရှိနေလျှင် ဘယ်လောက်ကောင်းမှာလဲဟု တမ်းတလျက် ဦးကြီးကို သတိရမိပြန်၏။

သူ့စကားကို နားမထောင်ပါက ဦးကြီး ကျန်ခဲ့သော ပစ္စည်းများအားလုံး၏ ခံစားခွင့်ကို ဘာမှမပေးနိုင်ဟု ခြိမ်းခြောက်သွားလေသည့် သဘောလားဟု စဉ်းစားမိပြန်သည်။ မမမို၏ပိုင်ခွင့်အဖြစ် ပစ္စည်းအားလုံးကိုမမမိုသာပိုင်ကြောင်း သူ နားလည်လက်ခံပါ၏။ ထိုပစ္စည်းများနှင့်ပတ်သက်၍ ပိုင်ဆိုင်လိုခြင်း စိုးစဉ်းမျှ မရှိကြောင်း မမမိုလည်း သိသည်ဟု သူက ထင်သည်။ ဦးကြီး၏သံယောဇဉ်၊ အလုပ်၏ သံယောဇဉ်ဖြင့်သာ ဘာကိုမျှမမျှော်ကိုးဘဲ သူ လုပ်ကိုင်ပေးနေခြင်းသာ။ ထူးထူးကို ချစ်ရသောအချစ်ဖြင့် အရာရာကို သူ စွန့်လွှတ်ရဲပြီဟု ဘာသာသိပြီပဲလေ။

## ၃

" မမမိုက အဲဒီလိုပဲ ပြောသလားဟင် အစ်ကိုဖြိုး"

မြလေးက တအံ့တသြဖြင့် မေးသည်။ မနေ့ညက ကိစ္စကို သူ မြလေး အား ဖွင့်ဟတိုင်ပင်လိုက်၏။

"ဟုတ်တယ် မြလေး ... မမမိုကတော့ ထူးထူးနဲ့ ဘယ်လိုမှ သဘော မတူဘူးလို့ ပြောတယ်လေ"

" မမမို စိတ်မကြည်တုန်းမို့ ပြောတာထင်ပါတယ် အစ်ကိုဖြိုးရယ်၊ တကယ်တမ်းကျတော့ မမမိုက အစ်ကိုဖြိုးကို သံယောဇဉ်လည်း ရှိတယ်၊ အားလည်း ကိုးပါတယ်။ ပြီးတော့ ထူးထူးနဲ့ အနီးကပ်ပေါင်းကြည့်ရင်လည်း မမမို ထူးထူးကို ချစ်သွားမှာပါ"

"ထူးထူးအိမ်ကလည်း ကိုယ်နဲ့ သဘောမတူဘူးဆိုတော့ မမမိုက ပိုပြီး ခံပြင်းသွားပုံရတယ်လေ။ ပြီးတော့ ဦးကြီးကျန်ခဲ့တဲ့ပစ္စည်းတွေထဲက ကိုယ် လက်ထပ်ရင် မမမိုက ခွဲပြီး လက်ဖွဲ့မယ် ထင်ပါတယ်။ ဒီတော့ သူ ကျေနပ်တဲ့ သဘောကျတဲ့သူနဲ့မှ ဖြစ်စေချင်မှာပေါ့"

"ပစ္စည်းကိစ္စကတော့ အဓိကကျမယ် မထင်ပါဘူး အစ်ကိုဖြိုး။ မမမို ကလည်း ပစ္စည်းတွေ ဘာတွေ သိပ်မက်တာမှ မဟုတ်တာ။ ဥပဒေအရသာ သူ

ပိုင်ခွင့်ရှိလို့ ပိုင်နေတာထက် အစ်ကိုဖြိုးနဲ့ ပိုပြီးဆိုင်တယ်လို့ မြလေးတို့ တစ်ခါ ပြောဖူးတယ်လေ။ မမမှီက အမြတ်မ်း အထီးကျန်ဆန်ပြီး အားငယ်နေတတ်တာ။ ဒီတော့ အစ်ကိုဖြိုး တခြားထွက်သွားမှာတို့၊ တခြားခွဲမသွားရင်တောင် သူ့စိမ်းဖက်လာလို့ သူ့အပေါ်မှာ သံယောဇဉ် လျော့သွားမှာတို့၊ စိမ်းသွားမှာတို့ကို ပူနေတယ် ထင်ပါတယ်။ အဲဒီအကြောင်းတွေကိုတော့ မြလေးကို ခဏခဏ ပြောပြတယ်လေ။ အစ်ကိုဖြိုး အိမ်ထောင်ပြုလိုက်ခြင်းအားဖြင့် သူ့အပေါ်မှာ ထားတဲ့ သံယောဇဉ်တို့၊ မေတ္တာတရားတို့ကို သူများကို ခွဲဝေပေးလိုက်သလို သူ ခံစားနေရမယ် ထင်တယ်။ ဒါကြောင့် အိမ်ထောင်ပြုလိုက်ရင်တောင် သူ့ကို နားလည်တဲ့သူ၊ လူကြီးဆန်တဲ့သူကို စိတ်ကူးနေသလားမှ မသိတာ အစ်ကိုရယ်"

မြလေးစကားကြောင့် သက်ပြင်းကို ချလိုက်မိသည်။ မမမှီသည် သူ့ကို အိမ်ထောင်မပြုစေချင်မှန်းတော့ သူ သိသည်ပဲ။

"ဘာဖြစ်ဖြစ် မြလေးရယ် … နောက်ဆုံးအခြေအနေ ရောက်လာရင်တော့ ကိုယ် ထူးထူးကို အိမ်ထောင်ပြုရမှာပဲ။ ထူးထူးကို မကျေနပ်လို့ မမမှီ ကိုယ့်ကို ဘာပစ္စည်းမှ လက်မဖွဲ့ရင်လည်း ကိုယ် မမမှီကို ဘာမှအပြစ်ပြောမှာ မဟုတ်ပါဘူး။ ထူးထူးကိုလည်း နားလည်အောင် ရှင်းပြထားတယ်လေ၊ ဒီပစ္စည်းတွေ အားလုံးဟာ ကိုယ်နဲ့ ဘာမှမဆိုင်ဘူး၊ မမမှီပစ္စည်းတွေချည်းပဲလို့၊ တကယ်လို့ မမမှီ သေသွားရင်တောင် သူနဲ့ဆိုင်တဲ့ သူ့အမျိုးတွေပဲ ရမှာလို့"

"အဲဒီ့လောက်တော့ အစ်ကိုဖြိုးအပေါ်မှာ မမမှီက မပြတ်ပါဘူး အစ်ကိုဖြိုးရယ်"

"ဘာဖြစ်ဖြစ်လေ … နောက်ဆုံးအခြေအနေကို ကြိုတွက်ထားတာက အကောင်းဆုံးပဲ မြလေး။ နောက်ဆုံးမှာ ကိုယ် ဒီအိမ်ကြီးပေါ်က ဆင်းဆိုရင်တောင် ဆင်းဝံ့ပါတယ်"

"အစ်ကိုဖြိုးက မမမှီအတွက် နည်းနည်းလေမှ ထည့်မစဉ်းစားတော့ဘူးလားဟင်။ မမမှီဟာ တစ်ကောင်ကြွက်၊ ရောဂါလည်း ရှိနေတယ်လေ"

"အဲဒါတွေကြောင့် ဒီအထိ ပတ်ဝန်းကျင်က ပြောသမျှ၊ ဆိုသမျှ၊ မေးငေါ့သမျှတွေကို သည်းခံနေတာပေါ့ မြလေးရယ်။ မြလေး အသိပါ၊ ကိုယ့်ကို ပတ်ဝန်းကျင်က ဘယ်လောက်အထိ ပြောကြ၊ ဆိုကြတယ်ဆိုတာလေ။ ဦးကြီးရှိတုန်းကတည်းက ကိုယ်နဲ့ မမမို ဖောက်ပြန်နေသလို ပြောကြတယ်။ ဒီတုန်းက ကိုယ်မျက်ရည်တောင် ကျခဲ့ရတယ်လေ။ ဦးကြီးသာ ကြားရင်၊ သိရင်ဆိုတဲ့ အတွေးနဲ့ ကိုယ် အရမ်းဝမ်းနည်းမိသေးတယ်။ အခု ဦးကြီးမရှိတော့ ပိုပြီးပြောလို့ ကောင်းသွားတာပေါ့။ ကိုယ်က မမမိုရဲ့ ပစ္စည်းတွေကို မက်မောပြီး မမမိုကို ဘယ်နည်းနဲ့မှ လက်လွှတ်မှာ မဟုတ်ဘူးပေါ့။ မမမိုကလည်း ကိုယ်မရှိရင် လုပ်ငန်းအဆင်မပြေမှာစိုးလို့ ကိုယ့်ကို လက်မလွှတ်ဘူးပေါ့။ တစ်နေ့မှာ ကိုယ်နဲ့ မမမိုတို့ လက်ထပ်ကြမှာ သေချာတယ်ပေါ့။ ဒီလိုသတင်းတွေ ပတ်ဝန်းကျင်မှာ ပြန့်နေတာကို မမမိုက အိမ်ထဲမှာပဲ အချိန်ကုန်တော့ မသိဘူးလေ။ သူ သိပြီး စိတ်မကောင်းဖြစ်မှာလည်း စိုးတယ်။ ကိုယ်သာ ထူးထူးနဲ့ အိမ်ထောင်ကျပြီး သွားရင် ဒါတွေ အလိုလိုငြိမ်သွားမှာပဲလေ။ ထူးထူးက ဒီသတင်းတွေကို မယုံလို့ ဘာပြဿနာမှ မရှိတာ တော်သေးတာပေါ့"

"အစ်ကိုဖြိုးရယ် စဉ်းစဉ်းစားစားနဲ့ ညှိပြီးတော့ တိုင်တိုင်ပင်ပင် လုပ်ကြတာ ကောင်းပါတယ်။ တဖွတ်ထိုးလုပ်ရင် မှားတတ်တာပေါ့"

" မမမိုကို အဲဒါ စိုးရိမ်တာပဲ မြလေး။ မြလေးလည်း သိပါတယ်၊ မမမိုက အရမ်းအေးတယ် ထင်ရပေမဲ့ စိတ်သိပ်မြန်တယ်။ သူ ထင်ရာကို မဖြစ်ဖြစ်အောင် စွပ်ပြီး လုပ်တတ်တယ်။ ဦးကြီးလို ဒေါသတကြီးနဲ့ အော်ဟစ်နေတဲ့သူတောင် တစ်ခါခါမှာ မမမိုကို အလျှော့ပေးရတယ်လေ။ မမမို လုပ်တာတွေက တစ်ခါတလေမှာ စိတ်ကူးယဉ် သိပ်ဆန်နေသလိုပဲ။ လူတိုင်း မလုပ်လောက်ဘူးဆိုတဲ့ ကိစ္စမျိုးတွေကို လုပ်ချင်လုပ်တတ်တယ်လေ။ ကြည့်ပါလား ... ဦးကြီးလို အသက်အရမ်းကွာတဲ့ လူတစ်ယောက်ကို သူ တကယ်မချစ်ဘဲနဲ့ သူ့အဖေအတွက်ဆိုပြီး လက်ထပ်ခဲ့တာမျိုးတွေပေါ့"

၄

မမမှိုမျက်နှာ ခုတလော ပိုပြီးညှိုးနေသည် ထင်၏။ ခါတိုင်းလို ညနေပိုင်းမှာ မြလေးကိုခေါ်ပြီး ခြံထဲမှာ လမ်းမလျှောက်ဖြစ်သည်မှာ ကြာပြီပဲ။ မြလေး ကျောင်းက ပြန်ရောက်ပြီး ရေမိုးချိုးကာ မမမှိုကို လမ်းလျှောက်ဖို့ ခေါ်တော့လည်း မမမှို သိပ်မလန်းဘူးကွယ်ဟု ပြော လျက် အခန်းအောင်းနေတတ်သည်။

"မြလေး ဘာလုပ်ပေးရဦးမလဲ မမမှို"

မမမှို အခန်းထဲဝင်လာရင်း မေးလိုက်သည်။

"မလိုတော့ပါဘူး မြလေးရယ်၊ ထိုင်လေ ..."

မြလေးကို ထိုင်ခိုင်းပြီး မမမှိုက ခုတင်ပေါ်မှာ ထိုင်သည်။ မမမှိုနှင့် ယှဉ်ပြီး မြလေး ထိုင်လိုက်၏။

"ဖြိုး ကျောင်းကို လာသေးလား မြလေး"

"မလာဘူး မမမှို"

"ထူးထူးအိမ်က အခြေအနေကရော"

မြလေးမျက်နှာကို မမမှိုက ကြည့်နေရင်း မြလေးစကားကို နားစွင့်နေမှန်း သိသည်။

"ထူးထူးအိမ်ကတော့ ပိုပြီးတင်းကျပ်နေတယ်လို့ ပြောတယ် မမမို၊ ထူးထူး အပြင်မှာယူတဲ့ ကျူရှင်အားလုံး တက်လို့မရတော့ဘူး၊ ဆရာတွေ အိမ်မှာ ခေါ်ပေးတယ်လေ၊ မြလေးနဲ့တောင် ကျောင်းမှာ မတွဲရဘူးလို့ အိမ်က မှာထားတယ်တဲ့၊ ပြီးတော့ အိမ်က သဘောတူတဲ့တစ်ယောက်နဲ့လည်း မြန်မြန်စေ့စပ်ဖို့ စီစဉ်နေကြပြီပြောတယ်"

"ထူးထူး သဘောကကောကွယ်"

"ထူးထူးကတော့ အစ်ကိုဖြိုးကို သိပ်ချစ်တာ အမှန်ပဲ မမမို၊ သူ အစ်ကိုဖြိုးကိုပဲ လက်ထပ်မယ်တဲ့၊ ဘယ်နည်းနဲ့မဆို အစ်ကိုဖြိုးနောက်ကိုပဲ ထူးထူး လိုက်လိမ့်မယ်ထင်တယ်၊ ဘယ်လိုမှ လှုပ်လို့မရအောင် သူ့အိမ်က ချုပ်ချယ်ထားနိုင်ရင်တော့ မသိဘူး"

မမမိုထံမှ ပင့်သက်ချသံကို သတိထားလိုက်မိသည်။

"မဖြစ်ပါဘူးကွယ်၊ ထူးထူးနဲ့ မမမိုတို့နဲ့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

ပြတင်းကို ငေးရင်း မမမိုက တစ်ကိုယ်တည်း ညည်းသလို ပြောလိုက်၏။

"ထူးထူးက စိတ်ရင်းကောင်းပါတယ် မမမို"

ဖျတ်ခနဲ အကြည့်က မြလေးမျက်နှာပေါ်ကို ရောက်၏။

"စိတ်ရင်း ဘယ်လောက်ကောင်းကောင်း မမမိုကို နားလည်နိုင်မှာ မဟုတ်ပါဘူး၊ ပြီးတော့..."

မမမို စကားကို မဆက်တော့ဘဲ ဖြတ်သည်၊ မြလေးကလည်း ဘာမှ မမေးဘဲ ငြိမ်နေလိုက်တော့သည်။

"ဖြိုးကိုလည်း မမမို ဘယ်လိုမှ ဖျက်လို့ရမှာ မဟုတ်ဘူး၊ ထူးထူးနဲ့တော့ မမမို ဘယ်လိုမှ သဘောမတူနိုင်ဘူးလေ၊ မမမို သိပ်စိတ်ညစ်တာပဲကွယ်"

မမမိုမျက်နှာကို တစ်ချက်ကြည့်လိုက်သည်။ ညှိုးရော်ဆွေးမြည့်နေဟန် မျက်နှာမရွှင်ပျ၊ မျက်ဝန်းအစုံသည် ရီဝေလျက် ခါတိုင်းလို မတောက်ပ။

"ဒါတွေ မစဉ်းစားနေပါနဲ့ မမမိုရယ်၊ ကိုယ့်စိတ်ချမ်းသာအောင်ပဲ အဓိကထားပြီး နေပါ၊ ဟိုတစ်လောက မမမို ကြည့်ရတာ ပျော်ပျော်ရွှင်ရွှင်နဲ့ အရမ်း

လန်းတာပဲ။ အဲဒီလိုပဲ နေပါ မမမှီရယ်။ မမမှီဘေးမှာ မြလေးတစ်ယောက်လုံး ရှိနေတာပဲဟာ"

မမမှီ စိတ်သက်သာလို သက်သာငြား အားပေးနှစ်သိမ့်စကားကို ဆိုလိုက်မိသည်။ ငေးငေးငူငူနှင့် ပြတင်းဆီကို မမမှီ ကြည့်နေဆဲ၊ မမမှီအပါးမှ အသာအယာထ,လျက် အခန်းပြင်ကို ထွက်လာခဲ့၏။

☆

အောက်ထပ်သို့ ဆင်းခဲ့ပြီး ဦးလေးခင်တို့ အိမ်ဘက် ခဏသွားမည် စဉ်းစားလျက် အိမ်ပြင်ထွက်သည်။

အစ်ကိုဖြိုး ကား ပေါ်တီကိုအောက်အရောက်နှင့် ဆုံ၏။ ကားကို ရပ်ပြီး ကားပေါ်မှ ဆင်းကာ မြလေးကို ပြုံးပြနှုတ်ဆက်သည်။

"မမမှီရော နေကောင်းရဲ့လား"

ဟု လှမ်းမေးသည်။

"နေကောင်းတယ် ... အစ်ကိုဖြိုး၊ အိပ်နေတယ်"

ဟု စကားပြတ်အောင် မြလေးက တမင်ပြောလိုက်သည်။

"ထူးထူး ကျောင်းတက်တယ် မဟုတ်လား မြလေး၊ ဘာမှာလိုက်သေးလဲ"

"ဪ ... ဟုတ်သားပဲ၊ အစ်ကိုဖြိုးပြောမှ သတိရတယ်၊ ထူးထူးက မှာလိုက်တယ်၊ သန်ဘက်ခါ မနက်ပိုင်းမှာ သူ့ ပရက်တီကယ် မရှိဘူးလေ။ အဲဒါ အစ်ကိုဖြိုး ဝင်လာခဲ့ပါတဲ့။ အင်းလျားလမ်းက လက်ဖက်ရည်ဆိုင်က စောင့်နေမယ်တဲ့။ အင်းလျားလမ်းက ဆိုင်ဆိုရင် အစ်ကိုဖြိုး သိတယ်တဲ့။ ကျောင်းထဲက လူရှုပ်လို့ အိမ်က ပြန်သိသွားမှာ စိုးလို့ ပြောတယ်"

"မနက်ဆို ခါတိုင်းအချိန်ပဲနဲ့ တူတယ်"

"သူ့ကျောင်းကို မနက်ရှစ်နာရီဆို ရောက်တာပဲ။ ရှစ်နာရီလောက် သွားစောင့်ပေါ့ အစ်ကိုဖြိုးရာ"

"မနက်ဖြန်တော့ တွေ့မှာပါနော်"

"အစ်ကိုဖြိုး မှာစရာရှိလို့လား"

ခဏငြိမ်ပြီး စဉ်းစားသည်။ ပြီးမှ ...

"မမှာတော့ပါဘူးကွာ၊ ဘာမှလည်း ထွေထွေထူထူးတော့ မရှိပါဘူး။ သန်ဘက်ခါမှပဲ လာခဲ့မယ်။ ရှစ်နာရီပတ်ဝန်းကျင် စောင့်နေလို့သာ ပြောလိုက်၊ ဟုတ်လား မြလေး"

"မနက်ဖြန်ကျရင် မြလေးက ထူးထူးနဲ့ တွေ့ချင်မှ တွေ့မှာ အစ်ကိုရဲ့၊ အဲဒါကြောင့် အရေးကြီးလား မေးတာ၊ မြလေး သူငယ်ချင်းတွေနဲ့ ရုပ်ရှင်သွားကြည့်ကြမလို့လေ၊ ရုပ်ရှင်ကနေ အိမ်တန်းပြန်မှာ၊ မနက်ဖြန် ကျောင်းပြေးမှာမို့"

မြလေးက ရယ်ကျဲကျဲလုပ်ရင်း ပြော၏။

"သူငယ်ချင်းတွေနဲ့ဆိုတာ သေချာရဲ့လား မြလေး"

ဟု ရယ်ရင်း ပြန်ပြောလိုက်သည်။

"အံမယ် ... မြလေးက သေချာပါတယ်၊ သူငယ်ချင်းတွေနဲ့ပါနော်"

ဟု ရယ်ရင်း ပြန်ပြောလိုက်သည်။

# ၅

ကားရပ်ပြီး ဆိုင်ထဲကို လှမ်းကြည့်သည်။ နောက်ပိုင်း ခပ်ကျကျ စားပွဲဝိုင်းနှစ်ခုမှာသာ လူရှိပြီး ဆိုင်ထဲမှာ လူရှင်းနေ၏။ သိပ်များ အချိန်စောနေပြီလား အတွေးဖြင့် လက်မှနာရီကို ကြည့်မိသည်၊ ရှစ်နာရီ မထိုးတတ်သေး။ ရှစ်နာရီ ကျော်ကျော်လောက်မှ ထူးထူး ရောက်လာမည် ထင်၏။

ဆိုင်ထဲဝင်လိုက်ပြီး ပြတင်းပေါက်အနီး ထောင့်စားပွဲမှာ နေရာယူသည်။ စားပွဲထိုးကလေး ရောက်လာပြီး ဘာသောက်မလဲ အစ်ကိုဟု မေး၏။ လက်ဖက်ရည်ချိုပေါ့ကျ တစ်ခွက်ဟု မှာလိုက်သည်။ တစ်ဆက်တည်းပင် ထူးထူးက သူ့ကို ကော်ဖီခါးခါးကို ပြောင်းသောက်ပါလားဟု ပြောခဲ့ဖူးသည်ကို သတိရလိုက်မိသည်ပဲ။ ထူးထူးနှင့် လက်ဖက်ရည်ဆိုင်မှာ အတူထိုင်မိလို့ ကော်ဖီခါးခါး နှစ်ခွက်ဟု သူမှာလိုက်လျှင် ထူးထူးမျက်နှာမှာ ပီတိတွေ ဖြာလို့ နေတတ်သည်ပဲ၊ ကော်ဖီကို နေမကောင်းမှ သောက်တာပဲ လက်ဖက်ရည်သောက်လိုက်ရမှ လန်းဆန်းသွားတယ် ထင်တာပဲဟု ပြောခဲ့ဖူးသော်လည်း ထူးထူး အကြိုက်ဖြစ်အောင် ကော်ဖီခါးခါးကို ကျိတ်မှိတ် သောက်ခဲ့ရသည်။ အခုတော့ ထူးထူးမှ မလာသေးတာပဲလေဟု ရောက်လာသော လက်ဖက်ရည်ခွက်ကို ကြည့်ရင်း တွေးသည်။

ရွက်နုအစိမ်းရင့်ရောင်နှင့် ဗာဒံပင်ပျို၏ အကိုင်းရင်းမှာ ဝါရွက်တစ်ရွက်ကို လှမ်းမြင်ငေးစိုက်ကြည့်မိပြန်သည်။ မိုးတစ်ဖြိုက် လေတစ်ဝှေ့မှာ ထိုဝါရွက်သည် မြေသို့ ကြွေ၍သွားရှာတော့မည်ပဲ။ ထူးထူးနှင့် ပတ်သက်သည့် အပျော်သည် ရွက်နုနယ်ဝေ၍ သောကသည် ဝါရွက်လို ကြွေက ကောင်းလေစွဟု တွေးသည်။

လာမည်ဟု ထင်ရသော တူရူလမ်းဆီသို့ လှမ်းငေးမျှော်မောသည်။ ထိုအမောဖြင့် သောကသည် နှလုံးသားကို ပူလောင်စေပြန်၏။ အဖန်ဖန် အလဲလဲ နားထဲမှာ ရစ်ဝဲနေတတ်သည့် သူ့အသံ၊ တစ်ရံမပြတ် မြင်နေတတ်သည့် သူ့အသွင်ကို အာရုံရိပ်မှာ ထင်စေသည်။ ရင်ထဲမှာ ထုသွင်းထားသည့် နယ် စွဲမြဲမှုတော့ အာရုံမှာ ဝဲလှည့်နေနား၍ နှလုံးသားဖြင့် ကြားနိုင် မြင်နိုင် တွေ့နိုင်သည်မှာ ဘာဆန်းမှာတဲ့လဲ။

သူ့အိမ်က မိဘတွေ အချုပ်အချယ်ကြားမှာ သူ့ခမျာ သနားစရာ ဖြစ်နေမည် တွေးမိ၏။ မိဘတွေထက် ပိုချစ်သည်ဟု ရင်ထဲက စကားကို မိဘနှစ်ပါး ရှေ့မှာပင် ပြောရဲခဲ့သူ၊ အရာရာကို ရင်ဆိုင်စွန့်ရဲ၍ ချစ်သူနောက်ကိုပဲ လိုက်ရန် ပြတ်သားစွာ ဆုံးဖြတ်ထားသူ။

လက်မှ နာရီကို တစ်ခါထပ်အကြည့်မှာ ရှစ်နာရီခွဲတော့မည်။ သူ ရောက်တော့မှာပါလား စဉ်းစားလျက် ရင်သည် မငြိမ်မသက်၊ လက်ဖက်ရည်ကို ကောက်မော့လိုက်သော်လည်း အရသာကို မခံစားနိုင်။ သူများ ဖြစ်လေမလားဟု ဖြတ်သွားဖြတ်လာတိုင်းကို အကြည့်ရောက်၏။

☆

လူသွားလမ်း စကြံကို ဦးတိုက်လျက် ကားရပ်သွားသည်။ ကားတံခါးကို ဖွင့်ပြီး ခြေတစ်ချောင်း မြေပေါ်ရောက်မှ ထူးထူးက ရုတ်တရက် ပြန်လှည့်ပြီး ပြောလိုက်၏။

"ဦးလေးအောင် … ထူးထူး အခုမှ သတိရတယ်၊ ပရက်တီကယ်လုပ်ဖို့ စာအုပ်တစ်အုပ် ဝယ်ရဦးမှာ၊ ထူးထူးမှာ စာအုပ်ကုန်နေတယ်"

"ဦးလေးအောင် လိုက်ပို့မယ်လေ"

ကားမောင်းသည့် ဦးလေးအောင်က ထူးထူးကို ပြောလိုက်သည်။

"ဒီလိုလုပ်ပါလား ဦးလေးအောင်..."

ပြောပြီး ထူးထူးက လက်မှနာရီကို ကြည့်လိုက်၏။

"ထူးထူး အလွန်ဆုံး ဆယ်မိနစ်ပဲ ကြာမယ်၊ ဦးလေးအောင် ဒီမှာ လက်ဖက်ရည်သောက်ရင်း စောင့်နေဟုတ်လား ရှော့ရှော့ ..."

ပြောရင်း လွယ်အိတ်ထဲမှ ပိုက်ဆံအိတ်ကလေးကို ထုတ်ပြီး ငါးကျပ်တန်တစ်ရွက်ကို လှမ်းပေးသည်။

"ဖြစ်ပါ့မလား သမီးရယ် ... တော်ကြာ အိမ်က တစ်ယောက်ယောက်သိသွားရင် ဦးလေးအောင် အလုပ်ပြုတ်မှာ"

"ဦးလေးအောင်ကလည်း သမီးကို မယုံဘူးလား။ အခုခဏလေးပဲဟာ၊ ဦးလေးအောင် လှည်းတန်းသွားဝယ်ရင်တောင် ကြာဦးမယ်၊ သမီးက ဒီထိပ်က ဆိုင်ကို သိတယ်။ ခဏလေးနော် ဦးလေးအောင်။ သမီး မောင်းသွားမယ်၊ လက်ဖက်ရည်ဆိုင်က စောင့်ပေးနော် ဟုတ်လား"

ထူးထူးက ပိုက်ဆံကို ဦးလေးအောင်လက်သို့ အတင်းထိုးထည့်ရင်း နှဲ့ပြသည်။ ငယ်ကတည်းက သူတို့လက်ပေါ်မှာပင် ကြီးလာသူဖြစ်ပြီး ဆိုးတတ်နွဲ့တတ်၊ တဇွတ်ထိုး လုပ်တတ်သော ထူးထူးအကြောင်းကို သိပြီးသားမို့ ဦးလေးအောင်က ဘာမှဆက်မပြောတော့ဘဲ ကားတံခါးဖွင့်ကာ ဆင်းလိုက်၏။

"သမီး အမြန်ဆုံးပြန်လာနော်၊ အိမ်ကသိရင် ဒုက္ခရောက်မယ်"

"ဦးလေးအောင် လက်ဖက်ရည်သောက်မပြီးခင် သမီးပြန်ရောက်မယ်၊ မယုံကြည့်နေ ..."

မောင်းသည့်နေရာဘက်မှ ဝင်ထိုင်ရင်း ပြောလိုက်၏။ ပြီးတော့ ကားကို စက်နှိုးလိုက်သည်။

☆

ဆိုင်ရှေ့မှာ ကားတွေ့ပြီး ရုတ်တရက်ရပ်လိုက်တော့ ကြောင်ပြီး ကြည့်နေလိုက်မိသည်။ ကားကို မြင်လိုက်သည်နှင့် ထူးထူးတို့အိမ်က ကားမှန်းသိပြီး ရင်ထဲ ထိတ်ခနဲ ခုန်လျက် ထူပူသွား၏။ ကားရပ်ပြီး ကားတံခါးဖွင့်ကာ ဆင်းလိုက်တော့မှ ကားပေါ်မှာ ထူးထူးတစ်ယောက်တည်းပါလား သိလို့ စိတ်က ဖြေသာသလို ရှိသွားသည်။ အကြောင်းကိစ္စ အထွေအထူး မရှိပါဘဲနှင့်တော့ ထူးထူး ကားကိုမသုံး။ ကားသုံးခွင့်ကိုလည်း မရမှန်းသိသည်။ ဒီတော့ ဘာပြဿနာ ဖြစ်ပြန်ပြီလဲတွေးလျက် စိတ်ပူမိပြန်သည်။ ကားပေါ်က ဆင်းလာသည့် ထူးထူး မျက်နှာကို လှမ်းအကြည့်မှာ မျက်နှာကညှိုးလျက် ခက်ထန်နေသည် ထင်လိုက်၏။ စိုးရိမ်ပူပန်ခြင်း ဝေဒနာသည် နလုံးသား၌ အနာကဲ့သို့ ဖြစ်တည်ပြီ ထင်၏။

ကားတံခါး ဆောင့်ပိတ်လိုက်သံ ဂျိမ်းခနဲကြောင့် ရင်ထဲမှာ လှစ်ခနဲ တုန်ခါသည်။

"ထူးထူး … ထူးထူး … ဘာဖြစ်လာလဲဟင်"

အနားမရောက်ခင်မှာပင် အထိတ်တလန့် စကားဖြင့် မေးလိုက်သည်။

ထူးထူးမျက်နှာကို စူးစိုက်ကြည့်နေမိဆဲ၊ အနားကို ထူးထူးရောက်လာ၏။ အောက်နှုတ်ခမ်းကို ဖိကိုက်ထားကာ အပေါ်နှုတ်ခမ်းဖျား တဆတ်ဆတ်တုန်နေသည်။

"ထူးထူး အိမ်နဲ့ ပြဿနာဖြစ်လာလို့လား"

"ဖြောင်း"

"ဟာ …"

အာမေဋိတ်သံဖြင့် ခေါင်းသည် ရှာခနဲ လည်သွား၏။ ယောင်ယမ်းကာ ပါးကိုလက်ဖြင့် ပွတ်ကာ ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက်မိသည်။ ဘယ်သော အခါကာလကမှ မမျှော်လင့်ခဲ့သောအဖြစ်အပျက်မျိုး။ အံ့သြခြင်းကြီးစွာ ထိနိုက်ခံပြင်းခြင်းများစွာဖြင့် ထူးထူး မျက်နှာကို စူးစိုက်အကြည့် …

"ကျွန်မကို နောက်ထပ်လှည့်စားဖို့ ဘာမှဆက်မကြိုးစားပါနဲ့တော့။ ရှင်လူယုတ်မာ၊ အမေမရှိ၊ နမမရှိလို့ မအေရျင်း နမချင်း မစာတတ်တဲ့သူ။ ရှင့်ကို ကျွန်မ အရမ်းနာကြည်းတယ်"

"ထူးထူး ... ထူးထူး ... ဘာတွေ ပြောနေတာလဲ"

"နောက်ကိုရှင်နဲ့ကျွန်မ ဆယ်သွယ်စရာအကြောင်း ဘာမှမရှိတော့ဘူး။ ဘာမှလဲ ဆက်သွယ်ဖို့မကြိုးစားပါနဲ့။ တစ်ခုတော့ ပြောခဲ့မယ်၊ ရှင် နိုင်ပါတယ်။ ရှင့်ကို ကျွန်မ နာကြည်းတာက တခြားပဲ၊ ချစ်တာက ချစ်နေတာပဲ။ ကျွန်မ တစ်သက်လုံး ရှင့်ကို ချစ်နေမိမှာမို့ ရှင် နိုင်ပါတယ်"

ရှေ့သို့ တချို့ဝေ့ဝဲဖြာကျနေသည့် ဆံပင်ရှည်ကို ဆတ်ခနဲ ခေါင်းကို ခါလျက် နောက်သို့ပို့သည်။ ပြီးတော့ ချာခနဲ လှည့်ထွက်သွား၏။

"ထူးထူး ... ထူးထူး ... နေဦးလေ"

ကားနားရောက်သွားတော့ သတိရပြီး လှမ်းခေါ်သည်။ ကားတံခါးကို လျင်မြန်စွာဖွင့်ပြီး ဂျိမ်းခနဲ ဆွဲပိတ်ကာ ကားထွက်သွားတော့၏။ စားပွဲမှ ထွက်၍ လမ်းလျှောက်သည့် ခြေလှမ်းက လမ်းတစ်ဝက်မှာပင် ရပ်သွားသည်။ အရှိန်ဖြင့် တရှူးထိုးထွက်သွားသည့် ကားကို ငေးမောကြည့်နေလိုက်မိသည်။

သတိရလို့ ဆိုင်ဘက်ကို ပြန်အလှည့်မှာ အံ့ဩထူးဆန်းစွာ ကြည့်နေသော ဆိုင်ထဲက မျက်ဝန်းများစွာကြောင့် အရှက်ကြီးစွာ ခေါင်းကို ငုံ့လိုက်မိသည်။

ပါးပြင်ကို ပွတ်ကြည့်မိသေးသည်။ ပါးရိုက်လိုက်ပေမဲ့ တကယ်တမ်း ဆတ်ဆတ်နာကျင်ရတာက နလုံးသားပါ ထူးထူးရယ်ဟု ရင်ထဲက ပြောမိပြန်၏။ တမြည့်မြည့်နှင့် ထာဝရကျွမ်းမြိုက် ပူလောင်နေအောင် နလုံးသားမှာ ဝေဒနာတစ်ခုကို "ချစ်ဆု"အဖြစ် ထားခဲ့ပြီလားလေ။

ငါးကျပ်တန်တစ်ရွက်ကို စားပွဲပေါ်မှာထားခဲ့ပြီး ဆိုင်ထဲမှ ခေါင်းငုံ့ပြီး ထွက်ခဲ့သည်။

ဆိုင်ထဲက မျက်ဝန်းများစွာ၊ စကားများစွာကို အတွေးဖြင့် ကြားယောင် မြင်ယောင်ကာ ရှက်ကြောက်လာမိပြန်၏။

☆

မည်သို့ နားလည်ရမည် မသိ။

ကံကြမ္မာ၏ အလှည့်အပြောင်းဟု ဖြစ်သမျှအကြောင်းကို ရေးကုသိုလ် အဟောင်းပဲလေ တွေးရင်း ရင်တွင်းက မဖြေသိမ့်နိုင်။ မနာကြည်းရက်ပေမဲ့ သည်မျှ ရက်စက်လေမည်ဟု တစ်ခါမှ မတွေးမိ။ သည်အထိ မုန်းတီးစကား ဆိုကာ ကြိမ်ဖန်များစွာ နမ်းဖူးသည့်ပါးကို တအားလွှဲရိုက်မည်ဟုလည်း အိပ်မက် မျှပင် မမက်ခဲ့ဖူး။ အရှုးအမူး ချစ်တတ်ခဲ့သူ၊ ကလေးနယ် ဖြူစင်ရိုးသားစွာ တွယ်တာသံယောဇဉ်ကြီးခဲ့သူဟု သူ့မေတ္တာ အတိုင်းအဆကို နှိုင်းမရလောက် အောင် ပမာတင်ခဲ့သည်ပဲ။ အစွဲအလမ်းကြီးမားစွာ အကြင်နာများစွာဖြင့် အရာ ရာကို စွန့်လွှတ်ရဲလို့ သူ့ဘဝထဲကို ရောက်လာတော့မည့် ချစ်သူ။ နားအလည် ဆုံးပါ၊ အချစ်ဆုံးပါလို့ အခါခါ အထပ်ထပ် မြတ်သစွာပန်းကို ကပ်လို့ သတ်ရင် မသေ၊ ခွဲနေရရင် သေမှာကိုကိုရယ်တဲ့ ...။ ဘယ်ဘုရားရှေ့ရောက်ရောက် ဦးကလေး တစောက်စောက်နဲ့ ယုံလောက်အောင် နွဲ့ခဲ့သူ ...။

ကြည့်စမ်း ... အခုတော့ ဘယ်အမူအရာ ဘယ်အချိုးနဲ့ ဘယ်အငြိုးကို ချေလေသလဲ။ သည်က ရင်ကွဲလျှင် သူ ပျော်မှာမို့လား။ စိမ်းကားတဲ့အတတ်၊ မိန်းမသားမို့ သူ တတ်လေသလား။ ခေါင်းအုံးမှာ ပါးကိုအပ်ရင်တောင်မှ ကိုကို သတိရနေပါတတွတ်တွတ်နဲ့ခေါင်းအုံးစွပ်ကလေးတွေ ပေးပြီးကလေးဆန်ဆန် အချစ်ကြီး ချစ်တတ်လို့ တင်းပြတ်ရက်စက်သူ နွဲ့ရက်ပြီလားလေ...။

ဝေဒနာဆိုတာ ဖွဲမီးလို ကျွမ်းလောင်တဲ့အဖြစ် စင်စစ်တော့ သူသိဖို့ ကောင်းပါတယ်ကွယ်။ ဘယ်ချစ်သူကများ ချစ်တဲ့သူရဲ့မုန်းစကား၊ စိမ်းစကား ကို တရားဒေသနာလို ချမ်းမြေ့စွာ နာယူနိုင်ပါ့မလဲ အချစ်ရယ်...။

☆

သတိရလိုက်တော့မြို့ပြင်ရောက်နေပြီ။ ဦးတည်ရာမဲ့မောင်းလာခဲ့သည့် ခရီးအကွာအဝေးသည် မနည်းတော့။ ထွက်သက်ဝင်သက် မျက်တောင် တစ်ခတ် လျှပ်တစ်ပြက်မျှ သူ့ကို မေ့ရနိုင်မည်မဟုတ်ဟု နားလည်၏။ ကြည့်စမ်း လေ ကျိုက္ကလို့ ကျိုက္ကလှဲ့စေတီကို ရောက်တော့မှာပါလား။ သည်ဘုရားကို

သူနှင့်အတူ ဖူးမြော်ခဲ့ဖူးပါလား။ စဉ်းစားရင်း သက်ပြင်းကို ချလိုက်မိပြန်သည်။

ပတ်ဝန်းကျင်စကား၊ မိဘစကားကို နားမယောင်ခဲ့သူ မယုံကြည်ခဲ့သူ၊ မိမိ၏ စကား၊ မိမိ၏ ကိုယ်ကျင့်တရားကိုသာ ယုံကြည်ပါသည်ဟု ဆိုခဲ့သူ။

ယခုမှ ဘာ့ကြောင့် ချက်ချင်းကြီး အပြောင်းအလဲ မြန်ခဲ့ရပါသနည်း။ နာကြည်းစကားကို ဘာကြောင့် ဆိုနိုင်ခဲ့ရပါသနည်း။ တစ်စုံတစ်ယောက်က ယုံလောက်အောင် ဘယ်လိုနားသွင်းလို့ အခုလို ချက်ချင်းကြီး ခွဲခွာနိုင်သည့် အင်အားကို ရ,ထားလိုက်ပါသနည်း။

စဉ်းစားသော်လည်းအဖြေကိုမတွေ့။ ကလေးဆန်သည်ဆိုပြောသံသယ ပွားလျှင်တောင် သူ့ကို ဖွင့်ဟပြီး မေးလေမပေါ့။ ယခုနယ်တော့ စိမ်းပြတ်သွားမည် မထင်။ ပတ်ဝန်းကျင်၏ စကား ယခုတော့ သူ ယုံစားသွားပြီလေ။

ဖြေရှင်းခွင့်ကို မပေး၊ ဖြေရှင်းနိုင်ရေးကိုလည်း မမျှော်သာတော့။ အခွင့်အခါလည်း ရနိုင်မည် မဟုတ်တော့မှန်း သိသည်။

ဘာဆက်လုပ်ရမှန်းမသိအောင်ဖြစ်ပြီတည့်။ ရုတ်တရက်ပင် ကားလှည့်၍ အိမ်ပြန်ရန် ဆုံးဖြတ်လိုက်သည်။

မိမိ သည်အိမ်မှာ ဆက်နေသမျှ ကာလပတ်လုံးတော့ ပတ်ဝန်းကျင်က ဒီစကားနှင့်ပင် ယိုးစွပ်နေမှာ သေချာသည်။ အမှန်တရားဟူသည် အများ ယုံစားအောင်ပြမှ ဖြစ်မည်ဟု စဉ်းစားမိ၏။ သိက္ခာ၏ အစွန်းအထင်းဖြစ်အောင် အထင်မှားခြင်း အပြောအဆိုဒဏ်ကို ရှေ့ဆက်၍ မခံရဲပြီတည့်။ ဒီအိမ်က ထွက်သွားပြီး သီးခြားနေလိုက်တာ အကောင်းဆုံးဖြစ်မည် ဟု စဉ်းစားလိုက်၏။

ကားပြန်အလှည့်မှာ ရုတ်တရက် မိုးညို့လာသည်။

၆

ဝိုက်ပါဖြင့် မိုးရေစတို့ကို ဖယ်ရှားပေးနေသော်လည်း အမြင်က မပြတ်သား။ ရှေ့ကို အားယူလျက် ကြည့်နေရသည်။ တစ်ချက်တစ်ချက် ဝှေ့ပက်လိုက် သော မိုးပေါက်တို့ ကားမှန်တံခါးကို ထိမှန်သည်မှာ အသံထွက်လာသလား အောက်မေ့ရအောင် ပြင်းထန်သည်။ အပြင်ဘက်မှာ လေရောမိုးပါ သည်းထန်နေမှန်း သိ၏။ ချွန်းထစ်လိုက်သော မိုးကြိုးသံသည် နားပွင့်မတတ်။ ဖြည်းညင်းစွာ မောင်းရင်း အိမ်ဘက်ကို ဦးတည်လာသည်။

မြို့ပြင်မှာရှာသောမိုးသည် အိမ်နားအရောက်မှာ ပါးလေမလား မျှော်ကြည့်မိသေး၏။ မိုးတပြေးညီ ရွာနေသည်။ လျှံတက်လာသော ကားလမ်းမပေါ်မှ ရေများကြောင့် ယာဉ်အသွားအလာခက်၍ ကြန့်ကြာသည်။ စိတ်က စောနေပြီး အိမ်ပြန်ရောက်ချင်လှပြီ။ အိမ်ရောက်လျှင် ဘာပစ္စည်းမျှ တကူးတက သိမ်းဆည်းမနေတော့ဟု စဉ်းစား၏။ သေတ္တာထဲမှ ရှိပြီးသားအဝတ်တွေကိုပဲ ယူတော့မည်တွေးသည်။ တည်းခိုခန်းတစ်ခုခုမှာ ခဏတာတော့ နေလို့ဖြစ်မည်ပဲ။ တွေးဆဲမှာပင် မိုးက ပိုသည်းနေပြန်၏။

☆

ခြံဝင်းထဲကို ကားဝင်ရန် ဝင်းတံခါးကို ဆင်းဖွင့်ရပြန်၏။ မိုးရေအောက်မှာ တစ်ကိုယ်လုံး ရွှဲရွှဲနစ်အောင်စိုသည်။ အပြင်ဘက်ကို ဆင်းလိုက်မှ လေဘယ်လောက်ပြင်းသည်ကို ပိုသိရ၏။ သဲသဲမဲမဲ ရွာချနေသော မိုးကြားလေကြားမှာ တံခါးကို အမြန်ဖွင့်ပြီး ကားပေါ်ပြန်တက်ခဲ့သည်။ ခြံထဲသို့ ကားကို မောင်းဝင်လိုက်၏။ ပြင်းထန်သော လေသည် ဓားထက်ထက်ကဲ့သို့ သစ်ပင်ပန်းပင်များမှ အရွက်အခက်တို့ကို ပိုင်းဖြတ်ထားလေသလား ထင်သည်။ လမ်းပေါ်မှာ သစ်ကိုင်း သစ်ခက်ငယ်များ လွင့်စဉ်ပြန့်ကျဲနေ၏။

အပြင်ကို တစ်ချက်ကြည့်လိုက်စဉ် လျှပ်စီး ဝင်းခနဲလက်သွားသည်ကို တွေ့၏။ သရက်ပင်ကြီးများ၊ ပိတောက်ပင်များ၊ မရမ်းပင်များဆီမှ လေတိုးသံ၊ ဝှေ့ယမ်းတိုက်ခတ်သံများကို ကျယ်လောင်စွာကြားနေရသည်။ အကိုင်းအခက်တို့သည် အရှိန်ပြင်းစွာဖြင့် ဆွဲလှုပ်ခြင်းကို ခံနေရသည်သို့။

နင်းဆီခင်းဆီ အကြည့်မှာ ခေါင်းငုံ့လျှိုး၍ မိုးပေါက်မိုးစက်ဒဏ်ကို အံကြိတ်ခံနေရသလို၊ အချို့ယိုင်လဲကျိုးပြတ်၍ အပင်ချင်းထပ်နေပြီ။ ထင်းရှူးတန်းနှင့် ပင်လယ်ကဗွီးပင်တန်းမှာလည်း ဆံပင်ဖွာလန်ကြဲ အမူးလွန်သူများ ယိမ်းကနေကြသည့်နှယ်။

ကားကို ပေါ်တီကိုအောက်မှာထိုးရပ်ပြီး ဆင်းလိုက်၏။ အပြင်မှ မှန်တိုင်းငယ်သည် မိမိရင်တွင်းမှာပင် ဝင်၍မွှေနေပြီလား ထင်လိုက်၏။

လူခေါ်ခလုတ်ကိုနှိပ်သည်။ စိတ်စောနေသဖြင့် ခပ်ကြာကြာ ဖိထားလိုက်မိ၏။ ခဏအကြာမှာ တံခါးလာဖွင့်ပေးသည်။ တံခါးလာဖွင့်ပေးသည့် ဒေါ်လှဖံကို ဘာမျှ မပြောမိတော့ဘဲ အိမ်ထဲသို့ ပြေးဝင်လိုက်၏။

"ဘယ်သူလဲ ဒေါ်လှဖံ ..."

အပေါ်ထပ် လှေကားမှ ဆင်းလာရင်း မေးလိုက်သော မမမှီ့အသံကို ကြားရ၏။

"ဖြိုးပါ မှီ ..." ဟု တံခါးပိတ်ရင်း ဒေါ်လှဖံက အော်ပြောသည်။ လှေကားရင်း ရောက်တော့ အပေါ်မော့ကြည့်ဆဲ မမမှီနှင့် အကြည့်ဆုံသည်။ မမမှီကို ကျော်ဖြတ်ကာ အပေါ်သို့ အပြေးတက်လိုက်၏။

"ဟဲ့... ဖြိုး... ဘယ်လိုဖြစ်တာလဲ၊ တစ်ကိုယ်လုံးလည်း ရွှဲလို့ စိုလို့ပါ လား"

ဘာမှ ပြန်မဖြေမိ။ အခန်းထဲ ပြေးဝင်သွားသည်။ ခုတင်ခေါင်းရင်းမှာ ထောင်ထားသည့် လက်ဆွဲသေတ္တာကို ယူလိုက်၏။ ဖွင့်ပြီး ဗီရိုထဲမှ တချို့ကို ထပ်ထည့်သည်။ ပြီးတော့ သေတ္တာကိုဆွဲကာ အခန်းထဲမှ ထွက်လိုက်၏။

☆

လှေကားထိပ်ထိ ပြန်တက်လာပြီး သူ့အခန်းနားမှာ ရပ်နေသော မမမှီကို အထွက်မှာ တွေ့သည်။

"ဖြိုး ... ဘယ်လိုဖြစ်တာလဲ၊ ဒါ ... ဒါ ... ဘာလုပ်မလို့လဲ ဖြိုး"

သေတ္တာကို ဆွဲထွက်လာသည့်ဖြိုးကို မမမှီက တအံ့တဩဖြင့် လက်ညှိုး ထိုးကာ ပြောလိုက်သည်။

မမမှီမျက်နှာကို ကြည့်လိုက်၏။ မမမှီမျက်နှာမှာတော့ ဒိုတော့မယောင်။ စင်စစ် မမမှီမှာရော အပြစ်ရှိပါသလား၊ သူ့အပေါ်မှာထားသည့် သံယောဇဉ်တရား ကြီးမားလွန်းသူ၊ သူ့ကို ကရုဏာမေတ္တာ ထားလွန်းသူပဲ။

" မမမှီ ... ကျွန်တော် သွားတော့မယ်။ ကျွန်တော် ဒီအိမ်ကြီးမှာ ဆက်နေ လို့ မဖြစ်တော့ဘူး မမမှီ။ ကျွန်တော့်ကို ခွင့်ပြုပါ"

မျက်လွှာကို ချ၍ မမမှီကို ပြောလိုက်၏။

"ဟင် ... ဘာပြောတယ် ဖြိုး၊ မင်း ဒီအိမ်ကြီးမှာ မနေတော့ဘူး ဟုတ် လား။ ဘယ်ဖြစ်ပါ့မလဲ ဖြိုးရယ်။ မဖြစ်ဘူး ... မဖြစ်ဘူး၊ မင်း ဒီက ဘယ်မှ မသွား ရဘူး"

မမမှီ တစ်ကိုယ်လုံး နတ်ပူးသလို တုန်လှုပ်နေသည်။ နှုတ်ခမ်းဖျားတို့ တဆတ်ဆတ် ခါသည်။ အပြင်ဘက်မှ မိုးထစ်ချုန်းသံသည် အိမ်ကြီးကို တုန်ဟီး သွားလေသလား ထင်ရ၏။ တစ်ချက် တစ်ချက် ဝင်းပြက်လိုက်သော လျှပ်စီးကို မှန်ပြတင်းမှ လှမ်းမြင်သည်။ ဝေ့ယမ်းယိမ်းခါနေဆဲ ရွက်ဖျားတို့ကို တွေ့၏။

"ဘယ်လိုမှ နေလို့ မဖြစ်တော့လို့ပါ မမမို၊ ကျွန်တော် တခြားကို သွားပါရစေတော့။ ဒီမှာနေရင် မမမို သိက္ခာရော ကျွန်တော့် သိက္ခာပါ ထိခိုက်မှာ..."

မမမိုကို ကြည့်ပြီး စကားကို မထွက်ရက်၊ မထွက်ရဲ၊ မထွက်ဝံ့။

"မသွားပါနဲ့ ဖြိုးရယ် ... ဖြိုး သွားရင် မမမို သေလိမ့်မယ် သိလား၊ မမမို သေလိမ့်မယ်"

မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ ကြုံကြုံပါအောင် ငိုတော့၏။

" မမမိုက ရောဂါသည်ပါ၊ မမမိုက အထီးကျန်ပါ၊ ဖြိုး မမမိုကို မထားခဲ့ပါနဲ့"

ငိုသံတွေကြားမှာ မမမိုက ဗလုံးဗထွေး ပြောနေ၏။

"တခြားမှာ နေပြီး မမမို အလုပ်ကို ကျွန်တော် လုပ်ပေးနေမှာပါ။ အလုပ်အတွက် မမမို စိတ်အေးအေးသာ ထားပါ"

"မဟုတ်ဘူး ... မဟုတ်ဘူး၊ ဒါမင့်ပစ္စည်းတွေပဲ မမမို ဘာမှမလိုချင်ဘူး"

"အားလုံး မမမို ပစ္စည်းတွေပါ၊ ကျွန်တော် ဒါတွေကို ဘာမှမမက်ပါဘူး။ ကျွန်တော့်နာမည်နဲ့ ဦးကြီး ထားခဲ့တဲ့ ကျွန်တော့်ကားလေးကိုတော့ ယူသွားပါရစေ။ ကျွန်တော် သွားမယ် မမမို"

ပြောပြီး ရုတ်တရက် လှေကားဆီသို့သွားကာ လှေကားမှ ပြေးဆင်းလာခဲ့၏။

"မသွားရဘူး၊ ဖြိုး မသွားရဘူး၊ မမမို သေလိမ့်မယ် ..."

အော်ဟစ်ရင်း မမမို နောက်က ပြေးလိုက်လာသည်။

နောက်ကို ပြန်လှည့်မကြည့်ချင်တော့။

အောက်ထပ် သံဆွဲတံခါးကို ဖွင့်အပြီးမှာ နောက်က မမမို သူ့အနားရောက်လာ၏။

"ဖြိုး ... မသွားရဘူး"

ပြောပြီး သူ့လက်မောင်းကို ဆွဲထားသည်။

ရုန်းထွက်လျက် ကားရှိရာ ပေါ်တီကိုအောက်ကို ရောက်၏။ ကားတံခါး ဖွင့်ပြီး နောက်ဘက်သို့ သေတ္တာကို ပို့စဉ် မမမှီက နောက်မှ သူ့ပခုံးကို ဆွဲထား ရင်း မသွားရဘူး ... မသွားရဘူး ဟု အော်၏။

ကိုယ်ကို ပြန်မတ်ကာ ရှေ့တံခါးကို ဖွင့်သည်။ ရှေ့ဆီ လှမ်းအကြည့်မှာ မိုးသည်းနေဆဲ။

"မရက်စက်ပါနဲ့ ဖြိုးရယ်၊ မမမှီကို တစ်ယောက်တည်း မထားခဲ့ပါနဲ့"

တရှုံ့ရှုံ့ငိုရင်း သူ့အင်္ကျီစကို ဆွဲ၍ပြောနေသော မမမှီ့မျက်နှာကို တစ်ချက် ငုံ့ကြည့်မိသည်။

လျှပ်စီးက လင်းခနဲ လက်၏။

မမမှီက မျက်စိကို စုံမှိတ်ကာ နားနှစ်ဖက် လက်ဖြင့်အုပ်လိုက်စဉ် ကား ထဲသို့ ဝင်လိုက်၏။ စက်နှိုးကာ ကားကို မောင်းထွက်လိုက်သည်။

"ဖြိုး ... ဖြိုး ... မသွားပါနဲ့၊ ဖြိုး မသွားပါနဲ့"

ကားနောက်က အော်လိုက်သံသည် တဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ် သွားသော်လည်း ကားနောက် ပြေးလိုက်လာသော မမမှီကို နောက်ကြည့်မှန်မှ တစ်ဆင့် မပြတ်မသား မြင်ရ၏။ မမမှီ ကားနောက်ကို အတင်းပြေးလိုက်လာ သည်။

သဲသဲမဲမဲ ရွာချနေသော မိုးကြား လေကြားမှာ နောက်ကြည့်မှန်မှ တစ်ဆင့် မမြင်ရတော့။ ဝင်းတံခါးဆီ ဦးတည်လျက် ကားကို မောင်းထွက်လာ ခဲ့သည်။ ဝင်းတံခါးနားအရောက် ပြင်းထန်စွာ မြည်ဟည်းသော မိုးချုန်းသံကို ကြားလိုက်ရသည်။ မိုးချုန်းသံနှင့် တစ်ဆက်တည်းပင် သစ်ကိုင်းကျိုးကျသံကိုပါ ကြားရပြန်၏။

ကြည့်စမ်း ... လမ်းပေါ်မှာ မမမှီ။

သရက်ပင်တွေ၊ ပိတောက်ပင်တွေ၏ အကိုင်းအဖျားများက လမ်းပေါ် ရောက်အောင် အုပ်မိုးနေကြသည်ပဲ။ အခု သစ်ကိုင်းကျိုးကျတာ လမ်းပေါ် မှာလား။ မမမှီကို တစ်စုံတစ်ရာ ထိခိုက်လေမလား။

သံယောဇဉ်တရားဖြင့် ပူပန်မှု ဝေဒနာကို ပွားများစေပြန်၏။ ကားကို ရုတ်တရက် ထိုးရပ်လိုက်သည်။ ကားထဲမှဆင်းကာ နောက်ဘက်လမ်းဆီကို မျှော်ကြည့်လိုက်တော့ မမမိုကို မမြင်။

ရင်ထဲမှာ စိုးရိမ်သွားမိပြန်၏။ မိုးရေကြားမှာ လာရာလမ်းဆီသို့ပြန်ပြေးလာခဲ့၏။ ပိတောက်ကိုင်း ကျိုးကျနေသည်ကို ခပ်လှမ်းလှမ်းကပင် တွေ့လိုက်တော့ ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သည်။

အားသွန်ပြီး ပြေး၏။ မျက်နှာကို ထိစဉ် ဝေ့ပက်နေသော မိုးစက်တို့သည် ငရဲမီးနယ် ပူနေသလို။

ကြည့် ... လမ်းမကို ကန့်လန့်ဖြတ်၍ ခွေခွေကလေး လဲကျနေသည့် မမမို၊ အနားမရောက်ခင်ကပင် လှမ်းမြင်ရ၏။ သောကဖြင့် ရင်ခုန်ဆူပွက်သည်။ ပိတောက်ကိုင်းအရင်းသည် လမ်းမနှင့် တခြားဘက်မှာ ရှိပြီး ပိတောက်ကိုင်းများတို့သည်သာ လမ်းမပေါ် ရောက်နေသည်ကိုတွေ့တော့ နည်းနည်းစိတ်အေး၏။ မမမိုကို အကြီးအကျယ် မထိခိုက်နိုင်ဟု အနားမရောက်ခင်မှာပင် တွေးမိပြန်သည်။

ခွေခွေကလေး လဲကျနေသည့် မမမို၏ တစ်ကိုယ်လုံးမှာ ပိတောက်ကိုင်းနှင့် လွတ်နေသည်ပဲ။ ထိတ်လန့်ပြီး လဲကျသည်ပဲ ဖြစ်မည်။

"ဟာ ... မမမို ... မမမို... မမမို..."

အနားကို ရောက်လို့ ဆွဲထူပွေ့ယူမည်အလုပ်မှာ ရုတ်တရက် ထအော်လိုက်မိသည်။ ကိုင်းလိုက်သည့် ခန္ဓာကိုယ်က ပြန်မတ်သွားသည်။

မမမိုကိုယ်ကို မထိရဲ မကိုင်ရဲ၊ ဘာဆက်လုပ်ရမည်ကို ရုတ်တရက် မသိ၊ ကြောင်ပြီး ကြည့်နေမိပြန်သည်။

ကြည့်ဆဲမှာပင် မမမိုကိုယ်နှင့် ပိနေသော ဓာတ်ကြိုးအပိုင်းနစ်စမှ မီးပွားများ ပွင့်ထွက်လာသည်။ မမမိုကို ကျော်လျက် အိမ်ဆီကို ပြန်ပြေးခဲ့သည်။ သစ်ကိုင်းကျိုးကျပြီး ဓာတ်ကြိုးတွေ ပြတ်ကျကုန်ပြီ သိလိုက်၏။

ဓာတ်ကြိုးတွေ ဆွေးမြည့်ပေါက်ပြဲနေတယ်၊ မြန်မြန်လဲဖို့ လုပ်ပါဦးဟု ပြောခဲ့သည့်စကားတွေ ပြန်ကြား၏။ ကျယ်ဝန်းလွန်းသည့် ခြံထဲက လမ်းဘေး

မှာ နေရာအချို့မှာ မီးပွင့်တို့ ရှိသည်ပဲ။ သည်လေသည်မိုးနှင့် အားလုံး ချွတ်ယွင်းပျက်စီးကုန်ပြီလားမသိ။

"ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ ဖြိုး"

ဒေါ်လှဖဲက တံခါးဝမှ မေးသည်။

"ဒေါ်လှဖဲ မသွားနဲ့ဦး ... မသွားနဲ့ဦး၊ ကျွန်တော် မိန်းပိတ်လိုက်ဦးမယ် ... ပြီးမှသွား"

အော်ပြောပြီးမိန်းခလုတ်ရှိရာသို့ သွားကာ မိန်းကိုပိတ်လိုက်၏။ ဒေါ်လှဖဲက ဘာမှနားမလည်သလို ကြောင်ရပ်နေသည်။

မိန်းပိတ်ပြီးတော့ ဒေါ်လှဖဲကို ဘာမှမပြောနိုင်ဘဲ မမမှီရှိရာ ပြန်ပြေးလာခဲ့သည်။ ဒေါ်လှဖဲက သူ့နောက်မှ ပြေးလိုက်လာသည်။

" မမမှီ ... မမမှီ"

မမမှီကို ပွေ့ရင်း အော်ခေါ်လိုက်သည်။ မမမှီကိုယ်က သူ့လက်ထဲမှာ ပျော့ခွေပါလာ၏။

"ဒေါ်လှဖဲ ... မမမှီ ... မမမှီ အသက်မရှိတော့ဘူး"

ဒေါ်လှဖဲကို မော့ပြောလိုက်၏။

"အံမယ်လေး ... သမီးရဲ့ ... မှီရဲ့"

ဒေါ်လှဖဲက ထိုင်ချလိုက်ပြီး အော်ငိုတော့သည်။

မိုးက ရွာကောင်းဆဲ၊ လေက ပြင်းထန်ဆဲ။

တစ်ချက်တစ်ချက် မိုးချုန်းသံနှင့် လျှပ်စီး ဝင်းခနဲလက်ကာ တရဲရဲ။

# ၃၀

၁

ဇူလိုင် ၉ ရက်

ရင်ထဲမှာ အရမ်းမောနေတယ် ကိုကိုရယ်...

ကိုကိုနဲ့ ဘယ်တော့မှ မတွေ့ရတော့ဘူးဆိုတဲ့အသိနဲ့ ရင်ထဲမှာ ပိုမောပါတယ်။ ကိုကို့ကို လွမ်းရင်းမောနေမိတဲ့ အလွမ်းမောနဲ့ပဲ ထူးထူးတော့ သေမလားပဲ။ အရမ်းလွမ်းတာပဲ ကိုကိုရယ်...

ကိုကို့ကို လွမ်းတိုင်း ဖြေသိမ့်စရာက တစ်ခုပဲ ရှိတယ်လေ၊ မျက်ရည်သွန်ချမိတာပဲပေ့ါ၊ တစ်သက်လုံး ဒီလိုပဲ နေသွားရတော့မှာလားကွယ်...

အချစ်ဆိုတဲ့အရာကို ကွဲကွဲပြားပြား သိလိုက်တဲ့အချိန်မှာပဲ ကြေကွဲစရာ အဖြစ်တွေရယ်၊ ခွဲခွာရတော့မယ်ဆိုတဲ့ အသိတရားရယ်က တစ်ပါတည်း ကပ်ပါလာသလားပဲကွယ်။

ဘာဖြစ်ဖြစ် ကိုကို့ပါးစပ်က "အချစ်ဆုံး" ဆိုတဲ့ အပြောလေးကို ပြန်ကြားနေရပြန်တော့ ကျန်တာတွေက မှုန်ဝါးကုန်ပြန်ပြီလေ။

ထီပေါက်တဲ့လူတစ်ယောက် ထီလက်မှတ်ပျောက်တာ ခံစား ရတာထက် ပေါက်မယ့်နံပါတ်ကို သိရဲ့သားနဲ့ ကိုယ့်နံပါတ်က သူများ လက်ထဲ ရောက်နေပြီဆိုတဲ့ အသိနဲ့ ခံစားချက်က ပိုမယ် ထင်ပါ တယ်လေ။

လောကကြီးမှာ ဖြစ်ချင်တာတွေ ဘယ်တော့မှ ဖြစ်လာမယ် မထင်တော့ပါဘူး ကိုကို။

ကိုကိုကတော့ ထူးထူးတစ်ယောက် နာကြည်းမုန်းတီးစိတ်နဲ့ ခံပြင်းပြီး ဒေါသဖြစ်နေမှာပဲ ထင်မလား....။

ဒေါသတရားက ခဏပါကွယ်၊ ထာဝရခွဲရပြီဆိုတဲ့အသိက ရင်ထဲက နလုံးသားကို ဆွဲထုတ်ယူလိုက်ပြီလေ။

အဲဒီနေ့ နေ့လယ်ကစပြီး ထူးထူး အိပ်ရာမှာ လဲနေပါပြီ ကိုကို ....။

☆

ဇူလိုင် ၁၀ ရက်

သတိရလိုက်တာ ကိုကိုရယ်...

ညနေစောင်း ရောက်ရင် စိတ်ထဲက ပိုပြီးသတိရလာတတ် တယ်။

ကိုကို့ကို တွေ့ချင်လိုက်တာ။ ကိုကို ထူးထူးကို အရမ်းမုန်းသွား ပြီပေါ့နော်။ ကိုကို့အကြောင်း အမြဲပဲ တွေးနေမိတယ်။ တစ်သက်လုံး ခွဲရတော့မှာ ဖြစ်ပေမဲ့ ထူးထူး အတွေးမှာ ကိုကို ထာဝရ ရှိနေပါ တယ်လေ။

ကိုကို့ကို ပိုင်ဆိုင်ခွင့် မရတော့ပေမဲ့ ကိုကို့အတွေးတွေကို တော့ စိုးမိုးနေသူဟာ ထူးထူးသာ ဖြစ်ချင်တယ်လေ။ ဒါပေမဲ့ ကိုကို ရယ် ကိုကို ထူးထူးကို တွေးနေရင်လည်း မုန်းတီးနာကြည်းစိတ်နဲ့ပဲ အဆဲမကျေ အမုန်းပွားတဲ့ အတွေးတွေ ဖြစ်နေမှာပေါ့နော်။

ထူးထူး ငိုမိပြန်ပြီကွယ် ...

ဇူလိုင် ၁၁ ရက်

လွမ်းတယ်ကိုကို ...

ပရက်ရှာနည်းလို့ ရင်တွေ တုန်နေတာတဲ့...

ဘယ်ဟုတ်မှာလဲ ကိုကိုရယ်၊ ရင်ထဲမှာ ပြောင်းဆန်အောင် ဝေဒနာကို ခံစားနေလို့ဆိုတာ ထူးထူး သိနေတာပေါ့။

အချစ်ဆုံး၊ အလိုချင်ဆုံးအရာကို စွန့်လွှတ်ခဲ့ရပြီပဲလေ၊ ဒီလောက်တော့ ခံစားရမှာပါပဲလို့ ဖြေပါတယ် ကိုကို...

အချစ်က အရာရာကို ဖုံးလွှမ်းနိုင်သတဲ့လေ၊ အလကားပါ ကိုကိုရယ်၊ ကိုကို့ကို ချစ်လို့ဆိုပြီး ကိုယ့်စိတ်ကြိုက် ကိုယ်ဖြစ်ချင်တာ လုပ်လိုက်ရင် ပတ်ဝန်းကျင်က လက်ခံမှာတဲ့လား။

ပြီးတော့ငွေဆိုတာကလည်းအရာရာကိုဖန်တီးနိုင်သတဲ့လေ၊ ထူးထူးတော့ မယုံဘူး၊ သူများလက်ထဲရောက်နေတဲ့ ချစ်သူကို ရောင်းပါလားဟင်လို့ ဆိုပြီး သွားပြောပိုင်ခွင့်ရှိလို့လား။

အရေးကြီးတာက ကိုယ်ကျင့်တရားပဲလို့ သိနေပါတယ် ကိုကို၊ ကိုယ်ကျင့်တရားကို အချစ်ဆိုတဲ့အရာက ဖုံးမသွားအောင် ထူးထူး ရုန်းထွက်ခဲ့တာပါ။

ဒါပေမဲ့ ဝေဒနာက ပြင်းထန်လှပါတယ်ကွယ်။

ကိုကို့ကို ပြောခဲ့ပါတယ် ...

နာကြည်းတာက တခြား၊ ချစ်နေတာက တခြားပဲလို့၊ ထာဝရ ချစ်နေမယ် ကိုကို၊ ဒါပေမဲ့ နာကြည်းတယ်၊

ကိုယ် နာကြည်းတဲ့သူတစ်ယောက်ရဲ့ အချစ်ဆုံးဟာ ကိုယ်ပဲ ဖြစ်ချင်နေတာကရော၊ ထူးထူး စိတ်မှန်သေးရဲ့လား မသိဘူး နော်။

ဇူလိုင် ၁၂ ရက်

မနက်ဖြန်ဆိုတာ မရှိရင် ကောင်းမယ်ကွယ်…

ကိုကို့ကို မတွေ့နိုင်တော့ပေမဲ့ ကိုကို့အသံလေး ကြားချင်လိုက်တာ။

ဒါပေမဲ့ ဖြစ်လာတော့မယ် မထင်ပါဘူးလေ။

အန်တီဘေဘီတို့ လာကြည့်ကြတယ်။ ဘာမှဖြစ်တာမှ မဟုတ်တာ ဘာဆေးတွေနဲ့ ကုလို့ရမှာလဲ။ ရင်ထဲက ခံစားရလွန်းလို့သာ အိပ်ရာထဲ လဲနေတာပဲလေ။

သူများတွေ ကိုကို့အကြောင်းပြောရင် ရင်ထဲက အရမ်းခံရတာပဲ။

တားပိုင်ခွင့် မရှိပါဘူးလေ၊ ကိုကို့ကို ချစ်မိတာ တစ်ခုတည်းနဲ့တောင် ထူးထူး ဒီလောက် အပြောခံနေရတာပဲ။ ကိုကို့ကိုသာ လက်ထပ်လိုက်ရင် နေစရာရှိတော့မှာတောင် မဟုတ်ဘူးနော်။

ဒါပေမယ့် ချစ်တာက ချစ်တာပဲ ကိုကိုရယ်…

ရက်တွေကိုဖန်တီးတဲ့စက်ရှိရင် ကောင်းမယ်၊အသက်မြန်မြန်ကြီးပြီး ဘဝ မြန်မြန်ဆုံးသွားအောင် ရက်တွေကို အမြန်ဆုံး လှည့်ပစ်လိုက်ချင်တယ်လေ။

မဖြစ်နိုင်တော့ပေမဲ့ ကိုကို့အနားမှာပဲ အမြဲနေနေချင်တယ်…

စိတ်ကူးဆိုတာ တကယ်ဖြစ်လာရင် ကောင်းမှာနော်၊ အခုတော့ သဲကန္တာရထဲမှာ မိုးမုန်တိုင်း ကျတာကို ထိုင်ပြီး ခံစားနေရသလိုပါပဲ။

မသေခင်မှာ ခံစားချက်ကင်းစွာနဲ့ တောက်လျှောက် အိပ်ပျော်နေချင်ပါတယ်။ အခုတော့ … အိပ်ရာထဲမှာ မျက်လုံးမှိတ်ထားပေမဲ့ အိပ်မက်အဖြစ် ကိုကို ရောက်လာမှာ သေသေချာချာ သိနေသလိုပဲ၊ အိပ်မက် မက်ပြီး အိပ်ရာက နိုးနိုးခြင်းမှာလည်း ကိုကိုက တစ်ကိုယ်လုံးမှာရှိတဲ့ သွေးကြောတွေထဲကို ရောက်နေပြီ ထင်တယ်လေ။

---

ကိုကိုဟာ ထူးထူးကို စိုးမိုးနိုင်လွန်းတယ်…
ကိုကို တွေ့ချင်တယ်။
ပြန်တောင်းပန်မယ်။
ပြီးတော့ ဖြစ်ချင်ရာဖြစ်…

☆

ဇူလိုင် ၁၃ ရက်

ထူးထူး ဘာလုပ်ရမှာလဲဟင်…

ထူးထူးနဲ့ပီတာနဲ့ကိစ္စတွေစီစဉ်နေတာကြားနေ သိနေရတယ် ကိုကို။ ထူးထူးဘက်မှာ ကိုကိုလည်း မရှိတော့ဘူး၊ အားငယ်လိုက်တာ ကိုကိုရယ်၊ ကိုကို့ကို အရမ်းတွေ့ချင်တာပဲ။ နေကောင်းပြီ ကျောင်းတက်မယ်ဆိုတော့လည်း၊ အားမရှိသေးဘူး မတက်ရသေးဘူးတဲ့။ ထူးထူး ကိုကို့ကို နာကြည်းစွာ ပြောဆိုလမ်းခွဲခဲ့တာ သူတို့ မသိသေးဘူးလေ။

သူတို့က ကိုကိုနဲ့တွေ့မှာကို စိုးရိမ်နေကြတုန်းပဲ။ ဘာဖြစ်လို့ ဒီလောက် အလောတကြီး စီစဉ်နေကြတာလဲ မသိဘူး ကိုကိုရယ်… ထူးထူးကို သတင်းစာ ပေးမဖတ်တာ နှစ်ရက်ရှိပြီလေ၊ သတင်းစာ မလာဘူး ပြောတယ်။ အရမ်းစိတ်ညစ်ဖို့ ကောင်းတယ်။

ထူးထူးတော့ အမြဲ ငိုနေရပါပြီ ကိုကို။

ကိုကို့ပါးမှာ ထူးထူးလက်ရာ ထင်သွားသလားဟင်၊ ကိုကို နာသွားပြီလား၊ ထူးထူး နလုံးသားမှာတော့ ဒဏ်ရာရခဲ့ပါတယ် ကိုကိုရယ်၊ ဘယ်တော့မှ မပျောက်နိုင်အောင် ထာဝရထိနိုက် နာကျင်နေစေမယ့် ဒဏ်ရာပါကွယ်။

ထူးထူး အရမ်းအားငယ်နေချိန်မှာ အနားမှာ ဘယ်သူမှ မရှိတော့ပါဘူး ကိုကိုရယ်။

ထူးထူး ဘာလုပ်ရမလဲကွယ်…။

☆

---

ဇူလိုင်လ ၁၄ ရက်

မိုးတွေ အရမ်းရွာနေတယ် ကိုကို...

ကိုကိုနဲ့ ပြဿနာဖြစ်တဲ့နေ့၊ ကိုကို့ကို အရမ်းနာကြည်းစကားတွေဆိုတဲ့နေ့ကလိုပါပဲ။ တစ်ပတ်တောင် ရှိသွားပြီ ကိုကိုရယ်...

ရှေ့ခရီးကို မျှော်ကြည့်မိတယ်...

ခရီးရဲ့ အကြမ်းအတမ်း အကွာအဝေးကို မမြင်ရဘဲ ချစ်သူရဲ့ မျက်နှာသာ ပေါ်လာတယ်လေ။ ဒီလိုပဲ ဘဝတာရှေ့ခရီး တစ်လျှောက်မှာ ချစ်သူဟာ အတွေးထဲမှာ နှလုံးသားထဲမှာပဲနေရာယူနေနိုင်သူ၊ အပြင်ဘက်မှာ လက်တွဲလို့ မရသူပါလားကွယ်လို့ တွေးပြီး မျက်ရည်ကျရပြန်ပြီလေ။

အပြင်မှာ မိုးတွေ ရွာနေတယ်။

ပြတင်းက လှမ်းအကြည့်မှာ လက်တွဲ လမ်းလျှောက်သွားတဲ့ ချစ်သူစုံတွဲကို မြင်တယ်လေ၊ အားကျလိုက်တာ။

အို ... မိုးရွာတာပဲလေ၊ ဘာဆန်းလို့လဲ။ ဘဝရဲ့ဒဏ် အခက်အခဲလောက် ဘယ်ပြင်းမှာတဲ့လဲ၊ ဖြုံစရာမလိုပါဘူး၊ သူတို့နှစ်ဦးက ခရီးဆုံးအထိ လျှောက်နိုင်ကြမှာပဲလေ။

သူတို့လိုပဲ ချစ်သူကို လက်တွဲပြီး မျှော်လင့်ချက် အလင်းရောင်ရယ်၊ အချစ်အင်အားတွေရယ် ပေါင်းစပ်လို့ ကိုယ် လျှောက်ခွင့်ရရင် ဘယ်လောက်ပျော်လိုက်မလဲလေ။

ချစ်သူ နားလည်ပါကွယ်...

အခက်အခဲတွေ၊ ခလုတ်ကန်သင်းတွေကြောက်လို့ နောက်ဆုတ် လမ်းခွဲခဲ့တဲ့သူ မဟုတ်ပါဘူးဆိုတာကိုလေ။

ကဲ့ရဲ့ ခုနစ်ရက် ချီးမွမ်း ခုနစ်ရက် အနေအထားက အများတံတွေးခွက်မှာ ပက်လက်မျောမယ့် အနေအထားကို မရောက်ချင်လို့ တွယ်ငင်နေတဲ့ ကြိုးကို ချိုးဖြတ်ခဲ့ရတာပါကွယ်။

တကယ်တမ်း ဘယ်သူက မေ့ရမှာတဲ့လဲ။

ဒါပေမဲ့ ... ကိုယ်ကျင့်တရားနဲ့ သိက္ခာဆိုတာ အပွန်းအပဲ့ ခံနိုင်စရာမရှိတဲ့ အရာတွေပဲလေ။

ရင်ထဲမှာတော့ ခံစားရလွန်းပါတယ်...။

☆

ဇူလိုင် ၁၅ ရက်

မိုးရိပ်မိုးငွေ့ မတွေ့ရဘဲ နေရောင်က အလည်လာသလား ကွယ်။ ကြည်နူးစရာ ဒီလိုအချိန်လေးမှာ ကြေကွဲစရာတွေ၊ ကြေကွဲ ရမယ့်အဖြစ်တွေကို မေ့ပျောက်ထားချင်ပါတယ်။

အသာယာဆုံးအချိန်ဆိုတာ ချစ်သူရဲ့ပခုံးဦးမှာ ခေါင်းမှီနွဲ့လျ လို့ လောကကြီးကို မေ့ထားမိတဲ့အချိန်ပါပဲကွယ်။

ဒီအခွင့်အရေးကို ဒီဘဝမှာ ရနိုင်တော့မှာမှ မဟုတ်တာ လေ...

သာယာနေတဲ့ ပန်းဥယျာဉ်တစ်ခုကို ကိုယ်မဖျက်ချင်ပါဘူး၊ မပျက်စီးစေချင်ပါဘူးကွယ်။ ဒါပေမဲ့ ဥယျာဉ်မှူးကိုတော့ ကိုယ့်ဘဝ ထဲမှာ အမြဲခေါ်ထားချင်မိတာ၊ ကိုယ် မတရားရာ ရောက်မှာပါပဲ။

ဒါကြောင့်လည်း အသည်းနလုံးနဲ့ ရင်းနှီးခဲ့ပြီးပါပြီလေ...

ဟိုးအဝေးမှာ မိုးတိမ်တွေ ညှိုလာပြီ၊

ဩော် ... မုန်တိုင်းပါ ပါလာဦးမှာလား။

အမှောင်ထုထဲကို နေခြည် ဝင်သွားပြီပေါ့ ကိုကိုရယ်...

အို ... ချစ်သူ... သိပ်ချစ်တဲ့သူ ... သူ့အနားက ကိုယ် ဘယ်ခွာ သွားချင်ပါ့မလဲလေ။

ဒါပေမဲ့ ...

နေမင်းကြီးတောင် ကမ္ဘာတစ်ခြမ်းကို ခွဲသွားရသေးတာပါပဲ။

မနက်ဖြန်မှာ နေမင်းကြီး ပြန်လာသလို...

*ကိုယ် ပြန်လာလို့ရရင် ကောင်းမှာနော်...*
*အခုတော့ ငိုရပြန်ပြီလေ...။*

☆

ရေးထားသည့် ဒိုင်ယာရီစာအုပ်ကို ပြန်ဖတ်ရင်း မျက်ရည်လည်ရပြန်သည်။ ရင်ထဲက အပူသည် ကျွမ်းမြိုက်ဆူပွက်နေဆဲ။

အန်တီဘေဘီတို့သားအမိ လာခေါ်သွားသဖြင့် မာမီ ဈေးလိုက်သွားသည်ကို သိရ၏။

အောက်ထပ်ဧည့်ခန်းကို ခဏဆင်းမည်တွေးလျက် ထူးထူးက အခန်းထဲမှ ထွက်ခဲ့သည်။

☆

"အခုမှ ရက်လည်ပြီးရုံ ရှိသေးတော့၊ ဒါတွေလည်း ဘာမှမစဉ်းစားမိသေးပါဘူး။ တရားဥပဒေအတိုင်း ဖြစ်မှာပါ"

ဖြိုးက ထိုအမျိုးသမီးကိုကြည့်ရင်း ပြောသည်။

"ကျွန်မတို့က မမမှီရဲ့ သွေးအရင်းတော့ မဟုတ်ပါဘူးလေ။ ဒါကြောင့်လည်း ကိုယ်နဲ့ ဘာမှမဆိုင်ဘူးပဲ ထင်ထားတယ်။ မမမှီမှာက အရင်းအချာ တစ်ယောက်မှ မရှိတော့တာမို့ ကျွန်မတို့နဲ့ ဆိုင်နိုင်တယ် သွားပြောကြည့်ပါလား ပြောကြလွန်းလို့ လာခဲ့ရတာပါ"

မမမှီ၏ နောက်မိထွေးနှင့် သမီး အိမ်ကို ရောက်လာသည်။ သတင်းစာထဲမှာ တွေ့ရတာ နောက်ကျနေလို့ သင်္ဂြိုဟ်အမီ မလာနိုင်ကြောင်း။ မမမှီကို ငယ်ကတည်းက ဘယ်လိုဒုက္ခခံပြီး မွေးလာကြောင်းများကို မျက်ရည်စမ်းစမ်းဖြင့် လွမ်းခန်းဖွင့်ပြသေးသည်။

ပြီးမှ မမမှီ ကျန်ခဲ့သည့် ပစ္စည်းများနှင့် ပတ်သက်၍ မည်သို့မည်ပုံ ခွဲဝေရန် အစီအစဉ်ရှိကြောင်း မေးတော့၏။

"ကျွန်တော်တော့ ဘာမှ မသိပါဘူး။ ရှင်းရှင်းပြောရရင် စိတ်လည်း မဝင်စားခဲ့ဘူးလေ။ ကျွန်တော် စီစဉ်ပေးပါ့မယ်"

ဟု ပြောတော့ နယ်မှ လာရသူဖြစ်သဖြင့် လောလောဆယ် သိခွင့်မရဘူးလားဟု ထပ်မေးသည်။

"ဒါဆိုလည်း ကျွန်တော့်ဦးကြီးရှိကတည်းက ဦးကြီးပစ္စည်းတွေနဲ့ ပတ်သက်ပြီး လုပ်ကိုင်ပေးတဲ့ ကျွန်တော်တို့ ရှေ့နေတော့ ရှိတယ်။ ဦးကြီး ဆုံးပြီးတော့လည်း အဲဒီရှေ့နေနဲ့ မမမှီပဲ ပစ္စည်းကိစ္စတွေ လုပ်ကြတာ။ ရှေ့နေကြီး အိမ်လာရင်လည်း မမမှီနဲ့ပဲ ပြောကြ၊ ဆိုကြ၊ တွေ့ကြတာဆိုတော့ ဒီကိစ္စတွေ ရှေ့နေကြီး သိပါလိမ့်မယ်၊ ဖုန်းဆက်ခေါ်ပေးပါ့မယ်"

ဟု ပြောပြီး ရှေ့နေကြီးဆီကို ဖုန်းဆက်ရသည်။

အခန့်သင့်ပင် တွေ့ရသဖြင့် ရှေ့နေကြီးကလည်း အခုပင် လာခဲ့မည်ဖြစ်ကြောင်းကို ပြောပြလိုက်သည်။

☆

"သေတမ်းစာတော့ မဟုတ်ဘူးပေါ့လေ၊ ဒီစာချုပ်စာတမ်းကို လုပ်တာက သူ့ခင်ပွန်း ဦးမြတ်ထွန်း ဆုံးပြီးခါစ.ကပဲ။ သူ အသက်လေးဆယ်ပြည့်တဲ့နေ့မှာ ဒီစာရွက်စာတမ်းကို ဖွင့်ပေးပါလို့ မှာထားတယ်။ အခုတော့ ဒေါ်ခင်ခင်မှီ သေသွားပြီဆိုတော့ သေတမ်းစာလို့ပဲ သဘောထားရတော့မှာပေါ့လေ"

မြလေးက သံပရာရည်ခွက်ကို ရှေ့နေကြီးရှေ့မှာ ချပြီး ထွက်သွားရန် ပြင်၏။

"ထိုင် မြလေး ... မြလေးလည်း နားထောင်"

ဟု ဖြိုးက မြလေးကို ဝင်ထိုင်ခိုင်းသည်။

ချိတ်ပိတ်ထားသော စာအိတ်ရှည်ကြီးကို ဖောက်လိုက်သည်။ စာအိတ်ရှည်ကြီးထဲမှ စာချုပ်စာရွက်ကို ဆွဲထုတ်ပြီး ဖြန့်သည်။ ရှေ့မှာကြည့်နေသော သားအမိမှာ ရင်ခုန်လှုပ်ရှားနေပုံရ၏။

"ဒါ သေတမ်းစာ သဘောပဲဆိုတော့ သေဆုံးသူရဲ့ ဆန္ဒအတိုင်းပဲ အားလုံး ဖြစ်စေရမှာပေါ့လေ။ ဒီစာချုပ်စာတမ်း မရှိခဲ့ရင်တော့ တစ်မျိုးဖြစ်ချင် ဖြစ်မှာပေါ့။ အခုတော့ သူ့ဆန္ဒအတိုင်း ဘာတွေရေးထားတယ်ဆိုတာ ကြည့်ရအောင်"

ရှေ့နေကြီးက စာရွက်ကို ဖြန့်ပြီး ဖတ်သည်။

*အသက်လေးဆယ်ပြည့်ပြီးနောက် ရိပ်သာတစ်ခုခု၌ တရားဘာဝနာကိုအားထုတ်ရန် ဆန္ဒ၊ အာသီသရှိသည်နှင့်အညီ မိမိပိုင်ဆိုင်သောပစ္စည်းများကို တရားဥပဒေအရ အောက်ပါပုဂ္ဂိုလ်များအား တရားဝင်ဖြစ်အောင် ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းပေးအပ်စေခဲ့ပါသည်။*

*ဥပဒေအရ ဘောင်ဝင်အောင် ဆက်လက် ပြုလုပ်သွားနိုင်ရန် ဖြစ်ပါသည်။ ဘဏ်၌ရှိသော ငွေများအနက်မှ တစ်သိန်းကို မိမိလှူဒါန်းနိုင်ရေးအတွက် မိမိပိုင်ဆိုင်ရမည်ဖြစ်ပြီး မိမိ ကွယ်လွန်သေဆုံးပါက အဆိုပါငွေတစ်သိန်းကို မိမိအမည်နှင့် အလှူဒါန ပြုလုပ်ပေးရန် ဖြစ်ပါသည်။*

*"ကဲ... ငွေတစ်သိန်းကတော့ သူ့အမည်နဲ့ ဒါနပြုလုပ်ပေးပါတဲ့"*

ရှေ့နေကြီးက စာဖတ်ရပ်လိုက်ပြီး လှမ်းပြောသည်။ အားလုံးက ငြိမ်သက်စွာ နားစွင့်နေကြ၏။ စာကို ဆက်ဖတ်ပြန်သည်။

*ခင်ပွန်းသည် ဦးမြတ်ထွန်း သေဆုံးပြီးနောက် ဦးမြတ်ထွန်း ကျန်ရှိခဲ့သော လုပ်ငန်းများ၊ လုပ်ငန်းအဆောက်အအုံများ၊ မော်တော်ယာဉ်များ၊ မြေနှင့်တကွ ယခုလက်ရှိ နေထိုင်သော*

*အိမ်၊ အခြားဆောက်လုပ်ပြီးစ နေအိမ်အဆောက်အအုံများ၊ အငှားချထားသော အိမ်များ၊ မော်တော်ယာဉ်များ အားလုံးနှင့် ယခင် ဦးမြတ်ထွန်းပိုင် ပစ္စည်းပစ္စယအားလုံးအား မိမိအမည်မှ နေ၍ မောင်ဖြိုးကျော်အား အားလုံးကို လွှဲအပ်ပိုင်ဆိုင်ခွင့်ကို ပေးရန်။*

ရှေ့နေကြီး ခဏရပ်လိုက်ပြန်သည်။

မသေဆုံးခင်ကပင် ပစ္စည်းအားလုံးကို မခင်တွယ်တော့ဘဲ မိမိအား လွှဲပြောင်းပေးအပ်သွားနိုင်လောက်အောင် စေတနာ ထားသူပါလားဟု မမမို၏ မေတ္တာတရားကို တသအောက်မေ့မိပြန်သည်။

တံတွေးကို မျိုချပြီး လိုက်လှဲစွာ ဝမ်းနည်းဆို့နင့်လာခဲ့၏။ ရှေ့နေကြီးက ဆက်ဖတ်မယ်ဟုပြောကာ ဆက်ဖတ်သည်။

*"မိမိပိုင် အတွင်းပစ္စည်း လက်ဝတ်ရတနာများအားလုံးကို မိမိ၏ သွေးသား သမီးအရင်းနှင့်မခြားသူ မမြလေးအား ပိုင်ဆိုင်ခွင့် လွှဲပြောင်းပေးပါရန်"*

စာမဆုံးသေးခင်မှာပင် မြလေးထံမှ တရှုံ့ရှုံ့နှင့် ရှိုက်ငိုသံကို ကြားရတော့၏။ ပြီးမထိန်းနိုင်တော့ဘဲ မြလေးအခန်းထဲမှ ထကာ ထွက်ပြေးသွားတော့သည်။

"အောက်မှာကတော့ တရားဥပဒေဘောင်ဝင်အောင် ရေးထားတာတွေပါပဲ၊ သေဆုံးသူ ဆန္ဒကတော့ ဒါပါပဲ။ ကဲ ... မရှင်းရင် မေးကြပါ"

"ဒါ ... ဒါဆို ကျွန်မတို့ ဘာမှမဆိုင်တော့ဘူးပေါ့နော်"

မိထွေး သားအမိက မေးလိုက်၏။

"ဟုတ်ပါတယ် ... ဒီသေတမ်းစာအရ ရှင်းနေပါတယ်။ ဥပဒေနဲ့အညီ ရှေ့ဆက် လုပ်သွားဖို့ကတော့ ဦးပဲ တာဝန်ယူသွားမှာပါ"

---

လဝန်းရိပ်စာပေ

ဟု ရှေ့နေကြီးက ရှင်းပြလိုက်၏။

ရုက်ရွံ့ဟန်ဖြင့် ပြန်ပါဦးမည်ပြောလျက် သားအမိ ပြန်သွားကြသည်။

"ဒေါ်ခင်ခင်မိုဟာ စိတ်ရောဂါရှိတယ် ဆိုပေမဲ့ စိတ်ဖောက်ပြန်နေတာမျိုးမှ မဟုတ်တာပဲ ဖြိုးရယ်။ မင်းနဲ့ မြလေးအပေါ်မှာတော့ အင်မတန်ကိုသံယောဇဉ် ရှိရှာတာပဲ။ အသက် လေးဆယ်မှာ ဒီသံယောဇဉ်တွေကို စွန့်ပြီးတရားဘာဝနာ ပွားများအားထုတ်ဖို့လည်း ကြံစည်ထားတာလေ"

"မမမို ကျွန်တော့်ကို အင်မတန် ချစ်တာ၊ စေတနာထားတာတွေကျွန်တော် သဘောပေါက်ပါတယ် အန်ကယ်။ ဒါပေမဲ့ သူ့စိတ်ထဲက အထီးကျန်ဆန်နေတဲ့ဝေဒနာကို ကျွန်တော် ဘာမှ ထိရောက်အောင် ယုယပြုစုမှု မပေးနိုင်ခဲ့ပါဘူး"

"အေးပေါ့ကွာ ... အရွယ်ချင်းကလည်း သိပ်မကွာ၊ ယောက်ျားနဲ့ မိန်းမကလည်း ဖြစ်နေတယ်ဆိုတော့... ပတ်ဝန်းကျင်ကလည်း ရှိသေးတာပဲ"

ဖြိုးက ရှေ့နေကြီးမျက်နှာကို စူးစိုက်ကြည့်ရင်း မမမိုကို သတိရစိတ်ဖြင့် မျက်ရည်ဝဲလာသည်။

၂

"အစ်ကိုဖြိုး ..."

"ဟင် ... မြလေး"

အတွေးဖြင့် ငေးမောကာ အပြင်ကို ကြည့်နေခိုက် မြလေး ရောက်လာသည်။

သူ့အနားမှာ လာရပ်သည့် မြလေးကို မော့ကြည့်လိုက်၏။ မြလေး မျက်နှာ ညှိုးငယ်နေသည်။ မျက်ဝန်းမှာ မျက်ရည်ကြည်တို့ ဝေ့နေသလို ထင်ရ၏။

"မြလေး ဘာဖြစ်လို့လဲဟင်"

မျက်တောင်ကို တလှုပ်လှုပ်ခတ်လျက် မျက်ရည်ကို ထိန်းနေမှန်း သိသည်။

"ဘာမှမဖြစ်ပါဘူး အစ်ကိုဖြိုး၊ မမမှီကို သိပ်သတိရနေတာ တစ်ခုပါပဲ။ မမမှီအတွက် မြလေး အရမ်းခံစားရတာပဲ။ ဒီ ...ဒီမှာ အစ်ကိုဖြိုး၊ ဒါ ... ဒါ ... မမမှီ ဗီရိုထဲက ရတာလေ"

မှတ်စုစာအုပ် အပြာရောင်ကလေးကို လှမ်းပေးသည်။ စာအုပ်ကလေးမှာ ဟောင်းနွမ်းနေလေပြီ။

"သိမ်းထားလိုက်ပါ မြလေးရယ် ..."

"အစ်ကိုဖြိုး သိမ်းထားပါ"

"မြလေးပဲ သိမ်းထားလိုက်ပါကွာ"

"မဟုတ်ဘူး အစ်ကိုဖြိုး"

သူ မြလေးကို နားမလည်သလို ကြည့်နေမိပြန်၏။

"ဘာလဲဟင် ... မြလေး"

"အစ်ကိုဖြိုး ... ဖတ်ကြည့်ဖို့"

"မဖတ်တော့ပါဘူး မြလေးရယ်၊ မမမှီဘဝကို သိနေပြီပဲဟာ"

မြလေးထံမှ သက်ပြင်းချသံကို ကြားရသည်။

"မဟုတ်ဘူး အစ်ကိုဖြိုး ... အစ်ကိုဖြိုး ဖတ်ကြည့်ပါ"

စာအုပ်ကို လှမ်းပေးသည်။ လှမ်းပေးသော စာအုပ်ကို ယူလိုက်၏။

"အစ်ကိုဖြိုး ဖတ်ကြည့်သင့်တယ်ထင်လို့ပါ။ မမမှီဟာ တကယ်သနားဖို့ကောင်းတာ"

ပြောရင်း အသံ တိမ်ဝင်သွားပြီး လှည့်ထွက်သွားတော့၏။

☆

❤ *စောင့်မျှော်နေခဲ့မိပါတယ်၊*
*ပုလဲသွယ်ဆင်ထားသလို လှပတဲ့အပြုံး*
*နှလုံးသားထဲက မေတ္တာပန်းခိုင်နှင့်အတူ...*
*သူ ... သူ လာမလားကွယ်၊*

❤ *ခြေသံတွေ ကြားနေရပါတယ်၊*
*မျှော်လင့်ကြီးစွာ နှလုံးသားတံခါးကို ဖွင့်အကြည့်မှာတော့...*
*လေပြင်းခြွေလို့ ကြွေကျတဲ့ ဝါရွက်တွေရဲ့ ခြေသံသာဖြစ်နေတာ*
*ခံစားမှုဖြင့် သိသာရပါပြီကွယ်၊*

❤ စောင့်မျှော်နေခဲ့မိပါတယ်၊
အကြည့်မျက်ဝန်းတံခါးဝမှာ သူလာရပ်လေမလား…
နှလုံးသားနဲ့ ဗိဉာဉ်မှာ သူလာတည်းလေမလား…
ရင်ကြားမှာ ဝေဒနာဆိုတဲ့မီးကို
"အချစ်"တည်းဟူသော မီးစဖြင့် သူ ကျွမ်းမြိုက်စေမှာလား…

❤ တံခါးခေါက်သံ ကြားနေရပါတယ်၊
ခေါ်လိုက်မည့်အသံကို နားစွင့်ပြီး
အချစ်တံခါးကို ဖွင့်လိုက်တော့…
မုန်တိုင်းငယ်တစ်ခုကြောင့်
တံခါးကို ထုသလို အသံထွက်လာတာ
ရှက်ရွံ့စွာပဲ သိလိုက်ပါတယ်။

☆

တက္ကသိုလ် အပန်းဖြေရိပ်သာထဲက ပန်းချီပြပွဲတစ်ခု။

အကြိုက်ဆုံး ပန်းချီကားကိုတွေ့လို့ ပန်းချီဆွဲတဲ့သူကို သိချင်ပြီး စုံစမ်းမိတယ်။

ပန်းချီကားနဲ့ ပန်းချီဆရာ၊ ငါ့နှလုံးသားထဲမှာ ပါလာပြီလေ။ သူ မသိဘဲ ငါက သိနေပြီး၊ သူ မတွေ့ဘဲ ငါက တွေ့ခဲ့တဲ့ အကြိမ်တွေ မနည်းပြီပဲ။

သူ မတုန်လှုပ်ပေမဲ့ ငါ့နှလုံးသားတွေ တုန်လှုပ်နေမိတာ ဘာသာ သိနားလည်ပြီပဲ။

ငါ့ရင်ထဲကို သူ ရောက်နေပြီ…။

☆

ကြည်အေးရဲ့"သိစေချင်သည်"ကဗျာထဲက စာပိုဒ်တွေကိုပဲ ရေးချမိတော့တယ်။

"သိစေချင်သည်၊ ညနေမှိုင်းလို့
မြလှိုင်းယဉ်းရွှေ၊ တိမ်ဇာတ်ပွေသော
နွေပြာဆည်းမင်၊ မောင့်ဆီဝင်ပြီး
ပူပင်နွဲ့လျှ၊ အိပ်ပျော်စနင့်
နှုရွှန်းမ်းသိပ်၊ နှတ်ခမ်းတိတ်ခိုး
စိုးထိတ်ခြေဆွဲ၊ စမ်းသွားရှုံ့မှ
ဆိုးဝံ့သူက မနိုးထ,နှင့်
သည်က ဝိညာဉ် လွတ်လိုက်သည်"

သိစေချင်တာပေ့ါ၊ သိစေချင်တာပေ့ါ။ ဒါပေမဲ့ ဘာတတ်နိုင်မှာတဲ့လဲကွယ်။ ဒီက ဝိညာဉ်လွှတ်ပြီး ပြောရုံသာပြောနိုင်တဲ့ မိန်းမသားပဲလေ။

သူသာ မသိတယ် ဘေဘီတို့ မေလွင်တို့ကတော့ မှီတစ်ယောက် သူ့အပေါ်မှာ စွဲလမ်းနေပြီဆိုတာ ရိပ်မိကုန်ကြလေပြီ။

"မောင်ကနှင်လျှင်၊ မြက်ပင်နှင်းဆွတ်
ပုန်းမလွတ်လဲ၊ ပန်းဝတ်သောက်ဟန်
မရောက်ဟန်နှင့်၊ ခေါက်ပြန်မရဲ
တဝမ်းနည်းမိ"

အဲဒီကဗျာထဲကလိုတော့ မနှင်ရက်ပါနဲ့ကွယ်၊ ဝိညာဉ်ကလေးကိုတော့ အပါးမှာ နေပါရစေနော်...

"စိတ်ရှုပ်နိုးထ၊ မနက်ကျတော့
ညကအိပ်မက်၊ မောင်မေ့ရက်မည်
သိလျက်မိုက်မှားသူ ဖြစ်သည်"

ကဗျာလေးက အဲဒီလို အဆုံးသတ်ထားတယ်လေ။ မှီလည်း ... သိလျက် မိုက်မှားသူပါလားကွယ်။

သူ့ဘဝနဲ့ ကိုယ့်ဘဝ ဘယ်လိုနီးနိုင်ပါ့မလဲ။ သူက ကိုယ့်ကို တောင် ဘယ်သူဆိုတာ မသိဘဲနဲ့ ကိုယ်က မြတ်နိုးနေမိရတာ။

☆

ကြည်အေးရဲ့ကဗျာတွေကို အစုတလော အလွတ်ဆိုနေမိတတ်တာ ကြာပြီပဲလေ။

"ညှိုးထန်သူ" ထဲက နောက်ဆုံးပုဒ်လိုပဲ...

"ကြမ္မာဖင့်လေး၊ နမထွေးမှ
နှုတ်နေးစိုးရွှံ့ မမေးဝံ့ဘူး
ပြောအုံ့မှုးမှုး၊ ကြည်နူးစကား
အားနွဲ့တလျှ၊ တစ်ခွန်းစတိုင်း
နှုတ်ဟာဟာပင်၊ ဆိုချင်ခက်ခဲ
နွေညဥ့်ရက်ဆက်၊ တင်းမာရက်ခဲ့
ပင့်သက်ကြာထွေ၊ လက်ချောင်းရေ၍
ပြေပြစ်နားလည်၊ သိမြင်မည်လား
မကြည်လင်ပြန်၊ ညှိုးထန်မည်လား
စောင့်ရည်ဘဝ၊ ကိုယ်ထီးတသ
မာနကိုးလဲ၊ ရင်လှိုက်လှဲ့ရ
ဆင်းရဲနာသစ်၊ အချစ်ဖြစ်သည်..."

တကယ်တော့ ဆင်းရဲနာသစ်ပါပဲကွယ်...

☆

ဒါပေမဲ့ ကြည်အေးရဲ့ "စောင့်ခေါ်ပါနော်" ကို ရွတ်ကြည့်ရင်း မျက်ရည်ကျရပြန်ပြီလေ။

"လက်ကမ်းပါမောင်
ညင်သာမွေ့မွေ့၊ အဖော်တွေ့ကြောင့်
ဆွေ့ဆွေ့ခုန်ပေါက်၊ လမ်းဆက်လျှောက်မယ်
နှစ်ယောက်လက်တွဲ၊ တအားပဲ ဟင်း...
သဲလမ်းကျဉ်းကျဉ်း၊ လမ်းလျှောက်ရင်းကို
သီချင်းကြော်ကြော်၊ အော်ဆိုရအောင်
ရှိုမြမျက်ရည်၊ ပျော်လို့လည်းမိ
သည်လမ်းအဆုံး၊ တုံးမှတ်တိုင်ထိ
ပွေ့ကိုင်ဖေးကာ၊ စောင့်ခေါ်ပါနော် ..."

တဲ့။ စောင့်ခေါ်ပါနော်... တဲ့။ ဘယ်သူက မို့ကို စောင့်ခေါ်မှာ တဲ့လဲကွယ်။ ဘဝခရီးမှာ မို့ကို ဘယ်သူက လက်တွဲခေါ်မှာပါတဲ့ လဲဟင်...

☆

စာအုပ်ကို ခဏပိတ်လိုက်ပြီး မျက်စိကို မှေးမှိတ်ထားလိုက်မိသည်။

မမမို့မှာ တက္ကသိုလ်မှာတုန်းက သူ တစ်ဖက်သတ်ဖြင့် ချစ်ခင်စွဲလမ်းခဲ့ရသူ ရှိခဲ့သည်ပဲ။ ထိုသူက ဘာမှ မသိလိုက်ဘဲ မမမို့ကသာ ရင်ထဲက စွဲလမ်းနေခဲ့တဲ့အဖြစ်ပါလားဟု နားလည်ရသည်။

စာအုပ်ကို ပြန်ဖွင့်လိုက်ပြန်သည်။

☆

သူ မသိပေမဲ့ သူ့ကို သိနေတဲ့ မှီကပဲ နှုတ်ဆက်ခဲ့ပါတယ် လေ...

အိမ်က သံကြိုးစာ ရောက်လာပြီလေ။

ဒီ ... သံကြိုးစာဟာ မှီဘဝနဲ့ သူ့ဘဝကို ထာဝရခွဲခြားပစ် လိုက်မယ့် စာဆိုတာ မှီ နားလည်ခံစားမိလို့ပဲပေါ့။

☆

တစ်သက်လုံး ဖေဖေ့ကို လုပ်ကျွေး ပြုစုချင်တဲ့စိတ်၊ ဖေဖေ့ အကျပ်အတည်းတွေကို အထောက်အကူပေး ကယ်တင်လို စိတ် ရှိခဲ့တာပဲ။

ဘဝနဲ့ရင်းပြီးဖေဖေ့ဆန္ဒကိုလိုက်လျောရတာအမှန်မြတ်ဆုံး နေမှာပါလေ။

ဖေဖေ့ဆန္ဒအတိုင်း သမီးလက်ထပ်ပါမယ်လို့ ခေါင်းညိတ် ခဲ့ပါတယ်။ ဖေဖေက အတင်းမတိုက်တွန်းပေမဲ့ ဖေဖေ့ကို ချစ်တဲ့ အချစ်က သမီးကို အတင်းတိုက်တွန်းနေပါပြီ။

ဝေးကြပြီပေါ့ ချစ်သူရယ်...

☆

ကမ္ဘာမီးလောင်တာ၊ မိုးပြိုတာကို တွေ့ရသလို အံ့ဩ တုန်လှုပ် နှလုံးသားတွေ ပြုတ်ကျကုန်ပါပြီလေ။

ဘာတတ်နိုင်မှာလဲ၊ ဘာဆက်လုပ်လို့ရမှာလဲ ...

ဘယ်ကို ထွက်ပြေးလို့ လွတ်မြောက်နိုင်မှာတဲ့လဲ။

သူက ကိုယ့်ကို မသိသေးတာ တော်နေပါသေးတယ်လို့ပဲ ဖြေရမလား၊ ကံကြမ္မာက ဒီအထိ နှိပ်စက်လို့ အားမရသေးပါ လားကွယ်။

*အချစ်ဆုံး ချစ်သူနဲ့ အတူ...*
*ခင်ပွန်းသည်ရဲ့ဇနီးအဖြစ်*
*တစ်အိမ်တည်းမှာ ဘယ်လိုနေရပ့်မလဲကွယ်...*

☆

စာအုပ်ကို ပိတ်လိုက်ပြီး တုန်လှုပ်ချောက်ချားစွာ ထရပ်လိုက်မိတော့သည်။ အလို... မမမှိုရဲ့ချစ်သူ...၊ မမမှို ရင်ထဲက စွဲလမ်းခဲ့တဲ့သူဆိုတာ၊ သူ ဖြစ်နေပါလားဟု ဖြိုး သိလိုက်၏။ တက္ကသိုလ် အပန်းဖြေရိပ်သာထဲက သူ ပါဝင်ဖြစ်ခဲ့သော ပန်းချီပြပွဲလေးကို အတွေးစိတ်ရောက်သွားပြန်သည်။ ကြည့်စမ်း ... သူ့နှလုံးသားကို သိုဝှက်ပြီး သိက္ခာဘက်ကို ထိန်းကာ မိန်းမပီသစွာဖြင့် နေသွားနိုင်ခဲ့သူပဲ။ ရင်ထဲမှာတော့ ဝေဒနာ အပူပြင်းလွန်းမှာပေ့ါလေဟု တွေးရင်း စာအုပ်ကို ဆက်လှန်၏။

☆

*စိတ်ရောဂါတဲ့ ... ဟစ်ဆီးရီးယားတဲ့၊ စိတ်အလိုမပြည့်တဲ့ရောဂါတဲ့။*
*သိပ်မှန်တာပဲ ဒေါက်တာရယ်...*
*ငယ်ကတည်းက မှီမှာ အလိုပြည့်တာမှ မရှိနိုင်ခဲ့တာပဲ။ ကြီးတဲ့အထိ နှလုံးသားက အလိုလည်း မပြည့်နိုင်ခဲ့ရှာပါဘူး။*
*ခပ်ရိုင်းရိုင်းပြောရင်တော့ "အရူးမ" ပေ့ါကွယ်*
*အချစ်ရူးမ ဖြစ်နေရပါပြီလေ ...*
*ဒါပေမဲ့ ဒီတစ်သက်မှာ သိက္ခာတရား၊ မိန်းမသားရဲ့ဣန္ဒြေကို နှလုံးသားက ဝေဒနာနဲ့ပဲ လဲလှယ်ပါတော့မယ်။ စောင့်စည်းထိန်းချုပ်ခြင်းလောက် ခက်ခဲတဲ့အရာ ဘယ်မှာရှိပါတော့မလဲလေ...။*

---
လဝန်းရိပ်စာပေ

ဘာဖြစ်ဖြစ်... သစ္စာတရားကို ချစ်သူကို ချစ်တဲ့အချစ်ဖြင့် မြဲမြဲ လုံခြုံစေပါမည်...။

သူ့ကို ချစ်ခြင်းသည် သူ့ဘဝ စွန်းထင်းစေဖို့ မဟုတ်၊ သူ့ဘဝ တိုးတက်သာယာစေဖို့သာ ဖြစ်စေမှာပါကွယ်...

☆

မဖြစ်ပါဘူး၊ သူမရှိလို့ မဖြစ်ဘူး။

သူ့ဘဝမှာ ကြင်ဖော်အဖြစ် နေခွင့်မရတောင်မှ ဘဝပေးကုသိုလ်ကြောင့် သူ့အနားမှာ နေခွင့်ရပြီပဲ။

သူ တခြားကို ခွဲထွက်သွားလို့ မဖြစ်ပါဘူးလေ...

☆

ကိုယ်လည်း လွတ်လပ်သွားပြီပဲ၊ ဘာဖြစ်ဖြစ် သူနဲ့ ကိုယ်အသက်အရွယ်လည်းကွာမှမကွာတာလို့စိတ်ကူးတာအိပ်မက်တာ စိတ်ကူးနဲ့ အိပ်မက်မှာပဲ အကောင်းဆုံးပါကွယ်။

အမိက,ကတော့ သူ့ဘဝအတွက်၊ ပတ်ဝန်းကျင်က ပြောဆိုချက်တွေ ဘယ်တော့မှ မမှန်စေရဘူး။ သူ့သိက္ခာ တစ်စွန်းတစ်စမှ မထိပါး မကျဆင်းစေရဘူး။ ငါ့မှာ တာဝန်ရှိပါလား...။

ငါ့ဘဝနဲ့ပတ်သက်လို့ သူ့ဘဝ ညှိုးငယ်ပျက်စီးရမှာလား၊ သူ့သိက္ခာတရား ကျဆင်းရမှာလား၊ ဘယ်တော့မှ ချစ်သူအတွက် အကျိုးပျက်မယ့်အရာ မဖြစ်စေရပါဘူးကွယ်...

☆

သံယောဇဉ်ဟာ ပုလောင်လုချည်လား အသိဝင်ပါတယ်။

ကိုယ်ပိုင်ခွင့် မရတာတောင်မှ ကိုယ့်အပါးမှာ ကိုယ့်ကိုနားလည်သူအဖြစ် ရှိနေစေချင်သေးတယ်လေ။

သူ့မှာ ချစ်သူရှိပြီတဲ့...။

---

လဝန်းရိပ်စာပေ

ရင်ထဲမှာ ကြေကွဲရပေမဲ့ သူ့ချစ်သူကို ကိုယ်က သူ့ကို ချစ်သည့်နယ် ချစ်မှာပါလားလို့ စာနာ နားလည်မိပြန်တော့ စိတ်ကို ဖြေမိပြန်ပါတယ်။

ဒါပေမဲ့ ခက်တယ်ကွယ်...။

သူ့ကို ဘယ်သူနဲ့မှ သဘောမတူနိုင်ဘူး။ ဘယ်သူမှ မပိုင်စေရဘူး။

သူ့ကို ငါ့ကိုယ်ပွား၊ ငါ့အသွေးအသားလို့ချစ်ရတဲ့ "မြလေး" ပဲ ပိုင်စေရမယ်လေ...။

ငါ ဆုံးဖြတ်လိုက်ပြီ။

ငါ့အတွက် ဆိုပေမဲ့ မြလေးနဲ့ သူ့အတွက်လည်း ပါ.ပါတယ်။

မြလေးနဲ့သာဆိုရင် ... မြလေးဟာ ငါ့ကိုယ်ပွားပဲ၊ ထာဝရ စိတ်ချမ်းမြေ့သွားမှာပါပဲ။

ဒီတော့ သူ့ကို မြလေးနဲ့ လက်ထပ်စေရမယ်လေ...။

☆

ယောင်ယမ်းပြီး ထ.လိုက်မိပြန်၏။

အနီးအနားမှာ မြလေးများ ရောက်နေမလားဟု ရှက်စိတ်ဝင်ချင်သည်။ မမမှီက သူနှင့် မြလေးကို အိမ်ထောင်ချပေးချင်တာပါလား။

ဘုရား ... ဘုရား ...။

မြလေးက သူ့ကိုယ်ပွားတဲ့လေ...

☆

ဒီတစ်ခါတော့ ကိုယ့်အလိုပြည့်အောင် လုပ်ပါရစေတော့ ချစ်သူရယ်။

ဘေဘီတို့ မေလွင်တို့ စကားတွေကြောင့် နှလုံးသားမှာ ခံစားရပြီး ဆုံးဖြတ်လိုက်ပါတယ်။

ရုတ်တရက်ရတဲ့ အကြံအစည်ကို အကောင်အထည်ဖော်ဖို့ အချိန်တော့ ပေးရမယ်။

သိပ်ခက်တာမှ မဟုတ်တာပဲကွယ် ...။

ဒီတစ်ခါ မှိုစိတ်တိုင်းကျ ဖြစ်စေရမယ်လေ။

☆

စိတ်အလှုပ်ရှားဆုံး နေ့တစ်နေ့ပါလေ...

လိုအပ်တာတွေအားလုံး စီစဉ်လို့ ပြည့်စုံပြီးမို့၊ ဒီနေ့လုပ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ဒီတစ်သက် ဒီဘဝမှာ ချစ်သူကို ချစ်တယ်လို့ ပြောခွင့်လေးတောင် မရ၊ ချစ်သူ သိအောင် ချစ်ကြောင်းပြနိုင်ခွင့်ကလေးတောင် မရှိနိုင်တဲ့ အခြေအနေပါ။

ဒါပေမဲ့ ချစ်သူချစ်အောင် လုပ်ခွင့်မရပေမယ့် ချစ်သူသိရင် ထာဝရနာကြည်းမုန်းတီးမယ့်အလုပ်ကိုတော့ ဒီနေ့ လုပ်ရတော့မယ်လေ...

စိတ်တွေ လှုပ်ရှားလွန်းလို့ ဘယ်သူ့ကိုမှ စကားမပြောဘဲ နေလိုက်မိပါတယ်။ ခါတိုင်းနယ် အလုပ်ကိုသွားတဲ့ ချစ်သူကို ခွင့်လွှတ်ပါတော့လို့ စိတ်တွင်းက ကြိတ်ပြီး တောင်းပန်နေမိပါတယ်။

မြလေးနဲ့ မဆုံမိစေလို့၊ မြလေး မသိဖို့ကလည်း အရေးကြီးတယ်လေ။

မြလေးကို ကျောင်းပို့ခါနီးမှာ စကားစပ်မိအောင် လှည့်ပတ်ပြီး မေးကြည့်တော့ ဒီနေ့ မြလေး ကျောင်းမှာ ရှိမှာမဟုတ်ဘူး မမမို့၊ မြလေးတို့ ရုပ်ရှင်ကြည့်ကြမလို့လို့ ပြန်ပြောပါတယ်။

ထူးထူးရော မြလေးတို့နဲ့ ပါသွားမှာလား စိုးရိမ်ပြီး ထူးထူးတို့နဲ့လား မေးကြည့်မိပြန်တယ်။

ထူးထူးတော့ မပါဘူး မမမို၊ ထူးထူးတို့အုပ်စုက နွေလယ်မှာ ပရက်တီကယ် ဝင်စရာရှိလို့ ကျန်ခဲ့မယ်လေဆိုတော့ သက်ပြင်းကို ခိုးချမိပြန်တယ်။

☆

ဆယ်နာရီ သာသာလောက် ကျောင်းကို ရောက်သွားတော့ ကံအားလျော်စွာပဲ ထူးထူးကို သိပ်မရှာရ၊ မစောင့်ရပါဘူး။

အဖော်တစ်ယောက်နဲ့ ကန်တင်းက ပြန်လာတဲ့ ထူးထူးကို လှမ်းမြင်ရပြီ၊ ရင်တွင် တထိတ်ထိတ်ခုန်နေမိပါတယ်၊

"ထူးထူးရေ ... ခဏကွယ်"

အနားရောက်တော့ လှမ်းခေါ်မိတယ်။

"ဟင် ... မမမို"

"အေးကွယ် ... မြလေးတော့ ရုပ်ရှင်သွားမယ် ပြောသွားတယ်"

"ဟုတ်ပါတယ် မမမို၊ ထူးထူး ဘာလုပ်ပေးရမလဲ"

ထူးထူး သူငယ်ချင်းက ခပ်လှမ်းလှမ်းက ရပ်စောင့်နေသည်။

"ထူးထူးရယ် ... မမမိုကို အချိန်နည်းနည်းပေးနော်၊ မမမို ဖြိုးနဲ့ပတ်သက် ပြီး ပြောပြချင်လို့၊ လာကွယ် ကားပေါ်တက်၊ ဒီက လူရှုပ်ပါတယ်"

ထူးထူး မျက်နှာက ပျက်ချင်ချင်၊ ဖြိုးအကြောင်းဆိုတော့ ခများ စိတ်ပူရှာမပေ့ါ၊ သူ့သူငယ်ချင်းကို ကိစ္စရှိလို့ ခဏလိုက်သွားမယ်ပြောပြီး ကားပေါ်ကို တက်လိုက်ခဲ့တယ်လေ။

အစကတည်းက မြမေတ္တာကို သွားဖို့ ရည်ရွယ်ပြီးသားမို့ နီးလည်းနီး၊ ဆိတ်လည်း ဆိတ်ငြိမ်တဲ့ မြမေတ္တာကို မောင်းခဲ့ပါတယ်လေ။

ဆိုင်မှာ ထိုင်မိတော့ အအေးနစ်ခွက်မှာလိုက်တယ်လေ။

ဘယ်သူမှတော့ သောက်ချင်ကြတာ မဟုတ်ပါဘူး၊ အအေးတွေ ရောက်လာတဲ့အထိ ဘာစကားမှ မစဖြစ်သေးဘူးလေ။

"သောက်လေ ... ထူးထူး"

စက္ကူပိုက်တံကလေးဖြင့် မွှေရင်း ထူးထူးကို ပြောလိုက်တယ်။ ထူးထူးက တစ်ငုံစုပ်ယူလိုက်တာ တွေ့တယ်။

"ဒီလိုကွယ် ... ထူးထူးကို မပြောမဖြစ်တော့တဲ့ အခြေအနေမို့ မမမို ဒီစကားတွေကို ပြောမှာပါ။ ထူးထူး မမမိုကို နားလည်စေချင်တယ်လေ"

"ပြောပါ မမမို"

"ထူးထူးနဲ့ ဖြိုးတို့ သမီးရည်းစား ဖြစ်နေကြတယ်လို့ မမမို သိရတယ်လေ၊ ဟုတ်ပါတယ်နော်"

ထူးထူး မျက်နှာကို တစ်ချက်ကြည့်လိုက်တော့ ကောင်မလေးက မျက်လွှာလေးချပြီး ရှက်သွားသလိုပါပဲ။

"ဟုတ်ပါတယ် မမမို"

ပြီးမှ ခေါင်းပြန်ထောင်လာရင်း ဖြေလိုက်တယ်။

"အေးကွယ် ... မမမို၊ ဘယ်သူ့ကိုမှတော့ အပြစ်မတင်ချင်ပါဘူး၊ ထူးထူး ပတ်ဝန်းကျင်က စကားတွေ သတင်းတွေကို ကြားမှာပေါ့နော်"

ထူးထူးက အကြည့်ဆုံပြီး ခေါင်းညိတ်ပြ၏။

"ထူးထူး အိမ်ကရော သိပြီလား၊ ဘာပြောလဲဟင်"

"ထူးထူး အိမ်ကတော့ အဲဒီသတင်းတွေကြောင့် လုံးဝ သဘောမတူပါဘူး မမမို၊ ဒါပေမဲ့ ထူးထူးက ကိုကို့ကို..."

ပြောပြီး ရှက်ဟန် စကားပြတ်သွားတယ်။

ဩော် ... ကိုကိုတဲ့လား ... ကိုကိုလို့ ခေါ်သတဲ့လားကွယ်။

"ဆက်ပြောပါ ထူးထူးရယ်"

"ကိုကို့ကို ယုံတယ်လေ"

ထူးထူးကို ပြုံးပြီး ကြည့်နေလိုက်တယ်။

"မမမို ပြောမယ်နော် ထူးထူး"

ထူးထူး ခေါင်းညိတ်တယ်။

"ပတ်ဝန်းကျင်က ပြောတာတွေ အားလုံး မှန်ပါတယ်ကွယ်"

"ရှင် ... ဘယ်လို ... မမမို၊ ဘယ်လို..."

နွေခေါင်ခေါင်မှာ မိုးကြိုးပစ်ချတာ ခံလိုက်ရသလို ထူးထူးက အံ့ဩတုန်လှုပ်သွားပုံပါပဲ။

"မြိုးနဲ့ မမမို ... ပတ်ဝန်းကျင်က ပြောသလို ဖြစ်နေကြပါတယ်ကွယ်၊ ဒါပေမဲ့ ..."

"ထူးထူး မယုံဘူး မမမို၊ ထူးထူး မယုံနိုင်ပါဘူး။ အို ... ထူးထူး ကိုကို့စကားကိုပဲ ယုံတယ်၊ ကိုကို့သိက္ခာကိုပဲ ယုံတယ်"

ထူးထူးက ငိုသံပါပါနှင့် ငြင်းနေတော့တာပါပဲ။

"မမမို ဆက်ပြီးဆုံးအောင် ပြောပါရစေဦး ထူးထူးရယ်၊ ထူးထူး ပြောသလိုပါပဲ၊ မြိုးက ဖောက်ပြန်အကျင့်ပျက်တာ မဟုတ်ခဲ့ပါဘူး။ မမမိုရဲ့ ခင်ပွန်း ရှိစဉ်ကတည်းကပဲ မမမိုက မြိုး အပေါ်မှာ တိတ်တခိုးချစ်မိတာပါ။ အစ်ကိုကြီး ဆုံးသွားတော့ မြိုးနဲ့ မမမို ငြိသွားကြတယ်လေ။ ဒါလည်း မမမိုကြောင့်ပဲ ပြောပါတော့လေ၊ မမမိုဘက်က ကြည့်ရင် လုပ်ငန်းတွေ အားလုံးကို ကွပ်ကဲဖို့ မြိုးမရှိရင် မဖြစ်ဘူးလေ။ ဒါကြောင့် မြိုးကို မမမို လက်ထပ်တဲ့အထိ သိမ်းသွင်းယူလိုက်တယ်။ အတည့်အလင်း လက်မထပ်သေးတာက ပတ်ဝန်းကျင်က စကားတွေ မှန်ပါလားလို့ သူများ လက်ညှိုးထိုးမှာစိုးလို့ အချိန်စောင့်နေသေးတာပါ"

"မမမှီနဲ့ ဖြိုး လက်ထပ်ထားတယ် ဟုတ်လား"

"ဟုတ်ပါတယ် ထူးထူး၊ ဒါကြောင့် ..."

"မဖြစ်နိုင်တာ မမမှီရယ်... ကိုကိုထူးထူးအပေါ်မှာ ဒီလောက် လုပ်ရက်မှာ မဟုတ်ပါဘူး။ ဒီလိုဆိုရင် ထူးထူးကို လက်ထပ်ဖို့ ဘာလို့ ပြောတော့မှာလဲ။ အို ... ထူးထူးမယုံဘူး"

ထူးထူးက ခေါင်းမာတယ်၊ ဖြိုးကို အရမ်းယုံတာပဲ။ ထူးထူး ကို ပြုံးပြီး ကြည့်နေလိုက်ရင်း...

"ထူးထူး မမမှီစကားကို ယုံအောင် မမမှီပြမှာပါ။ ထူးထူးကို မမမှီက မိန်းမသားချင်း ကိုယ်ချင်းစာတယ်လေ၊ ဖြိုးကိုယုံပြီး ထူးထူး သူ့ကို လက်ထပ်လိုက်ရင် အမှားကြီး မှားသွားမှာ စိုးတယ်။ ရှင်းရှင်းပြောရရင်တော့ အငယ်အနှောင်းဖြစ်မှာ ပူတယ်လေ"

"တော်ပါတော့ မမမှီရယ်၊ ထူးထူး နားရှက်လာပြီ၊ ထူးထူး ကိုကို့ရှေ့မှာတင် ရှင်းချင်တယ်၊ ကိုကို့ဆီကို သွားကြမယ် မမမှီ"

ထူးထူးက ထင်သလောက် မယုံပါလား။

ထူးထူး ပါးပြင်ပေါ်ကို မျက်ရည်တွေ လိမ့်ဆင်းကျလာပြီ လေ။

လက်ပွေ့အိတ်ကို ဖွင့်လိုက်တယ် ပြီးတော့မှ အထဲက စာအိတ်ရှည်ကို ထုတ်တယ်။ စာအိတ်ရှည်ထဲက တစ်စုံတစ်ခု ထုတ်ပြီး ထူးထူးကို လှမ်းပေးလိုက်တယ်လေ။

"ထူးထူးကြည့်ပါ၊ အဲ့ဒါ မမမှီနဲ့ ဖြိုးတို့ လက်ထပ်စာချုပ် လေ"

"အို ..."

ထူးထူးဆီက အာမေဋိတ်သံ ထွက်ကျသွားပြီး စာချုပ်ကို မယုံမရဲဖြင့် လှမ်းယူတယ်။ ပြီးတော့ ဖြည်းဖြည်းချင်း ဖြန့်ကြည့် လိုက်တယ်လေ။

"ဟုတ်ရဲ့လား ထူးထူး၊ အဲဒါ ဖြိုးရဲ့လက်မှတ် ဟုတ်ရဲ့လား"

စာချုပ်ကို ပြန်ခေါက်ပြီး ပြန်ပေးလိုက်တယ်လေ။

ပြီးတော့ ခပ်ဝေးဝေးက ကုံကော်ပင် အုပ်အုပ်ကလေးတွေကို စူးစိုက်တွေဝေကြည့်ရင်း ပါးပြင်ပေါ်ကို မျက်ရည်ပေါက်ကြီးတွေ လိမ့်ကျလာတော့တယ်။

"လုပ်ရက်လိုက်တာ ကိုကိုရယ်၊ ထူးထူးကို ဒီလိုလှည့်စားလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးမိဘူး"

စာချုပ်ကို အိတ်ထဲထည့်လိုက်ပြီး ပိုက်ဆံအိတ်ကို ပိတ်လိုက်၏။

"ကိုကို ထူးထူးကို ဘာလို့ရက်စက်တာလဲ မမမှီရယ်၊ ဘာလို့ ထူးထူးအပေါ်မှာ ဒီလောက်ယုတ်မာရတာလဲ။ တကယ်ဆို မမမှီနဲ့ လက်ထပ်ပြီးတာ ထူးထူးကို ဖွင့်ပြောပါတဲ့လား။ အခုတော့ လုပ်ရက်လိုက်တာ ထူးထူးကို လှည့်စားပြီး လက်ထပ်ဖို့ ကြိုးစား ... ကြိုးစား..."

ပြောရင်း မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ရှိုက်ကြီးတငင် ငိုလိုက်တယ်။

"စိတ်ထိန်းပါ ထူးထူးရယ်၊ ဟိုဘက်စားပွဲမှာ လူတွေရှိနေကြတယ်"

စားပွဲတစ်လုံးနှင့် တစ်လုံး ဝေးပြီး လူရှင်းနေလို့ တော်သေးတာပေါ့။

"ယောကျ်ားတွေကို အရမ်းကြောက်သွားပြီ။ ကိုကို့ကိုလည်း အရမ်းစိတ်နာသွားပြီ၊ အရမ်းနာကြည်းသွားပြီ"

လက်ဖဝါးဖြင့် မျက်ရည်သုတ်ကာ အံကြိတ်ပြီး ပြောတယ်လေ။

"တောင်းပန်ပါတယ် မမမှီရယ်၊ ထူးထူး မသိလို့ပါ။ ထူးထူး သူများ အိမ်ထောင်ကို မဖျက်ဆီးရက်ပါဘူး။ ထူးထူး မမမှီကို

ကိုယ်ချင်းစာပါတယ်။ ထူးထူး သူ့ကိုဖြတ်မယ်၊ နောက်ကို ဘယ်တော့မှ ထူးထူးနဲ့ သူ မပတ်သက်စေရပါဘူး"

"မမမို အားလုံးကို နားလည်ပါတယ်လေ၊ မမမို ခွင့်လွှတ်ပါတယ်"

"ဒါပေမဲ့ နာကြည်းတာ စိတ်နာတာက တခြား၊ ချစ်တာက တခြားပဲ မမမို။ ထူးထူး သူ့ကို အရမ်းချစ်တယ်၊ ထူးထူး သူ့ကို..."

ပြောရင်းက ရှိုက်သံပါလာပြီး ငိုပြန်တယ်လေ။

နလုံးသားနဲ့မို့ ကိုယ်ချင်းစာပြီး နားလည်ပါတယ်ကွယ်...

ဒါပေမဲ့ ဘာတတ်နိုင်မှာတဲ့လဲ။ မမမို အခုလို လာပြောတာ ဖြိုးကို မပြောဖို့ ကတိတောင်းလိုက်တယ်။ ထူးထူးရော ဖြိုးပါ ခွင့်လွှတ်ကြပါတော့ကွယ်။

☆

ဖြိုးလက်မှတ်ကို နစ်ရက်မကျင့်ရဘဲ ထိုးတတ်သွားခဲ့တယ်လေ။

ပြီးတော့ စာချုပ်ခေါင်းဝယ်၊ ရာဘာတံဆိပ် အတုတွေလုပ်ပြီး စာချုပ်ရေး၊ စာချုပ်ပေါ်မှာ လက်မှတ်ထိုး။ လက်ထပ်စာချုပ်အတုတစ်ခု ဖြစ်သွားရောပေါ့။

မှန်သလား မှားသလား ဒီတစ်ခါ မစဉ်းစားပါရစေနဲ့တော့ကွယ်။ ဒီအချိန်မှာတော့ ခံစားမှု အထွတ်အထိပ်နဲ့ မမမို ရှုံးသွားပြီဆိုတာ ကိုယ်တိုင် သိလိုက်မိပါတယ်။ ထူးထူးနဲ့ ကွဲမှ မြေလေးနဲ့ လက်ထပ်ပေးနိုင်မှာ မဟုတ်လားကွယ်။

၃

မှတ်တမ်းစာအုပ်ကလေး ဆုံးသွားပြီ။

စာအုပ်ကလေးကို စားပွဲပေါ်ပစ်တင်လိုက်ရင်း သက်ပြင်းကို ချလိုက်၏။ ထိုနေ့သည် ထူးထူး မိမိကို လာမတွေ့ခင် တစ်ရက်။ ဒါကြောင့် နောက်တစ်နေ့မှာ ထူးထူး မိမိကို စိတ်နာကြည်းစွာဖြင့် ပါးရိုက်သွားတဲ့အထိ ဖြစ်ရတာပဲဟု နားလည်ပြီ။

ထူးထူးမှာ ဘာအပြစ်မှ မရှိပါဘူးကွယ်။ ဒီအတိုင်းဆို ကိုကိုက လူယုတ်မာတစ်ယောက်ပါပဲ။ ရုတ်တရက် ထ,ရပ်လိုက်သည်။

ရင်ထဲမှာ ဗလောင်ဆူနေပြီတည့်။ ဟိုလျှောက် ဒီလျှောက်နှင့် ဂနာမငြိမ်တော့။

မမမီ ... မမမီ... သူထင်တာတွေ သူလုပ်သွားပါလား။ ဒီဘဝမှာ သူ ပိုင်ဆိုင်နိုင်ခွင့် မရှိလေတော့၊ သူ့ကိုယ်ပွားဟု ထင်နေခဲ့တဲ့ မြလေးက သူ့ကိုယ်စား ပိုင်ဆိုင်ခွင့်ကို ရသွားစေချင်ပြန်သည်။ သည်အတွက် အကွက်ဆင်ပြီး ကြံဖန်လုပ်သွား၏။ ထူးထူးကတော့ သူ့ကို အရမ်းနာကြည်းနေမှာပေါ့လေ။

မြလေးလည်း ဒီမှတ်စုကို ဖတ်ပြီးပြီပဲ၊ မြလေးနှင့် သူ ဘယ်လို မျက်နှာချင်းဆိုင်ရမည် မသိ၊ အလိုလို လိပ်ပြာမလုံ ဖြစ်ရသည်။

"ဒေါ်လုဇံ ... ဒေါ်လုဇံ သံပရာရည်တစ်ခွက် ပေးပါဗျာ"

ဒေါ်လုဇံကို လှမ်းအော်လိုက်၏။

မမမို ဆုံးပြီး ရက်လည်ကတည်းက မြလေးသည် ဦးလေးခင်အိမ်မှာ ပြန်နေလိုက်၏။ ရှေ့ဆက် ဘာလုပ်ဦးမည်မသိ။

ထူးထူးက သူ့အိမ်က သဘောတူ စီစဉ်ပေးသူကို လက်ခံလိုက်ပြီလား...။

☆

အောက်ထပ်ကိုရောက်တော့ အန်တီ့အသံကို မီးဖိုချောင်းထဲက ကြားရသည်။

ထူးထူးက ဆက်တီစားပွဲအောက်မှ သတင်းစာများကို လှန်လှောရှာသည်။ သူ့ကို မလာဘူးပြောထားသည့် သတင်းစာနှစ်စောင်ကို သူကြည့်ချင်နေ၏။ အိမ်ဖော်ကောင်မလေးကို အစ်ိ့မေးကြည့်တော့ သတင်းစာ လာသားပဲဟု ဖြေကတည်းက စိတ်မှာမရှင်း။ သတင်းစာ အပုံ၏အောက်ဆုံးမှာ ထိုသတင်းစာနှစ်စောင်ကို တွေ့သည်။ ချက်ချင်းဖြန့်ဖတ်လိုက်၏။

"ဟင် ... မမမို ဆုံးသွားတဲ့ နာရေးကြော်ငြာပါလား"

သတင်းစာ နာရေးကြော်ငြာကို တွေ့ပြီး အံ့ဩစွာ ကျက်သေ သေနေသည်။ နောက်တစ်စောင်မှာ ဝမ်းနည်းခြင်းတွေပါလား။

ကြည့်စမ်း ... ဒါကြောင့် ဒီသတင်းစာတွေကို ငါ့ကို ပေးမဖတ်တာပါလား။ မမမို လောကမှာ မရှိတော့ဘူးဆိုတာ သူတို့ ငါ့ကို မသိစေချင်လို့ပါလားဟု သိလိုက်သည်။ ဟုတ်တော့လည်း ဟုတ်သည်။ မမမိုနဲ့ သတင်းကြောင့် သဘောမတူဟု ပြောထားတာပဲ၊ မမမို မရှိတော့လျှင် သူတို့ဘက်က အကြောင်းပြ ကန့်ကွက်စရာ မရှိတော့ဘူးပေါ့။

"ဒါကြောင့် ပီတာနဲ့ စေ့စပ်ဖို့ ကိစ္စကိုလည်း အမြန်စီစဉ်နေတာပဲ။ ငါ့ကို ကိုကိုနဲ့ အဆက်အသွယ်ရမှာစိုးလို့ ကျောင်းကိုလည်း မလွှတ်တာဘဲ"

တွေးရင်းတွေးရင်းအိမ်ပေါ်ထပ်ပြန်ပြေးတက်ခဲ့၏။ အိပ်ရာပေါ်အရောက် ဝမ်းလျားမှောက်လို့ ငိုရပြန်ပြီလေ။ ကိုကိုနဲ့ပတ်သက်လို့ ဘယ်အထိ ငိုနေရဦးမှာတဲ့လဲကွယ်။ ဒါတောင် ကိုကိုနဲ့ မမမှိုတို့ လက်ထပ်ထားတာကို အိမ်က ဘာမျှ မသိ၊ သိသာသိလိုက်လျှင်တော့ ပိုဆိုးကုန်မည်။

ကိုကို့ကို ထာဝရ ခွဲနိုင်မှာတဲ့လား။

လှည့်စားရက်စက် ယုတ်မာပက်စက်သူဟု နာကြည်းသည့်ကြားကပင် အမုန်းမပွားနိုင်ခဲ့တာ ဘာကြောင့်ပါလဲလေ။ ရက်ပိုင်းအတွင်းမှာ ပီတာနှင့် စေ့စပ်ရတော့မှာပါလား၊ ကိုကိုနဲ့ ထာဝရ ဝေးကွာသွားရတော့မှာပါလား....။

အိပ်ရာပေါ်မှ ရုတ်တရက် ထ,ထိုင်လိုက်သည်။ မှန်တင်ခုံရှေ့မှာ သွားရပ်ရင်း မျက်ရည်စ,တို့ကို သုတ်သည်။ တို့ပတ်ပဝါဖြင့် ဖွဖွဖို့သည်။

ဆုံးဖြတ်ချက်ကို ချလိုက်ပြီတည့်။ မမမှီမှ မရှိတော့တာ၊ လူ့ကျင့်ဝတ်သိက္ခာတရားကို ဘာမှထိခိုက်စရာ မရှိတော့ပါဘူးလေ။

၄

ပေါ်တီကိုအောက်မှာ ကားထိုးရပ်သံကြောင့် ချက်ချင်း လှမ်းကြည့်မိသည်။

"ဟင် ... ထူးထူး"

တက္ကစီသမားကို ပိုက်ဆံရှင်းပေးနေသည့် ထူးထူးကို တွေ့သည်။ အိမ်ထဲက အပြေးထွက်လာခဲ့၏။

"ထူးထူး ... ထူးထူး ... ကိုကို့ဆီကို လိုက်လာတယ်နော်"

တက္ကစီမောင်းထွက်သွားတော့ ထူးထူးက ဟင်းဘတ်အိတ်တစ်လုံးကို လွယ်ထားရင်း ဖြိုးကို မော့ကြည့်သည်။ မျက်ဝန်းမှာ မျက်ရည်စ,တွေနှင့် ပါလား။

"ထူးထူး ... ကိုကို့ဆီကို..."

"ကိုကို့ဆီကို အပြီးထွက်လာခဲ့တာပါ ကိုကို"

"ထူးထူး ... ထူးထူးရယ်"

ထူးထူး ပခုံးကို လက်နစ်ဖက်ဖြင့် ဖျစ်ညှစ်လှုပ်ယမ်းရင်း အသံကပါ တုန်ခါနေပြန်သည်။

"အချိန်မရှိဘူး ... ကိုကို၊ အန်တီ မီးဖိုချောင်ထဲ ဝင်နေတုန်း ထူးထူး လစ်ပြီးဆင်းလာတာ။ ထူးထူး ပျောက်သွားတာ သိတာနဲ့ ဒီကို လိုက်လာကြလိမ့်မယ်"

"ထူးထူးရယ် ... ကိုကို ဘာပြောရမှန်း မသိအောင်ကို ဖြစ်နေပြီကွယ်။ ဝမ်းသာလုံး ဆို့နေလို့ပါ"

"လုပ် ... ကိုကို၊ တရားရုံးမှာ လက်မှတ်ထိုးရအောင်"

"ဒါဆို တစ်ခါတည်းသွားမယ်။ ကိုကို ကားသော့သွားယူမယ်။ နေဦး ... ပေး ပေး ... အဲဒီအိတ်"

ထူးထူးကို အိမ်ထဲခေါ်ရန် သတိမရတော့။ ဟင်းဘတ်အိတ်ကို ထူးထူး လက်မှဆွဲယူပြီး အိမ်ထဲဝင်သည်။ ပြီးတော့ ကားသော့ကို ယူပြီး ပြန်ထွက်စဉ် မှာပဲ မမမို၏ မှတ်စုစာအုပ်ကလေးကို သတိရပြီး ကောက်ယူခဲ့၏။

"လာ ...လာ ... ထူးထူးတက်"

ကားတံခါးကို ဖွင့်ပေးလိုက်သည်။

"ဘယ်သွားမှာလဲ ကိုကို ..."

"ကိုကိုတို့ ရှေ့နေကြီးဆီ သွားမယ်။ အဲဒီကမှတစ်ဆင့် လက်မှတ်ထိုး လက်ထပ်ကြမယ်လေ"

ကားကလေး ဝိုးခနဲ ထွက်သွားသည်။

"ကိုကို့ဘဝမှာတော့ ဒါ ဒုတိယအကြိမ် လက်မှတ်ထိုးတာပေါ့နော်"

ထူးထူးက ကြေကွဲသံဖြင့် ပြောလိုက်သည်။ သူက ထူးထူးကို လှည့်ကြည့် ရင်း ပြုံးပြလိုက်သည်။

"မမမို ဆုံးတာ ထူးထူး မသိရဘူး၊ သတင်းစာတွေ ဖွက်ထားလို့လေ၊ အခု သတင်းစာတွေ ရှာတွေ့လို့ သိသိချင်း ထွက်လာခဲ့တာပါ ကိုကို။ ကိုကို ထူးထူးအပေါ်မှာ ဒီလောက်ရက်စက်လှည့်စားခဲ့ပေမဲ့ ထူးထူးအချစ်က လျော့မှ မသွားတာ"

"ထူးထူးရယ် ..."

ကားလေးက အရှိန်ဖြင့် ပြေးနေသည်။

"မမမို ရှိရင်တော့ ထူးထူးဟာ ပြစ်မှုကြီးတစ်ခုကို ကျူးလွန်နေသူပဲပေါ့။ လူမှုရေးအရရော၊ ဘာသာရေးအရပါ ထူးထူး အပြစ်ရမှာ ကြောက်တယ်လေ။ ထူးထူးနဲ့ ကိုကိုတို့ရဲ့ကိုယ်ကျင့်တရားကို ထိခိုက်မှာလည်း စိုးတယ်။ ဒါကြောင့် ကိုကိုနဲ့ခွဲဖို့ ထူးထူး ဖွတ်နစ်ဆုံးဖြတ်လိုက်ရတာပါ။ အခု မမမို ဆုံးပြီဆိုတာ သိတော့ ထူးထူး မနေနိုင်ဘူးလေ၊ ဘာဖြစ်ဖြစ် ထူးထူး ကိုကို့ကို လက်ထပ်လို့ ရပြီ။ ကိုကိုလည်း လူလွတ်ဖြစ်သွားပြီပဲ။ ဒါပေမဲ့ ကိုကိုက တစ်ခုလတ်ကြီး ပါနော်"

သူ့ဘက်ကိုကြည့်လိုက် ပြောလိုက် လုပ်နေ၏။

"တစ်ခုလတ်ဆိုတော့ ထူးထူး အချစ်လျော့သွားလားဟင်"

"ဟင့်အင်း ... နည်းနည်းလေးမှ လျော့မသွားလို့ ခက်နေတာပေါ့ ကိုကိုရယ်။ အဲဒီနေ့ နောက်ပိုင်းမှာ အရူးလိုပါပဲ၊ ထူးထူးအိပ်ရာထဲ လဲပြီး ဒိုင်ယာရီ တွေရေး၊ မဂ္ဂဇင်းထဲက တိုက်ဆိုင်တဲ့ ကဗျာတွေ ကူးရေးနဲ့ အရူးလို ဖြစ်နေခဲ့ တာ"

"ဒါဆို ကိုကို့ကို ထူးထူး ခွင့်လွှတ်နိုင်ပြီပေါ့နော်"

လှည့်ကြည့်ရင်း မေးလိုက်မိပြန်သည်။

"ခွင့်လွှတ်နိုင်တာ၊ မနိုင်တာထက် ကိုကို့ကို မခွဲနိုင်တာ၊ အချစ်လျော့ မသွားတာတော့ သေချာတယ်လေ"

မီးနီမှာ ရပ်လိုက်၏။ လက်တစ်ဖက်ဖြင့် ထူးထူး ပခုံးကို လှမ်းဖက်လိုက် မိသည်။

"ကောင်းကောင်းမောင်းပါ ကိုကိုရာ ... လက်ကလည်း လူအိုလို့ မပြော ရဘူး"

"လူပျိုစစ်စစ်ပါ ထူးထူးရယ်"

"သွားစမ်းပါ ... ထူးထူး မပြောချင်ဘူး"

"ထူးထူး မပြောချင်ရင် ကိုကို ပြောမယ်။ မမမို ထူးထူးကို လာတွေ့ပြီး ပြခဲ့တာ လက်ထပ်စာချုပ် အတုကြီးဗျ"

"ဟင် ... ကိုကိုသိတယ် ... ဟုတ်လား၊ အတုဟုတ်လား ..."

မီးစိမ်းသွားပြီ။ ထူးထူးက စိတ်ဝင်တစား အံ့အားသင့်စွာဖြင့် ကြည့်လျက် မေးသည်။

"ထူးထူး ဇာတ်စုံသိရအောင်၊ ဟောဒီမှာ မမမီရဲ့မှတ်တမ်းစာအုပ်။ ကိုကို သတိရလို့ တမင်ယူလာတာ"

"ဟား ... ဟား ... ပျော်လိုက်တာကွာ၊ ပျော်လိုက်တာ"

ထူးထူးက ကလေးသဖွယ် လက်ခုပ်တီးလိုက်၏။ ဖင်ကိုကြွပြီး ခုန်ဆွဆွ လုပ်သည်။

"ကိုကို ထူးထူးကလွဲပြီး ဒီဘဝမှာ ဘယ်သူ့ကိုမှ လက်မထပ်နိုင်ပါဘူး ကွယ်။ ကိုကို့အချစ်ဟာ ထူးထူးပါလို့ ပြောခဲ့တာပဲ"

ထူးထူးက သူ့ထုံးစံအတိုင်း နှုတ်ခမ်းကလေး ဝလုံးနယ် ဝိုင်းအောင် ပြုံးပြီး မျက်ဝန်းဖြင့် ပြုံးရယ်ပြသည်။

ပြီးတော့ သူ့ပုခုံးပေါ်မှာ ခေါင်းကို မှီတင်ထားလိုက်၏။

၅

"ဒီမှာကိုကို ... ထူးထူး ဒိုင်ယာရီကို ဖတ်ကြည့်ပါဦး။ ထူးထူး ကိုကို့ကို ဘယ်လောက်ချစ်တယ်၊ ကိုကိုနဲ့ ခွဲနေရတဲ့အချိန်မှာ ဘယ်လောက်ခံစားရတယ် ဆိုတာတွေကို ရေးထားတာလေ။ ဒီနောက်ဆုံး စာမျက်နှာက ကဗျာလေးကို ဖတ်ကြည့်ပါကိုကို၊ မဂ္ဂဇင်းတွေထဲက တွေ့လို့ ထူးထူး ခံစားချက်နဲ့ တိုက်ဆိုင်လို့ ကူးထားတာ။ ခေါင်းစဉ်က "ထားခဲ့တဲ့ ဝေဒနာ"တဲ့ ကိုကို"

"ထားခဲ့တဲ့ ဝေဒနာတဲ့လား ..."

"ဟုတ်တယ် ကိုကို ... ကိုကိုထားခဲ့တဲ့ ဝေဒနာလေ"

လက်ထပ်စာချုပ်ကို ရှေ့နေကြီး အကူအညီဖြင့် ချုပ်ဆိုပြီး အဒေါ်ဆိုင်ထဲ ရောက်ခဲ့ကြသည်။ ရှေ့နေကြီးနှင့် အဖွဲ့ကိုတော့ နောက်နေ့မှ ဆိုင်တစ်ဆိုင်မှာ တစ်ပွဲကျွေးပါရစေဟု တောင်းပန်ခဲ့၏။

မမမှီ မှတ်စုထဲမှ အဓိကနေရာကို သူရှာပြီး ထူးထူးကို ဖတ်ကြည့်စေသည်။

ထူးထူးမျက်နှာကလေး ဝင်းပကြည်စင်သွားသည်တွေ့တော့ ရင်ထဲမှာ ကြည်နူး၏။ ထူးထူးက သူ့စလင်းဘတ်ထဲမှ ဒိုင်ယာရီစာအုပ် သေးသေးလေးကို ထုတ်ပြီး သူ ရေးထားသည်တို့ကို ပြ၏။

"ဒီကဗျာကို အရင်ဖတ်ကြည့်နော် ... ကိုကို"

ဒိုင်ယာရီစာအုပ်ကလေးကို ဖွင့်လျက် ခေါင်းချင်းဆိုင်လိုက်သည်။

☆

"ထားခဲ့တဲ့ဝေဒနာ"

ဝေဒနာအမော၊ သောကအပူ
ယူလာပေးလျက်၊ လွမ်းဖို့လက်တို့
မျက်ရည်စို့မှ၊ ဟို ... အဝေးရွာ
လာရာလမ်းဆီ၊ ပြန်တော့မည်လား
နလုံးသားထဲမှာငယ် ...
ပူသမျှအပူ၊ အတူမျှယူရဲ
သူမှသူပါပဲကွယ်လို့
တွယ်တာနှောင်ရစ်၊ အချစ်ကြီးချစ်မိ
ဖြစ်သမျှဝန်၊ ကိုယ့်အလွန်ပါ
သံသရာထဲ၊ ကံကြမ္မာနည်းစွာနဲ့
အခွဲခွာခံရဖို့အတွက်၊ သက်သက်ညှန်းစေ...
ဝေဒနာအပူသစ်အောင်
ခြောက်... လူဖြစ်လာခဲ့လေသလားကွယ်။
နစ်ကျုံကျွမ်းမြည့်၊ အလွမ်းငွေ့ဝေ
အောက်မေ့နေအောင်၊ နွေညသြနယ်
အလည်လာသလား၊ စကားဖောင်ဖွဲ့
ကြားယောင်ရဲ့လေ၊ ဘယ်တော့ပြေမလဲ
ဖြေဖျောက်ခဲခက်၊ မက်မောတွယ်ငင်
သံယောဇဉ်ကြိုး၊ လျော့သွားရိုးလား
တိုးနှောင်ထပ်ရစ်၊ ဝေးလဲချစ်နိုင်
သစ်စိမ်းလိုချိုး၊ ပြိုးထန်ရက်စက်

---

လဝန်းရိပ်စာပေ

မေ့ရက်တောင်မှ၊ နောင်ဘဝထိ
စွဲလမ်းမိမည်၊ သည့်ထက်ပိုသော
အပူအမောနှင့်
သူပြောနေသမျှ ယုံချင်တယ်။

☆

"တွေ့လား ကိုကို... ဒီမှာကြည့်...
သစ်စိမ်းလိုချိုး၊ ပြုံးထန်ရက်စက်
မေ့ရက်တောင်မှ၊ နောင်ဘဝထိ
စွဲလမ်းမိမည်၊ သည့်ထက်ပိုသော
အပူအမောနှင့်၊ သူပြောနေသမျှ ယုံချင်တယ်...။

တဲ့။ အဲဒီအတိုင်းပါပဲ ကိုကို၊ ကိုကို ထူးထူးကို ရက်စက်စိမ်းကားသွားတယ် ထင်ပေမဲ့ ကိုကို ပြောသမျှကိုပဲ ယုံချင်နေခဲ့တာပါ"

ကဗျာဆုံးသွားတော့ နောက်ဆုံးပုဒ်ကလေးကို လက်ထောက် ဖတ်ပြရင်း ပြောလိုက်သည်။

"ထူးထူးရယ် ... ထူးထူးကို အချစ်ဆုံးပါ"

"အချစ်ဆုံးသာ ဆိုတယ်၊ ကိုကို ဘာမှ မခံစားရလို့ ထူးထူးလို ဘာဒိုင်ယာရီမှ မရေးတာပေါ့။ ဘယ်မှာလဲ ထူးထူးလို သက်သေပြစရာ"

စက္ကူပိုက်တံကလေးကို ကိုင်လျက် မွှေနေရင်း လှပစွာ မျက်စောင်းထိုး၍ ပြောလိုက်၏။

"ကိုကိုလည်း ထူးထူးနဲ့ ခွဲရမှာကို သေမလောက် ကြောက်တာပါပဲ ထူးထူးရယ်။ ထူးထူး မုန်းသွားပြီ၊ ထူးထူးနဲ့ ဝေးရပြီဆိုတဲ့ အသိနဲ့ ရင်ထဲမှာ အပူပြင်းဆုံး ခံစားခဲ့ရပါတယ်။ ထူးထူးကိုလေ တစ်သက်တစ်ဘဝ မပြောနဲ့ တစ်ရက် ကလေး မတွေ့ရတာတောင် ဆယ်သက်ဆယ်ကမ္ဘာ ထင်မိတာပါကွယ်။ ကိုကိုက ထူးထူးလို မှတ်တမ်းရေးမထားပေမဲ့ ကိုယ်တိုင် ကဗျာလေး စပ်ပြီး စိတ်ထဲက အမြဲရွတ်ဆိုပြီး ထူးထူးကို အောက်မေ့နေတာ သိလား"

"ဘာကဗျာလဲ ဟင် ..."

"နားထောင် ... ကိုကို ဆိုပြမယ်"

ထူးထူးက ပြုံး၍ ခေါင်းကို ညိတ်သည်။

ကြည်နူးပျော်ရွှင်မှုများစွာဖြင့် နှစ်ဦးလုံး၏ ရင်မှာ မိုးမမြင် လေမမြင်နိုင်တော့။ ဒီအချိန်မှာ မြင်မြင်ရာသည် လှပနသစ်၍ ကျေနပ်နှစ်သက်စဖွယ်ချည်း ဖြစ်နေမှာပင်။

"ဆိုပြလေ ..."

"အင်းပါ ..."

မျက်ဝန်းနှစ်ခု အကြည့်ဆုံလိုက်ကြပြန်သည်။

"နားထောင်..."

☆

*တစ်နေ့ တစ်ရက်*

*အတွေ့ခက်လျှင်*

*ဆယ်သက် ဆယ်ကမ္ဘာထင်တယ် ခင်...တဲ့။"*

၁-၁၁-၈၆

ည ၉ နာရီ ၃၄ မိနစ်